# THE ADVENTURES OF TOM SAWYER

MARK TWAIN

# တွမ်ဆောယား၏ စွန့်စားခန်းများ



ဂုဏ်ဝင်း
မြန်မာပြန်သည်

ဒုတိယအကြိမ်

ယခုအခါတွင် တွမ်နှင့် ဟပ်တို့သည် အကြီးအကျယ် အကြံအိုက်လျက် ရှိကြလေ၏။ ရတနာသိုက်ကြီးကို သူတို့သည် လက်မတင်ကလေး လွတ်သွားခဲ့ရသည့်အတွက် များစွာ စိတ်မကောင်း ဖြစ်နေကြလေသည်။ ရွှေသေတ္တာကြီးကို မျက်စိအောက်တွင် မြင်ကြရပါလျက် သူတို့၏ ကုသိုလ်ကံကား ဆိုးဝါးလှချေ၏။ သူတို့၏ တကယ့်ရန်သူတော်ကြီး ဖြစ်သူ အင်ဂျန်းဂျိုး၏ လက်ထဲကိုမှ ရွှေသေတ္တာကြီးသည် ရောက်သွားခဲ့ရပေသည်။ ဂျိုးနှင့်တကွ ရွှေသေတ္တာကြီးကို မည်သို့မည်ပုံ လိုက်လံရှာဖွေ၍ ခြေရာခံရမည်ကို သူတို့သည် အကြံအိုက်လျက် ရှိကြလေတော့သည်။

– အခန်း(၂၀) ...မှ။

"တွမ်ဆောယား အမည်ရှိ လူငယ်ကလေး တစ်ဦး၏ ကလေးဘဝ စွန့်စားမှုများနှင့် အတွေ့အကြုံတို့ကို ဝတ္ထုဖွဲ့ထားသည်။"

– မလိခ၏ မြန်မာစာလ အဘိဓာန် [၃](၁၉၇၇)၊ စာ ၉၄–၉၅ ...မှ။

**ဒို့တာဝန် အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဂုဏ်ဝင်း [ ၁၉၂၉-၂၀၀၂ ]

ရန်ကုန်မြို့တွင် အဖ အမျိုးသားပညာဝန် ဦးစိုးဝင်း၊ အမိ ဒေါ်မမကြီးတို့က ၁၉၂၉ ခုနှစ် နိုဝင်ဘာ ၃ ရက်နေ့တွင် ဖွားမြင်သည်။ မွေးချင်း သုံးယောက်အနက် အကြီးဆုံးသား ဖြစ်၍ အမည်ရင်း ဦးအောင်သန်းဝင်း ဖြစ်သည်။

ရန်ကုန် ရေကျော်မက်သဒစ်ကျောင်းတွင် မူလတန်းပညာကို စတင်သင်ယူခဲ့သည်။ ၁၉၄၁ ခုနှစ်တွင် ဖခင် အလုပ်ပြောင်းရွှေ့ရာ မော်လမြိုင်သို့ လိုက်ပါခဲ့ပြီး၊ မော်လမြိုင် ရှင်မဟာဗုဒ္ဓဃောသကျောင်းတွင် ဆက်လက် ပညာဆည်းပူးခဲ့သည်။ စစ်ပြီးကာလတွင် မော်လမြိုင် ခိုင်းဝန်ကွင်း အစိုးရကျောင်းတွင် နဝမတန်းထိ ပညာသင်ယူခဲ့သည်။ ၁၉၄၇ တွင် ဗဟန်း အစိုးရကျောင်းမှ ကျောင်းထွက်လက်မှတ်ရ စာမေးပွဲနှင့် ၁၉၅၁ တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ခဲ့သည်။ ထို့နောက် ရန်ကုန်တက္ကသိုလ်တွင် တက်ရောက် သင်ယူခဲ့ရာ ၁၉၅၄ ခုတွင် ဝိဇ္ဇာဘွဲ့ ရခဲ့သည်။

၁၉၅၄ ခုတွင် စာပေဗိမာန်၌ စာပြုအဖြစ် အမှုထမ်းခဲ့သည်။ ၁၉၅၈ တွင် လက်ထောက်အယ်ဒီတာ၊ ထို့နောက် လက်ထောက်စာကြည့်တိုက်မှူး တာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၁၉၆၁ ခုမှစ၍ ဘီအိုစီကုမ္ပဏီတွင် သတင်းနှင့် ပြန်ကြားရေးအရာရှိ၊ ၁၉၆၃ ခုတွင် ပြည်သူ့ရေနံလုပ်ငန်း(နောင် မြန်မာ့ရေနံကော်ပိုရေးရှင်း)၌ အုပ်ချုပ်မှု အရာရှိအဖြစ် ဝင်ရောက်အမှုထမ်းခဲ့သည်။ ထို့နောက် ၁၉၈၉ ခုတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း ရုံးအဖွဲ့မှူး အဖြစ်မှ အငြိမ်းစားယူခဲ့သည်။

၁၉၄၇ ခုနှစ်မှ စ၍ ဒီးဒုတ်ဂျာနယ်တွင် စာ စ ရေးသည်။ ရန်ကုန်တက္ကသိုလ် နှစ်လည်မဂ္ဂဇင်း(၁၉၅၂-၅၃)တွင် မြန်မာစာ စာတည်းအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် စတင် တည်ထောင်သည့် ကလောင်အသင်း၏ အထွေထွေ အတွင်းရေးမှူးချုပ်၊ မြန်မာနိုင်ငံ စာရေးဆရာ စာပေကလပ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ စာရေးဆရာ သမဂ္ဂတို့တွင် အမှုဆောင်အဖြစ် တာဝန်ယူခဲ့သည်။ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ စုံထောက် ဝတ္ထု၊ ဘာသာပြန်များစွာ ရေးခဲ့သည်။ ပြား ၆၀ တန် ဝတ္ထုခေတ်တွင် **ထိုကာလွှဲ** (၁၉၆၀)၊ **ချစ်လျက်နှင့်ပင်** (၁၉၆၁)၊ **ပင်လယ်လမ်း** တို့ကို ရေးခဲ့သည်။ **အရိုင်းခေါ်သံ** (၁၉၅၈)၊ **တွမ်ဆောယားအ၏ စွန့်စားခန်းများ** (၁၉၅၉)၊ **မဟာပထဝီ**(၁၉၆၀)၊ **ကတုံးပေါ် ထိပ်ကွက်** (၁၉၆၀)၊ **မတ်တွိန်း ဝတ္ထုတိုများ** (၁၉၆၀)ကိုလည်း ဘာသာပြန်ခဲ့သည်။ **တိရစ္ဆာန်ရုံ ကဗျာများ** (၁၉၆၈)ကို ပြုစုခဲ့သည်။ ဂုဏ်ဝင်းအပြင် "အေးမွန်" ကလောင် အမည်ဖြင့်လည်း ရေးခဲ့သည်။ ၁၈ ဖေဖော်ဝါရီ ၂၀၀၂ တွင် ကွယ်လွန်သည်။

**၂၀၁၀–၂၀၁၁ ထုတ်**
**ရာပြည့်စာအုပ်များ**

၃၁၀။ ဦးလတ်၏ ရွှေပြည်စိုး
၃၁၁။ တက်ထွန်း၏ ပိတောက်ရွှေဝါ
၃၁၂။ ဓေယျ၏ မြတ်လေးရွှေစားခိုလ် [ဖြည့်စွက် ထုတ်ဝေခြင်း]
၃၁၃။ လှကလေး ခေါ် ကြွက်စုတ် ၏ ဓာရဝတ္ထု
၃၁၄။ မော်ဘီဆရာသိန်း၏ ရှေးဖြစ်စာတမ်း၊ နောင်းဖြစ်စာတမ်း၊ ရှေးဟောင်း ရှေးဖြစ်စာတမ်း
[ သုံးအုပ် ပေါင်းချုပ် ]
၃၁၅။ ရှင်မဟာသီလဝံသ၏ ပါရာယန ဝတ္ထု
၃၁၆။ ဂုဏ်ဝင်း(မြန်မာပြန်) ၏ အရိုင်းခေါ်သံ
၃၁၇။ ဦးသန်းထွတ်[ပါမောက္ခ(ငြိမ်း)၊ ပညာရေးတက္ကသိုလ်]၏
မြန်မာနိုင်ငံ ဘုန်းတော်ကြီးကျောင်း ပညာရေးသမိုင်း
၃၁၈။ မောင်းထောင်ဆရာတော်ကြီး၏ ဓါသသတ်နည်းကို ပြဆိုရာ ဓါသကထာ
၃၁၉။ ဆတိုင်မှူတ် ဦးကူး၏ ဓမ္မာပုရ ဝတ္ထု
၃၂၀။ လွှတ်တော်ပုရပိုက် အမှတ်အသား အတိုကောက်မှတ်ပုံ [(ပ)တွဲနှင့် (၃)တွဲ၊ နှစ်တွဲပေါင်းချုပ်]
၃၂၁။ စစ်ကိုင်း ဦးဘိုးသင်း၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ
၃၂၂။ ရွှေတောင်သီဟသူ၏ ရတနာခြောက်ကြေးမုံ
၃၂၃။ မဟာဆွေ၏ တို့မေမေ
၃၂၄။ ယောအတွင်းဝန် ဦးဘိုးလှိုင်၏ ဝိမုတ္တိရသကျမ်း
၃၂၅။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ စာဏာကျနီတိ လမ်းညွှန်ဖတ်စာ[၃ တွဲ ပေါင်းချုပ်]
၃၂၆။ ဦးမြင့်ကြည်၏ စာပေနှင့် ဂီတ၊ ဂီတနှင့် စာပေ
၃၂၇။ စစ်ကိုင်းဦးဘိုးသင်း၏ စလေမင်းချွေး
၃၂၈။ တင်မောင်မြင့်၏ ဓွေကန္တာ (DEEP SUMMER by Gwen Bristow)

**၂၀၁၂–၁၃ ခုနှစ်တွင် ထုတ်ဝေမည့် စာအုပ်များ**

၃၃၀။ တင့်တယ်၏ ကမ္ဘာဖလ
၃၃၁။ ဆရာလွန်း(သခင်ကိုယ်တော်မှိုင်း)၏ မှန်နန်းရာဇဝင်တော်သစ် [ပထမအုပ်]
၃၃၂။ ကျော်အောင်၏ နှလုံးလှဆရာဝန်
၃၃၃။ ဦးတင်ဦး(ကျူရှင်)၏ ကမ္ဘာ့ကျေးဇူးရှင် ဂျော့ဝါရှင်တန်ကားဗား
၃၃၄။ မောင်စည်သူ၏ ယုံတော့မရယ်
၃၃၅။ ညိုဝင်း၏ မှောင်လွန်းသော ညများ
၃၃၆။ ခင်မြဇင်၏ ကောင်းကင်မိုးတိမ် ဝတ္ထုတိုများ

ရာပြည့်စာအုပ် ၃၂၉

ဂုဏ်ဝင်း

# တွမ်ဆောယာ၏ စွန့်စားခန်းများ

**The Adventures of Tom Sawyer**

MARK TWAIN

**ရာပြည့်စာအုပ်တိုက်**
အမှတ် ၄၅၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၁၊ ၇၁၀၁၀၃

စာမူ ခွင့်ပြုချက်အမှတ် [၅၀၀ ၈၉၇ ၀၈ ၁၁]
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် [၅၀၁ ၁၈၆ ၁၀ ၁၁]

❑

**ပုံနှိပ်ခြင်း**

ပထမအကြိမ် – (၁၉၅၉) ရှုမဝတိုက်
ဒုတိယအကြိမ် – (၂၀၁၂) ရာပြည့်စာအုပ်တိုက်
(ဇန်နဝါရီ ၂၀၁၂)
အုပ်ရေ [၅၀၀]

❑

**ထုတ်ဝေသူ**

ဒေါ်ခင်အေးမြင့်၊ ရာပြည့်စာပေ [၀၃၈၀၁]
၂၀၆၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ် ၊ရန်ကုန်မြို့။

❑

**ပုံနှိပ်သူ**

ဒေါ်ကြည်ပြာသွယ်၊ ဝင်းတိုးအောင်အော့ဖ်ဆက် [၀၉၁၇၂]
၁၈၁၊ လမ်း ၅၀၊ ၁၀ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

**မျက်နှာဖုံး ပန်းချီ**

အုံ့ဘွယ်ခင်

❑

**တန်ဖိုး**

**၁၅၀၀ ကျပ်**

၈၉၅.၈၃

ဂုဏ်ဝင်း
တွမ်ဆောယားၡ် စွန့်စားခန်းများ/ ဂုဏ်ဝင်း။
– ရန်ကုန်၊ ရာပြည့်စာပေ၊ ၂– ကြိမ်၊ ဇန်နဝါရီ ၂၀၁၂။
၂၂၈ – စာ၊ ၁၂ x ၁၈ စင်တီ။

မူရင်းအမည် – The Adventures of Tom Sawyer

(၁) ဘာသာပြန်သူ– ဂုဏ်ဝင်း
(၂) တွမ်ဆောယားၡ် စွန့်စားခန်းများ

## အခန်း (၁)

'တွမ်ရေ…'

'တွမ်ရေ…'

'တွမ်ရေ…'

သုံးကြိမ်တိုင်တိုင် ခေါ်၍မှ ပြန်ထူးသံ မကြားရသောအခါ ဒေါ်ဒေါ်ပေါ်လီသည် စိတ်ဆိုးလာသည်။ မျက်နှာတွင် အလှတပ်ထားသော မျက်မှန်ကို အောက်နှိမ့်ချလိုက်၊ အပေါ်မြှင့်တင်လိုက် လုပ်ကာ တွမ်အား အခန်းထဲတွင် လိုက်လံရှာဖွေကြည့်သည်။ သို့သော် သူသည် တွမ်အား အရိပ်အယောင်မျှ မတွေ့ရချေ။

'ဟင်း… ဒီကောင်လေးတော့ မိမှ သိရောပေါ့ကွယ်၊ သင်းကို တော့လား'

ဒေါ်ဒေါ်ပေါ်လီသည် ပါးစပ်မှ ဆုံးအောင် မရွေ့ရွတ်လိုက်နိုင်ခဲ့ချေ။ ခုတင်အောက်သို့ ကုန်း၍ လက်ထဲမှ တံမြက်စည်းနှင့် ယမ်းမွှေ့လိုက်စဉ် အသက်ရှူ မဝတဝ ဖြစ်သွားသောကြောင့် ဖြစ်၏။ ခုတင်အောက်၌ကား သူသည် ကြောင်တစ်ကောင်မှ အပ အခြား ဘာမျှ မတွေ့ရပေ။

ထို့နောက် သူသည် 'အင်း… ဒီကောင်ကလေးတော့ ရှာလို့ မတွေ့ပါဘူး'ဟု ရေရွတ်ကာ တံခါးပေါက်ဝသို့ သွား၍ လှမ်းမျှော်ကြည့်လိုက်၏။ ခြံထဲ၌လည်း တွမ်အား မတွေ့ရပြန်ချေ။ ထို့ကြောင့် သူသည် အသံကို ခုနစ်အိမ် ရှစ်အိမ်ကြား ဟစ်၍ 'ေတွမ်ရေ…' ဟု အော်ခေါ်လိုက်လေသည်။

ထိုအခိုက်မှာပင် သူ့နောက်ကွယ်မှ ချွတ်နင်းသံကလေး ထွက်ပေါ်လာလေရာ သူ လှည့်အကြည့်လိုက်တွင် လစ်ပြေးမည့်ဟန် ပြင်နေသောတွမ်အား လက်ပူးလက်ကြပ် ဖမ်းမိလိုက်လေတော့သည်။

'အေး… နင် ဒီကြောင်အိမ်ထဲမှာ ရှိလိမ့်မယ်လို့ ငါ မတွေးမိဘူး။ ကဲ ဆိုစမ်း၊ ကြောင်အိမ်ထဲ ဘာဝင်လုပ်နေသတုံး'

'ဘာမှ မလုပ်ပါဘူး'

'ဘာမှ မလုပ်ဘူး ဟုတ်စ၊ နင့်လက်တွေ ကြည့်စမ်း၊ နင့်ပါးစပ်လည်း ကြည့်စမ်း၊ ဟင်း… ဒါ ဘာတွေလဲ'

'ကျွန်တော် မသိဘူး ဒေါ်ဒေါ်'

'အေး… နင် မသိဘူး ဆိုပေမယ့် ငါကတော့ သိတယ်ဟဲ့ တိရစ္ဆာန်ရဲ့။ ယိုတွေ မဟုတ်လို့ ဘာဖြစ်ရဦးမှာလဲ၊ ဒီယိုကို ခိုးခိုးမစားပါနဲ့၊ ခိုးစားရင် နင့်ကို အရေဆုတ်ပစ်မယ်လို့ ငါ ပြောပြောနေတာ အကြိမ်တစ်ရာ မကတော့ဘူး။ ကဲ… တုတ်ပေးစမ်း၊ နင်တော့ သေဖို့သာပြင်'

တုတ်သည် လေထဲ၌ ဝှေ့ယမ်းနေလေသည်။ အဆော်ခံရမည့် ဒဏ်ချက်ကား သက်သာလိမ့်မည် မဟုတ်ပေ။

'ဒေါ်ဒေါ်… နောက်မှာ… နောက်မှာ… ဟောဗျ'

အဘွားကြီးသည် ဂါဝန်ကို ပင့်၍ နောက်သို့ လှည့်ကြည့်လိုက်၏။ ချက်ချင်းပင် တွမ်သည် လစ်ပြေးသွား၏။ သူသည် မြင့်မားသော

ဝင်းထရံကို ကျော်တက် ခုန်ဆင်းကာ ဒေါ်ဒေါ်ပေါ်လီ၏ မျက်စိအောက်မှ ပျောက်ကွယ်သွားလေ၏။

ဒေါ်ဒေါ်ပေါ်လီသည် ခဏမျှ ငိုင်၍ ကျန်ရစ်သည်။ ထို့နောက် သဘောကျစွာ ခပ်ဟက်ဟက်ကလေး ရယ်လိုက်လေသည်။

'သေနာကောင်လေး... ငါ့ကို တစ်ပတ်ရိုက်သွားတယ်၊ ငါကလည်း လူကြီးဖြစ်ပြီးတော့ အ လိုက်တာ လွန်ပါရော၊ သင်းကလေး ငါ့ကို တစ်ပတ်ရိုက်ပေါင်း များလှပြီ၊ ငါ့မလည်း သင်းကလေးကို မလုပ်ရက်ဘူး၊ ရိုက်မယ် ရွယ်လိုက်တိုင်း မိတဆိုး တူကလေးမို့ မရိုက်ရက်ဘူး။ သင်းက ဒါကို အခွင့်ကောင်း ယူယူပြီးတော့ လစ်ပြေးတယ်။ အလိုလိုက်လို့ အမိုက်စော်ကားတာပါပဲ။ လိမ္မာရေးခြား ရှိအောင်တော့ ရိုက်ပေးဦးမှ၊ ဒီလိုချည်း ညှာညှာနေရင် သင်း ပျက်စီးမယ်၊ အင်း ငါ့မလည်း ရိုက်ရမှာလည်း တစ်ခက်၊ မရိုက်ရပြန်တော့လည်း စိတ်ထဲက မသက်သာ၊ ခက်တယ်... ခက်တယ်၊ သင်းတော့ မနက်ဖြန်မှ ဒဏ်ပေးပြီးတော့ အလုပ်လုပ်ခိုင်းရဦးမယ်၊ ဒီညနေတော့ ကစားပစေဦး၊ မနက်ဖြန်လို ကျောင်းပိတ်တဲ့ စနေနေ့မျိုးမှ သင်းကို ကောင်းကောင်းကြီး ဒဏ်ပေးလိုက်ရဦးမယ်။ တခြားကလေးတွေ ပျော်ပျော်ကြီး ကစားနေချိန်မှာ သင်းကို ကောင်းကောင်းကြီး အလုပ် လုပ်ခိုင်းရဦးမယ်။ သင်းဟာ အလုပ်ဆိုရင် ကျားထက် ကြောက်တဲ့ကောင်။ သိကြရောပေါ့ကွယ်'

တွမ်သည် ဒေါ်ဒေါ်ပေါ်လီ၏ ရှေ့မှ လစ်ပြေးလာခဲ့ပြီးနောက် တစ်ညနေခင်းလုံး ပျော်ပျော်ကြီး လျှောက်ကစားနေခဲ့လေသည်။ သူသည် ညစာမစားမီ အိမ်စေ ကပ္ပလီကလေး ဂျင်းနှင့်အတူ ကူညီ၍ နောက်တစ်နေ့အတွက် ထင်းဖြတ်ခြင်း၊ ထင်းခွဲခြင်း အလုပ်များကို လုပ်ကိုင်ရန်အတွက် အချိန်မီသည် ဆိုရုံကလေး အိမ်သို့ ပြန်ရောက်လာလေသည်။ သို့သော် တွမ်သည် သူ၏ စွန့်စားခန်းများကို ဂျင်းအား ပြန်လည်

ဖောက်သည်ချခြင်းဖြင့်သာ အလုပ်လုပ်ချိန် ကုန်လွန်စေခဲ့၏။ အလုပ်၏ လေးပုံသုံးပုံကို ဂျင်းကသာ လုပ်ကိုင်ခဲ့ရလေသည်။ တွမ်၏ ညီဝမ်းကွဲ တော်စပ်သူ ဆစ်ကား တွမ်ကဲ့သို့ ဆိုးပေနေသောသူ မဟုတ်ချေ။ သူသည် သူ၏ အလုပ်ဖြစ်သော ထင်းပေါက်ကောက်ခြင်းကို လုပ်ကိုင်၍ ပြီးစီးသွားခဲ့လေ၏။

ညစာ စားသောက်နေကြသော အချိန်၌ ဒေါ်ဒေါ်ပေါ်လီသည် ဉာဏ်နီဉာဏ်နက်များ အသုံးပြုကာ တွမ်အား စစ်တမ်းအမျိုးမျိုး ထုတ်လျက် ရှိ၏။ သူ၏အကြံမှာ တွမ်တစ်ယောက် ဘာတွေ ပြုလုပ်ခဲ့သည်ကို ဖော်ထုတ် သိရှိနိုင်ရန် ဖြစ်သည်။ ဒေါ်ဒေါ်ပေါ်လီသည် သူ့ကိုယ်သူ "ငါ ကြံလျှင် ခံနိုင်ရိုးလား..."ဟု အထင်ကြီးလျက်လည်း ရှိ၏။ သို့သော် တွမ်ကား ညစာကို စားသောက်ရင်း အခွင့်သာတိုင်း သကြားခွက်ထဲမှ သကြားကို ခိုးနှိုက်ယူလျက်သာ ရှိနေခဲ့လေသည်။

'ဟဲ့... တွမ်၊ နင်တို့ကျောင်းမှာ မအိုက်ဘူးလား ဟင်'

'အိုက်တယ် ဒေါ်ဒေါ်'

'သိပ်ကို အိုက်တယ် မဟုတ်လား ဟင်'

'ဟုတ်ကဲ့ ဒေါ်ဒေါ်'

'တွမ် ဒါဖြင့် နင် ရေကူး မသွားချင်ဘူးလား ဟင်'

ထိုသို့ အမေးခံလိုက်ရသော တွမ်သည် ကျောရိုးထဲမှ အနည်းငယ် စိမ့်သွား၏။ သူ့အား နေမထိ ထိုင်မထိနှင့် အတော်လေး သက်သာမကင်း ဖြစ်သွားစေ၏။ ထို့ကြောင့် ဒေါ်ဒေါ်ပေါ်လီ၏ မျက်နှာကို လှမ်းကြည့်ကာ မည်သို့မျှ အကဲခတ်၍ မရသော အခါမှ-

'မသွားချင်ဘူး ဒေါ်ဒေါ်၊ အင်း...သိပ်တော့ မသွားချင်ပါဘူး'ဟု ပြန်ဖြေလိုက်လေသည်။

အဒေါ်ကြီးသည် တွမ်၏ ကိုယ်ပေါ်မှ ရှပ်အင်္ကျီကို ကိုင်ကြည့်

လိုက်ပြီးနောက် 'အေးလေ... ဒါပေမဲ့ ခုတော့ နင် သိပ်မအိုက်တော့ဘူး မဟုတ်လား'ဟု ပြောလိုက်လေသည်။

သို့သော် တွမ်၏ အင်္ကျီမှာ သူထင်သကဲ့သို့ စွတ်စို၍ မနေဘဲ ခြောက်သွေ့၍ နေသည်ကို တွေ့ရသောအခါ ဒေါ်ဒေါ်ပေါ်လီသည် စိတ်ထဲက မကျေမချမ်း ဖြစ်သွား၏။ ထိုအချိန်၌ ဒေါ်ဒေါ်ပေါ်လီ၏ ဆင်ကွက်ကို အတွင်းသား မြင်ခဲ့ပြီ ဖြစ်သော တွမ်ကလည်း ရှေ့တွင် ဆက်၍ လာတော့မည့် မေးခွန်းအတွက် ခုကတည်းက တင်ကြို၍ ကာကွယ် ဖြေဆိုထားလိုက်လေ၏။

'ကျောင်းမှာ ကျွန်တော်တို့တစ်တွေ ခေါင်းကို ရေလောင်းတမ်း ကစားကြတယ် ဒေါ်ဒေါ်။ ဒါကြောင့်မို့ ကျွန်တော့်ခေါင်းတောင် ခုထိ ခပ်ထိုင်းထိုင်း ဖြစ်နေသေးတယ်'

ဒေါ်ဒေါ်ပေါ်လီသည် ဤတစ်ချက်ကို သတိလစ်သွားခဲ့သဖြင့် သူ၏ ထောင်ချောက်မှာ ဘာကိုမျှ မမိဘဲ ဖြစ်သွားရလေ၏။ သို့သော် သူသည် စိတ်ကူးစိတ်သန်းအသစ်တစ်ခုကို ရလာပြန်သည်။

'ဒီမှာ တွမ်... နင်တို့ ခေါင်းကို ရေလောင်းကစားကြတာတော့ ဟုတ်ပါပြီ။ ဒါပေမဲ့ဟယ် ခေါင်းရေလောင်းကစားတာနဲ့ ငါ သေသေချာချာ ချုပ်ပြီးတော့ တပ်ပေးထားတဲ့ နင့်အင်္ကျီက ကော်လာကိုတော့ ဖြုတ်မပစ်ကြတန်ကောင်းပါဘူး။ မှန်း... နင့် အပေါ်ဖုံးအင်္ကျီကို ချွတ်လိုက်စမ်း'

တွမ်၏ မျက်နှာသည် ကြည်လင်၍ လာ၏။ သူသည် ဝတ်ထားသော အပေါ်ဖုံးအင်္ကျီကို ချွတ်ပြလိုက်၏။ သူ့ရှပ်အင်္ကျီကော်လာသည် ဆေသပ်စွာ ချုပ်လုပ်တပ်ဆင်လျက် ရှိနေပေသည်။

'အေး... ဒီတစ်ချီတော့ နင် အတော်သားပေပဲ၊ ငါက နင်လျှောက် ကြမ်းပိုးထိုးပြီးတော့ ရေကူးသွားတယ်လို့ တထစ်ချ မှတ်ထား

တာ။ ရှိစေတော့ တွမ်… ရှိစေတော့၊ ဒီတစ်ချီတော့ နင် အလိမ္မာသားပဲ'

ဒေါ်ဒေါ်ပေါ်လီသည် သူ ဉာဏ်ချော်သွားရသည့်အတွက် ဝမ်းနည်းနေမိသည်နှင့်အမျှ တွမ်တစ်ယောက် တစ်ကြိမ်တစ်ခါ အလိမ္မာ တိုးသည့်အတွက် ဝမ်းသာ၍လည်း နေလေသည်။

သို့သော် ဆစ်က ဝင်၍ မီးမွှေးပေးလိုက်ပြန်သည်။

'သူ့ကော်လာကို ဒေါ်ဒေါ် ချုပ်ပေးတုန်းက အပ်ချည်ကြိုး အဖြူနဲ့ မဟုတ်လား ဒေါ်ဒေါ်။ အခု သူ့ ကော်လာက အပ်ချည်ကြိုး အနက်ကြီးနဲ့ ချုပ်ထားတာ'

'ဟေ… ဟုတ်လား၊ ငါ ချုပ်ပေးထားတုန်းက အဖြူနဲ့ပါ၊ ဘယ့်နယ် ခု အနက်နဲ့ ဖြစ်နေရသတုန်း။ ဟေ့… တွမ် လာစမ်း'

သို့သော် တွမ်ကား တံခါးပေါက်ဝသို့ ရောက်နေလေပြီ။ သူသည် တံခါးပေါက်ဝမှ ထွက်အသွားတွင် ဆစ်ကိုပင် ကြိမ်းမောင်းလိုက်သေး၏။

'ငဆစ်နော်… မင်းတော့ အတီးခံရမယ် ဟင်း'

လုံခြုံစိတ်ချရသော တစ်နေရာသို့ ရောက်သောအခါမှ တွမ်သည် သူ့အပေါ်ဖုံးအင်္ကျီ၏ အတွင်းဘက်တွင် ထိုးထားသော အပ်ကြီး နှစ်ချောင်းကို စစ်ဆေးကြည့်ရှုရ၏။ တစ်ချောင်းသော အပ်၏ အပ်နဖားတွင် အပ်ချည်ကြိုး အဖြူ ထိုးထား၍၊ အခြား တစ်ချောင်းတွင်ကား အပ်ချည်ကြိုးအနက် ထိုးထားလေသည်။

'ခွေးမသား ငဆစ်ကလေး၊ သင်း မပြောရင် ဒေါ်ဒေါ် ရိပ်မိမှာ မဟုတ်ဘူး။ ဒေါ်ဒေါ်က ကြိုးဖြူနဲ့လည်း ချုပ်တာပဲ၊ ကြိုးနက်နဲ့လည်း ချုပ်တာပဲ၊ ငဆစ်… ငဆစ် သင်းကြောင့်…သင်းကြောင့်။ သင်းတော့ ငါ ဆုံးမပေးလိုက်ရဦးမယ်'

သို့သော် တွမ်သည် နောက်နှစ်မိနစ် အတွင်း၌ သူ၏ဒုက္ခများ အားလုံးကို စိတ်ထဲတွင် မေ့ပျောက်၍ သွားလေပြီ။ သူသည် လေကလေး တချွန်ချွန်ဖြင့် လမ်းလျှောက်၍ ထွက်လာခဲ့၏။ လေချွန်ရသည်ကို တွမ်သည် အလွန်နှစ်ခြိုက် ပျော်ရွှင်မိလေသည်။

နေ့တာရှည်သော အခါကာလဖြစ်၍ အပြင်ဘက်၌ မည်းမှောင်၍ မနေသေးချေ။ တွမ်သည် လေချွန်ခြင်းကို ရုတ်တရက် ရပ်ပစ်လိုက်သည်။ သူ့ရှေ့တွင် လူစိမ်း ချာတိတ်တစ်ယောက်ကို တွေ့နေသောကြောင့်တည်း။ အရိပ်အခြည်ကို ကြည့်ရခြင်းအားဖြင့် အဆိုပါ လူစိမ်းချာတိတ်သည် သူထက် အလုံးအထည် ကြီးထွား၏။ စိန့်ပီတာစဘတ်လို ရွာသိမ်ရွာငယ်ကလေးတွင် လူသစ်တစ်ယောက် ရောက်လာသည်မှန်က အသက်အရွယ် မည်မျှပင် ရှိစေရှိစေ၊ ယောကျ်ား မိန်းမ မည်သူပင် ဖြစ်စေဖြစ်စေ၊ ရွာခံလူများက အထူး စပ်စုတတ်ကြလေသည်။ ယခု ဤသူငယ်ကလေးကား ဝတ်ပုံစားပုံ ခေသူမဟုတ်။ စနေ တနင်္ဂနွေမဟုတ်သော ယနေ့လို နေ့မျိုး၌ပင် ဝတ်ကောင်းစားလှများကို ကျနစွာ ဝတ်စားဆင်ပြင်၍ထားသူ ဖြစ်၏။ တွမ်သည် ထိုသူငယ်ကလေးကို တွေ့သောအခါ ငေးမောအံ့သြ၍ နေလေတော့သည်။ တွမ်နှင့် ထိုသူငယ်ကလေးသည် မိုးနှင့်မြေကြီး ကွာခြား၍နေလေသည်။ တွမ်က သူ့ကို ငေးမော၍ ကြည့်လေလေ သူက ခေါင်းမော်ဝင့်ကြွား၍ ကောင်းလေလေ ဖြစ်နေ၏။ သို့သော် နှစ်ယောက်စလုံး တစ်ယောက်မှ စကားမပြောကြသေးပေ။ တစ်ယောက်က နေရာရွှေ့လျှင် ကျန်တစ်ယောက်ကလည်း နေရာလိုက်ရွှေ့၏။ သို့သော် တစ်ယောက်ကို တစ်ယောက် ဘေးတိုက်ဝိုက်၍ ရွှေ့နေကြခြင်း ဖြစ်သည်။ တစ်ချိန်လုံးပင် နှစ်ယောက်စလုံးသည် တစ်ယောက်ကို တစ်ယောက် ကြည့်၍ စောင့်နေကြလေသည်။ နောက်ဆုံးတွင် တွမ်က စ၍ စိန်ခေါ်လိုက်၏။

'မင်း ငါ ဆော်ရဲတယ်ကွ'

'သတ္တိရှိ ဆော်ကြည့်စမ်းပါလား'

'အို… ဆော်ရဲတယ်ကွာ'

'မင်း မရဲဘူးကွာ'

'ရဲတယ်ကွာ'

'မရဲဘူးကွာ'

'ရဲတယ်'

'မရဲဘူး'

ဤသို့ဖြင့် နှစ်ယောက်သား ပစ်ချင်းတိုက်ကာ တိုက်ကာ စကားအခွန်းတစ်ရာစီလောက် ပစ်သွင်း၍ ပြီးကြသောအခါမှ မြေကြီးပေါ်တွင် တကယ်တမ်း လုံးထွေး၍ သတ်ပုတ်ကြလေတော့သည်။ နှစ်ယောက်သားသည် မြေကြီးဖုတ်ထဲတွင် ကြောင်နှစ်ကောင် ကိုက်ဘိသည့်အလားလုံးထွေးကာ လိမ့်၍နေကြတော့၏။ တစ်ယောက်နှင့်တစ်ယောက် ဆံပင်ကိုလည်း ဆွဲကြ၏။ အင်္ကျီများကိုလည်း ဆုတ်ဖြဲကြ၏။ နှာခေါင်းကိုလည်း ကုတ်ဖဲ့ ထုနှက်ကြ၏။ နောက်ဆုံး၌ တွမ်သည် လူစိမ်း သူငယ်ကလေးကို ခွစီးမိကာ နားရင်း ပါးရင်းကို လက်သီးနှစ်လုံးဖြင့် တဖုန်းဖုန်း အုပ်၍ အနိုင်ယူလိုက်လေသည်။

'ဟေ့ကောင်၊ ဒီတစ်ချီနဲ့ပဲ တစ်ခါတည်း မှတ်ထားလိုက်၊ နောက်ကို ဆော်မယ့်ကြံရင် ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတာကိုလည်း သေသေချာချာ စုံစမ်းပြီးမှ ဆော်ကွ၊ ကြားလား'

သူငယ်ကလေးသည် သူ့ကိုယ်ပေါ်မှ ဖုတ်ဖက်များကို ခါကာ တရှုပ်ရှုပ် ငိုယိုနေလေသည်။ ပါးစပ်မှလည်း တွမ့်အား ရေရွတ်မြည်တမ်းကာ နောက်တစ်ချီ သူ ဆော်လှည့်ကြုံသောအခါ မည်သို့ ဆော်လိုက်မည်ဟု ကြုံးဝါး၍နေ၏။ ထိုသို့ ကြုံးဝါးသောအခါ တွမ်က လှောင်ပြောင်ရယ်မော၍ ခပ်ကြွကြွကလေး လှည့်ထွက်သွားလေသည်။ လူစိမ်းသူငယ်ကလေးလည်း တွမ် လှည့်ထွက်သွားလျှင် သွားချင်း ကျောက်ခဲ

တစ်လုံးကို ကောက်ကိုင်ကာ တွမ်အား ပစ်ပေါက်လိုက်ရာ ကျောက်ခဲသည် တွမ်၏ လက်ပြင်ကို ထိမှန်သွားလေ၏။ ထို့နောက် သူငယ်ကလေးလည်း ဖနောင့်နှင့်တင်ပါး တသားတည်းကျအောင် ခြေကုန်သုတ်၍ ထွက်ပြေးသည်။ သူ့အား တွမ်က အိမ်ထိအောင် နောက်မှလိုက်ဖမ်းသည်။ ထို့ကြောင့် လူစိမ်း သူငယ်ကလေး၏ အိမ်ကို တွမ်သိလိုက်ရ၏။ တွမ်သည် အိမ်ဝင်းပေါက်ဝတွင် အတန်ကြာ တွယ်ကပ်၍ သူငယ်ကလေး၏ ထွက်အလာကို စောင့်နေသေး၏။ သို့သော် သူငယ်ကလေးကား ထွက်၍ မလာတော့ပေ။ ပြတင်းပေါက်မှ သာလျှင် ကိုယ်ယောင်ပြ၍ နေလေသည်။ နောက်ဆုံး၌ သူငယ်ကလေး၏ မိခင်ဖြစ်သူ ထွက်၍လာကာ တွမ့်အား ဆဲဆိုကြိမ်းမောင်း၍ နှင်လွှတ်တော့မှ တွမ်လည်း အိမ်သို့ လှည့်ပြန်လာခဲ့တော့၏။

တွမ်သည် အိမ်သို့ ပြန်ရောက်လာသောအခါ အတော်လေး ညဉ့်နက် နေလေပြီ။ သူသည် အိမ်ထဲသို့ ပြတင်းပေါက်မှ ကျော်တက်ကာ တိတ်တဆိတ် ခိုးဝင်လိုက်သော အခါမှာမှ ဒေါ်ဒေါ်ပေါလီနှင့် ပက်ပင်းသား သွားတိုး၍ နေလေတော့၏။ ဒေါ်ဒေါ်ပေါလီသည် တွမ့်အား ခြေဆုံးခေါင်းဆုံးကြည့်၍ မနက်ဖြန် စနေနေ့တွင် အလုပ် လုပ်ခိုင်းခြင်းအားဖြင့် ဒဏ်ပေးရန် ယတိပြတ် စိတ်ပိုင်းဖြတ်လိုက်ခဲ့လေ၏။

## အခန်း (၂)

စနေနေ့သို့ ရောက်လာခဲ့လေပြီ။ နွေရာသီဖြစ်သဖြင့် လောကတစ်ခုလုံး သာယာလှ၏။ ကြည်လင်တောက်ပလှ၏။ သွားလာလှုပ်ရှားမှုများဖြင့်လည်း ပြည့်နှက်စည်ကားလျက် ရှိလေသည်။ လူတိုင်း လူတိုင်းသည် ကြည်နူး ရွှင်ပျော်လျက် ရှိကြသည်။ ငယ်ရွယ်သူများကား သီချင်းများကိုပင် တကြော်ကြော် ဟစ်အော်၍ သီဆိုကြလေသည်။ သစ်ပင် ပန်းမန်များလည်း ဝေဝေဆာဆာ ဖူးပွင့်လျက် ရှိကြကုန်ရာ ညင်းပျံ့သော သင်းရနံ့များသည် လေထဲတွင် ပြည့်နှက်လျက် ရှိလေ၏။

တွမ်သည် အိမ်ဘေးမှ လမ်းမြောင်ကလေးအတိုင်း ထုံးပုံးတစ်ပုံးနှင့် ထုံးသုတ်သော စုတ်တံရှည်ကြီး တစ်ချောင်းကို ကိုင်ကာ ထွက်ပေါ်လာလေသည်။ သူသည် ထုံးသုတ်ရမည့် ဝင်းထရံကြီးကို ကြည့်ပြီးလျှင် သူ့ရင်ထဲ၌ ပျော်ရွှင်မှုများအားလုံး ဆိတ်သုဉ်း၍ သွားခဲ့လေတော့၏။ သူ ထုံးသုတ်ရမည့် ဝင်းထရံကြီးမှာ အလျား ပေ သုံးဆယ်နှင့် အမြင့်ကိုးပေတိတိ ရှိ၏။ ဤမျှ ရှည်လျား မြင့်မားသော ဝင်းထရံကြီးကိုမှ ထုံးသုတ်ရမည့်အတွက် သူ့ဘဝသည် အနှစ်သာရ မရှိတော့ဟု သူက မှတ်ထင်မိလေသည်။ အသက်ရှင်၍ နေရခြင်းမှာလည်း သူ့အဖို့ ဝန်လေးလှချေ၏ဟု သူက တွေးထင်မိလေသည်။

ထို့နောက် တွမ်သည် သက်မကို ဟင်းခနဲ ချလိုက်ပြီးလျှင် စုတ်တံကို ထုံးပုံးထဲသို့ နှစ်၍ အပေါ်ထိပ်ဆုံးမှ ပျဉ်ချပ်တစ်ချပ်ကို အကြိမ်ကြိမ် အခါခါ ထပ်၍ သုတ်လိုက်လေသည်။ ထို့နောက် ထုံးသုတ်ပြီးသော ထိုပျဉ်ချပ်နှင့် ထုံးမသုတ်ရသေးသော ဝင်းထရံ အခြားပျဉ်ချပ်များကို နှိုင်းယှဉ်၍ကြည့်ကာ စိတ်ပျက်စွာဖြင့် စည်ပိုင်းတစ်လုံးပေါ်သို့ ထိုင်ချလိုက်လေ၏။

ထိုအခိုက် ကပ္ပလီကလေး ဂျင်းသည် ရေခပ်သော ပုံးတစ်ပုံးကို ဆွဲကိုင်လျက် "ကျွဲကျောင်းပျို" သီချင်းကို တကြော်ကြော်ဟစ်ကာ ဝင်းပေါက်ဝမှ ခုန်ပေါက်၍ ထွက်လာ၏။ ရှေးအခါကမူ တွမ့်အဖို့ မြို့က ရေစုပ်ဘုံဘိုင်၌ ရေသွားခပ်ရသည့် အလုပ်ကို လွန်စွာစက်ဆုပ်ရွံမုန်းမိခဲ့သော်လည်း ယခုကား တွမ်သည် ရေခပ်သွားချင်စိတ်ပေါက်နေလေသည်။ ရေစုပ်ဘုံဘိုင်၌ အပေါင်းအဖော် စုံစုံလင်လင်နှင့် တွေ့ဆုံရသည်ကို သူက ကောင်းစွာ မှတ်မိနေသေး၏။ အသားဖြူ အသားမည်း ကလေးပေါင်းစုံတို့သည် ရေခံလှည့်ကို စောင့်ရင်း အချင်းချင်းဆော့ကြ၏။ ကစားကြ၏။ ကစားစရာ ပစ္စည်းများ လဲလှယ်ကြ၏။ ရန်ဖြစ်ကြ၏။ သတ်ပုတ်ကြ၏။ ပျော်စရာကြီး ဖြစ်လေသည်။ ထို့ပြင်လည်း ကိုက်တစ်ရာငါးဆယ်မျှသာ ကွာဝေးသော ရေစုပ်ဘုံဘိုင်သို့ ရေခပ်သွားရာတွင် ဂျင်းသည် တစ်ခေါက် တစ်ခေါက်ကို တစ်နာရီထက်မနည်း ကြာတတ်လေသည်။ မည်သည့်အခါမျှ တစ်နာရီထက်စော၍ တစ်ခေါက် ပြန်မရောက်လာတတ်ပေ။ တစ်ခါတစ်ရံ အိမ်ကနောက်ထပ်၍ပင် လူတစ်ယောက် လိုက်သွားရသေး၏။ ဤအကြောင်းကိုလည်း တွမ် ကောင်းစွာ သိရှိနေပေရာ သူသည် ရေခပ်သွားချင်သည့်စိတ်သာလျှင် ပေါက်နေပေတော့သည်။ ထို့ကြောင့် ဂျင်းအား ဤသို့စကားဆို၏။

'ဟော့… ဂျင်းရေ၊ မင်း ထုံးနည်းနည်း သုတ်ပေးရင် ငါ ရေသွား ခပ်ပေးမယ်လေကွာ၊ ဘယ့်နှယ်လဲ ဟင်'

ဂျင်းက ခေါင်းကို သွက်သွက်ခါရင်း ပြန်ပြော၏။

'မဖြစ်ဘူး မာစတာတွမ်… မဖြစ်ဘူး၊ အဒေါ်ကြီးက ငါ့ကိုပဲ ရေခပ်ခိုင်းတာ။ ဒါတောင် မှာလိုက်သေးတယ်။ လမ်းမှာပဲ ဖြစ်ဖြစ်၊ ဘုံဘိုင်မှာပဲ ဖြစ်ဖြစ် ကမြင်းမနေရဘူး တဲ့။ မြန်မြန် ပြန်လာခဲ့ရမတဲ့။ ပြီးတော့လည်း မှာလိုက်သေးတယ်။ နင့်ကို မာစတာတွမ်က ထုံးသုတ် ခိုင်းလိမ့်မယ်။ သူ ထုံးသုတ်ခိုင်းရင် မသုတ်နဲ့တဲ့။ ကိုယ် လုပ်စရာရှိတဲ့ အလုပ်ကိုသာ လုပ်ရမတဲ့။ သူက မင်းကိုသာ ထုံးသုတ်စေချင်တာ မာစတာတွမ်၊ သိလား'

'အို… ဒီအဒေါ်ကြီး ဘာပြောပြောပါကွာ ဂျင်းရာ… သိပ်ဂရုစိုက် မနေပါနဲ့။ သူက ဒီလိုချည်း ပြောနေကျပဲ။ ပေး… ပေး… ရေပုံး ငါ့ကို ပေး။ ငါ တစ်မိနစ်တောင် မကြာစေရပါဘူးကွာ။ ခု ပြန်ရောက် လာမှာ။ အဒေါ်ကြီးလည်း မသိနိုင်ပါဘူးကွာ'

'မဖြစ်ဘူး မာစတာတွမ်… မဖြစ်ဘူး။ ငါ ထိပ်ခေါက်ခံရပေါင်း များပြီ။ ဒီတစ်ခါ ဒီလိုလုပ်ရင်လည်း အဆော်ခံရဦးမှာပဲ'

'အဆော်မရပါဘူးကွာ၊ မင်းကို အဒေါ်ကြီးက ဘယ်တုန်းကများ ဆော်ဘူးလို့လဲ။ အဒေါ်ကြီးဟာ ဘယ်သူ့ကိုမှ မရိုက်တတ်ပါဘူးကွ။ အပ်ချုပ်တဲ့ လက်စွပ်ခေါင်းလေးနဲ့ ထိပ်ကို ခေါက်တတ်တာ တစ်ခုပါပဲ။ ဒါလောက်တော့ ဂရုစိုက်လို့ကွာ။ အေး… အပေါက်ဆိုးနဲ့တော့ မှုတ် တတ်တယ်။ ဒါပေမဲ့ကွာ ဆူတာ ကြိမ်းတာလောက်ဟာ အသားပဲ့ ပါတာမှ မဟုတ်ဘဲ။ အရေးစိုက်စရာ မရှိပါဘူး။ ကဲပါကွာ ဂျင်းရာ… မင်းကို ငါ ကျောက်ဒိုးအဖြူလုံးကလေး ပေးပါ့မယ်ကွာ'

ထိုသို့ ကြားသောအခါ ဂျင်းသည် စိတ်ယိုင်စ ပြုလာ၏။

'မင်း စဉ်းစားနော် ဂျင်း၊ ကျောက်ဒိုး အဖြူကလေး ဘယ့်လောက်လှသလဲ'

'ဟုတ်ပါတယ်ကွာ… သိပ်လှတဲ့ ကျောက်ဒိုးကလေးပါ၊ ဒါပေမဲ့ မာစတာတွမ်ရာ… ငါ အဒေါ်ကြီးကို ကြောက်လှသကွာ'

'ဒီမှာ ဂျင်း… အဲဒီ ကျောက်ဒိုး ပေးမယ့်အပြင် မင်းကို ငါ့ခြေမက အနာကြီးကိုလည်း ပြဦးမယ်'

ဤအကြိမ်တွင်ကား ဂျင်းသည် လုံးလုံး စိတ်ညွတ်သွားတော့၏။ ထို့ကြောင့် လက်ထဲမှ ရေပုံးကို လွှတ်ချလိုက်၏။ ကျောက်ဒိုးအဖြူကလေးကိုလည်း လှမ်းယူလိုက်၏။ ထို့နောက် တွမ်က အနာတွင် ပတ်ထားသော အဝတ်ကို ဖြေနေစဉ် စိတ်ပါဝင်စားစွာဖြင့် ငုံ့ကြည့်နေလေ၏။ နောက်တစ်ဓာတွင်ကား သူသည် ရေပုံးကို ကောက်ကိုင်ကာ လျင်မြန်စွာ ပြေးထွက်သွားလေ၏။ တွမ်ကား ဝင်းထရံကို ထုံးသုတ်မြဲ သုတ်၍ ကျန်ရစ်ခဲ့လေသည်။

သို့သော် တွမ်သည် ကြာရှည်ကြာမြဲ ထုံးသုတ်၍ မနေနိုင်ခဲ့ပါချေ။ ယနေ့အဖို့ အပျော်ကြီး ပျော်လိုက်မည်ဟု သူ စိတ်ကူးထားခဲ့သမျှသည် ယခုအခါ လေထဲတွင် လွင့်ပျောက်ကုန်ခဲ့ရသည့် အဖြစ်ကို တွေးမိသောအခါ သူသည် အကြီးအကျယ် ဝမ်းနည်း စိတ်မကောင်း ဖြစ်ခဲ့ရလေတော့ပြီ။ မကြာမီပင် သူ၏ အဖော်အပေါင်းတို့သည် ဤနေရာသို့ ရောက်ရှိလာကြတော့မည်။ အလုပ်လုပ်နေရသော သူ့ကို တွေ့သောအခါ သူတို့သည် သူ့အား လှောင်ပြောင်သရော်ကြလိမ့်မည်။ ဤအဖြစ်ကို တွမ်သည် မခံမရပ်နိုင်ပါချေ။ မီးနှင့် အမြိုက်ခံရသကဲ့သို့ သူ့ရင်ထဲတွင် ပူလောင်လှပါချေသည်။ ထို့ကြောင့် သူ့တွင် ရှိသမျှသော ကစားစရာပစ္စည်းများဖြင့် အလုပ်ကို လဲလှယ်လုပ်ခိုင်းရန် ကြံစည်စိတ်ကူးမိသေး၏။ သို့သော် သူ့တွင်ရှိသော ကစားစရာ ပစ္စည်းများမှာ အလုပ်နှင့်

လဲလုပ်နိုင်းရန်အတွက် နာရီဝက်စာမျှ မရှိပါချေ။ ထို့ကြောင့် သူသည် ထိုအကြံကို စွန့်လွှတ်လိုက်ရ၏။ သူ့ကစားစရာပစ္စည်း၊ တိုလီမိုလီများကိုလည်း အိတ်ထဲသို့ ပြန်ထည့်ထားလိုက်၏။ သို့သော် မျှော်လင့်ချက်ကင်းမဲ့နေသည့် ထိုအခိုက်မှာပင် သူ့ခေါင်းထဲသို့ အကြံဉာဏ်သစ်တစ်ရပ် ဝင်ရောက်လာလေသည်။ အလွန် ကြီးကျယ်ကောင်းမွန်သော အကြံဉာဏ်သစ်ပါပေ။

ထို့ကြောင့် တွမ်သည် စုတ်တံကို ကောက်ကိုင်ကာ အေးဆေးငြိမ်သက်စွာ ထုံးသုတ်နေလေ၏။ ထိုအခိုက် "ဘင်းရောဂျား" အမည်ရှိဆိုးပေလေးတစ်ယောက် သူ့ဆီသို့ ဦးတည်၍ လာနေသည်ကို တွမ်တွေ့ရလေသည်။ တွမ်သည် လောကတွင် ဘင်းရောဂျား၏ အလှောင်အပြောင် အကဲ့အရဲ့ ခံရမည်ကို အကြောက်ဆုံး ဖြစ်၏။ သူသည်ဘင်း၏ လမ်းလျှောက်လာနေပုံကို မြင်ရရုံမျှဖြင့် ဘင်းတစ်ယောက်မည်မျှ ပျော်ရွှင်မြူးထူးနေသည်ကို ကောင်းကောင်းကြီး သိလေသည်။ ဘင်းသည် သူ့ကိုယ်သူ မီးသင်္ဘောကြီးသဏ္ဌာန် လုပ်၍ ကစားလာသည်မှာ သရုပ်ပါလှ၏။ ခြေဟန်လက်ဟန် စုံလင်စွာဖြင့် ပါးစပ်မှလည်း သံစုံမြည်လာ၏။ လက်ထဲတွင်လည်း ပန်းသီးတစ်လုံးကို ကိုင်ထားလေသည်။ ဤသို့ဖြင့် မီးသင်္ဘောကြီး ဘင်းရောဂျားသည် တွမ်၏အနားသို့ ကပ်လာလေ၏။

သို့သော် တွမ်ကား လုံးဝ ဂရုမစိုက်ချေ။ ထုံးသုတ်မြဲ သုတ်နေလေသည်။ ဘင်းသည် သူ့အား အတန်ကြာမျှ စိုက်ကြည့်နေပြီးနောက် ပြောသည်။

'ဟော့... တွမ် မင်း ဒဏ်ထိနေပြီလားကွ ဟင်'

တွမ်က ဘာမှ ပြန်မဖြေချေ။ သူ နောက်ဆုံး ထုံးသုတ်ပြီးသော ပျဉ်ချပ်နေရာကို တကယ့် ပန်းချီကျော်ကြီး တစ်ယောက်ကဲ့သို့ ကြည့်ရှု

သုံးသပ်နေ၏။ ထို့နောက် စုတ်တံကို ကိုင်ကာ နောက်တစ်ချက် ညင်သာစွာ ထပ်သုတ်လိုက်ပြီးလျှင် ရှေးနည်းအတိုင်း ကြည့်ရှုသုံးသပ် နေပြန်လေသည်။ ဘင်းသည် စိတ်မရှည်နိုင်တော့ဘဲ တွမ်၏နံဘေးသို့ ဝင်ကပ်လိုက်၏။ တွမ်ကား ဘင်း၏လက်ထဲမှ ပန်းသီးကို စားချင်လှ၍ သွားရည် တတောက်တောက် ယိုနေလေသည်။ သို့သော် အလုပ်ကိုသာ ဆက်လုပ်မြဲ လုပ်နေလေသည်။

'ဟေ့… ဖိုးတိရ၊ မင်း အလုပ်ထိနေပြီလားကွ ဟင်' ဟု ဘင်းက မေးလိုက်သောအခါမှ တွမ်သည် ဘင်းကို ရုတ်တရက် လှည့်ကြည့် လိုက်လေတော့သည်။

'ဟော… ဘင်းလားဟေ့၊ ငါဖြင့် မင်းရောက်နေမှန်း သိပဲ မသိပေါင်ကွာ'

'အေး… ဟုတ်တယ် သူငယ်ချင်း၊ ငါ ရေကူးသွားမလို့ကွာ၊ မင်းတော့ လိုက်နိုင်မယ် မဟုတ်ပါဘူးလေ၊ အလုပ် လုပ်နေရတယ် မဟုတ်လား၊ ဟီဟိ… အေးကွာ၊ လုပ်ပေး… လုပ်ပေး'

'ဟေ့… ဟေ့… အလုပ်ဆိုတာ ဘာကို ခေါ်တာလဲကွ ဟင်'

'မင်း အခု လုပ်နေရတာဟာ အလုပ်ပဲပေါ့ကွ တွမ်'

တွမ်သည် သူ့ အလုပ်ကို ဆက်၍ လုပ်သွား၏။ ထုံးသုတ်မြဲ ဆက်သုတ်နေ၏။ ထို့နောက်မှ ဤသို့ ဆို၏။

'အေး… ဒါကို အလုပ်လို့ ခေါ်ချင်လည်း ခေါ်ပေါ့။ မခေါ်ချင် လည်း နေပေါ့။ ဒါပေမဲ့ ဟောဒီ ထုံးသုတ်တာဟာ တွမ်ဆောယား အဖို့ အလွန် ပျော်စရာကောင်းတယ် ဆိုတာကိုတော့ မင်း မြဲမြဲကြီး မှတ်ထားလိုက်ပါကွာ'

'တော်စမ်းပါကွာ၊ ဒီအလုပ်ကို မင်း မနှစ်သက်ဘဲနဲ့ လုပ်နေရတယ် လို့ ပြောစမ်းပါ၊ မင်းက ကြီးကျယ်လို့'

စုတ်တံကား လှုပ်ရှားမြဲ လှုပ်ရှား၍ နေလေသည်။

'ဟေ…ငါက မနှစ်သက်ဘဲနဲ့ လုပ်နေရတယ် ဟုတ်လား၊ ငါဖြင့် မနှစ်သက်စရာအကြောင်း တစ်ကြောင်းမှ ရှာမတွေ့ပေါင်ကွာ။ မင်း စဉ်းစားကြည့်စမ်း၊ တို့လို ချာတိတ်တစ်ယောက်ဟာ ဒီလို ဝင်းထရံ တစ်ခုကို ထုံးသုတ်ရတဲ့ အခွင့်အရေးမျိုး နေ့တိုင်း ရတတ်သလားကွ… ဟင်'

တွမ်က ထိုသို့ ပြောလိုက်သောအခါ ဘင်းသည် တွေဝေသွားလေ၏။ အတွေးလည်း တစ်မျိုးပြောင်းသွား၏။ သို့သော် တွမ်ကား မည်သို့မျှ မပြောင်းလဲ။ ဝင်းထရံကို ညင်သာစွာ ထုံးတစ်ချက်သုတ်လိုက်၊ နောက်သို့ဆုတ်၍ အကဲခတ် ကြည့်ရှုလိုက်ဖြင့် ဟန်အကောင်းကြီး ကောင်းနေ၏။ ထို့နောက် လိုသည်ဟု ထင်သော နေရာများကို ဟို တစ်ချက် သည်တစ်ချက် တို့ကာ အကဲခတ် ကြည့်ရှုနေပြန်လေသည်။ ဘင်းသည် တွမ် လုပ်သမျှကို စောင့်ကြည့်ရင်း စိတ်ပါဝင်စားသည်ထက် ဝင်စား၍ လာလေ၏။

ထို့ကြောင့် 'ဟေ့… တွမ်၊ ငါလည်း ထုံးနည်းနည်းလောက် သုတ်ပါရစေလားကွာ' ဟု ပြောလိုက်၏။

တွမ်သည် စဉ်းစား၍ နေလိုက်ကာ သဘောတူတော့ မလိုလိုဖြင့် ခေါင်းကို ယမ်းခါပြလိုက်၏။

'မဖြစ်ဘူး သူငယ်ချင်း…မဖြစ်ဘူး၊ မင်း သိတဲ့အတိုင်းပဲ ဒေါ်ဒေါ် ပေါ်လီဟာ ဒီဝင်းထရံနဲ့ ပတ်သက်ရင် အင်မတန် ဇီဇာကြောင်တဲ့ မိန်းမကြီးကွ၊ ပိုပြီးဆိုးတာက ဒီဝင်းထရံက အိမ်ရှေ့မျက်နှာစာဘက်က ဝင်းထရံဖြစ်နေတော့ ပိုပြီး ဇီဇာကြောင်တာပေါ့ကွာ၊ အိမ်နောက်ဘက်က ဝင်းထရံသာ ဖြစ်ရင်တော့ အရေးမကြီးပါဘူးကွာ။ မင်းကို ငါ ပေးသုတ် ပါတယ်။ ဒေါ်ဒေါ်ကလည်း အိမ်နောက်ဘက်က ဝင်းထရံကို အရေး

မစိုက်ပါဘူး။ ခက်တာက ဒီရှေ့ဘက်က ဝင်းထရံကိုတော့ သူက သိပ်ဒီဇာကြောင်တယ်ကွ၊ အင်မတန် ဂရုစိုက်ပြီး သုတ်နိုင်မှ တော်ရုံ ကျမှာ။ ပြီးတော့ ဒီအလုပ်ကလည်း သိပ်လွယ်တဲ့အလုပ် မဟုတ်ဘူး သူငယ်ချင်း၊ လူတစ်ထောင် နှစ်ထောင်လောက်မှာမှ တစ်ယောက်ကောင်း နှစ်ယောက်ကောင်းလောက်သာ တကယ်တမ်း လုပ်နိုင်ကြတာကွ'

'ဟာကွာ... ဒီလောက်တောင်မှပဲလား၊ ကဲ... လုပ်ပါကွာ၊ ငါ စမ်းကြည့်ရုံကလေး စမ်းကြည့်ပါရစေ၊ နည်းနည်းလေးပဲ ဖြစ်ဖြစ်ကွာ၊ လုပ်ပါ၊ ငါသာ မင့်နေရာမှာ ဆိုရင်တော့ ပေးသုတ်မှာပဲ သူငယ်ချင်း'

'ပေးသုတ်ချင်ပါတယ် ဘင်းရာ။ ငါ တကယ်ပြောတာပါ။ ဘုရား စူး မိုးကြိုးပစ်ပါကွာ။ ဒါပေမဲ့ ဒေါ်ဒေါ်ပေါ်လီကြောင့် ခက်တယ်ကွာ။ ဂျင်းကလည်း သိပ် သုတ်ချင်တာပေါ့။ ဒါပေမဲ့ သူက မသုတ်စေ ဘူးကွ။ ဆစ်ကလည်း သိပ်သုတ်ချင်တာပေါ့။ ဒါပေမဲ့ သူက မသုတ် စေဘူးကွ၊ ငါ့တစ်ယောက်တည်းကိုသာ သုတ်စေတာ။ ဒီလောက်ဆိုရင် မင်းလည်း သိရောပေါ့ သူငယ်ချင်းရာ။ တကယ်လို့ မင်းကို ငါက သုတ်စေလို့ ဒီဝင်းထရံမှာ တစ်ခုခု အမှားဖြစ်သွားရင်...'

'အို... တော်စမ်းကွာ။ ငါ ဂရုစိုက်ပြီးတော့ သုတ်ပါ့မယ် ဆိုနေ မှပဲ။ ကဲပါကွာ... လုပ်ပါ။ စမ်းကြည့်စမ်းပါရစေ။ ဒီမှာ သူငယ်ချင်း ... မင်းကို ငါ ပန်းသီးအူသား ပေးစားပါ့မယ်ကွာ'

"ကဲ... ကဲ... ရော့ကွာ၊ ဟာ... မဖြစ်ပါဘူး ဘင်းရာ၊ မဖြစ်ဘူး။ ဆောင်တော့ကွာ၊ ဒီအကြောင်း မပြောနဲ့တော့။ ငါ ဒေါ်ဒေါ်ပေါ်လီကို ကြောက်တယ် သူငယ်ချင်းရာ'

'ကဲပါကွာ၊ မင်းကို ငါ ပန်းသီး တစ်လုံးလုံး ပေးစားပါ့မယ်'

တွမ်သည် လက်ထဲမှ စုတ်တံကို မပေးချင်လှသော ဟန်မျိုးဖြင့် ဘင်းအား ပေးလိုက်၏။ သို့သော် စိတ်ထဲတွင်ကား ဘိုးကျိုင်းတုတ် ဖြစ်နေလေသည်။

ဘင်းလည်း စုတ်တံကို ရလျှင်ပင် နေပူကျဲကျဲထဲ၌ ချွေးတလုံးလုံး ဖြင့် ထုံးသုတ်နေလေ၏။ ထိုအချိန်တွင် တွမ်ကား အနီးမှ နေရိပ်ထဲရှိ စည်ပိုင်းလွတ် တစ်ခုပေါ်တွင် ထိုင်၍ ဒူးကို နှန့်ကာ ပန်းသီးကို တမြုံ့မြုံ့စားရင်း နောက်ထပ် ရောက်လာမည့် သူများအား မည်သို့ အမဲဖျက်ရဦးမည်ကို စိတ်ကူးကြံဆ၍ နေလေ၏။ ဘင်း လက်ပန်းကျ သွားသောအခါ "ဘီလီဖစ်ရှား" ရောက်လာ၏။ တွမ်လည်း ကောင်း မွန်စွာ ဖာထေးထားသော လေတံခွန်တစ်ခုကို ရလိုက်ပြန်၏။ ဘီလီ ဖစ်ရှား လက်ပန်းကျသွားပြန်သောအခါ "ဂျွန်နီမီးလား" ရောက်လာပြန် ၏။ တွမ်လည်း ကြိုးတန်းလန်းနှင့် ကြွက်သေတစ်ကောင်ကို လှည့်ပတ် ၍ ကစားရန် ရလိုက်ပြန်၏။ ဤသို့အားဖြင့် တွမ်၏ အမဲကောင် များသည် တစ်ယောက်ပြီး တစ်ယောက် တဖွဲဖွဲ ရောက်လာကြလေ သည်။ တွမ်လည်း ကစားစရာနှင့် စားစရာများကို တဝတခေါင်းကြီး ရခဲ့ပြီ ဖြစ်လေသည်။ ဝင်းထရံလည်း ထုံးသုံးထပ်မျှ သုတ်၍ ပြီးစီး သွားခဲ့ပြီ ဖြစ်လေသည်။ နောက်ဆုံးတွင် ထုံးပုံးထဲ၌ ထုံးကုန်သွားသော အခါတွင်မှပင် ကိစ္စတုံးတော့လေသည်။ အကယ်၍ ထုံးပုံးထဲတွင် ထုံးသာ မကုန်သေးလျှင်လည်း ရွာတွင် ရှိရှိသမျှသော ကလေးများ၏ လက်ဝယ် ကစားရန် ကစားစရာ ပစ္စည်းများ ကျန်ရှိတော့မည် မဟုတ် ပေ။

အရခက်သော အခါမှ ပိုမို၍ ရယူချင်ကြသော လူ့သဘာဝကို လည်း တွမ်သည် ကောင်းစွာ သဘောပေါက် နားလည်ခဲ့လေသည်။

ထိုနောက် တွမ်သည် လောကကြီးကား ပျော်ရွှင်ဖွယ် ကောင်း လေစွဟု အောက်မေ့ကာ အလုပ်ပြီးစီးကြောင်း အစီရင်ခံရန် ဒေါ်ဒေါ် ပေါ်လီထံသို့ ထွက်ခွာလာခဲ့လေ၏။

## အခန်း (၃)

ဒေါ်ဒေါ်ပေါ်လီသည် အိမ်နောက်ဘက်ရှိ အခန်းတစ်ခန်း၏ ပြတင်းပေါက်ဝတွင် ထိုင်၍ သိုးမွေးထိုးနေလေသည်။ ထိုအခန်းကား အိပ်ခန်းလည်း ဟုတ်၏။ ထမင်းစားခန်းလည်း ဟုတ်၏။ စာကြည့်ခန်းလည်း ဟုတ်ပေသည်။ နွေဦးတု၏ ညင်းပျံ့သော လေပြည်ဝယ် ပန်းပေါင်းစုံတို့၏ ရနံ့များဖြင့် တဝေဝေ ရှိနေလေသည်။ ထိုနေရာလေးသည် ဆိတ်ငြိမ်လည်း ဆိတ်ငြိမ်လှ၏။ ပိတုန်း ပီသံများတို့သာ ပျင်းရိငြီးငွေ့ဖွယ် ကောင်းလောက်အောင် ကြားရသည်။ ဒေါ်ဒေါ်ပေါ်လီသည် ခေါင်းတညိတ်ညိတ်ဖြင့် သိုးမွေးထိုးနေလေသည်။ သူ့အပါးတွင် အဖော်အလော် ဆို၍ တစ်ဦးတစ်ယောက်မျှ မရှိချေ။ ကြောင်လေးတစ်ကောင်သာလျှင် သူ့ပေါင်ခွင်ထဲ၌ အိပ်ပျော်လျက် ရှိပေသည်။ သူသည် သူ့ရှေ့တွင် လာရပ်သော တွမ်ကို တွေ့မြင်သောအခါ အတော်လေး အံ့သြသွား၏။ တွမ်တစ်ယောက် အလုပ်က လစ်သွားသည်မှာ ကြာပြီဟု သူ့စိတ်တွင် မှတ်ထင်နေလေသည်။

'ဒေါ်ဒေါ် ကျွန်တော် သွားကစားနိုင်ပါပြီလား ခင်ဗျာ'ဟု တွမ်က မေးလိုက်၏။

'ဟော... သွားကစားတော့မယ် ဟုတ်လား၊ အောင်မယ်... အလုပ်ကော ဘယ်လောက်များ ပြီးခဲ့လို့တုံး'

'အားလုံး ပြီးခဲ့ပါတယ် ဒေါ်ဒေါ်၊ ဝင်းထရံ တစ်ခုလုံး ပြီးခဲ့ပါတယ်'

'တွမ်...မင်း ငါ့ကို မပလီစမ်းနဲ့ကွယ်။ ပလီတာကို ငါ မကြိုက်ပါဘူး'

'ကျွန်တော် မပလီရပါဘူး ခင်ဗျာ၊ တကယ့်ကို အားလုံးပြီးခဲ့လို့ ပြောတာပါ'

ဤအပြောမျိုးကို ဒေါ်ဒေါ်ပေါ်လီ အဖို့ ကြားဖူးနား၀ ရှိခဲ့သည်မှာ များလေပြီ။ အယုံအကြည် ကင်းမဲ့သည့် အကြိမ်ပေါင်းလည်း များလေပြီ။ ထို့ကြောင့် ယခုတစ်ကြိမ်လည်း သူသည် အယုံအကြည် ကင်းမဲ့စွာဖြင့်ပင် ဝင်းထရံကို ကိုယ်တိုင် သွား၍ ကြည့်ရှုလေသည်။ တွမ်က အားလုံးပြီးစီးသည်ဟု ဆိုရာတွင် လေးပုံတစ်ပုံလောက်သာ အမှန်အတိုင်း ပြီးစီးပါစေ။ သူသည် ကျေနပ်လိမ့်မည် ဖြစ်ပေသည်။ သို့သော် ယခုကား ဝင်းထရံ တစ်ခုလုံး ထုံးဖွေးနေအောင် သုတ်ထားသည်ကို တွေ့မြင်ရသောအခါ သူသည် အကြီးအကျယ် အံ့သြ၍ နေလေသည်။ ထိုမျှသာမကသေး၊ ထုံးသုတ်ထားပုံမှာ သာမန် ပြီးရုံစီးရုံလောက်သာ ကရော်ကမည် သုတ်ထားပုံမျိုး မဟုတ်ဘဲ တစ်ထပ်ပြီးတစ်ထပ် အပြန်ပြန်အလှန်လှန် သုတ်ထားသည့် အဖြစ်ကိုလည်း တွေ့မြင်ရပြန်သောအခါ သူသည် စကားမပြောနိုင်လောက်အောင်ပင် အံ့အားသင့်၍ နေလေတော့သည်။

'အေးဟဲ့၊ ဒီတစ်ခါတော့ နင် ပြောတာ အမှန်ပါပဲလား။ ငါက လုံးလုံးကို မထင်ခဲ့ဘူး တွမ်။ နင်လေ နင်... လုပ်ချင်စိတ် ရှိရင် ကောင်းကောင်းကြီး လုပ်နိုင်တယ်။ ဒါပေမဲ့ နင့်မှာ လုပ်ချင်စိတ်

ရှိတဲ့အခါက အနည်းသားကလား။ ကဲ... ကဲ သွား ကစားချေ။ အေး... သတိတော့ထားပေါ့၊ နင် အလည်ကြူးရင်တော့ နောင်ကို ဒီလိုဒဏ်မျိုးပဲ ပေးဦးမယ်'

ထို့နောက် ဒေါ်ဒေါ်ပေါ်လီသည် တွမ့်အား အကောင်းဆုံး ပန်းသီးတစ်လုံးကို ရွေး၍ ဆုချလိုက်လေသည်။ ထိုသို့ ဆုချရင်း "အပြစ်ကင်းစင်၊ ကောင်းစိတ်ဝင်၊ ဆုလျှင် ရတတ်စွာ" ဟူ၍လည်း ဆုံးမဩဝါဒပေးလိုက်သေး၏။ သို့သော် ဩဝါဒစကားဆုံးသည်နှင့် တစ်ပြိုင်နက်ပင် တွမ်သည် ကြောင်အိမ်ထဲမှ မုန့်တစ်ခုကို အလစ်သုတ်လိုက်လေတော့သည်။

ထိုနေရာမှ ထွက်ခဲ့သော တွမ်သည် လှေကားထစ်ပေါ်၌ ညီတော်မောင် ဆစ်နှင့် ဆုံမိ၏။ သူ့အင်္ကျီကော်လာကို အပ်ချည်ကြိုးအနက်ဖြင့်ချုပ်ထားသည့်အကြောင်း ဖော်ကောင်လုပ်ခဲ့သည့်အတွက် တုံ့ပြန်ရန်အခွင့်ကောင်း ကြုံလေပြီဟု တွမ်က အောက်မေ့လိုက်လေသည်။ အနီးတွင် မြေစိုင်ခဲများ အသင့် ရှိနေ၏။ နောက်တစ်ခဏတွင်ကား မြေစိုင်ခဲများသည် ဆစ်အား မိုးသီးမိုးပေါက်များ အလား ထိမှန်ကြလေ၏။ ထိုနေရာသို့ ဒေါ်ဒေါ်ပေါ်လီ ရောက်မလာမီပင် တွမ်သည် အိမ်ဝင်းထရံကို ကျော်လွှား၍ ပြေးထွက်သွားခဲ့ပြီ ဖြစ်လေသည်။ တွမ်သည် ဆစ်အားလှလှကြီး လက်စားချေလိုက်ရသည့်အတွက် ယခုမှပင် စိတ်အေးသွားတော့၏။

ထို့နောက် တွမ်သည် ဒေါ်ဒေါ်ပေါ်လီ၏ နွားတင်းကုပ် နောက်ဘက်ရှိ ဇွက်ထူထပ်သော လမ်းကြားကလေးအတိုင်း ရှာလယ်ကောင်နေရာသို့ ထွက်ခွာလာလေသည်။ ရှာလယ်ကောင် ကွက်လပ်ကြီး၌ ဘင်ကြို ချိန်းချက်ထားကြသည့်အတိုင်း တွမ်နှင့် သူ၏ ဆိုးပေများသည် အုပ်စုနှစ်စု ခွဲကာ စစ်တိုက်တမ်း ကစားကြလေသည်။ တွမ်က

အုပ်စု တစ်စု၏ ဗိုလ်ချုပ်ဖြစ်၍ သူ၏ အချစ်ဆုံးသော သူငယ်ချင်း "ဂျိုးဟားပါး"က အခြား အုပ်စုတစ်စု၏ ဗိုလ်ချုပ်ဖြစ်သည်။ ဗိုလ်ချုပ်နှစ်ယောက်သည် ကိုယ်တိုင် ပါဝင်တိုက်ခိုက်ကြခြင်းမပြုဘဲ တစ်နေရာတွင် ထိုင်၍ ပါးစပ်မှ စီမံခန့်ခွဲကာ အမိန့်ပေးကြ၏။ အချိန်အတော်ကြာကြာ ပြင်းထန်စွာ တိုက်ခိုက်ကြပြီးနောက် ဗိုလ်ချုပ်တွမ်၏ အုပ်စုက အောင်ပွဲကြီး ခံလေသည်။ ကျဆုံးသူများကို ရေတွက်ခြင်း၊ သုံ့ပန်းများကို လဲလှယ်ခြင်း အစရှိသော အမှုများကို ပြီးစီးသောအခါ နောက်တစ်ပွဲ တိုက်ခိုက်ရန်အတွက် နေ့ရက်ကို ချိန်းဆိုလိုက်ကြပြန်လေ၏။ ထို့နောက် အသီးသီး လူစုခွဲလိုက်ကြ၏။ တွမ်လည်း အိမ်ဘက်သို့ တစ်ယောက်တည်း လျှောက်ပြန်လာခဲ့လေသည်။

ယင်းသို့ လျှောက်လာပြန်ရင်း "ဂျက်သက်ချာ"၏ အိမ်ရှေ့သို့ ရောက်လာသောအခါ မျက်နှာစိမ်း မိန်းကလေးတစ်ဦးကို ပန်းခြံထဲတွင် တွမ် တွေ့ရလေသည်။ ထိုမိန်းကလေးကား ဆံပင်ဝါဝါ၊ မျက်လုံးပြာပြာနှင့် ချစ်စရာကောင်းလှသော မိန်းကလေး ဖြစ်၏။ ဝတ်စားထားလိုက်သည်မှာလည်း ကြော့၍နေ၏။ တွမ်သည် ထိုမိန်းကလေးကို မြင်လျှင်မြင်ချင်းပင် ချစ်စိတ်ဝင်မိတော့လေ၏။ ယခုပင် အောင်ပွဲခံယူလာသော ဗိုလ်ချုပ်ကြီးတွမ်သည် ဤနေရာ၌ သေနတ်တစ်ချက်မျှ ပစ်ဖောက်ခြင်း မပြုရဘဲနှင့် ကျွမ်းပြန်ကာ ကျဆုံးခဲ့လေပြီ။ မကြာသေးမီကမှ အချစ်ကြီး ချစ်ခဲ့သော ရည်းစားသည် "အေမီလောရင့်"ကိုလည်း မေ့လျော့ခဲ့လေပြီ။ သူ့အသည်းနှလုံးတွင် အေမီလောရင့်သည် အရိပ်အယောင်ကလေးမျှ မထင်ကျန်ရစ်ခဲ့တော့လေပြီ။ တစ်ကြိမ်တစ်ခါတုန်းကမူ သူသည် အေမီလောရင့်ကလေးကို အူရော အသည်းထဲကပါ လှိုက်လှိုက်လှဲလှဲ ချစ်ခဲ့၏။ အေမီလောရင့်သည် သူ၏ ကိုးကွယ်ရာ အလှဘုရင်မကလေးလည်း ဖြစ်ခဲ့၏။ ထိုမှတစ်ပါးလည်း

အေမီ၏ အချစ်ပန်းကို ဆွတ်လှမ်းနိုင်ရေးအတွက် သူသည် ရက်ပေါင်းလပေါင်းများစွာ ကြိုးစား၍ ပိုးပန်းခဲ့ရလေသည်။ အေမီ၏ နှုတ်မှ "ချစ်ပါတယ် မင်းကို"ဟု ဖွင့်ဟဝန်ခံလိုက်သော စကားကလေးကို သူ ကြားခဲ့ရသည်မှာလည်း တစ်ပတ်မျှပင် မကြာခဲ့သေးပေ။ ယခုတစ်မူ တွမ်သည် ငါးစိမ်းကို မြင်၍ ငါးကင်ကို ပစ်လိုက်ချေပြီတကား။

မကြာမီပင် မျက်နှာစိမ်း မိန်းကလေးသည် ခြံထဲမှ အိမ်ထဲသို့ ဝင်ကာ ပျောက်ကွယ်သွား၏။ မိန်းကလေးသည် ဝင်မသွားမီ ပန်စိပန်းပွင့်လေး တစ်ပွင့်ကို ခြံပြင်သို့ ပစ်ချသွားလေသည်။ တွမ်သည် ခြံပြင်မှနေ၍ လျှောက်ပြန်သံပေး လုပ်၍ ဟန်ရေးအမျိုးမျိုး ပြရင်း မိန်းကလေး ပစ်ချသွားသော ပန်းပွင့်ကလေးကို အမှတ်မထင် ကောက်ယူလိုက်၏။ ထို့နောက် ထိုပန်းပွင့်ကလေးကို သူ၏ အသည်းနှလုံးနှင့် အနီးကပ်ဆုံး နေရာဖြစ်သော ရင်ဘတ်ပေါ်တွင် ထိုးစိုက်ထားလိုက်ပြီးလျှင် ခြံစည်းရိုးကို မှီ၍ နေကုန်အောင် စောင့်ကြည့်ခဲ့သော်လည်း မှောင်သွားသည့်အချိန်ထိ မိန်းကလေး၏ အရိပ်အယောင်ကိုမျှ မတွေ့မမြင်ရတော့ချေ။ ထို့ကြောင့် တွမ်သည် "အင်း. . . ငါ့ကိုတော့ သူ့ခများ အိမ်ထဲက နေပြီးတော့ ချောင်းကြည့်နေရှာမှာပဲ"ဟု စိတ်ကိုဖြေကာ အိမ်သို့ လေးကန်စွာ ပြန်လာခဲ့လေ၏။ တစ်လမ်းလုံး သူသည် မျက်စိထဲ၌ ထိုမိန်းကလေးကိုသာ မြင်ယောင်၍ နေလေသည်။

အိမ်သို့ ပြန်ရောက်သောအခါ ထမင်းဝိုင်း၌ တွမ်သည် စိတ်ကူးယဉ်ကာ အငြိမ်ကြီး ငြိမ်နေသောကြောင့် ဒေါ်ဒေါ်ပေါ်လီပင်လျှင် အံ့သြ၍ နေရတော့လေသည်။

ထမင်းစားပြီးနောက် တွမ်သည် အိမ်ထဲမှထွက်၍ လျှောက်လည်ပြန်၏။ တွမ်သည် ရေဆိပ်ကမ်းနားတွင် သွားထိုင်ကာ စိတ်ကူးအမျိုးမျိုး ယဉ်ကြည့်လေသည်။ ထို့နောက် ထိုနေရာမှ ထွက်ခဲ့ပြန်ရာ

ညကိုးနာရီခွဲ ဆယ်နာရီလောက်တွင် ညနေက သူတစ်ဖက်သတ် ဖွဲ့လမ်းခဲ့သည့် အလှကေရီကလေး နေထိုင်ရာ လမ်းထဲသို့ ရောက်လာခဲ့လေ၏။ အိမ်ရှေ့သို့ ရောက်သောအခါ တွမ်သည် ခြံထဲသို့ တိတ်တဆိတ် ကျော်ဝင်လိုက်၏။ အိမ်ထဲတွင်ကား မည်သည့် အရိပ်အယောင်ကိုမျှ သူ မတွေ့ရချေ။ အိမ်အပေါ်ထပ် ပြတင်းပေါက်တစ်ခုဆီမှ မီးရောင် တစ်ခုသည် ထိုးထွက်လျက် ရှိလေသည်။ တွမ်သည် ထိုပြတင်းပေါက် အောက်သို့ တည့်တည့်ရောက်အောင် သွားကာ မြေကြီးပေါ်တွင် ထိုင်ချလိုက်လေသည်။ ထို့နောက် ရင်ဘတ်ပေါ်မှ ပန်းပွင့်ကလေးကို လက်နှစ်ဖက်ဖြင့် အုပ်၍ စိတ်ကူးယဉ်နေလိုက်လေ၏။ သူသည် ဘာအကာအကွယ်မျှ မရှိသည့် ဤမြေပြင်ထီးထီးပေါ်တွင် တစ်ညလုံး ထိုင်နေတော့မည်။ သူသည် အအေးပတ်ပြီး သေပေတော့မည်။ နံနက် မိုးသောက်အလင်းသို့ ရောက်၍ သူ့အလောင်းကို တွေ့ကြသောအခါ သူ၏အလှကေရီကလေးသည် သူ့ကို သနားသောအားဖြင့် လွမ်းမျက်ရည်ကလေး တစ်ပေါက်လောက်များ ယိုစီး ကျဆင်းရှာလိမ့်မည်လော။ နုနုနယ်နယ် ငယ်ငယ်ရွယ်ရွယ်ဖြင့် ဘဝအဆုံးသတ်သွားရှာသော သူ့အတွက် သူကလေးသည် သက်ပြင်းကလေး တစ်ချက် မှုတ်ထုတ်ကာ သက်မကလေး ချ၍ စိတ်ထိခိုက်ခြင်း ဖြစ်ရှာလိမ့်မည်လော။

ထိုအခိုက်မှာပင် သူ့ခေါင်းပေါ် တည့်တည့်မှ ပြတင်းပေါက်လည်း ပွင့်သွားကာ အစေခံ မိန်းမတစ်ဦး၏အသံ ထွက်ပေါ်လာလေသည်။ ထို့နောက် ထိုမိန်းမသည် ရေဇလုံကို ဝေါခနဲ သွန်ချလိုက်ရာ အောက်မှ သူရဲကောင်းကြီး တွမ်သည် မိုးမိသော ကြွက်စုတ်ကလေး တစ်ကောင်ကဲ့သို့ စိုရွှဲသွားလေတော့၏။

တွမ်သည် ထိုင်နေရာမှ ခုန်၍ ထ လိုက်၏။ ထို့နောက် ဝီခေါ်သွားသော ခဲတစ်လုံး၏ အသံနှင့်အတူ ဆဲဆိုသံ၊ မှန်ကွဲသံများကို

ကြားလိုက်ရလေသည်။ တွမ်လည်း ခြံစည်းရိုးကို လျင်မြန်သော အဟုန်ဖြင့် ကျော်လွှားကာ မှောင်ထဲသို့ ပြေးဝင်ပျောက်ကွယ်သွားလေ၏။

ထို့နောက် မကြာမီပင် တွမ်သည် သူ၏ အိပ်ခန်းထဲ၌ ရေရွှဲရွှဲစိုနေသော အဝတ်အစားများကို ချွတ်လဲနေ၏။ ဆစ်သည် အိပ်ရာမှ နိုးလာ၏။ တွမ်၏ ဖြစ်ပုံများကို ထွန်းထားသော အမဲဆီတိုင် မီးဖြင့် ကောင်းစွာ မြင်ရ၏။ သို့သော် ပါးစပ်မှ တစ်ခွန်း မဟာရဲချေ။ အကြောင်းမှာ ဤအချိန်၌ တွမ်၏ မျက်နှာတွင် လူသတ်မည့် အရိပ်အယောင်များ ပေါ်လွင်နေသောကြောင့်ပင်။ ထို့ကြောင့် ကိုယ့်ကိုယ်ကို ကိုယ်သိကာ နှုတ်ဆိတ်၍ နေလိုက်ရလေသည်။

တွမ်လည်း ဘုရားရှိခိုးခြင်း မပြုဘဲနှင့် အိပ်ရာထဲသို့ ဝင်လှဲလိုက်လေ၏။ ဤအချက်ကိုလည်း ဆစ်သည် စိတ်ထဲတွင် တေးထားလိုက်ခဲ့ပြန်လေသည်။

အခန်း(၄)

ဤနေ့သည် ဥပုသ်ကျောင်း တက်ရမည့် တနင်္ဂနွေနေ့ ဖြစ်၏။ တွမ်သည် ဓမ္မသီချင်း လေးငါးပုဒ်ကို အလွတ် ကျက်မှတ်နေလေသည်။ မြို့ကို အလည်သွားနေရာမှ မနေ့ညနေက ပြန်ရောက်လာသော သူ၏ အစ်မ မေရီသည် သူ့ကို စာထောက်၍ ပေးနေ၏။ ဆစ်ကား ကျက်စရာ ရှိသော ဓမ္မသီချင်းနှင့် သင်ခန်းစာများကို လွန်ခဲ့သော နှစ်ရက်သုံးရက် ကတည်းကပင် ကျက်အံ၍ ပြီးစီးခဲ့လေပြီ။

တွမ်သည် ဓမ္မသီချင်းများကို အလွတ်ကျက်မှတ်ရာတွင် ထစ်အ ထစ်အ ဖြစ်နေသောကြောင့် စာထောက်ပေးနေသော မေရီသည် စိတ်မရှည်နိုင်တော့ချေ။

'ဟဲ့...တွမ်၊ မင်းက အင်မတန် ဉာဏ်ထိုင်းတာကိုးကွယ့်၊ မမ မင်းကို ကဲ့ရဲ့ပြောနေတာ မဟုတ်ဘူးနော်၊ သွား...သွား...ပြန်ပြီး အံချေဦး။ စိတ်မလျှော့ပါနဲ့ မောင်လေးရယ်၊ မင်း မကြာခင် ရလာမှာပါ၊ မင်း အလွတ်အံလို့ ရရင်လေ မင်းကို မမက ဆုကောင်းကောင်းတစ်ခု ပေးမယ် သိလား။ ကဲ...သွားအံချေပါဦးကွယ်၊ မမ မောင်လေးက လိမ္မာပါတယ်'

ကောင်းပြီ မမ၊ ဒီလိုဆိုရင် ကျွန်တော် ပြန်အံမယ်၊ ကဲ... ပြောစမ်း၊ ဘယ်လို ဆုကောင်းကောင်းများ ပေးမှာလဲ'

'ဘယ်လိုဆုမျိုးပဲ ဖြစ်ဖြစ်ပေါ့ကွယ်၊ မမက ကောင်းကောင်းပေးမယ် ဆိုရင် မင်း ကောင်းကောင်းပဲ ရမှာပေါ့'

'ဒါပဲနော်၊ တကယ် ဆုကောင်းကောင်း ပေးရမှာနော် မမမေရီ၊ ပြီးမှတော့ ကျွန်တော့်ကို မညာရဘူး၊ ကဲ...ကျွန်တော် စာသွားအံတော့မယ်'

တွမ်သည် အမှန်ပင် စာသွားအံလေသည်။ မျှော်လာဘ်ရှိသည့်အတွက် နှစ်ဆတိုး ကြိုးစား၍ အံလိုက်ရာ၊ သူသည် မကြာမီပင် မှတ်သီချင်းများကို အလွတ် ရလာလေ၏။ ထို့ကြောင့် မေရီက သူ့ကို ဆယ့်နှမ်ပြားခွဲတန် နွားကျောင်းသားကိုင် ဓားမောက်ကလေး တစ်ချောင်း ဆုပေးလိုက်လေသည်။ သို့သော် ထိုဓားမောက်ကလေးမှာ ကစားစရာ သက်သက်သာလျှင် ဖြစ်၏။ တွမ်သည် ထိုဓားမောက်ကလေးကို ကိုင်၍ အကျေနပ်ကြီး ကျေနပ်နေ၏။ ဥပုသ်ကျောင်းတက်ချိန် မရောက်မချင်း ဟိုဟာထိုး၊ ဒီဟာခုတ်ဖြင့် ဝက်ဝက်ကွဲအောင် ဆော့ကစားနေလေသည်။

ထို့နောက် ဥပုသ်ကျောင်းသို့ သွားရန် ရေမိုးသုတ်သင်၍ အဝတ်အစားများ လဲကြရ၏။ မေရီက တွမ့်အား ခြေ လက် မျက်နှာတို့ကို ဆေးကြောသုတ်သင်ခိုင်း၏။ သူ့အား ရေတစ်အင်တုံနှင့် ဆပ်ပြာတစ်ခဲကို ပေး၏။ ၎င်းတို့ကို တွမ်သည် အိမ်ကပြင်သို့ ထုတ်ယူသွားကာ ရေအင်တုံကို ခုံတန်းတစ်ခုပေါ်တွင် တင်ထားလိုက်၏။ ထို့နောက် ဆပ်ပြာခဲကို ရေအင်တုံထဲသို့ထည့်ကာ ရည်ဖျော်လိုက်လေသည်။ ဆပ်ပြာရည် ဖျော်ပြီးသောအခါ တွမ်သည် အင်္ကျီလက်ကို ပင့်၍ တင်လိုက်ပြီးလျှင် ရေအင်တုံထဲရှိ ရေများကို မြေကြီးထဲသို့ ဖြည်းညင်းစွာ သွန်ချလိုက်လေ၏။ ထို့နောက် တွမ်သည် မီးဖိုဆောင်ထဲသို့ ဝင်၍ တံခါးနောက်တွင် ချိတ်ထားသော မျက်နှာသုတ်ပဝါဖြင့် မျက်နှာကို သုတ်၏။ သို့သော် မေရီက သူ့လက်ထဲမှ မျက်နှာသုတ်ပဝါကို ဆွဲဖယ်ပစ်လိုက်ပြီးလျှင်–

'ဟဲ့ တွမ်၊ မင်း အရှက်မရှိဘူးလားဟင်၊ ဒီထိအောင်တော့ မဆိုးသင့်ပါဘူးကွယ်၊ ရေနဲ့ ဆေးကြောရုံလေးလောက်ဟာ မင့်အသား ပဲ့မပါနိုင်ပါဘူး'ဟု ပြောလိုက်လေ၏။

ထို့ကြောင့် တွမ်သည် ရေအင်တုံတွင် ရေထပ်ဖြည့်ကာ ခြေလက်ဆေး၍ မျက်နှာသစ်ရလေ၏။ သို့သော် တွမ်သည် မျက်နှာကို ရေအင်တုံထဲတွင် နှစ်လိုက်ခဲ့ခြင်းသာ ဖြစ်၏။ ပွတ်သပ်ဆေးကြောခြင်း မရှိချေ။ ထို့ကြောင့် သူ၏ မေးစေ့တစ်ဝိုက်နှင့် လည်ပင်း ပတ်ပတ်လည်တို့တွင် ချေး လက်လေးသစ်မှာ အရစ်အရစ်ပင် ရှိနေခဲ့လေသည်။ ထို့ကြောင့် မေရီသည် တွမ်အား စိတ်ရှည်လက်ရှည်ဖြင့် ကိုယ်တိုင် ဆေးကြော သုတ်သင်ပေးရပြန်၏။

ထို့နောက် မေရီသည် တွမ်အား ဆံပင်ကို ကျနစွာ ဖြီးသင်၍ပေး၏။ ဗီရိုထဲမှ တစ်ထည်တည်းသော ဝတ်စုံကို ထုတ်ယူ၍ လှပစွာ ဝတ်ဆင်ပေး၏။ မြက်ဦးထုပ် တစ်လုံးကိုလည်း ခေါင်းတွင် ဆောင်းပေးလိုက်လေသည်။ ဤသို့ ဝတ်စားဆင်ပြင် လိုက်သောအခါ တွမ်သည် ကိုယ်ရောင်ကိုယ်ဝါ တောက်ပ ပြောင်လက်၍ လာ၏။ ရုပ်ပေါ်၍ လာ၏။ သားသားနားနား ရှိလာ၏။ သို့သော် တွမ်သည် စိတ်ညစ်မိလေသည်။ ဤသို့ သန့်သန့်ရှင်းရှင်း ဝတ်စားနေထိုင်ရသည်ကို သူ လွန်စွာ စိတ်ကျဉ်းကျပ်လေသည်။ မလွတ်မလပ်လည်း ရှိလှပေသည်။ နောက်ဆုံးတွင် မေရီက ရှူးဖိနပ်တစ်ရန်ကို အမဲဆီနှင့် အရောင်တင်ကာ ယူလာ၍ ခြေထောက်တွင် စီးပေးသောအခါ တွမ်သည် သည်းမခံနိုင်တော့ဘဲ 'ဟာ... မမတို့ကလည်းဗျာ၊ ကျွန်တော် မလုပ်နိုင်တာတွေ အကုန်လုံး လုပ်နေရတာပဲ၊ ဒီအဝတ်အစားတွေ မဝတ်ချင်တာလည်း ဝတ်ရတယ်၊ ခေါင်းကို ဒီလို မဖြီးချင်ပါဘူးဆိုလည်း မရဘူး။ အခု

လည်း ဒီရှူးဖိနပ်ကြီး လာစီးပေးပြန်ပြီ။ သိပ်ခက်တာပဲဗျာ' ဟု ပြော ထုတ်လိုက်လေတော့၏။

သို့သော် မေရီက ချော့မော့ကာ စီးပေးသဖြင့် တွမ်သည် မစီးချင် စီးချင်နှင့်ပင် ခြေထောက်ကို ဖိနပ်ထဲသို့ ထိုးသွင်းခဲ့လေသည်။ ထို့နောက် မောင်နှမ သုံးယောက်စလုံး ဝတ်စားပြင်ဆင်၍ ပြီးစီးကြသောအခါ တနင်္ဂနွေ ဥပုသ်ကျောင်းသို့ ထွက်လာခဲ့ကြလေ၏။ တွမ်သည် တနင်္ဂနွေ ဥပုသ်ကျောင်းကို အမုန်းဆုံး ဖြစ်၏။ တွမ် မုန်းသလောက် ဆစ်နှင့် မေရီတို့ကား တနင်္ဂနွေ ဥပုသ်ကျောင်းကို မြတ်နိုးခင်မင် ကြလေသည်။

ဥပုသ်ကျောင်း အချိန်ကား ကိုးနာရီမှ ဆယ်နာရီခွဲအထိ ဖြစ်သည်။ ထို့နောက် ဘုရားရှိခိုးကျောင်းတွင် ဝတ်တက်ကြရသည်။ ဝတ်တက်ချိန် တွင် ဆစ်နှင့် မေရီတို့သည် လိုလိုချင်ချင် ရှိလှ၍ ဘုရားရှိခိုးကျောင်းသို့ သွားခဲ့ကြသော်လည်း တွမ်မှုကား ဝတ်တက်လို၍ ဘုရားရှိခိုးကျောင်းသို့ သွားခြင်း မဟုတ်ချေ။ အခြား အကြောင်းများစွာတို့ကြောင့် သွား ခြင်းသာ ဖြစ်လေသည်။ ဘုရားရှိခိုးကျောင်းသည် ပရိသတ် သုံးရာခန့် ဝင်ဆံ့၏။ တွမ်သည် ဘုရားရှိခိုးကျောင်း၏ အဝင်တံခါးပေါက်ဝသို့ ရောက်သောအခါ နောက်ချန်၍ နေရစ်လေသည်။ ထို့နောက် သူ့လိုပင် ဝတ်ကောင်းစားလှများ ဝတ်စားဆင်ယင်ထားသော ဆိုးပေတစ်ယောက် နှင့် တွေ့ဆုံကြ၏။

'ဟေ့... ဘီလီ မင်းမှာ လက်မှတ်အဝါ ရှိသလားဟေ့'

'အေး ရှိတယ်'

'အဲဒီ လက်မှတ်အဝါအတွက် မင်း ဘာလိုချင်သလဲ'

'တွမ်... မင်းကကော ဘာနဲ့ လဲမှာလဲ'

'ငါးစာတပ်ပြီးသား ငါးမျှားချိတ်ကလေး တစ်ချောင်းနဲ့ လဲမယ် ကွာ'

'ဘယ်မလဲ… ကြည့်ရအောင်'

တွမ်က သူ့ပစ္စည်းကို ထုတ်ပြလိုက်၏။ ဘီလီလည်း ကျေနပ်သွား၏။ ထို့ကြောင့် နှစ်ယောက်သား ပစ္စည်းချင်း အလဲအလှယ် ပြုလုပ်လိုက်ကြလေသည်။ အဝါရောင် လက်မှတ်ကလေး တစ်စောင်သည် တွမ်၏ လက်ထဲသို့ ရောက်လာလေ၏။ ထို့နောက် တွမ်သည် သူ ထုံးသုတ်စဉ်က ရရှိထားသော ကစားစရာ ပစ္စည်းများဖြင့် ဤနည်းနှင်နှင် ဆယ့်ငါးမိနစ်ခန့် အလဲအလှယ် ပြုလုပ်လိုက်ခဲ့ရာ လက်မှတ်ရောင်စုံများသည် သူ့လက်ထဲတွင် တစ်ထပ်ကြီး ဖြစ်လာခဲ့လေ၏။

စာသင်ခန်းထဲ၌ တွမ်သည် တစ်ချက်မျှ အငြိမ်မနေဘဲ ဆော့ကမြင်း၍ နေ၏။ ဟိုလူ့ ဆံပင်ကို ဆွဲ၍ လည်းကောင်း၊ ဒီလူ့ဖင်ကို အပ်နှင့် ထိုး၍လည်းကောင်း အမျိုးမျိုး လက်ကမြင်း၍ နေလေသည်။ အသံ စီစနဲကြား၍ ဆရာက လှမ်းကြည့်လိုက်သော အခါတွင် တွမ်သည် ဂူမ္ဘြေကြီး တစ်ခွဲသားဖြင့် စာတစ်အုပ်ကို ကောက်၍ ဖတ်နေလိုက်၏။ အခြား ကျောင်းသားများလည်း တွမ်ကဲ့သို့ပင် ဆော့ကမြင်း၍ နေကြ၏။ သို့သော် ကမြင်းသည့် နေရာတွင် တွမ်ကိုကား မည်သူမျှ လိုက်၍ မမီကြချေ။ ဓမ္မသီချင်းများကို အလွတ်ရွတ်အံ့ပြရသော အချိန်သို့ ရောက်လာသောအခါ တွမ်တို့အားလုံးသည် တစ်ယောက်မျှ ဟုတ်တိပတ်တိ အလွတ် မရွတ်အံ့နိုင်ခဲ့ကြချေ။ အားလုံး ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေကြလေသည်။ သို့သော် ဤသို့ ဓမ္မသီချင်းများကို ရွတ်အံ့ကြရသည့်အတွက် သူတို့တစ်တွေသည် အပြာရောင် လက်မှတ်ကလေးများကို ဆုလာဘ် အဖြစ် ရရှိကြ၏။ သူတို့သည် ဓမ္မသီချင်းနှစ်ပုဒ် ရွတ်အံ့ပြနိုင်လျှင် အပြာရောင် လက်မှတ်ကလေးတစ်စောင် ရရှိကြ၏။ အပြာရောင် လက်မှတ်ကလေး ဆယ်စောင်သည် အနီရောင် လက်မှတ်ကလေး တစ်စောင်နှင့် ညီမျှ၏။ အနီရောင်လက်မှတ်ကလေး ဆယ်

စောင်သည် အဝါရောင် လက်မှတ်ကလေး တစ်စောင်နှင့် ညီမျှ၏။ ထို့နောက် အဝါရောင် လက်မှတ်ကလေး ဆယ်စောင်ရှိသူ ကျောင်းသားအား ကျောင်းအုပ်ကြီးက ပြားလေးဆယ်တန် သမ္မာကျမ်းစာအုပ် တစ်အုပ်ကို ချီးမြှင့်ဆုချလေ့ ရှိလေသည်။

ထို့ကြောင့် အဆိုပါ သမ္မာကျမ်းစာအုပ်ကလေး တစ်အုပ် ရနိုင်ရန် မလွယ်ကူလှချေ။ ဓမ္မသီချင်း အပုဒ်ပေါင်း နှစ်ထောင်မျှ အလွတ်ရွတ်အံပြနိုင်မှ ရရှိနိုင်ပေသည်။ သို့သော် မေရီသည် ဤနည်းအားဖြင့် နှစ်နှစ်အတွင်း သမ္မာကျမ်းစာအုပ် နှစ်အုပ်မျှ ရယူနိုင်ခဲ့သောသူ ဖြစ်ပေသည်။ ဂျာမန်ကျောင်းသားကလေး တစ်ဦးမူကား သမ္မာကျမ်းစာအုပ် လေးငါးအုပ် အထိပင် ရရှိခဲ့ဖူးလေသည်။ အဆိုပါ ဂျာမန်ကျောင်းသားကလေးသည် တစ်ကြိမ်တစ်ခါက ဓမ္မသီချင်း အပုဒ်ပေါင်း သုံးထောင်မျှကို မရပ်မနားဘဲ အလွတ် ရွတ်ပြနိုင်ခဲ့ဖူး၏။ သို့သော် သူသည် ထိုအခါမှစ၍ ထုံထိုင်း၍ သွားတော့ကာ ရူးကြောင်ကြောင်ကလေး ဖြစ်သွားရှာလေသည်။

တွမ်သည် တစ်ချိန်လုံး ဆော့ကမြင်း၍ နေပြီးလျှင် သမ္မာကျမ်းစာအုပ် ဆုချီးမြှင့်မည့် အချိန်ကိုသာ မျှော်လင့် စောင့်စား၍ နေလေသည်။ သူသည် ကျောင်းအုပ်ကြီး "မစ္စတာ ဝေါလတာ" မိန့်ခွန်းစကား ပြောကြားသည်ကိုလည်း နားထောင်၍ မနေချေ။ ကျောင်းအုပ်ကြီး မစ္စတာ ဝေါလတာသည် အသက် သုံးဆယ့်ငါးနှစ်ခန့် ရှိ၍ စိတ်သဘောထား လွန်စွာ မြင့်မြတ်သိမ်မွေ့သူ ဖြစ်၏။ သဘောသကာယလည်း လွန်စွာ ကောင်း၏။ သို့သော် သူ မိန့်ခွန်းစကား ပြောကြားသည်ကို ဆစ်နှင့် မေရီတို့လို လိမ္မာရေးခြားရှိသော ကျောင်းသား အနည်းငယ်ခန့်ကသာလျှင် ဆိတ်ငြိမ်စွာ စိတ်ပါလက်ပါ နားထောင်ကြလေသည်။ ကျန် တွမ်လို ကျောင်းသားများမူကား အကြီးအကျယ် ဆူညံခြင်း

မပြုကြသော်လည်း ခြေလက်များကား အငြိမ်မနေဘဲ ဆော့ကမြင်း၍ နေခဲ့ကြ၏။ ဤသို့ဖြင့် မစ္စတာ ဝေါလတာ၏ မိန့်ခွန်းစကား ပြီးဆုံးခါနီးလောက်တွင် ခန်းမကြီးထဲသို့ ဧည့်သည်လေးယောက် ဝင်ရောက်လာကြသောကြောင့် ကျောင်းသူ ကျောင်းသားများနှင့် ဆရာများ အားလုံးသည် မီးကို ရေဖျန်းလိုက်သကဲ့သို့ ရုတ်တရက် ငြိမ်ကျသွားလေ၏။ မစ္စတာ ဝေါလတာသာလျှင် မိန့်ခွန်း စကားကို အဆုံးသတ် ပြောဆိုလျက် ရှိနေလေသည်။

ဝင်လာသော ဧည့်သည်များက ရှေ့နေကြီး "သက်ချာ" အမျိုးပြုသည့် လူကြီးတစ်ယောက်၊ မိန်းမကြီးတစ်ယောက်နှင့် မိန်းကလေးတစ်ယောက်တို့ ဖြစ်ကြ၏။ အဆိုပါ လူကြီး၏ ဆံပင်များသည် တစ်ခေါင်းလုံး ဖွေးဖွေးဖြူနေ၏။ မိန်းမကြီးကား ထိုလူကြီး၏ ဇနီးသည် ဖြစ်ပေသည်။ သူသည် လက်က မိန်းကလေးတစ်ယောက်ကို ဆွဲကိုင်လာပေသည်။ တွမ်သည် ဆော့ကမြင်း၍ နေရခြင်းကြောင့် ရည်းစားသည် အေမီလောရင့်၏ အကြည့်ကိုပင် ပြန်လည်၍ ကြည့်ဖော် မရခဲ့ချေ။ အေမီက ချစ်စနိုးဖြင့် မျက်လုံးကလေး စွေကာ၊ စောင်းကာ၊ ကြည့်ရှုခဲ့သည်ကိုပင် သူသည် ပြန်လည်၍ ကြည့်ဖော် မရခဲ့ချေ။ သို့သော် ယခု ဝင်ရောက်လာသော ဧည့်သည် မိန်းကလေးကို မြင်လိုက်ရသောအခါတွင်မူကား တွမ်သည် မနေ့ညနေတုန်းက ပန်းခြံထဲတွင် တွေ့မြင်ခဲ့ရသော အလှကေရီကလေး ဖြစ်နေသည်ကို ချက်ချင်း မှတ်မိလိုက်လေသည်။ တွမ်သည် အပျော်ကြီးပျော်ကာ အရှင်ကြီး ရှင်လျက် အမြူးကြီး မြူးမိလေတော့၏။ ထို့နောက် သူသည် အလှကေရီကလေး သူ့ထံသို့ အာရုံစူးစိုက်လာလေအောင် ဂေါ်ရေး အမျိုးမျိုး ပြနေလေတော့သည်။

ရောက်ရှိလာကြသော ဧည့်သည်များအား ဂုဏ်အမြင့်ဆုံးသော နေရာများတွင် နေရာချထား၍ ပေးလိုက်ကြ၏။ မစ္စတာ ဝေါလတာ လည်း မိန့်ခွန်းစကား ပြောကြား၍ ပြီးဆုံးလျှင် ပြီးဆုံးချင်းပင် ထိုဧည့် သည်များကို ကျောင်းသူကျောင်းသား ဆရာဆရာမများနှင့် မိတ်ဆက်၍ ပေးလေသည်။ ထိုအခါမှပင် ခေါင်းဖွေးဖွေးဖြူနေသော ဧည့်သည် ယောက်ျားကြီးမှာ ရှေ့နေကြီး သက်ချာ၏အစ်ကို တရားသူကြီးသက်ချာ ဖြစ်ကြောင်း အားလုံး သိရှိကြရလေ၏။ ကျောင်းသူ ကျောင်းသားနှင့် ဆရာ ဆရာမများ အားလုံးသည် ထိုပုဂ္ဂိုလ်ကြီးကို မြင်လိုတွေ့လို နေကြသည်မှာ ကြာလှပြီ ဖြစ်၏။ ကျောင်းသူကျောင်းသား ကလေး သူငယ်အပေါင်းသည် တစ်ကြိမ်တစ်ခါမျှ မတွေ့မြင်ဖူးသေးသော ထို ပုဂ္ဂိုလ်ကြီးကို မည်သည့်အသား၊ မည်သည့်ပစ္စည်းဖြင့် ပြုလုပ်ထားပါ လိမ့်မည်နည်းဟုပင် တွေးတော၍ နေကြ၏။ စကားပြောသည်ကိုလည်း လွန်စွာ နားထောင်ချင်နေကြပေသည်။

ကျောင်းအုပ်ကြီး မစ္စတာ ဝေါလတာမှ အစ ဆရာ ဆရာမများ အားလုံးလည်း မျက်နှာကောင်း ရရန်အတွက် ပျားပန်းခပ်သကဲ့သို့ ဟန်ရေး တပြပြဖြင့် အလုပ်ရှုပ်၍ နေခဲ့ကြလေသည်။ ကျောင်းသူ ကျောင်းသား အပေါင်းလည်း ထိုနည်းဇင်းပင် ဖြစ်သည်။ နောက်ဆုံး၌ တရားသူကြီး သက်ချာ ကိုယ်တိုင်လည်း အားလုံးကို တပြုံးပြုံးဖြင့် ဟန်ရေးပြ၍ နေလေတော့သည်။

ကျောင်းအုပ်ကြီး မစ္စတာ ဝေါလတာသည် တရားသူကြီး သက်ချာ က သမ္မာကျမ်းစာအုပ် ပေးကမ်းချီးမြှင့်မည့် အချိန်ကို မျှော်လင့်ကြီးစွာ ဖြင့် စောင့်စား၍ နေလေ၏။ သို့သော် သူသည် စိတ်ပျက်အားလျော့၍ နေ၏။ အကြောင်းမှာ ကျောင်းသူ ကျောင်းသား လေးငါးဦး၏ လက် ဘွင် အဝါရောင် လက်မှတ်ကလေးများ ရှိကြသည် မှန်သော်လည်း

သမ္မာကျမ်းစာအုပ် ရနိုင်လောက်အောင် အပြည့်အစုံ မရှိကြသောကြောင့် ဖြစ်၏။ ထို့ကြောင့် သူသည် အကြီးအကျယ် စိတ်ပျက်အားလျော့၍ နေ၏။ သူ၏ မျှော်လင့်ချက်မှာလည်း သဲထဲသို့ ရေသွန်ရတော့မလို ဖြစ်နေ၏။

ထိုစဉ်မှာပင် တွမ်သည် ဆုယူရန် ရှေ့သို့ တက်လှမ်းလာလေသည်။ သူ့လက်ထဲ၌ အဝါရောင် လက်မှတ်ကလေး ကိုးစောင်၊ အနီရောင် လက်မှတ်ကလေး ကိုးစောင်နှင့် အပြာရောင် လက်မှတ်ကလေး ဆယ်စောင်တို့ ရှိနေလေသည်။ သူက ထိုလက်မှတ်များကို တင်ပြ၍ သမ္မာကျမ်းစာအုပ် ဆုကို တောင်းခံ၏။ လူအားလုံးသည် ကြည်လင်သော မိုးကောင်းကင်မှ ရုတ်တရက် ပစ်ခွင်းလိုက်သော မိုးကြိုးသံကို ကြားလိုက်ရသကဲ့သို့ ဖြစ်သွားကြလေသည်။ ကျောင်းအုပ်ကြီး မစ္စတာ ဝေါလတာသည် ဤနေရာ၌ တွမ်အား အနည်းငယ်မျှ မမျှော်လင့်ချေ။ နောင် ဆယ်နှစ်မျှ ကြာသည်တိုင်အောင်လည်း ဤသို့သော ဆုလာဘ်မျိုးကို တွမ်ဆောယားလို လူမျိုးက ရယူနိုင်လိမ့်မည် မဟုတ်ဟု သူက တထစ်ချ စွဲမြဲယုံကြည်၍ နေခဲ့ပေသည်။ ယခုသော်ကား တွမ်ဆောယားသည် ရောမ ဆုကြီးလာဘ်ကြီးကိုမှ တက်ရောက်တောင်းခံလျက် ရှိချေပြီ။ နွေကြီးခေါင်ခေါင်မှ မိုးကြိုးပစ်လေပြီ။

ဆုယူရန်အတွက် တွမ်၏ နာမည်ကို ကြေညာလိုက်သောအခါ ကျောင်းသားအားလုံးသည် မနာလို မရှုဆိတ် ဖြစ်ကြလေ၏။ သူတို့သည် စောစောပိုင်းက တွမ် လူလည်ကျသွားပုံကို ယခုမှ သဘောပေါက်နားလည်ကာ မခံချိ မခံသာ ဖြစ်နေကြ၏။ တွမ်မှုကား ဆုယူရန်အတွက် အထူးသီးသန့်ထားသော နေရာသို့ သွားရောက်ထိုင်နေလျက် ရှိချေပြီ။

အေမီလောရင့်သည် သူ၏ရည်းစားသည် တွမ်အတွက် များစွာ အားရကျေနပ်၍ နေ၏။ သူသည် တွမ်တစ်ယောက် ဆုယူရတော့မည်

ဖြစ်၍ များစွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေလေသည်။ ထိုသို့ သူ ဝမ်းမြောက်ဝမ်းသာ ဖြစ်၍ နေသည်ကို တွမ်တစ်ယောက် မြင်တွေ့စေချင်၍ သူက တွမ့်အား လှမ်းကာလှမ်းကာ ကြည့်ပါသော်လည်း တွမ်သည် သူ့အား လုံးဝ ဂရုမစိုက်ချေ။ ထို့ကြောင့် အေမီသည် အံ့သြ၍နေ၏။ အံ့သြရာမှ သူ့စိတ်ထဲတွင် စနောင့်စနင်းလည်း ဖြစ်လာ၏။ ထို့နောက် တွမ့်အပေါ်တွင် သက်ာမကင်း ဖြစ်လာ၏။ မသက်ာစိတ်သည် ပျောက်သွားပြန်၏။ ထို့နောက် တစ်ဖန် ပေါ်လာပြန်၏။ သူသည် တွမ်၏ အရိပ်အခြည်ကို စောင့်ကြည့်၏။ တွမ်သည် ငါးစိမ်းပြင်ပြင် ဖြစ်နေသော အလှကေရီလေးဆီသို့သာ အာရုံစူးစိုက်၍ နေလေသည်။ အေမီ အသည်းကွဲရှာလေ၏။ လောကကြီးကိုလည်း စိတ်နာလာ၏။ လောကသား လူအများကိုလည်း စိတ်နာလာ၏။ မနာလို မုန်းထားစိတ်များ ပွားများလာ၏။ ထိုအထဲတွင် တွမ်တစ်ယောက်ကို စိတ်အနာဆုံး၊ အမုန်းဆုံးဟု သူ ထင်လေသည်။

ထို့နောက် တွမ်အား တရားသူကြီး သက်ချာနှင့် မိတ်ဆက်ပေးလေသည်။ တွမ်သည် နှုတ်အ၍ နေ၏။ အသက်ရှူလည်း ကျပ်နေ၏။ ရင်လည်း တဒိန်းဒိန်း ခုန်နေ၏။ ဤသို့ ဖြစ်ရခြင်းမှာ အမိကရ ပုဂ္ဂိုလ်ကြီး တစ်ဦး၏ ရှေ့မှောက်သို့ ရောက်ရှိနေခြင်းကြောင့် တစ်ကြောင်း၊ ထိုပုဂ္ဂိုလ်ကြီးသည် သူ တစ်ဖက်သတ် စွဲလမ်းချစ်ခင်နေမိသော အလှကေရီလေး၏ မိဘဖြစ်နေခြင်းကြောင့်လည်း တစ်ကြောင်း ဖြစ်လေသည်။ အကယ်၍ မှောင်မိုက်ထဲမှာသာ ဆိုလျှင် သူသည် သူ၏ ယောက္ခမလောင်းကြီးကို ထိုင်၍ ရှိခိုးမိမည်မှာ အမှန်ဖြစ်သည်။ တရားသူကြီး သက်ချာသည် တွမ်၏ ခေါင်းပေါ်သို့ လက်တစ်ဖက်ကို တင်ထားလိုက်ကာ လူတော်လူကောင်းလေး တစ်ယောက်ဖြစ်ကြောင်း ချီးကျူးပြောဆိုလိုက်ပြီးလျှင် အမည်နာမကို မေးလေ၏။

ကျွန်ုပ်တို့၏ ဓာတ်လိုက်ကလေးသည် ထစ်အထစ်အ ဖြစ်နေပြီးလျှင် 'တွမ်'ဟု ပြောထုတ်လိုက်လေ၏။

'အို...အို... တွမ် မဟုတ်သေးပါဘူးကွယ်။ ဟို... ဘာတဲ့'

'တောမတ်'

'အေး... ဟုတ်ပြီ၊ ဟုတ်ပြီ။ ဒီလိုမှပေါ့ကွယ့် လူကလေးရဲ့။ ရှိပါသေးတယ်လေ၊ မင်းနာမည် အပြည့်အစုံ ရှိပါသေးတယ်။ ပြောစမ်းပါကွယ်၊ တို့များ သိကြရအောင်'

ထိုအခါ မစ္စတာ ဝေါလတာက 'တောမတ်...မင်းနာမည် အပြည့်အစုံကို ပြောလိုက်လေ။ ယဉ်ယဉ်ကျေးကျေး ဖြစ်အောင် "ခင်ဗျာ" လို့လည်း ထည့်ပြီးပြော၊ ကြားလား'ဟု ဝင်၍ ပြောဆိုလိုက်လေသည်။

'တောမတ်ဆောယားပါ ခင်ဗျာ'

'အေး...ဟုတ်ပြီ၊ လူကလေးက လိမ္မာတယ်၊ မွေ့သိချင်း အပုဒ်ပေါင်း နှစ်ထောင်ဆိုတာ နည်းတာ မဟုတ်ဘူးကွယ့်။ အင်မတန်များတယ်၊ အင်မတန့် အင်မတန် များတယ်။ ဒီလောက် များတာကို အလွတ်ကျက်မှတ်ရလို့ မင်း စိတ်မကောင်း ဖြစ်မနေနဲ့နော်။ လောကကြီးမှာ ပညာဆိုတာ အဖိုးအတန်ဆုံးကွယ့်၊ ပညာရှေ့အိုး လူမခိုးတဲ့ကွယ့်၊ မှတ်ထားနော်။ ပညာရှိမှ လူတော်လူကောင်း ဖြစ်တယ်၊ ပညာရဲရင့်မှ ပွဲလယ်တင့်တယ်။ လူကလေးတောမတ်၊ မင်းလည်း တစ်နေ့မှာ လူတော်လူကောင်း ဖြစ်လိမ့်မယ်။ ထင်ရှားကျော်ကြားတဲ့ ပုဂ္ဂိုလ်ကြီး တစ်ယောက် ဖြစ်လာလိမ့်မယ်။ အဲဒီလို ဖြစ်လာတဲ့အခါမှာ ဟောဒီ တနင်္ဂနွေ ဥပုသ်ကျောင်းကလေးကို ပြန်သတိရပါကွယ်။ မင်းကို ပညာတွေ သင်ပေးလိုက်တဲ့ ဆရာ ဆရာမတွေကို ကျေးဇူးတင်ပါကွယ်။ မင့်ကို သွန်သင်ဆုံးမ ဩဝါဒ ပေးပြီးတော့ ဆုချီးမြှင့်ခဲ့တဲ့ ကျောင်းအုပ်ကြီးကိုလည်း ကျေးဇူးတင်ပါကွယ်။ ကဲ ကဲ...တို့များကို မင်း ကျက်မှတ်

သင်အံထားတဲ့ အထဲက ဓမ္မသီချင်းကလေး သုံးလေးပုဒ်လောက် ဆိုပြစမ်းပါကွယ်။ တို့များ နားထောင်ချင်လို့ပါ၊ ဆိုပြမယ် မဟုတ်လားဟင်။ အေးလေ... မင်း ဆိုပြချင်မှာ မဟုတ်ပါဘူးကွယ်။ တို့များ သိပါတယ်။ ရှိပါစေ... ရှိပါစေ။ ဒါဖြင့် တို့များကို ဘုရားသခင်ရဲ့ တပည့်ကြီး တစ်ကျိပ်နှစ်ပါးအနက်က ပထမဆုံးနှစ်ပါးကို ပြောပြစမ်းပါ လူကလေးရယ်။ မင်း သိတယ် မဟုတ်လား။ သိပါတယ်လေ... သိပါတယ်'

တွမ်သည် အင်္ကျီကြယ်သီးပေါက်ကို လက်နှိုက်ကာ နှုတ်အစ၍ တွေနေ၏။ တစ်ကိုယ်လုံးလည်း ထူပူ၍ နေ၏။ ခေါင်းလည်း အောက်စိုက်၍ နေလေသည်။ ထိုအဖြစ်ကို မြင်ရသောအခါ မစ္စတာ ဝေါလတာသည် စိတ်နှလုံး ညှိုးငယ်၍ သွားရှာတော့လေ၏။ သို့သော် သူသည် တွမ့်အား အားပေးစကား ပြောကြားလိုက်သေး၏။

'တောမတ် ကြောက်မနေနဲ့လေ၊ လူကြီးတစ်ယောက်က မေးနေတာကို ဖြေလိုက်လေ'

တွမ်သည် တစ်ကိုယ်လုံး ရှိန်းဖိန်းကာ နှုတ်အစ၍သာ နေလေ၏။

ထိုအခါ 'ဩော်... လူကလေးက ကျုပ်ကိုမှ ပြောချင်တာပါ'ဟု ဘုရားသူကြီး သက်ချာ၏ ဇနီးသည်က ကြားဝင်၍ ပြောလိုက်ပြီးလျှင် 'ပထမဆုံး တပည့်ကြီးနှစ်ပါးရဲ့ နာမည်တွေဟာ...'ဟု လမ်းကြောင်း ပေးလိုက်ရာ–

'ဒေးဗစ်နှင့် ဂိုးလီယက် ဖြစ်ပါတယ်'ဟု တွမ်က ပြောချလိုက်လေသတည်း။

## အခန်း(၅)

တနင်္လာနေ့သည် တွမ်အဖို့ လွန်စွာ ပျင်းရိငြီးငွေ့ဖွယ်ကောင်းသော နေ့ ဖြစ်သည်။ တွမ်သည် တနင်္လာနေ့ကို လွန်စွာ မုန်း၏။ သူသည် တနင်္လာနေ့ ရောက်မည်ကို လွန်စွာ စိုးကြောက်၏။ အကြောင်းမှာ တနင်္လာနေ့ ရောက်လျှင် သူသည် တစ်ပတ်လုံးလုံး စာသင်ကျောင်းသို့ သွားရဦးတော့မည် ဖြစ်သောကြောင့်တည်း။

ထို့ကြောင့် ဤတနင်္လာနေ့ ညအိပ်ရာဝင်ချိန် ကတည်းက စ၍ တွမ်သည် ကျောင်းမတက်ရအောင် မည်သို့ ကြံဖန်ရပါမည်နည်းဟု စိတ်ကူးအမျိုးမျိုး ထုတ်လျက် ရှိလေသည်။ သူသည် အဖျားလက္ခဏာ၊ သူနာလက္ခဏာများကို အမျိုးမျိုး ကြံဆ တွေးတောကြည့်၏။ သူ့ကိုယ်တွင် မည်သည့် ရောဂါလက္ခဏာများ ရှိလေမည်နည်းဟု အထပ်ထပ် အခါခါ ရှာဖွေကြည့်ရှု၏။ သို့သော် ဟန်ပုံမပေါ်သောကြောင့် ထိုနည်းလမ်းကို တွမ် လက်လျှော့လိုက်ရလေသည်။ တွမ်သည် အခြားသော နည်းလမ်းများကို ရှာဖွေကြည့်ပြန်၏။ သူ့တွင် နဲ့နေသော သွား တစ်ချောင်းတော့ ရှိသည်။ ဟန်ပြီဟု သူ့စိတ်ထဲမှ အောက်မေ့လိုက်၏။ အဆိုပါ နဲ့နေသော သွားကို အကြောင်းပြု၍ သွားကိုက်ဟန်ဆောင်ကာ တစ်ညလုံး ညည်းတွားအော်ဟစ်နေလျှင် နံနက် မိုးလင်းသောအခါ ကျောင်းသို့ သွားရတော့မည် မဟုတ်ဟု သူက တွက်၏။ သို့သော်

ဤနည်းလမ်းသည် ကောင်းတော့ ကောင်းပါ၏။ သို့သော် သူ့အဖို့ ခံရချက် သက်သာမည် မဟုတ်သည်ကို စဉ်းစားမိပြန်သောကြောင့် တွမ် လက်လျှော့လိုက်ရပြန်လေ၏။ ဒေါ်ဒေါ်ပေါ်လီသည် သူ့ကို ငဲ့ညှာနေမည် မဟုတ်။ နဲ့နေသော သွားကို နုတ်ပစ်လိုက်လိမ့်မည်။ ထိုအခါမှ တွမ့်အဖို့ အကြီးအကျယ် နာကျင်ကာ ဝေဒနာကို ခံစားရလိမ့်မည်။ ကျောင်းသို့လည်း မသွားချင်ဘဲ နေ၍ရမည် မဟုတ်ချေ။

နောက်ဆုံးတွင် တွမ်သည် သူ့ခြေချောင်းက အနာကလေးကို သတိရမိလေသည်။ တစ်ခါက လူနာတစ်ဦးကို ဆရာဝန်တစ်ယောက် ခြိမ်းခြောက်ဖူးသော စကားတစ်ခွန်းကိုလည်း သွားသတိရလေသည်။ ဆရာဝန်က လူနာကို ခြိမ်းခြောက်ခဲ့ပုံမှာ အကယ်၍ အိပ်ရာထဲတွင် နှစ်ပတ်၊ သုံးပတ်ခန့် လဲလျောင်းကာ အငြိမ်မနေလျှင် လက်ချောင်းကလေး တစ်ချောင်းလုံး ဖြတ်ပစ်ရလိမ့်မည် ဟူ၍ ဖြစ်၏။ တွမ်သည် သူ့ခြေချောင်းက အနာကလေးကို ဖော်၍ ကြည့်လိုက်ပြီးနောက် တဟင်းဟင်းနှင့် ညည်းတွားစ ပြုလေ၏။ ထို့နောက် သူ၏ ညည်းတွားသံသည် တဖြည်းဖြည်း ကျယ်လောင်၍ လာ၏။ သို့သော် တစ်ဖက် ခုတင်တွင် အိပ်ပျော်လျက်ရှိသော ဆစ်ကား တုတ်တုတ်မျှ မလှုပ်ချေ။

တွမ်သည် ဆစ် နိုးရလေအောင် ပိုမို၍ ကျယ်လောင်စွာ ညည်းတွားပြန်၏။ သို့သော် ဆစ်သည် အိပ်ပျော်မြဲ အိပ်ပျော်လျက်ပင်။ ထို့ကြောင့် သူသည် အိပ်ရာမှ လူးလဲကာထ၍ ဆစ်အား လှုပ်နှိုးပြီးနောက် ခုတင်တွင် ကမန်းကတန်း ပြန်လှဲကာ တဟင်းဟင်း ညည်းတွားပြန်လေ၏။

ဆစ်သည် မျက်လုံးကို ပွတ်သပ်ကာ သမ်းဝေလျက် အိပ်ရာမှ နိုးလာ၏။ ထို့နောက် အိပ်ရာပေါ်တွင် တံတောင်ဆစ်နှင့် ထောက်၍ တွမ်အား စိုက်ကြည့်နေ၏။ တွမ်သည် ဆက်လက်၍ တဟင်းဟင်း ညည်းတွားလိုက်လေသည်။

'တွမ်…တွမ်…'ဟု ဆစ်က ခေါ်၏။ ပြန်ထူးသံကား မကြားရ။ 'ဟေ့…တွမ်၊ ဘာဖြစ်နေတာတုံး'ဟု ဆစ်က မေး၏။ ကိုယ်ကိုလည်း လှုပ်၏။ မျက်နှာကိုလည်း စိုက်ကြည့်နေ၏။

တွမ်က ကျယ်လောင်စွာ ညည်းတွားလိုက်ပြီးလျှင် 'မလုပ်ပါနဲ့ ဆစ်ရာ၊ ငါ့ကို ကိုင်မလှုပ်ပါနဲ့ကွာ'ဟု ဆိုသည်။

'ဟေ့…ဘာဖြစ်တာတုံး တွမ်ရ၊ ငါ ဒေါ်ဒေါ်ကို သွားခေါ်လိုက်မယ်'

"ဟာ…နေပါစေကွာ၊ ဘယ်သူမှ ဒုက္ခသွားမပေးပါနဲ့ကွာ။ ဒီလိုနဲ့ ပျောက်သွားမှာပေါ့'

သို့သော် နောက်တစ်ခဏ၌ ဆစ်သည် အောက်ထပ်သို့ အပြေးအလွှား ဆင်းသွားလေ၏။ မကြာမီပင် ဒေါ်ဒေါ်ပေါ်လီ၊ မေရီနှင့် ဆစ်တို့သည် တွမ်ထံသို့ အပြေးအလွှား ရောက်လာကြလေ၏။ ဒေါ်ဒေါ်ပေါ်လီသည် တုန်လှုပ်ချောက်ချားကာ အသံများ ကတုန်ကယင် ဖြစ်နေရှာလေသည်။

'တွမ်…တွမ်…လူကလေး ဘာဖြစ်သလဲကွယ်'

'အမယ်လေး…ဒေါ်ဒေါ်ရဲ့၊ ကျွန်တော်…ကျွန်တော်…'

'ပြောစမ်းပါဦးကွယ့် လူကလေးရဲ့၊ မင်း ဘာဖြစ်သလဲ'

'ကျွန်တော့် ခြေချောင်းကလေး အဆိပ်တက်ပြီးတော့ ပုပ်ရောင်နေပြီ ခင်ဗျ'

ဒေါ်ဒေါ်ပေါ်လီသည် ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်ချလိုက်ပြီး ငိုငိုရယ်ရယ်ကြီး ဖြစ်သွားရှာလေ၏။ ထို့နောက်မှ သူ့စိတ်ကို သူ ပြန်ထိန်းကာ "အောင်မယ်လေး…တွေမ်ရယ်၊ ငါ့နှယ် အူတုန် သည်းတုန် ရှိလိုက်တာ။ နင် လုပ်လိုက်မှဖြင့် ဒါမျိုးချည်းပဲ၊ ကဲ…ကဲ… တော်စမ်း၊ အဓိပ္ပာယ် မရှိတာတွေ လုပ်မနေနဲ့ ခွေးမှသားကလေး'ဟု ပြောလိုက်လေ၏။

တွမ်သည် အညည်းအတွား ရပ်သွား၏။ သူ့ခြေချောင်းမှ အနာလည်း ပျောက်သွား၏။ သူ့မျက်နှာ အူကြောင်ကြောင်လည်း ဖြစ်သွားရှာလေသည်။

''ခြေချောင်းကလေးက အဆိပ်တက်ပြီးတော့ ပုပ်ရောင်နေပြီလို့ ထင်ရလို့ပါ ဒေါ်ဒေါ်ရယ်။ သိပ်နာတာပဲ။ နာလွန်းအားကြီးလို့ ကျွန်တော့်သွားက အနာကိုတောင် မေ့သွားပါတယ်'

'ဟေ... သွားက အနာ ဟုတ်လား၊ နင့်သွားက ဘာဖြစ်ရပြန်သတုံး။ ကဲ... ပြောစမ်း'

'သွားကလေးတစ်ချောင်း နဲ့နေတယ်ခင်ဗျ၊ အဲဒါ သိပ်ကိုက်တာပဲ။ ဟင်း... ဟင်း... အမယ်လေး'

'ဟော့... ဟော့... တော်စမ်း တော်စမ်း။ ဒီညည်းတွားသံကြီးကို စ မလာစမ်းနဲ့။ နားကြားပြင်းကတ်တယ်။ မှန်း... ဘယ်မလဲ နင့်သွား နဲ့နေတယ် ဆိုတာ။ အေး... ဟုတ်ပြီ၊ နင့်သွား နဲ့နေတာတော့ အမှန်ပဲ။ ဒါနဲ့တော့ နင် မသေနိုင်သေးပါဘူး။ ဟဲ့... မေရီ၊ ငါ့ကို ပိုးကြိုး တစ်ပင်နဲ့ မီးဖိုထဲက မီးစတစ်စ ယူပေးစမ်း'

'အမယ်လေး... ရှိကြီးခိုးပါရဲ့ ဒေါ်ဒေါ်ရဲ့။ ကျွန်တော့် သွားကလေးကိုတော့ ဆွဲမနုတ်လိုက်ပါနဲ့။ ကျွန်တော် အခု သွားမကိုက်တော့ပါဘူး၊ နာလည်း မနာတော့ပါဘူး။ ရှိခိုးပါရဲ့ ဒေါ်ဒေါ်ရဲ့၊ ကျွန်တော့်သွားကို မနုတ်လိုက်ပါနဲ့။ ကျွန်တော် အိမ်မှာလည်း မနေချင်ပါဘူး။ ကျောင်းကိုပဲ သွားချင်ပါတယ် ခင်ဗျ'

'ဩ... အိမ်မှာ မနေချင်ဘူး၊ ကျောင်းကိုပဲ သွားချင်ပါတယ်လား။ ဟုတ်လား... အင်း... လတ်စသတ်တော့ ခွေးမသားကလေး ကျောင်းမသွားချင်လို့ ရမယ်ရှာ အမှုလုပ်နေတာကိုး။ နင်က ကျောင်းမသွားရတော့မှ အိမ်က တိတ်တိတ်ခိုးထွက်ပြီး ငါးသွားမျှားမလို့ပေါ့လေ။

တွေမ်…တွေမ်၊ နင့်ကို ငါချစ်သလောက် နင် ငါ့ကို ဒုက္ခအမျိုးမျိုး ပေးတယ်။ နင့်ကို ငါ ချစ်သလောက် နင် ငါ့အသည်းကို မကွဲ ကွဲအောင် ခွဲတယ်'

ထိုအချိန်၌ သွားနုတ်သော ကိရိယာ တန်ဆာပလာများ ရောက် လာခဲ့လေပြီ။ ဒေါ်ဒေါ်ပေါ်လီသည် ပိုးကြိုး၏ တစ်ဖက်သော အစကို နဲ့နေသော တွမ်၏သွားတွင် ချည်နှောင်လိုက်၏။ ကျန် အခြားအစ တစ်ဖက်ကိုကား ခုတင်တိုင်တွင် ချည်နှောင်လိုက်လေသည်။ ထို့နောက် လက်တစ်ဖက်မှ မီးရဲရဲရှိသော မီးစကို ကိုင်၍ တွမ်၏ မျက်နှာတည့်တည့် ဆီသို့ ထိလုထိခင် ဖြစ်သွားအောင် ထိုးသွင်းလိုက်လေရာ၊ တွမ်၏ ပါးစပ်ထဲမှ နဲ့နေသော သွားကလေးသည် ပိုးကြိုးတန်းလန်းနှင့် ပြုတ် ပါလာကာ ခုတင်တိုင်တွင် တွဲလောင်းကလေး ဖြစ်နေလေ၏။

သို့သော် ကျောင်းသို့ သွားရာ လမ်းတစ်လျှောက်လုံးတွင် တွမ် သည် စန်းအပွင့်ကြီး ပွင့်နေလေ၏။ သွားကျိုးကလေးနှင့် တွမ်ကို သူ၏ အပေါင်းအဖော် ကျောင်းသားသူငယ်တိုင်းက အားကျကာ မရှုဆိတ်နိုင်လောက်အောင်ပင် ဖြစ်နေကြလေသည်။ တွမ်သည် ပါးစပ် ကို ပိတ်ကာ သွားကျိုးလေး၏ နေရာမှ တံတွေးကို တစစ်စစ် ထွေးထွေး ပြခြင်းဖြင့် သူငယ်ချင်း အပေါင်းအဖော်များ အားလုံး၏ အထင်ကြီးမှုကို ခံယူရရှိနေလေသည်။ တွမ်ဆောယားကဲ့သို့ မည်သူမျှ တံတွေး မထွေး တတ်ဟု သူ့အား ပြောဆို ချီးကျူးကြလေသည်။

များမကြာမီပင် တွမ်သည် ကျောင်းသွားရာ လမ်း၌ တစ်ရွာလုံးက "ဆိုးပေ"ဟု သမုတ်ခြင်း ခံနေရသော "ဟပ်ကယ်ဗယ်ရီဖင်း" အမည်ရှိ ကလေး လူဆိုးကလေးတစ်ယောက်နှင့် တွေ့ဆုံမိလေ၏။ ဟပ်ကယ် ဗယ်ရီဖင်းသည် မြို့မှ ချိုးကြီးတစ်ဦး၏ သားဖြစ်၏။ သူသည် တကယ် လည်း ဆိုးပေ၏။ တကယ်လည်း မိုက်မဲ၏။ တကယ်လည်း ကြမ်း

ကြုတ်၏။ သူ့အား တစ်ရွာလုံးရှိ သားသည်မအေများက စက်ဆုပ်မုန်းတီးကြလေသည်။ မိမိတို့ သားများကိုလည်း ဟပ်ကယ်ဗယ်ရီဖင်းနှင့် မကစားရန် တားမြစ်ထားပေသည်။ သို့သော် တစ်ရွာလုံးရှိ သူငယ်ယောကျ်ားကလေး မှန်သမျှသည် ဟပ်ကယ်ဗယ်ရီဖင်းကို များစွာအထင်ကြီး လေးစားကြကုန်၏။ အားလည်း ကျကြကုန်၏။ တွမ်သည်လည်း အခြား အခြားသော သူငယ် ယောကျ်ားကလေးများ နည်းတူပင် ဟပ်ကယ်ဗယ်ရီဖင်းကို အထင်ကြီး အားကျသူ ဖြစ်လေရာ၊ သူ့အား ဒေါ်ဒေါ်ပေါ်လီက ဟပ်ကယ်ဗယ်ရီဖင်းနှင့် အပေါင်းအသင်း မပြုလုပ်ရန် ပိတ်ပင်ထားလေသည်။ သို့သော် တွမ်သည် အခွင့်သာသည့်အခါတိုင်း ဟပ်ကယ်ဗယ်ရီဖင်းနှင့် အပေါင်းအသင်း ပြုကာ ဆော့ကစားခဲ့လေသည်။ ဟပ်ကယ်ဗယ်ရီဖင်း ဝတ်ထားသောအင်္ကျီ၊ ဘောင်းဘီများမှာ လူကြီးများ စွန့်ပစ်သော အင်္ကျီ၊ ဘောင်းဘီ အဟောင်းအဆွေးများ ဖြစ်၏။ အဝတ်အထည်များသည် သူနှင့် တော်တန်ခြင်းမရှိဘဲ များစွာ ကြီးမားချောင်ချိ၍ နေလေသည်။ ရစရာ မရှိအောင်လည်းစုတ်ပြတ်၍ နေကြ၏။ သူ၏ ခေါင်းပေါ်တွင် ဆောင်းထားသော မြက်ဦးထုပ်ကလေးမှာလည်း ဟောင်းနွမ်းဆွေးမြည့်ကာ အနားပတ်ပတ်လည်တွင် စုတ်ပြတ်၍ ထွက်ကုန်လေပြီ။

ဟပ်ကယ်ဗယ်ရီဖင်းသည် လွတ်လပ်စွာ လှည့်လည် သွားလာနေသူ ဖြစ်၏။ သူ့ စိတ်သဘောအတိုင်း အဆီးအတား မရှိဘဲ သွားချင်ရာသို့ လျှောက်သွားနေသူ ဖြစ်သည်။ မိုးလေဝသ သာယာကောင်းမွန်သည့် အခါများ၌ သူသည် အိမ်ပေါက်ဝ လှေကားထစ်များတွင် အိပ်စက်လေ့ ရှိပြီးလျှင် စွတ်စိုထိုင်းမှိုင်းသည့် အခါများ၌ကား စည်ပိုင်းလွတ်ကြီးများထဲတွင် ဝင်ရောက်လေ့ ရှိပေသည်။ သူသည် စာသင်ကျောင်းသို့လည်း မသွား၊ ဘုရားရှိခိုးကျောင်းသို့လည်း မသွားချေ။

သူသည် မည်သူ့ထံမှလည်း တပည့်ခံခြင်း မရှိဘဲ မည်သူ့အားမျှလည်း ဆရာခေါ်လေ့ မရှိခဲ့ချေ။ သူသည် ငါးမျှားချင်သည့်အခါ မျှား၏။ ရေကူးချင်သည့်အခါ ကူး၏။ ရန်ဖြစ်ချင်သည့်အခါ ဖြစ်၏။ ထိုင်နေချင်သည့်အခါ ထိုင်နေ၏။ သူ့အား မည်သူကမျှ အမိန့်တစ်စုံတစ်ရာ မပေးရဲချေ။ သူသည် နွေဦးပေါက်ရာသီ၌ ဖိနပ်မစီးဘဲနှင့် ပထမဆုံး လျှောက်၍သွားနေသူ ဖြစ်၏။ သူသည် ဆောင်းရာသီ၌လည်း နောက်ဆုံး အချိန်ကျမှပင် သားရေဖိနပ်ကို စီးရသောသူ ဖြစ်ပေသည်။ သူသည် ရေမိုး ဆေးကြောသုတ်သင်ရန်လည်း မလို။ အဝတ်သစ်များ ဝတ်စားဆင်ယင်ကာ သန့်ရှင်းစင်ကြယ်စွာ နေရန်လည်း မလိုချေ။ အနည်းနည်း အဖုံဖုံ ကျိန်တွယ်၍ ပြောဆိုတတ်သော သူလည်း ဖြစ်ပေသေးသည်။

တွမ်သည် ဟပ်ကယ်ဗယ်ရီကို တွေ့သောအခါ အားရဝမ်းသာစွာ ဟစ်၍ အော်ခေါ် နှုတ်ဆက်လိုက်လေ၏။

'ဟေး... ဟပ်ကယ်ဗယ်ရီ'

'ဟေး... တွမ်၊ ဒီမှာ ကြည့်စမ်း'

'ဘာလဲဟေ့၊ မင်း လက်ထဲကဟာ ဘာလဲ'

'ကြောင်သေ လေ'

'ငါ ကြည့်စမ်းပါရစေကွာ၊ အောင်မယ် အတော်လေး တောင့်နေပါပေါ့လား။ မင်း ဘယ်က ရခဲ့သလဲ ဟင်'

'ချာတိတ်တစ်ကောင်ဆီက ဝယ်လာတာ'

'ဘာနဲ့ ဝယ်လာတာတုံးကွ'

'အပြာရောင် လက်မှတ်ကလေး တစ်စောင်ရယ်၊ နွားသတ်ရုံက ရလာတဲ့ နွားဖော့စေ့ရယ်နဲ့ ပေါ့ကွာ'

'ဟော...အပြာရောင် လက်မှတ်ကလေးကို မင်း ဘယ်ကများ ရသတုံး'

'လွန်ခဲ့တဲ့ နှစ်ပတ်လောက်တုန်းက ဘင်းရောဂျားဆီက ခွေတစ်ခု နဲ့ လဲထားလို့ ရတာလေ'

'ဒါထက်ကွာ ကြောင်သေက ဘာများ အသုံးကျလို့တုံး ဟပ်ရာ'

'ဟာ...အသုံးကျပါပြီကောကွာ၊ ကြွက်နို့ပေါက်နေတာကို ကြောင် သေနဲ့ ကုရင် ပျောက်တာပေါ့ကွ။ မင်းကလဲ'

'ဟင် အဟုတ်လား၊ ဘယ်လို ကုရသတုံး၊ ပြောစမ်းပါဦးကွာ'

'ဟာ...အလွယ်ကလေးပါ၊ ကြောင်သေကို သင်္ချိုင်းကုန်းကို ညကြီးသန်းခေါင်မှာ ယူသွားရသကွ၊ လောလောလတ်လတ် မြေမြှုပ် ထားတဲ့ လူယုတ်မာတစ်ယောက်ရဲ့ သင်္ချိုင်းမြေပုံပေါ်မှာ ကြောင်သေကို တင်ထားပြီးတော့ ဂါထာတစ်ပုဒ်ကို ရွတ်ရတယ်။ ညကြီးသန်းခေါင် ဆိုတော့ တစ္ဆေသရဲတွေလည်း လာတာပေါ့ကွာ။ ဒါပေမဲ့ မင်း သူတို့ကို မမြင်နိုင်ဘူး၊ အသံလောက်ပဲ ကြားရမယ်။ လေတိုက်တဲ့ အသံလိုလို ဘာလိုလိုပေါ့ကွာ။ သူတို့ဟာ မြေမြှုပ်ထားတဲ့ မသာကောင်ကြီးကို လာယူကြတာပေါ့ကွ။ အေး...အဲဒီလို သူတို့ မသာကောင်ကြီးကို လာယူကြတဲ့အခါမှာ ခုနက ငါပြောတဲ့ ဂါထာကို မင်း ရွတ်ဆိုရလိမ့် မယ်။ ဘယ်လို ရွတ်ရမလဲဆိုရင် "မသာကောင် နောက်ကို တစ္ဆေက လိုက်၊ တစ္ဆေနောက်ကို ကြောင်က လိုက်၊ ကြောင်နောက်ကို ကြွက်နို့ က လိုက်၊ ကြိုက်ဆရာ ကြိုက်၊ ထိုက်ဆရာ ထိုက်"လို့ ပေါ့ကွာ'

'အေး...မင်းပြောတာ ဟုတ်တုတ်တုတ်ပဲဟေ့။ ဒါထက် ဟပ်ရေ ...မင်း အဲဒီလို စမ်းလုပ်ကြည့်ဖူးသလား ဟင်'

'မလုပ်ကြည့်ဖူးပါဘူးကွာ၊ အမေကြီး ဟော့ပကင်း ပြောပြလို့ ငါလည်း သိရတာ'

'ဒါဖြင့် ဟုတ်မှာပါပဲကွာ၊ ဒီမိန်းမကြီးက စုန်းမကြီးပဲဟာ'

'အေး…ဟုတ်တယ်၊ စုန်းမကြီးကွ။ ငါ့အဖေကိုတောင် တစ်ခါတုန်းက သူ ပြုစားဖူးတယ်။ အဲဒီတုန်းကများကွာ အမေကလည်း အရက်မှုးမှုးနဲ့ ဆိုတော့ ပစ်လဲလိုက်တာဟာ လက်မောင်းတစ်ဖက်ကို သွင်သွင်ကျိုးပါရော'

'ဟ… ကြောက်စရာ ကောင်းလှချည်လားကွ။ ဒါထက် ဒီကြောင်သေကို မင်း ဘယ်တော့လောက် သွားစမ်းကြည့်မလဲကွ ဟင်…ဟာပ်'

'ဒီညပဲ သွားမယ်ကွာ။ တစ္ဆေကောင်တွေ အဘိုးကြီး ဟော့စီလီယံရဲ့ မသာကောင်ကို ဒီနေ့ည လာယူကြလိမ့်မယ်'

'ဟော့စီလီယမ်ကို စနေနေ့ညက မြေမြှုပ်တာ မဟုတ်လားကွ။ ဒီတော့ သူ့ကို စနေနေ့ ညကတည်းက တစ္ဆေတွေ လာယူသွားကြရောပေါ့'

'ဟာ…မင်းကလည်း အ ရန်ကောကွာ။ စနေနေ့ မြေမြှုပ်ပေမယ့် တစ္ဆေတွေက ညသန်းခေါင်ကျော်မှ လာနိုင်ကြတာကွ။ သန်းခေါင်ချိန်မရောက်မချင်း သူတို့မှာ တန်ခိုးဣဒ္ဓိပါဒ် မရှိဘူးကွ။ ဒါပေမဲ့ စနေနေ့ညသန်းခေါင်လည်းကျော်ရော တနင်္ဂနွေနေ့လည်း ရောက်လာရော မဟုတ်လား။ မင်း သိတဲ့အတိုင်းပဲ တနင်္ဂနွေနေ့ဟာ ဥပုသ်နေ့လေကွာ။ တစ္ဆေတွေ ဥပုသ်နေ့မှာ ဘယ်လာရဲပါ့မတုံး။ ဒါကြောင့် ငါက ဒီနေ့ည သွားမယ် ပြောတာပေါ့'

'အေး…ဟုတ်တယ်၊ ဟုတ်တယ်။ အဲဒါကို ငါ မတွေးမိဘူး။ မင်း သွားရင် ငါလည်း လိုက်ပါရစေကွာ'

'လိုက်ပါ မောင်၊ မင်း မကြောက်တတ်ရင်တော့ လိုက်ပါ'

'မကြောက်ပေါင်ကွာ၊ ဒါ ကြောက်စရာမှ မဟုတ်ဘဲ။ မင်း

သွားရင်သာ ငါ့ကို ကြောင်လိုအော်ပြီးတော့ အချက်ပေးလိုက်ပေါ့၊ ဟုတ်လား'

'အေး... ကောင်းပြီ၊ အခွင့်သာရင် မင်းကလည်း ကြောင်လို ပြန်အော်ပါ။ အရင် တစ်ခါတုန်းကများကွာ ငါ့မှာ တစ်ညလုံး တညောင်ညောင်နဲ့ အော်နေရလို့ အဘိုးကြီး ဟေးကတောင် ခဲနဲ့ လှမ်းထု လိုက်သေးတယ်။ ငါလည်း ဓောက်မြင်ကတ်ကတ် ရှိတာနဲ့ အုတ်ခဲ ထက်ပိုင်းကျိုး တစ်ခုကို ကောက်ပြီးတော့ သူ့အိမ် ပြတင်းပေါက်ထဲ ပြန်ဆော်ထည့်လိုက်တာပေါ့။ ဟေ့...ဒါပေမဲ့ ဒီအကြောင်းကို ဘယ်သူ့မှ လျှောက်မပြောနဲ့နော်'

'မပြောပါဘူးကွာ၊ စိတ်ချပါ။ အဲဒီညတုန်းက ငါ့ကို ဒေါ်ဒေါ်က စောင့်ကြည့်နေတာနဲ့ ကြောင်လို ပြန်အော်ဖို့ အခွင့်မသာခဲ့ဘူးကွ။ ဒီတစ်ခါတော့ စိတ်ချပါကွာ။ ငါ ပြန်အော်ပါ့မယ်'

ထို့နောက် သူငယ်ချင်းနှစ်ယောက်သည် တစ်ယောက် တစ်လမ်းစီ ခွဲ၍ ထွက်ခွာသွားကြလေ၏။

တွမ်သည် ကျောင်းသို့ ရောက်သောအခါ အတန်းထဲသို့ ရေးကြီး သုတ်ပျာ ဟန်မျိုးဖြင့် ဝင်သွားလေ၏။ ဆောင်းထားသော ဦးထုပ်ကို ချွတ်၍ ချိတ်တစ်ခုတွင် ချိတ်ထားလိုက်ပြီးနောက် သူ့ထိုင်ခုံတွင် သွက် လက် ပေါ့ပါးစွာ ဝင်ထိုင်လိုက်၏။ သူတို့၏ အတန်းဆရာကား ကုလား ထိုင်ပေါ်တွင် အိပ်ငိုက်၍ နေလေသည်။ ကျောင်းသူကျောင်းသားများ သည် ဆူညံစွာ စာအံနေကြ၏။ အခန်းထဲသို့ ဝင်ရောက်လာသောအခါ အိပ်ငိုက်၍နေသော ဆရာသည် လန့်၍ နိုးသွားလေ၏။

'ဟေ့... တောမတ်ဆောယား' ဟု ဆရာက လှမ်းခေါ်လိုက်၏။

တွမ်သည် သူ့နာမည် အပြည့်အစုံကို ထိုသို့ အခေါ်ခံရလျှင်

အနှံ့ ရာယ် တစ်ခုခု ဖြစ်တော့မည် ဆိုသည်ကို ကောင်းစွာ သိထားလေသည်။

ထို့ကြောင့် 'ခင်ဗျာ'ဟု ရှိသေစွာ ပြန်ထူးလိုက်၏။ ဆရာက ထုံးစံအတိုင်း အမြဲတမ်း ကျောင်းနောက်ကျလေ့ရှိသော သူ့အား အဘယ့်ကြောင့် နောက်ကျရသည်ကို မေး၏။ တွမ်သည် ပထမသော် လိမ်ပြောနေကျအတိုင်း လိမ်၍ ပြောမည်ဟု စိတ်ကူးမိသေး၏။ သို့သော် သူ့မျက်လုံးများက တစ်ခုသော ခုံတန်းတွင် ထိုင်နေသော အလှဧကရီမကလေးကို သွားမြင်မိသောကြောင့် အမှန်အတိုင်း ပြောတော့မည်ဟု စိတ်ပိုင်းဖြတ်လိုက်လေသည်။ တစ်ကြောင်းမှာလည်း အမှန်အတိုင်း ပြော၍ သူ ဒဏ်ပေးခံရလျှင် ထိုမိန်းကလေး၏ နံဘေးတွင်ရှိသော တစ်ခုတည်းသော ခုံလွတ်တွင် သူ သွားထိုင်ရမည်ကြောင့် ဖြစ်လေသည်။ ထို့ကြောင့် တွမ်သည် ဆရာ၏ အမေးကို ဟုတ်မှန်သည့်အတိုင်း ချက်ချင်းပြန်၍ အဖြေပေးလိုက်လေ၏။

'ကျွန်တော် ဟပ်ကယ်ဗယ်ရီဖင်းနဲ့ ရပ်ပြီး စကားပြောနေလို့ပါ ခင်ဗျာ'

အဆိုပါ အဖြေစကားကို ကြားလိုက်ရသောအခါ ဆရာသည် သူ့ကိုယ်သူ သွေးများ ရပ်ဆိုင်းသွားရှောသလားဟုပင် အောက်မေ့လိုက်မိလေ၏။ သူသည် ပါးစပ်ကြီး ဟောင်းလောင်းဟကာ ငေးမော၍လည်း သွားလေ၏။ ဆူညံစွာ စာအံနေကြသော အသံများ အားလုံးလည်း မီးကို ရေဖျန်းလိုက်သကဲ့သို့ ရုတ်တရက် တိတ်ဆိတ်၍ သွားလေ၏။ ကျောင်းသားများ အားလုံးသည် တွမ်တစ်ယောက် ရူးစိတ်ပေါက်လေပြီဟု အောက်မေ့ကာ အံ့သြလျက် ရှိကြကုန်လေ၏။ ခဏအကြာတွင် ဆရာက တွမ်အား ထပ်မေးလိုက်၏။

'ဘာကွ... မင်း ဘာလုပ်နေတယ်'

'ကျွန်တော် ဟပ်ကယ်ဗယ်ရီဖင်းနဲ့ ရပ်ပြီး စကားပြောနေလို့ပါ ခင်ဗျာ'

ဤတစ်ချိတွင် ဆရာသည် သူ့ကိုယ်သူ နားကြားမှားခြင်း မဟုတ်ကြောင်း ကောင်းစွာ သေချာသွားလေပြီ။

'ဟေ့ တောမတ်ဆောယား၊ ဒီ ဖွင့်ဟဝန်ခံချက်ဟာ ငါ့တစ်သက်မှာ ကြားနာခဲ့ရသမျှ အကြီးလေးဆုံးသော ပြစ်မှုပဲဟေ့၊ ဒီတော့ မင်းကို ဘယ်နည်းနဲ့မှ အပြစ်က မလွှတ်နိုင်ဘူး။ ကဲ... မင်း အပေါ်ဖုံး အင်္ကျီကို ချွတ်လိုက်စမ်း'

ထို့နောက် ဆရာသည် တွမ်အား လက်ပန်းကျလာသည့်တိုင်အောင် ကြိမ်တုတ်ဖြင့် ဆော်ပြီးလျှင် မိန်းကလေးများနှင့်အတူ သွားရောက် ရောနှော၍ ထိုင်နေရန် အမိန့်ပေး ဒဏ်ခတ်လိုက်လေသည်။

တွမ်သည် သူ့အလှကေရီကလေး၏ နံဘေးတွင် ရှိသော တစ်ခုတည်းသော ခုံလွတ်တွင် သွားရောက်၍ ထိုင်လေသည်။ ကျောင်းသားများ အားလုံးသည် သူ့အဖြစ်ကို ကြည့်ကာ ကျိတ်၍ လှောင်ရယ်ရယ်ကြကုန်၏။ ထို့ကြောင့် တွမ်သည် မျက်နှာများ ထူပူ၍ လာ၏။ သို့သော် သူသည် ရှက်ကြောက်ရမည့် စိတ်များကို မေ့ပျောက်သွားကာ ဝမ်းအသာကြီး သာနေလေသည်။ ကံကြံဖန်ဖန် ကံကောင်းထောက်မစွာ သူ့အလှကေရီကလေး၏ နံဘေးတွင် သွားထိုင်ရသည့် အဖြစ်ကြောင့် သူသည် ဝမ်းအသာကြီး သာနေတော့လေ၏။

ဤသို့ဖြင့် စောစောက ပွစိပွစိဖြင့် ဆူညံ၍နေသော စာသင်သားများသည် အားလုံး ငြိမ်ကျသွားခဲ့ကာ မိမိတို့၏ စာများကို မှန်မှန်ကြီး ချင်းရိုင်းငြိမ်းဖွေ့ဖွယ် ရွတ်အံနေကြပြန်လေ၏။

ထိုအခါတွင် တွမ်လည်း မျက်လုံးကစားစ ပြုလာ၏။ သူသည် အလှကေရီကလေးအား မျက်လုံးကစားစ ပြု၏။ အလှကေရီကလေးက

လည်း သူ့အား အသိအမှတ်ပြုသည့် သဘောဖြင့် တစ်ချက်မျှ မော့ကြည့်၍ ပါးစပ်ကို ရွဲ့ပြပြီးလျှင် တစ်ဖက်သို့ လှည့်သွားလေသည်။ နောက်တစ်ချီ သူ ပြန်၍ လှည့်လာသောအခါတွင် သူ့ရှေ့၌ ရောက်နေသော ဆီးသီးကလေး တစ်လုံးကို သူ တွေ့ရလေ၏။ သူသည် ဆီးသီးကလေးကို တွမ်၏ ရှေ့သို့ ပြန်၍ တွန်းပို့လိုက်၏။ ထိုအခါ တွမ်ကလည်း ဆီးသီးကလေးကို သူ့ရှေ့သို့ ပြန်၍ တွန်းပို့လိုက်၏။ နောက်တစ်ချီ သူက ဆီးသီးကလေးကို တွမ်၏ ရှေ့သို့ ပြန်ပို့လိုက်သောအခါ တွမ်သည် ဆီးသီးကလေးကို သူ့ရှေ့သို့ ပြန်ပို့လိုက်ရင်း 'စားပါကွယ်၊ ငါ့မှာ ရှိပါသေးတယ်'ဟု ကျောက်သင်ပုန်းတွင် ရေးခြစ်၍ ပြသလိုက်လေ၏။ အလှကေရီကလေးသည် ဆီးသီးကလေးကို တွမ်၏ ရှေ့သို့ ပြန်မပို့တော့ချေ။ ထို့နောက် တွမ်သည် ကျောက်သင်ပုန်းပေါ်တွင် တစ်စုံတစ်ခုကို ရေးခြစ်၍ နေလေ၏။ သူ ရေးခြစ်နေသည့် အကြောင်းအရာကို မကြည့်စေချင်သည့် သဘောဖြင့် ဘယ်ဘက် လက်တစ်ဖက်ဖြင့် ကာကွယ်ထားလေသည်။ အလှကေရီကလေးသည် တွမ် တစ်ယောက် ဘာများ ရေးခြစ်နေသည်ကို မကြည့်ဟု စိတ်တင်းဟန်ဆောင်၍ နေသော်လည်း ကြည့်လိုစိတ်၊ သိလိုစိတ်ကိုကား ချိုးနှိမ်ဖိနှိပ်၍ မရအောင် ဖြစ်နေရှာလေ၏။ တွမ်သည် ဆက်လက်၍ ရေးခြစ်မြဲ ရေးခြစ်နေလေသည်။ အလှကေရီကလေးသည် တွမ် ဘာများ ရေးခြစ်နေသည်ကို တိတ်တိတ်ခိုး၍ လှမ်းကြည့်လိုက်လေသည်။ သူ တိတ်တိတ်ခိုး၍ လှမ်းကြည့်လိုက်သည်ကို တွမ်သည် မသိကျိုးကျွန်ပြုကာ ဆက်လက်၍ ရေးခြစ်မြဲ ရေးခြစ်နေလေသည်။ နောက်ဆုံးတွင် အလှကေရီကလေးသည် ငြိမ်မနေနိုင်တော့ဘဲ 'ငါ ကြည့်စမ်းပါရစေကွယ်'ဟု ပြောလိုက်လေ၏။

တွမ်သည် ကျောက်သင်ပုန်းပေါ်တွင် သူ ရေးခြစ်နေသော အကြောင်းအရာကို တစ်ပိုင်းတစ်စ ပြလိုက်၏။ ၎င်းမှာ နှစ်ဆောင်ပြိုင် အိမ်ကြီးတစ်ခု၏ ပုံပင် ဖြစ်သည်။ အိမ်ကြီး၏ မီးလင်းဖိုခေါင်းတိုင်မှ မီးခိုးများ တအူအူ ထွက်၍ နေလေသည်။ အလှကေရီကလေးသည် ဆိုပုံကို မြင်လိုက်ရသောအခါ စိတ်ဝင်စားလာလေ၏။ သူသည် သူ့နံဘေး ပတ်ပတ်လည်ကိုလည်း စိတ်ထဲတွင် မေ့လျော့၍ သွားတော့၏။ တွမ်က နှစ်ဆောင်ပြိုင်အိမ်ကြီးကို ရေးဆွဲ၍ ပြီးစီး အဆုံးသတ်လိုက်သောအခါ အလှကေရီကလေးသည် ပုံကို ခပ်ငေးငေးကလေး ကြည့်ရှုလိုက်ပြီးလျှင် 'သိပ်လှတာပဲဟယ်၊ လူတစ်ယောက်ပုံကိုလည်း ထည့်ရေးပါဦး'ဟု လေသံသဲ့သဲ့ဖြင့် ပြောလိုက်လေသည်။

ကျွန်ုပ်တို့၏ ပန်းချီကျော်ကြီးလည်း အလှကေရီကလေး၏ စေခိုင်းချက်အတိုင်း အိမ်ရှေ့မျက်နှာစာတွင် လူတစ်ယောက်၏ ပုံကို ရေးဆွဲ၍ ထည့်လိုက်ပြန်၏။ ထိုလူသည် အိမ်ကိုပင် ကျော်လွှား၍ သွားနိုင်လောက်ပေသည်။ သို့သော် အလှကေရီကလေးသည် များစွာ သဘောကျ၍ နေလေ၏။ ထို့ကြောင့် တီးတိုး ပြောဆိုလိုက်ပြန်၏။

'သိပ်ချောတဲ့လူပဲ ဟယ်၊ ကဲ... ငါ့ပုံကိုလည်း ရေးထည့်လိုက်ပါဦး'

တွမ်သည် ဟိုခြစ်သည်ခြစ်ဖြင့် ရေးဆွဲလိုက်ပြန်၏။ အလှကေရီကလေး၏ ပုံကို တုတ်ချောင်းနှင့် ဝလုံးများ ရေးဆွဲကာ အဆုံးသတ်လိုက်၏။ လက်ထဲတွင် ယပ်တောင်ကလေး တစ်ချောင်းကိုပင် ကိုင်ပေးထားလိုက်သေး၏။ အလှကေရီကလေးသည် များစွာ သဘောကျသွားပြန်၏။

'အို... သိပ်ကို လှတာပဲကွယ်၊ ငါလည်း နင့်လို ရေးတတ်ချင်လိုက်တာ'

'အလွယ်ကလေးပါ၊ နင့်ကို ငါ သင်ပေးမယ်'

'အို… တကယ်လား၊ ဘယ်တော့ သင်ပေးမလဲ'

'နေ့လယ်ကျတော့ပေါ့၊ နင် နေ့လယ်ကျရင် အိမ်ပြန်ပြီး ထမင်း စားဦးမလား'

'နင် သင်ပေးမယ် ဆိုရင် မပြန်တော့ဘူးလေ'

'နိပ်ပြီ၊ ဒါထက် နင့်နာမည်က ဘာတဲ့လဲ'

'ဖက်ကီသက်ချာ တဲ့၊ နင့်နာမည်ကကော၊ အို… ငါ သိပါတယ်။ တောမတ်ဆောယား မဟုတ်လား'

'ငါ့ကို တွမ်လို့ပဲ ခေါ်ပါကွယ်။ တောမတ်ဆောယား ဆိုတဲ့ နာမည်ကြီးက မကောင်းပါဘူး။ ဒီနာမည် အခေါ်ခံရရင် ငါ အားကြီး အဆော်ခံရတယ်'

'ကောင်းပြီလေ၊ တွမ်လို့ပဲ ခေါ်မယ်'

ထို့နောက် တွမ်သည် ကျောက်သင်ပုန်းပေါ်တွင် တစ်စုံတစ်ရာကို ရေးခြစ်၍ နေပြန်လေ၏။ ဤတစ်ခါတွင်ကား သူ ရေးခြစ်၍ နေသော စာလုံးများကို အလှကေရီကလေး မမြင်နိုင်အောင် လက်ဖြင့် ဖုံးကွယ်၍ ထားလေသည်။ သို့သော် အလှကေရီကလေးသည် ဤအကြိမ်တွင် နှုတ်အ၍ မနေတော့ဘဲ ကြည့်ရှုခွင့်ရရန် တွမ်အား အပူတပြင်း တောင်းပန်တော့လေ၏။

ထို့ကြောင့် တွမ်က 'အို… ဘာမှ မဟုတ်ပါဘူးဟယ်'ဟု ပိတ်၍ ပြောဆိုလိုက်၏။

'ဟုတ်ပါတယ်…တစ်ခုခု ရေးနေတာပါ'ဟု အလှကေရီကလေး က ပြန်ဆို၏။

'မဟုတ်ပါဘူး ဟယ်၊ ဘာမှ မဟုတ်ပါဘူး၊ နင်လည်း ကြည့်ချင် စိတ် ရှိမှာ မဟုတ်ပါဘူး'

'ကြည့်ချင်ပါတယ် ဟယ်၊ ငါ သိပ်ကြည့်ချင်တာပဲ၊ ကြည့်ပါရစေ ဟယ်'

'ကြည့်ပြီးရင် နင် လျှောက်ပြောနေဦးမယ်'

'မပြောပါဘူး ဟယ်၊ တကယ့်ကို မပြောပါဘူး။ အဟုတ်ကို မပြောပါဘူး။ ဘုရားစူး၊ မိုးကြိုးပစ်။ ငါ လျှောက်မပြောပါဘူးဟယ်'

'နင် ဘယ်သူ့မှ မပြောရဘူးနော်။ တကယ့်ကို ဘယ်သူမှ လျှောက်မပြောရဘူး။ နင် အသက်ရှင်နေသမျှ ကာလပတ်လုံး ဘယ်သူ့မှ လျှောက်မပြောရဘူး'

'အေးပါဟယ်၊ ဘယ်သူ့မှ လျှောက်မပြောပါဘူး။ ကဲ... ငါ ကြည့်ပါရစေတော့'

'အို... နင် ကြည့်ချင်စိတ် ရှိမှာ မဟုတ်ပါဘူးလေ'

'ကိုင်း... ကိုင်း... နင်က ဒီလိုတမ်းလား။ ကောင်းပြီ၊ ငါ အတင်း လုကြည့်ရလိမ့်မယ်' ဟု ဆိုကာ နောက်ဆုံးတွင် အလှကေရီ ကလေးလည်း တွမ်၏ လက်ထဲမှ ကျောက်သင်ပုန်းကို လုလေ၏။ တွမ်လည်း လက်ဖြင့် ဖုံးကွယ်၍ ထား၏။ အလှကေရီကလေးသည် တွမ်၏ လက်ကို သူ၏ လက်ကလေးများဖြင့် ဖယ်ရှားပစ်၏။ တွမ် သည် ဖုံးကွယ်ဟန် ပြုနေရာမှ လက်များကို ဖြည်းဖြည်းချင်း ဖယ်ရှား၍ ခံးလိုက်လေသည်။ ထိုအခါတွင် ကျောက်သင်ပုန်းပေါ်၌ အောက်ပါ စာလုံးကလေးများသည် အထင်းသား ပေါ်လာကြလေ၏။

"နင့်ကို ငါ ချစ်တယ်..."

အလှကေရီကလေးသည် အဆိုပါ စာလုံးကလေးများကို တွေ့မြင် ဖတ်ရှုလိုက်ရသောအခါ 'အို... နင် သိပ်ဆိုးတာပဲ ဟယ်'ဟု ဆိုကာ တွမ်၏ လက်ကို ပိတ်ရိုက်လိုက်ပြီးလျှင် တစ်မျက်နှာလုံး တွတ်တွတ်

နှိမြန်း၍ သွားလေ၏။ သို့သော် စိတ်ထဲ၌ကား များစွာ ကျေနပ်နှစ်သိမ့်၍ နေလေသည်။

ထိုခဏ၌ပင် တွမ်၏ နားရွက်တစ်ဖက်သည် ထူထူပူပူကြီး ဖြစ်သွားရှာလေ၏။ အနားသို့ ဘယ်အချိန်က ရောက်လာလိုက်မှန်း မသိရသော ဆရာသည် တွမ်၏ နားရွက်တစ်ဖက်ကို ဆွဲ၍ ခေါ်သွားကာ သူ့အား သူ့နေရာတွင် ပြန်၍ ထိုင်စေလေ၏။ အားလုံးသော ကျောင်းသူကျောင်းသားများသည် တွမ်၏ ဖြစ်အင်ကို ကြည့်ကာ တခစ်ခစ် ရယ်မောကြလေသည်။ ထို့နောက် ဆရာသည် တွမ့်အား အတန်ငယ်ကြာမျှ စူးစူးဝါးဝါး စိုက်၍ ကြည့်နေပြီးလျှင် ဘာတစ်ခွန်းမျှ ပြောဆိုကြိမ်းမောင်းခြင်း မပြုဘဲ သူ့နေရာသို့ ပြန်လည် ထွက်ခွာသွားလေ၏။ တွမ်သည် နားရွက်တစ်ဖက်လုံး ထူပူနာကျင်၍ ကျန်ရစ်၏။ သို့သော် သူ၏ ရင်တစ်ခုလုံးသည် ဖရဏာပီတိ ဖွမ်းဆီအိ၍ နေလေသတည်း။

ထို့နောက် စာသင်ချိန်တစ်ချိန်လုံး တွမ်သည် စာထဲ၌ စိတ်ဝင်စားခြင်း မရှိတော့ချေ။ သူသည် နေ့လယ်ချိန် ရောက်ရန်သာ မျှော်လင့်စောင့်စား၍ နေလေ၏။ တစ်ယောက်တစ်လှည့်စီ စာထဖတ်ကြရသည့် အချိန်တွင်လည်း တွမ်သည် ထစ်အထစ်အ ဖြစ်၍နေ၏။ ပထဝီဝင်ဘာသာကို သင်ကြားရသည့် အချိန်တွင်လည်း သူသည် တောကိုတောင်၊ ချောင်းကို မြောင်းဖြစ်အောင် အလွဲလွဲ အမှားမှား ဖြစ်နေတော့၏။ သတ်ပုံရေးသားရသော အချိန်တွင်လည်း "က"နှင့် "ခ"ကိုပင် အလွဲလွဲ အမှားမှား ရေးသားမိရှာလေ၏။ ထို့ကြောင့် အချိန်ကြာမြင့်စွာ သူ ရရှိထားခဲ့သော ဆုတံဆိပ်ကို ယနေ့သော် စွန့်လွှတ်လိုက်ရတော့လေ၏။

## အခန်း (၆)

နေ့လယ် ကျောင်းဆင်းချိန်သို့ ရောက်သောအခါ တွမ်သည် ဗက်ကီ သက်ချာဆီသို့ ပြေးသွားလေ၏။ ဗက်ကီနှင့် တွေ့သောအခါ သူက အောက်ပါအတိုင်း သင်ဉာဏ်ပေး၏။

'ဒီမှာ ဗက်ကီ၊ နင့်ဦးထုပ်ကို ဆောင်းပြီးတော့ အိမ်ပြန်မယ့် ဟန်ဆောင်။ တခြား ကျောင်းသားတွေနဲ့ အတူရောပြီး သွား။ လမ်းထောင့်ချိုးကလေးလည်း ရောက်ရော အသာကလေး ပြန်လစ်လာခဲ့။ လမ်းကြားကလေးအတိုင်း ကျောင်းကို ပြန်လာခဲ့ ... ဟုတ်လား။ ငါလည်း အဲဒီလိုပဲ တခြားလမ်းကနေ သွားပြီးတော့ ဒီကို ပြန်လစ်လာခဲ့မယ်၊ ကြားလား... ဗက်ကီ'

ထို့နောက် နှစ်ဦးစလုံး တိတ်တဆိတ် စီစဉ်ထားကြသည့်အတိုင်း ကိုယ့်အုပ်စုနှင့်ကိုယ် အသီးသီး ထွက်ခွာသွားကြလေသည်။ ခဏအကြာတွင် သူတို့နှစ်ယောက်သည် လမ်းကြားကလေးတွင် ဆုံမိခဲ့ကြ၏။ ထို့နောက် နှစ်ယောက်အတူ ကျောင်းသို့ ပြန်လာခဲ့ကြလေသည်။ အတန်းထဲ၌ကား သူတို့နှစ်ယောက်မှ အပ အခြားမည်သူမျှ မရှိတော့ချေ။

သူတို့နှစ်ယောက်သည် ခုံတစ်ခုတွင် အတူတကွ ထိုင်လိုက်ကြပြီးနောက် တွမ်သည် ဗက်ကီအား ပုံဆွဲနည်းကို သင်ကြား၍ ပေးလေ၏။

တွမ်သည် ဗက်ကီအား ကျောက်တံကို ကိုင်ထားစေ၏။ ထို့နောက် ကျောက်တံကိုင်ထားသော ဗက်ကီ၏လက်ကို တွမ်က ဆုပ်၍ ကိုင်ကာ ရှေ့တွင် ချထားသော ကျောက်သင်ပုန်းပေါ်တွင် ပုံဆွဲနည်းကို လက်ပူးလက်ထပ် သင်ကြား၍ ပေးလေသည်။ ဤသို့ဖြင့် အိမ်တစ်ဆောင်ရေးဆွဲ၍ ပြီးသွားကြသောအခါ သူတို့သည် ပုံဆွဲသင်တန်းကို ငြီးငွေ့၍ သွားကြပြီးလျှင် စကားလက်ဆုံကျ၍ နေကြတော့လေ၏။ တွမ်သည် အပျော်ကြီး ပျော်လျက် ရှိ၏။ သူက ဗက်ကီကို မေး၏။

'ဗက်ကီ... နင် ကြွက်ကို ချစ်သလား ဟင်'

'ဟင့်အင်း... ငါ သိပ်မုန်းတာပဲ။ ငါတော့ ချွမ်းဂမ်း ဝါးရတာကိုပဲ ကြိုက်တယ်'

'အေး... ငါလည်း ချွမ်းဂမ်းကို ကြိုက်တာပဲ။ ခုတောင် ဝါးချင်လိုက်တာ ဟယ်'

'ဟုတ်လား... ချွင်းဂမ်း ဝါးချင်သလား။ ရော့... ဝါးလေ၊ ငါ့မှာ နည်းနည်းတော့ ရှိတယ်။ ဒါပေမဲ့ ခဏ ဝါးပြီးတော့ ငါ့ကို ပြန်ပေးရမယ်နော်၊ ကြားလား'

ထို့နောက် သူတို့သည် ချွမ်းဂမ်းကို တစ်ယောက်တစ်လှည့်စီ ဝါးကြလေ၏။

'ဟော့... ဗက်ကီရေ၊ နင် ဆပ်ကပ်ပွဲကို ရောက်ဖူးသလား ဟင်'

'ရောက်ဖူးတာပေါ့ဟယ်၊ နင်ကလဲ။ ငါ လိမ်လိမ်မာမာနေရင် အဖေက ငါ့ကို ဆပ်ကပ်ပွဲ ထပ်ခေါ်သွားဦးမတဲ့'

'ငါတော့ ဆပ်ကပ်ပွဲကို အကြိမ်ပေါင်း မရေမတွက်နိုင်အောင်ကို ရောက်ဖူးတယ်။ ဆပ်ကပ်ပွဲ သွားရတာ ဘုရားရှိခိုးကျောင်း သွားရတာနဲ့ မတူဘူးနော်။ သိပ်ပျော်စရာ ကောင်းတာပဲ။ ငါတော့လေ ကြီးလာရင် ဆပ်ကပ်ပွဲထဲမှာ လူပြက်လုပ်မယ်... သိလား'

'အို... တကယ်ပဲလား၊ ဒီလိုဆို သိပ်ကောင်းတာပေါ့ ဟယ်၊ လူပြက်တွေဟာ ကိုယ်ပေါ်မှာ အပြောက်အပြောက်ပါတဲ့ အင်္ကျီကြီးတွေကို ဝတ်လို့၊ သိပ်ချစ်စရာ ကောင်းတာပဲနော်'

'အေး... ဟုတ်တယ်၊ ပြီးတော့ သူတို့ဟာ ပိုက်ဆံလည်း အများကြီး ရကြတယ်၊ တစ်နေ့ တစ်နေ့ကို တစ်ဒေါ်လာတောင် မကဘူး ရတယ်လို့ ဘင်ရောဂျားက ပြောတာပဲ။ ဒါထက်... ဒီမှာ ဗက်ကီ၊ နင် စေ့စပ်ကြောင်းလမ်းပြီးပြီလား ဟင်'

'ဘာလဲဟ... စေ့စပ်ကြောင်းလမ်းတယ် ဆိုတာ'

'ဟယ်... နင်ကလည်း၊ စေ့စပ်ကြောင်းလမ်းတယ် ဆိုတာ လက်မထပ်ခင် ပြုလုပ်ကြတာကို ပြောတာ'

'ဟင့်အင်း... မစေ့စပ်ရသေးပေါင်'

'နင် စေ့စပ်ကြောင်းလမ်းချင်သလား ဟင်'

'အေး... စေ့စပ်ကြောင်းလမ်းချင် သလိုလိုပဲ၊ ဟယ် မသိဘူး... မသိဘူး။ ငါ မပြောတတ်ဘူး၊ စေ့စပ်ကြောင်းလမ်းတာ ဘယ်လိုနေသလဲ ဟင်'

'ဘယ်လို နေရမလဲ၊ ဘယ်လိုမှ မနေဘူးပေါ့ဟ။ နင်က ကောင်လေးတစ်ယောက်ကို သူကလွဲရင် ဖွဲ့နဲ့ ဆန်ကွဲချည်းပဲလို့ ပြောရတယ်။ သူကလွဲရင် ဘယ်သူ့ကိုမှ... ဘယ်တော့... ဘယ်တော့မှ မယူပါဘူးလို့လည်း ပြောရတယ်။ နောက် နင် သူ့ကို နမ်းရတယ်၊ ဒါပဲ။ ဒါလောက်တော့ လူတိုင်း လုပ်နိုင်ကြတာပေါ့ ဟ'

'နမ်းရတယ်... ဟုတ်လား၊ ဘာပြုလို့ နမ်းရတာလဲ'

'အို... နင်ကလည်း ဟာ။ သူတို့ ဒီလိုပဲ အမြဲ လုပ်လေ့ရှိကြတာပဲ'

'လူတိုင်း ဒီလိုပဲ နမ်းသလား ဟယ်'

'အေးဟ... နမ်းတာပေါ့၊ တစ်ယောက်ကို တစ်ယောက် ချစ်ကြတဲ့ လူတိုင်း နမ်းကြတာပေါ့၊ ငါ ကျောက်သင်ပုန်းပေါ်မှာ ရေးပြတာကို နင် မှတ်မိသေးလား ဟင်'

'အ... အင်း...'

'ဘာတဲ့လဲ... ပြောစမ်း'

'အို... မပြောချင်ပါဘူး'

'ငါ ပြောပြရမလားဟင်'

'အ... အင်း၊ ဒါပေမဲ့ ခု မဟုတ်သေးဘူး။ နောက်မှ'

'အို... ခုပဲ ပြောမယ်'

'ဟယ်... ခု မဟုတ်သေးဘူးလို့ ဆို၊ မနက်ဖြန်မှ ပြော'

'အို... ခုပဲ၊ ခုပဲ ပြောမယ်ဟာ၊ တစ်ဆိတ်ကလေးပါ ဗက်ကီရာ၊ ငါ နင့်ကို တိုးတိုးကလေး ပြောမှာပါဟာ'

ဗက်ကီက ခပ်မဆိတ် နေလိုက်လေသည်။ ဆိတ်ဆိတ်နေခြင်းသည် သဘောတူခြင်းပင် ဖြစ်သည်ဟု တွမ်က မှတ်ယူလိုက်ကာ ဗက်ကီ၏ ခါးကလေးကို သူ၏ လက်တစ်ဖက်ဖြင့် ပွေ့ဖက်လိုက်ပြီးလျှင် သူ၏ ပါးစပ်ကို ဗက်ကီ၏ နားဝသို့ ကပ်၍ ချစ်ပုံပြင်ကို တီးတိုးကလေး ညင်သာစွာ ပြောဆို ရေရွတ်လိုက်လေ၏။ ထို့နောက် တွမ်က–

'ကိုင်း... ဗက်ကီ၊ နင်ကလည်း ငါ ပြောတဲ့အတိုင်း တိုးတိုးကလေး ပြန်ပြောစမ်းပါကွယ်'ဟု ဆိုလိုက်လေသည်။

ဗက်ကီသည် ခဏမျှ ငြင်းဆိုနေသေး၏။ ထို့နောက်မှ 'နင် ဟိုဘက်ကို လှည့်နေ၊ ငါ့ကို ကြည့်မနေရဘူး၊ အဲဒါမှ ငါပြောမယ်၊ ဒါပေမဲ့ နင် ဘယ်သူ့မှ လျှောက်မပြောရဘူးနော်... ကြားလား တွမ်၊ နင် လျှောက်ပြောနေမှာလား ဟင်' ဟု မေးလိုက်လေသည်။

တွမ်က 'မပြောပါဘူးကွယ်၊ မပြောပါဘူး၊ စိတ်ချ၊ ဘယ်သူ့မှ လျှောက်မပြောပါဘူး။ ကဲ... ဗက်ကီ ပြောတော့လေ'ဟု ပြန်ပြော လိုက်၏။

ထို့နောက် တွမ်သည် တစ်ဖက်သို့ မျက်နှာလှည့်၍ နေလိုက်၏။ ဗက်ကီသည် သူ၏ ခေါင်းကလေးကို ငုံ့လိုက်ပြီးလျှင် အသက်ကို ပြင်းစွာ ရှူထုတ်လျက် 'နင့်ကို ငါ ချစ်တယ်'ဟု တိုးတိုးကလေး ပြောထုတ်လိုက်လေ၏။

ထိုသို့ ပြောဆိုပြီးလျှင် ဗက်ကီသည် အခန်းထဲ ခုံများအကြားတွင် လျှောက်၍ ပြေးလေ၏။ တွမ်က သူ့နောက်မှ လိုက်၏။ နောက်ဆုံးတွင် ဗက်ကီသည် ထောင့်တစ်ထောင့်တွင် ရပ်နား၍ နေလိုက်ကာ မျက်နှာကို ဂါဝန်အင်္ကျီစကလေးဖြင့် ဖုံးကွယ်၍ ထားလိုက်လေ၏။ တွမ်သည် ဗက်ကီ၏ လည်တိုင်ကလေးကို ဖက်ကိုင် ပွတ်သပ်လိုက်ပြီးလျှင် ချော့ မော့၍ အသနား ခံလိုက်လေသည်။

'ဗက်ကီ... ဗက်ကီ... အားလုံး ပြီးစီးသွားပါပြီကွယ်၊ တစ်ခုပဲ ကျန်ပါတော့တယ်။ နမ်းဖို့ တစ်ခုတည်းပဲ ကျန်ပါတော့တယ်။ လာပါ ဟယ်... ကြောက်မနေပါနဲ့။ နမ်းတာကလေးလောက်ဟာ ဘာမှ ကြောက်စရာ မရှိပါဘူး ဟယ်။ တစ်ဆိတ်ကလေး ဗက်ကီရယ်၊ နမ်းကြရအောင် ဟယ်'

တွမ်သည် ဆိုဆိုပြောပြောဖြင့် မျက်နှာကို ဖုံးကွယ်ထားသော ဗက်ကီ၏ လက်များနှင့် ဂါဝန် အဝတ်စကလေးတို့ကို ဆွဲယူ ဖယ်ရှား ပစ်လိုက်၏။ နောက်ဆုံးတွင် ဗက်ကီလည်း လက်မြှောက်၍ အညံ့ခံလိုက် ရလေတော့သည်။ သူသည် လက်များကို အောက်သို့ ချထားလိုက်ပြီး လျှင် တွမ့်အား သူ၏ မျက်နှာကလေးကို မော့၍ ပေးလိုက်လေသည်။ တွမ်က လှပနီရဲသော ဗက်ကီ၏ နှုတ်ခမ်းသားကလေး နှစ်လွှာကို ငုံ့ယူ နမ်းရှုပ်လိုက်ပြီးနောက်–

'ကိုင်း... အခုမှပဲ အားလုံး ပြည့်စုံတော့တယ် ဗက်ကီ။ ဒါပြီးတဲ့နောက် နင် ငါက လွဲလို့ ဘယ်သူ့ကိုမှ မချစ်ရတော့ဘူးနော်၊ မှတ်ထား။ နင် ငါကလွဲလို့ ဘယ်သူနဲ့မှလည်း လက်မထပ်ရတော့ဘူးနော်၊ မှတ်ထား။ ကြားလား... ဗက်ကီ'

'ကြားတယ်တွမ်၊ ငါ နင်က လွဲလို့ ဘယ်သူ့ကိုမှ မချစ်တော့ဘူးတွမ်။ ငါ နင်ကလွဲလို့ ဘယ်သူ့ကိုမှလည်း လက်မထပ်တော့ဘူးတွမ်။ နင်ကလည်း ငါကလွဲလို့ ဘယ်သူနဲ့မှ လက်မထပ်ရတော့ဘူးနော်၊ ကြားလား တွမ်'

'အို... စိတ်ချ ဗက်ကီ၊ စိတ်ချ။ ငါလည်း နင်ကလွဲလို့ ဘယ်သူ့ကိုမှ လက်မထပ်ဘူး၊ ပြီးတော့ ကျန်သေးတယ် ဗက်ကီ။ ဘုရားသွားသွား ကျောင်းတက်တက် ဘယ်ပဲသွားသွား ဘယ်ပဲလာလာ၊ နင် ငါနဲ့ပဲ အတူသွားရမယ်နော်။ ဒါကတော့ ဘယ်သူမှ တို့ကို ကြည့်မနေကြတဲ့ အခါမျိုးမှာပေါ့ပဲ။ ပြီးတော့လည်း ပါတီပွဲတွေ ဘာတွေမှာ ငါကလည်း နင့်ကို အဖော်အဖြစ် ရွေးမယ်။ နင်ကလည်း ငါ့ကို နင့်အဖော်အဖြစ် ရွေးရမယ်နော်။ ကြားလား... ဗက်ကီ၊ ဒါဟာ စေ့စပ်ကြောင်းလမ်းပြီးတဲ့ လူတိုင်း လုပ်ရိုးလုပ်စဉ်ပဲ ဗက်ကီ'

'သိပ်နိပ်တာပဲ ဟယ်။ ငါတော့ ဒါမျိုး တစ်ခါမှ မကြားဖူးသေးပေါင်'

"အို... သိပ်ပျော်စရာ ကောင်းတာပေါ့ဟယ်၊ ငါလေ အေမီလောရင့်နဲ့ တုန်းကလဲ'

တွမ်သည် ထိုနေရာ၌ မျက်လုံးပြူးသွား၏။ စကား... စကားပြောပါများ၍ စကားထဲက ဇာတိပြလိုက်သောကြောင့် သူသည် မျက်လုံးများ ပြူးကာ ထစ်အ ရပ်ဆိုင်း၍ သွားလေတော့သည်။

'အို... တွမ်... တွမ်၊ ဒါဖြင့် ငါဟာ နင့်အချစ်ဦး မဟုတ်ဘူးပေါ့နော်' ဟု ဆိုကာ ဗက်ကီလည်း ငိုလေ၏။

'မငိုပါနဲ့ ဗက်ကီရယ်၊ ငါ အခု သူ့ကို ဂရုမစိုက်တော့ပါဘူး ဟယ်'

'ဟင့်အင်း တွမ်... ဟင့်အင်း၊ နင် သူ့ကို ချစ်တုန်းပဲ၊ ချစ်တုန်းပဲ၊ တွမ်... သူ့ကို နင် ခုထိ ချစ်တုန်းပဲ'

တွမ်သည် ဗက်ကီ၏ လည်ပင်းကို ဖက်၍ ချော့မော့ရန် ကြိုးစားလိုက်၏။ သို့သော် ဗက်ကီက အဖက်မခံချေ။ သူ့ကို တွန်းဖယ်၍ ပစ်လိုက်ပြီးလျှင် နံရံဘက်သို့ လှည့်၍ ငိုယိုနေလေ၏။ တွမ်သည် နောက်တစ်ကြိမ် ကြိုးစားပြန်၏။ သို့သော် ရှေ့နည်းအတိုင်း ဗက်ကီက သူ့ကို တွန်းဖယ်၍ ပစ်လိုက်ပြန်၏။ ထို့ကြောင့် တွမ်သည် စိတ်ထဲက အနည်းငယ် ခုသွားကာ အခန်းအပြင်ဘက်သို့ ထွက်ခွာသွားလေသည်။ အပြင်သို့ ရောက်သောအခါ သူသည် ဆောက်တည်ရာ မရဘဲ ဟိုငေးသည်ငေးဖြင့် ခေတ္တခဏမျှ ရပ်၍နေ၏။ တံခါးပေါက်ဆီသို့လည်း မကြာခဏ လှည့်လှည့်ကြည့်၏။ ဗက်ကီသည် နောင်တရ စိတ်လည်ကာ သူ့အား လာရောက်ရှာဖွေလိမ့်မည်ဟု သူက မျှော်လင့်နေလေသည်။ သို့သော် ဗက်ကီကား သူ့ထံသို့ ရောက်မလာခဲ့ချေ။ ထိုအခါတွင် သူလည်း တုန်လှုပ်ချောက်ချားစ ပြုလာ၏။ "ငါမှားလေပြီ"ဟုလည်း သတိရလာ၏။ သို့သော် သူ့စိတ်ကို သူ ချိုးနှိမ်၍ မရနိုင်သေးချေ။ အခန်းထဲသို့ ပြန်ဝင်ကာ ဗက်ကီအား ချော့မော့ရမည်ကို သူသည် များစွာ ဝန်လေး၍ နေလေသည်။ နောက်ဆုံးတွင်မှ သူသည် သူ့စိတ်ကို အနိုင်နိုင် ချိုးနှိမ်ထိန်းသိမ်းကာ အခန်းထဲသို့ ပြန်လည်ဝင်ရောက်သွားလေ၏။ ဗက်ကီသည် နံရံကို မျက်နှာအပ်၍ အခန်းထောင့်တွင် ငိုရှိုက်နေဆဲ ဖြစ်သည်။ ထိုအဖြစ်ကို မြင်ရသောအခါ တွမ်သည် အသည်းနှလုံးထဲမှ တစစ်စစ် နာကျင်သွားလေ၏။ ထို့ကြောင့် ဗက်ကီ

၏ အနားသို့ ကပ်သွားပြီးလျှင် ခေတ္တမျှ ရပ်ကြည့်နေပြီးနောက် ချော့မော့လိုက်လေသည်။

'ဗက်ကီရယ် တစ်မိုးအောက်မှာ နင်တစ်ယောက်တည်းပဲ ငါချစ်ပါတယ် ဟယ်'

သို့သော် ဗက်ကီထံမှ မည်သို့မျှ ပြန်မကြားရချေ။ ရှိုက်သံများသာလျှင် ထွက်ပေါ်၍ လာလေသည်။

'ဗက်ကီ... ဗက်ကီ၊ ငါ့ကို စကားလေး တစ်ခွန်းလောက်တောင်မှ မပြောတော့ဘူးလား ဟယ်'

သို့သော် ရှိုက်သံများသာလျှင် ပိုမိုကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ထို့နောက် တွမ်သည် သူ၏ အိတ်ထဲမှ သူ အမြတ်တနိုးထားသော ကြေးဖုကလေး တစ်လုံးကို ထုတ်ယူ၍ ဗက်ကီ၏ မျက်နှာရှေ့တွင် ပြသကာ 'ဒါကလေးကို ယူလိုက်ပါ ဗက်ကီရယ်... နော်... နော်၊ ယူမယ် မဟုတ်လား ဟင်' ဟု ချော့မော့ ယုယလိုက်ပြန်လေသည်။

သို့သော် ဗက်ကီသည် ထိုကြေးဖုကလေးကို ကြမ်းပေါ်သို့ ပစ်ပေါက်၍ ချလိုက်လေသည်။ ထို့ကြောင့် တွမ်လည်း အခန်းထဲမှ ရော စာသင်ကျောင်းထဲမှပါ တစ်ခါတည်း ပြေးထွက်သွားတော့ကာ အဝေးတစ်နေရာတွင် ရှိသော တောင်ခြေဆီသို့ ရှေးရှုသွားလေ၏။ သူသည် ထိုနေ့တစ်နေ့လုံး ကျောင်းသို့ ပြန်မလာခဲ့တော့ချေ။ ဗက်ကီသည် တွမ် ပြေးထွက်သွားပြီးနောက် ချက်ချင်းပင် တွမ့်အတွက် စိုးရိမ်ပူပန်မိတော့လေ၏။ ထို့ကြောင့် သူသည် တံခါးပေါက်ဝသို့ ပြေးထွက်၍ တွမ်အား မျှော်ကြည့်၏။ သို့သော် တွမ့်အား အရိပ်အယောင်မျှ မတွေ့မြင်ရတော့ချေ။ တစ်ဖန် သူသည် ကစားကွင်းဆီသို့ ပြေးထွက်၍ တွမ့်အား မျှော်ကြည့်မိပြန်၏။ သို့သော် ကစားကွင်း

ဆိဒ္ဒလည်း တွမ့်အား အရိပ်အယောင်ကလေးမျှ မတွေ့မြင်ရတော့ချေ။ ထို့ကြောင့် ဗက်ကီသည် ဟစ်၍ အော်ခေါ်လိုက်လေ၏။

"တွမ်ရေ... ဟေ့... တွမ်၊ ပြန်လာပါတော့ ဟေ့"

ထိုသို့ ခေါ်ပြီးနောက် သူသည် ပြန်ထူးသံကို နားစိုက်၍ ထောင်နေလေသည်။ သို့သော် ပြန်ထူးသံကား ထွက်ပေါ်၍ မလာခဲ့ပေ။ ယခုအခါ ဗက်ကီသည် ဖော်ကွာ ကင်းတဲ့ မယ့်တစ်ကိုယ် ဖြစ်နေရှာလေ၏။ ထို့ကြောင့် သူသည် တစ်ယောက်တည်း ထိုင်၍ ငိုကြွေးပြန်လေ၏။ ထိုအချိန်တွင် ကျောင်းသူကျောင်းသားများလည်း ပြန်လည်၍ စုရုံးရောက်ရှိလာကြပြီ ဖြစ်ရာ၊ ဗက်ကီသည် သူ၏ ဆွေးစိတ်ကို မျိုသိပ်ကာ ကြေကွဲသော အသည်းနှလုံးဖြင့် တစ်ညနေလုံး ကျောင်းမဆင်းမချင်း တစ်ကိုယ်တည်း ကျိတ်၍ ပူဆွေးနေရရှာလေ၏။

## အခန်း (၇)

ထိုနေ့ည ကိုးနာရီခွဲ အချိန်တွင် တွမ်နှင့် ဆစ်တို့သည် ထုံးစံအတိုင်း အိပ်ရာသို့ ဝင်ကြလေ၏။ ဆစ်သည် မကြာမီပင် အိပ်ပျော်၍ သွား၏။ တွမ်မှုကား အိပ်ချင်ဟန်ဆောင်ကာ တစ်အိမ်သားလုံး အိပ်မောကျမည့် အချိန်ကို ပင်ပန်းကြီးစွာ စောင့်စား၍ နေရရှာလေ၏။ မကြာမီပင် နာရီမှ ဆယ်နာရီ ထိုးသံကို ပီပီသသကြီး ကြားလိုက်ရ၏။ တွမ်သည် ထိုအချိန်ထိ တစ်ကမ္ဘာလောက်ကြာသည်ဟု စိတ်ထဲက အောက်မေ့လိုက်လေသည်။ သူ့အဖို့ စောင့်စားနေခဲ့ရသည်မှာ စိတ်ပင်ပန်းဆင်းရဲလှပြီ ဖြစ်သည်။ ဆယ်နာရီထိုးသံ ကြားလိုက်ရသောအခါ တွမ်သည် ပို၍ စိတ်ပင်ပန်းသွားရှာ၏။ အချိန်သည် ကုန်ခဲလှ၏ ဟုကားဟု သူက ထင်မိလေသည်။ သူသည် စိတ်ညစ်ညူးစွာဖြင့် ခုတင်ပေါ်တွင် ဘယ်ပြောင်းညာပြန် လူးလိမ့်လိုက်ချင်ပါသော်လည်း ဆစ် နိုးသွားမည်စိုးသောကြောင့် အသာကလေး ငြိမ်နေလိုက်ရလေသည်။

ညသည် မှောင်နေ၏။ တိတ်ဆိတ်၍လည်း နေ၏။ အရာအားလုံးသည် ငြိမ်သက်၍ နေလေသည်။ တစ်ချက်ချက် မြည်နေသော နာရီသံနှင့် ဒေါ်ဒေါ်ပေါ်လီ၏ ဟောက်သံများကိုသာ တွမ် ကြားနေရ၏။ တချို့ချို့တွင် အိမ်ခေါင်ထုတ်တန်းများမှ ချိုးချိုးချက်ချက် မြည်သွားသော အသံများကိုလည်း တွမ် ကြားလိုက်ရပေသည်။ လှေကားဆီမှလည်း

တချွတ်ချွတ်မြည်သံများ ထွက်ပေါ်၍ နေလေသည်။ အပြင်ဘက်တွင် မကောင်းဆိုးဝါး တစ္ဆေသရဲများ ကျက်စား၍ နေကြလေပြီဟု တွမ်က ထင်မှတ်မိလေ၏။ တွမ်၏ နားထဲသို့ ညဥ့်ငှက်ကလေးများ၏ အော်မြည်သံနှင့်အတူ ဆွဲငင်၍ အူလိုက်သော ခွေးသံများကိုလည်း ကြားနေရလေသည်။ ဆွဲငင်၍ အူလိုက်သော ခွေးသံကို ကြားရသောအခါ တွမ်သည် ကျောထဲမှ စိမ့်၍ ကြက်သီးမွေးညင်းများပင် ထမိလေ၏။ စောင့်ရသည်မှာ ကြာညောင်းလာ၍ တွမ်သည် အိပ်ချင်မူးတူးပင် ဖြစ်လာတော့၏။ မျက်တောင်များ စင်းလာ၏။ ဤသို့ဖြင့် သူသည် မှေးခနဲ ဖြစ်သွားခဲ့လေရာ နာရီမှ ဆယ့်တစ်နာရီ ထိုးလိုက်သည်ကိုပင် မသိလိုက်ခဲ့တော့ချေ။ ထို့နောက် သူသည် အိပ်ပျော်တစ်ဝက် နိုးတစ်ဝက်ဖြင့် နားထဲတွင် ကြောင်အော်သံလိုလို ကြားနေမိ၏။ ၎င်း ကြောင်အော်သံနှင့် တစ်ဆက်တည်းပင် ကပ်လျက် အိမ်တစ်အိမ်မှ ပြတင်းပေါက် တံခါးဖွင့်သံကိုလည်း သူ ကြားလိုက်ရ၏။ ထို့နောက် မရှေးမနှောင်းပင် 'ဟယ်... ကြောင်ယုတ်'ဟု ဆဲဆိုလိုက်သော အသံနှင့်အတူ ဒေါ်ဒေါ်ပေါ်လီ၏ ထင်းလှောင်သော တင်းကုပ်သို့ လာရောက်ထိမှန်သော ပုလင်းခွံတစ်ခု၏ ကွဲကြေသံတို့ကိုလည်း တွမ် ကြားလိုက်ရလေသည်။ ထိုအခါမှပင် သူသည် မျက်လုံးကျယ်၍ ကောင်းစွာ နိုးလာလေတော့၏။

နောက် တစ်မိနစ် အတွင်း၌ပင် တွမ်သည် အင်္ကျီ၊ ဘောင်းဘီတို့ကို ဝတ်၍ အိပ်ခန်း ပြတင်းပေါက်မှ ကျော်ထွက်ကာ တင်းကုပ်ပေါ်မှ တစ်ဆင့် မြေကြီးပေါ်သို့ ခုန်ချလိုက်လေ၏။ သူ၏ ပါးစပ်မှလည်း ကြောင်လို တစ်ချက်နှစ်ချက် ပြန်အော်၍ အချက်ပေးလိုက်လေသည်။ ခြောက်မိနစ် တစ်နေရာတွင် ဟပ်ကယ်ဗယ်ရီဖင်းသည် သူ၏ ကြောင်သေနှင့် အတူ တွမ့်အား ဝီရိယကောင်းစွာ စောင့်မျှော်၍ နေရှာလေ၏။ ထို့နောက် သူတို့နှစ်ယောက်သည် အမှောင်ထဲတွင် ပျောက်ကွယ်၍ သွားကြ၏။ နောက် နာရီဝက်ခန့် အကြာတွင်ကား သူတို့နှစ်ယောက်

သည် မြက်ပင်ရှည်ကြီးများ ပေါက်ရောက်လျက်ရှိသော သချိုင်းမြေထဲသို့ တိုးဝှေ့၍ ဝင်သွားကြလေ၏။

သချိုင်းကြီးသည် ကြာညောင်းဟောင်းမြည့်လှပြီ ဖြစ်၏။ သချိုင်းမြေ တစ်ခွင်လုံး မြက်ပင်ရှည်ကြီးများဖြင့် ဖုံးလွှမ်းလျက် ရှိ၏။ ရွာနှင့်လည်း တစ်မိုင်ခွဲခန့် ဝေး၏။ အကာအရံ တံတိုင်းများလည်း ကျိုးပဲ့ပျက်စီးသည်က ကျိုးပဲ့ပျက်စီး၍ နေကုန်လေပြီ။ သချိုင်းမြေပုံနှင့် အုတ်ဂူ၊ သစ်သားတိုင်တို့မှာလည်း မြေကြီးထဲသို့ ကျံဝင်ကာ ပျက်စီးယိုယွင်းလျက်ရှိကြကုန်လေပြီ။ မြေပုံနေရာများတွင် ခြစားထားသော ပျဉ်ချပ်တို့ကိုသာလျှင် တွေ့ကြရ၏။ ထိုပျဉ်ချပ်များပေါ်တွင် ရေးသား မှတ်တမ်းတင်ထားသော စာတန်းအသီးသီးတို့ကိုလည်း ဖတ်ရှု၍ မရတော့ပေ။

လေသည် သစ်ပင်များ အကြားသို့ တိုးဝင် တိုက်ခတ်သွားရာ ညည်းသံများ ပေါ်ထွက်လာလေ၏။ တွမ်က ထိုအသံများသည် မကောင်းဆိုးဝါး တစ္ဆေသရဲတို့၏ အသံများ ဖြစ်လိမ့်မည်ဟု ယူဆလိုက်၏။ သူတို့နှစ်ယောက်သည် စကားကိုလည်း များများ မပြောကြချေ။ အသက်ကိုလည်း ဝအောင် မရှူဘဲ အောင့်ထားကြလေသည်။ ပတ်ဝန်းကျင်သည် သူတို့နှစ်ယောက်အား ခြောက်လှန့်၍ နေလေ၏။ မကြာမီပင် သူတို့သည် ရှာဖွေနေသော သချိုင်းမြေပုံ အသစ်တစ်ခုကို တွေ့ကြရသဖြင့် အနီးတွင် ပေါက်ရောက်နေသော သစ်ပင်ကြီး သုံးပင်စု၏ မှောင်ရိပ်ကို ခို၍ စောင့်ကြည့်နေခဲ့ကြလေ၏။

ခဏအကြာတွင် တွမ်က စတင်၍ တီးတိုးစကားကို ဆိုလိုက်သည်။

'ဟပ်ရေ၊ တို့ ဒီနေရာကို လာကြတာ သေတဲ့လူတွေက ကြိုက်မှ ကြိုက်ပါ့မလား ကွာ'

'မပြောတတ်ဘူးကွာ၊ ဒီနေရာကတော့ ကြောက်စရာကြီးကွာ၊ သိပ်တိတ်ဆိတ်တာပဲ... နော်ကွာ'

'အေးဟေ့... အစစ်ပဲ မောင်'

'ဒါထက် ဟပ်ရေ၊ တို့များ ခုလို စကားပြောနေတာကို ဟော့ ဝီလီယံကြီးများ ကြားမလား မသိဘူးနော်'

'အို... ကြားမှာပေါ့ကွာ၊ သူ မကြားတောင်မှ သူ့တစ္ဆေက ကြားမှာတော့ သေချာတယ်'

'ဘွာကွာ... ဘွာ၊ ငါ ဟော့ဝီလီယံလို့ ပြောဆိုသုံးစွဲလိုက်တာဟာ သူ့ကို စော်ကားတာ မဟုတ်ပါဘူးကွာ၊ မစ္စတာဝီလီယံလို့ ပြောလိုက်တာနဲ့ အတူတူပါပဲ။ ဒါပေမဲ့ လူတိုင်းက သူ့ကို ဟော့လို့ ခေါ်ကြတာပဲ မဟုတ်လားကွာ'

'အိုကွာ... မင်းကလည်း သေပြီးတဲ့လူကို ဘယ်လိုပဲပြောပြော ဘယ်လိုပဲ ခေါ်ခေါ်ပါကွာ၊ သိပ်ဂရုစိုက်မနေစမ်းပါနဲ့ တွမ်ရာ'

ထို့နောက် တွမ်သည် ရုတ်တရက် 'ရှူး'ဟု လေသံဖြင့် သတိပေးလိုက်ကာ ဟပ်ကယ်ဗယ်ရီ၏ လက်မောင်းကို ဆုပ်ကိုင်လိုက်လေ၏။ ဟပ်ကယ်ဗယ်ရီကလည်း 'ဘာလဲဟေ့ တွမ်'ဟု တိုးတိုးကလေး ပြန်၍ မေးလိုက်၏။ ထို့နောက် သူငယ်ချင်းနှစ်ယောက်သည် ရင်တဒိတ်ဒိတ် ခုန်ကာ တစ်ယောက်ကို တစ်ယောက် တင်းကျပ်စွာ ပွေ့ဖက်၍ ထားလိုက်ကြလေ၏။

'ဟော... ကြားရပြန်ပြီ၊ ဟပ်... မင်း ကြားလား'

'ဘာလဲကွ'

'ဟော... ဟော... မင်း ကြားပြီ မဟုတ်လား'

'ဘုရား...ဘုရား၊ သူတို့ လာနေပြီကွ တွမ်၊ သူတို့ လာနေပြီ။ တို့များ ဘယ့်နှယ် လုပ်ကြမတုံး'

'မသိဘူးကွာ၊ သူတို့ တို့ကိုများ မြင်သွားမလား ဟင်'

'သူတို့ဟာ ကြောင်လိုပဲကွ၊ မှောင်ထဲမှာ ကောင်းကောင်းကြီး မြင်နိုင်တယ်။ ခက်ပြီဟေ့ တွမ်၊ ငါ ဒီနေရာကို လာမိတာ မှားတာပဲကွာ'

'မကြောက်စမ်းပါနဲ့ကွာ၊ သူတို့ တို့ကို ဘာမှ လုပ်မှာ မဟုတ်ပါဘူး။ တို့ကမှ သူတို့ကို ဘာမှ ရန်မမူဘဲ။ တို့များ အသာကလေး ငြိမ်ငြိမ်နေလိုက်ရင်တောင် သူတို့ တို့ကို သတိပြုချင်မှ ပြုမိကြမှာ'

'ငါ ကြိုးစားပြီးတော့ ငြိမ်ငြိမ်နေပါ့မယ်ကွာ။ ဒါပေမဲ့ ငါ့ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေပြီ တွမ်ရာ'

'ဟေ့ နားထောင်စမ်း...'

ထို့နောက် နှစ်ယောက်စလုံး ခေါင်းကလေးများ ယို့ကာ နားစွင့်လိုက်ကြ၏။ သူတို့သည် အသက်မှ ပြင်းပြင်း မရှူဝံ့ကြချေ။ သင်္ချိုင်းကြီး၏ တစ်ဖက်အစွန်မှ ဗလုံးဗထွေး အသံများ ထွက်ပေါ်လာလေသည်။

'ဟပ်ကေ... ကြည့်လိုက်စမ်းဟေ့၊ ဘာလဲ မသိဘူး'

'ဟာ... မီးတွေ တဝင်းဝင်းနဲ့ စုန်းတောက်တာလား၊ တစ္ဆေသရဲတွေလား မသိဘူး။ ကြောက်ဖို့ ကောင်းလိုက်တာ တွမ်ရာ'

လူရိပ် အချို့သည် ကျားခေါင်းမီးအိမ်ကို ဆွဲကိုင်ကာ သင်္ချိုင်းမြက်ပင်ရှည်ကြီးများ အကြားမှ တိုးဝှေ့၍ လာနေ၏။ ဟပ်သည် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ကာ မေးတဒတ်ဒတ်ရိုက်လျက် တွမ့်အား တိုးတိုးကလေး ပြောလိုက်၏။

'တွမ်ရေ... တစ္ဆေသရဲတွေပဲ ဟေ့၊ သုံးကောင်တောင်မှကွာ။ တို့များတော့ ကိစ္စတုံးပါပြီ။ ဘုရားစာကလေး ဘာလေးများ ရွတ်ပါဦးကွာ'

'အေး... အေး... ရှတ်ပါမယ်ကွာ၊ သိပ်ကြောက်မနေစမ်းပါနဲ့ ဟပ်ရာ။ သူတို့ တို့ကို ဘာမှ လုပ်မှာ မဟုတ်ပါဘူး။ ကိုင်း... ကိုင်း... ငါတော့ အိပ်ပျော်ဟန် ဆောင်နေလိုက်တော့မယ်'

'ရှူး'

'ဘာလဲကွ ဟပ်ရ'

'တချွေတွေ မဟုတ်ဘူးကွ တွမ်ရ၊ လူတွေ...လူတွေ၊ သုံးယောက် အနက်က တစ်ယောက်ကတော့ လူဟုတ်တာ သေချာတယ်ကွာ။ သူ့အသံကို ငါ ကောင်းကောင်းကြီး မှတ်မိတယ်။ "မတ်ပေါတာ"ရဲ့ အသံကွ'

'ဟုတ်ပါ့မလားကွာ'

'ဟုတ်လွန်းလို့မှကွာ၊ ဟုတ်...ဟုတ်...လို့တောင် မြည်နေသေးတယ်၊ အသာနေဟေ့ တွမ်၊ မင်း ဘာမှ မစိုးရိမ်နဲ့တော့၊ မတ်ပေါတာဟာ ထုံးစံအတိုင်း အရက်မူးနေလို့ တို့များကို သတိထားမိတော့မှာ မဟုတ်ဘူး၊ ခွေးဆိုးကြီး...ဟင်း'

'ကောင်းပြီကွာ၊ ငါ မစိုးရိမ်ပါတော့ဘူး၊ ငြိမ်ငြိမ်ကလေး နေပါတော့မယ်၊ ဟော...သူတို့ကို မမြင်ရတော့ဘူးကွ၊ ဘယ်ရောက်သွားလဲ မဆိုနိုင်ဘူး၊ ဟော... ဟော... ဟိုမှာ လာနေကြပြန်ပြီ။ ဟပ်ကေ... နောက်တစ်ယောက်ရဲ့ အသံကိုလည်း ငါသိတယ်၊ "အင်းဂျန်းဂျိုး"ရဲ့ အသံကွ'

'အေး...ဟုတ်မှာပဲ၊ ခွေးမသားကြီးတွေ ဒီကို ဘာလာလုပ်ကြသလဲ မဆိုနိုင်ဘူး'

ထို့နောက် သူတို့နှစ်ယောက်သည် နှုတ်ဆိတ်၍ သွားကြလေ၏။ ထိုအချိန်တွင် ကျားခေါင်းမီးအိမ်ကို ဆွဲကိုင်၍ လာကြသော လူသုံးယောက်သည် တွမ်တို့ စောင့်ကြည့်နေသော သချိုင်းမြေပုံဆီသို့ ရောက်

လာခဲ့ကြပြီ ဖြစ်သည်။ တွမ်တို့သည် နားရွက်မှ မခတ်ဘဲ ဆိတ်ငြိမ်စွာ ချောင်းမြောင်း ပုန်းကွယ်၍ ကြည့်ရှုနေကြလေ၏။

'ဒီမှာဟေ့...'ဟု တတိယမြောက်လူက ပြောဆိုလိုက်ပြီးသော် လက်ထဲမှ မီးအိမ်ကို မြှောက်၍ ပြလိုက်၏။ ထိုအခါ ထိုလူသည် "ဒေါက်တာ ရော်ဘင်ဆင်' ဖြစ်ကြောင်း သိရှိလိုက်ကြရလေသည်။

ပေါတာနှင့် ဂျိုးတို့သည် တူးရွင်းတစ်ချောင်း၊ ကြိုးခွေတစ်ခုနှင့် ဂေါ်ပြားနှစ်လက်တို့ကို သယ်ယူလာကြ၏။ ထို့နောက် သူတို့သည် သင်္ချိုင်းမြေပုံကို စတင်၍ တူးဆွ ဖော်ထုတ်ကြလေ၏။ ဒေါက်တာ ရော်ဘင်ဆင်မှုကား သင်္ချိုင်းမြေပုံ၏ ထိပ်တွင် လက်ဆွဲမီးအိမ်ကို တင်ထားခဲ့ကာ တွမ်တို့ ပုန်းကွယ်စောင့်ကြည့်နေသော သစ်ပင်ကြီး တစ်ပင်ကို ကျောမှီ၍ ထိုင်ကြည့်နေလေသည်။ သူ့အား တွမ်တို့သည် လက်ဖြင့် လှမ်းပုတ်၍ပင် ရ၏။

'ကိုယ့်လူတို့ မြန်မြန်ကလေး လုပ်ကြဟေ့။ လ ထွက်ခါနီးပြီ'ဟု ဒေါက်တာ ရော်ဘင်ဆင်က လှမ်း၍ ပြောလိုက်သည်။

ပေါက်တူးပေါက်နေကြသော ပေါတာနှင့် ဂျိုး နှစ်ယောက်စလုံးတို့သည် ပါးစပ်မှ ဗျစ်တောက် ဗျစ်တောက် မြည်ကာ သင်္ချိုင်းမြေပုံကို ဆက်လက်၍ တူးဆွနေကြလေသည်။ သင်္ချိုင်းတစ်ခုလုံးသည် တူးဆွနေသော အသံများမှတစ်ပါး တိတ်ဆိတ်၍ နေသည်။ မကြာမီပင် မြေအောက်တွင် မြှုပ်ထားသော သစ်သားခေါင်းကြီးလည်း ပေါ်လာတော့၏။ ပေါတာနှင့် ဂျိုးတို့သည် ထိုခေါင်းကြီးကို မြေပေါ်သို့ မတင်လိုက်ပြီးလျှင် ခေါင်းဖုံးကို တူးရွင်း၊ ဂေါ်ပြားများဖြင့် ကန့်လန့်၍ ဖွင့်လိုက်ကြ၏။ ထို့နောက် ခေါင်းထဲမှ လူသေကောင်ကြီးကို ဆွဲထုတ်၍ မြေကြီးပေါ်သို့ ဗုန်းခနဲ မြည်သွားအောင် ပစ်ချလိုက်ကြသည်။ လက်တွန်းလှည်း ကလေး တစ်စီးလည်း သူတို့၏ အနီးတွင် အဆင်သင့်

ရှိနေလေသည်။ ပေါ်တာနှင့် ဂျိုးတို့လည်း လူသေကောင်ကြီးကို လက်တွန်းလှည်းကလေး ပေါ်သို့ မ တင်လိုက်ပြီးလျှင် အပေါ်မှ စောင်ဖြင့် ဖုံးအုပ်၍ ကြိုးတစ်ချောင်းဖြင့် ချည်နှောင်ရစ်ပတ်လိုက်ကြလေ၏။ အားလုံး ပြီးစီးသွားသောအခါ ပေါ်တာသည် သူ၏ ခါးကြားထဲမှ ဓားမြှောင်တစ်ချောင်းကို ဆွဲထုတ်လိုက်ကာ တန်းလန်းကျနေသော ကြိုးစများကို ဖြတ်တောက် ပစ်လိုက်ပြီးလျှင် ဒေါက်တာ ရော်ဘင်ဆင်အား အောက်ပါအတိုင်း လှမ်း၍ ပြောဆိုလိုက်လေ၏။

'ကိုင်း... ကိစ္စအားလုံးတော့ ပြီးပြီ။ ယူသွားရုံပဲ ကျန်တော့တယ်လေ။ ဒါပေမဲ့ ခင်ဗျား နောက်ထပ် ငွေငါးကျပ် မပေးရင်တော့ ဒီဟာကြီးကို ဒီအတိုင်း ဒီမှာပဲ ထားပစ်ခဲ့ရလိမ့်မယ် ဗျို့'

ထိုအခါ ဒေါက်တာရော်ဘင်ဆင်က 'ဘာပြောတယ်၊ ခင်ဗျားတို့ ငွေကို တင်ကြိုလိုချင်တယ် ဆိုလို့ ကျုပ် အစောကြီးကတည်းက တင်ကြိုပြီး ထုတ်ပေးထားပြီးပါပကော။ မပေးနိုင်ဘူး၊ မပေးနိုင်ဘူး၊ တစ်ပြားမှ မပေးနိုင်ဘူး'ဟု ပြန်ပြောလိုက်လေသည်။

ထိုအခါ ဂျိုးက ဒေါက်တာရော်ဘင်ဆင်၏ အနီးသို့ ကပ်လာကာ 'ဒါတင် ကရိုးလားဗျာ၊ ခင်ဗျား မှတ်မိသေးရဲ့လား၊ လွန်ခဲ့တဲ့ ငါးနှစ်လောက်တုန်းက အဖြစ်လေ။ ကျုပ် စားရမဲ့ သောက်ရမဲ့ ဖြစ်နေလို့ ခင်ဗျားတို့ အိမ်နောက်ဖေးက မီးဖိုထဲ ဝင်ပြီးတော့ စားစရာ လာတောင်းတုန်းကလေ။ အဲဒီတုန်းက ခင်ဗျား ကျုပ်ကို မောင်းနှင်ထုတ်ပြီးတော့ ဘာမှ အသုံးမကျတဲ့ကောင် ဆိုပြီး ဆဲဆိုလွှတ်တယ် မဟုတ်လား၊ မှတ်မိသေးရဲ့လား။ အဲဒီတော့ ကျုပ်က ခင်ဗျားကို "မင်းတော့ ငါ့အကြောင်း ကောင်းကောင်းကြီး သိစေမယ်"လို့ ကြိမ်းမောင်းမိခဲ့တယ်။ ဒါကို အကြောင်းပြုပြီးတော့ ခင်ဗျားအဖေကြီးက ကျုပ်ကို ကလေကချေ တစ်ယောက် ဆိုပြီး ဖမ်းချုပ်၊ ထောင်ချပစ်ခဲ့တယ်လေ။ မှတ်မိ

သေးရဲ့လား။ ကျုပ်တော့ ကောင်းကောင်းကြီး မှတ်မိတယ်။ ကမ္ဘာကြေပမဲ့ ဥဒါန်းမကျေဘူး ဆိုတာလည်း မြဲမြဲမှတ်လိုက်ပါ။ ကိုင်း... အခု ကိစ္စကို ကျုပ် ခင်ဗျားနဲ့ ဖြေရှင်းရတော့မယ်။ အသင့်သာ ပြင်ပေတော့'ဟု ဝင်ရောက် ခြိမ်းခြောက်လိုက်လေ၏။

ဒေါက်တာ ရော်ဘင်ဆင်လည်း ရုတ်တရက်သော် အံ့အားကြီးသင့်၍ နေလေ၏။ ထိုနောက်မှ သူ့မျက်နှာနားသို့ ဝဲလာသော ဂျိုး၏လက်သီးဆုပ်ကြီးကို ဖယ်ရှားပစ်လိုက်ပြီးလျှင် ဂျိုးအား လျှင်မြန်စွာထိုးကြိတ်လိုက်ရာ ဂျိုးလည်း မြေကြီးပေါ်သို့ ပုံလျက်သား လဲကျ၍သွားလေတော့သည်။

ထိုအခါ မတ်ပေါတာသည် လက်ထဲမှ ဓားမြှောင်ကို လွှတ်ချလိုက်ပြီးလျှင် 'ကျုပ် သူငယ်ချင်းကို မထိနဲ့၊ မီးပွင့်သွားမယ်' ဟု ကြိမ်းမောင်းကာ ဒေါက်တာရော်ဘင်ဆင်အား ဝင်ရောက် ပူးသတ်တော့လေ၏။ ဒေါက်တာ ရော်ဘင်ဆင်လည်း မတ်ပေါတာအား ခုခံ သတ်ပုတ်ရတော့၏။ နှစ်ယောက်စလုံးသည် မြေကြီးပေါ်၌ လိမ့်၍ နေကြလေ၏။ ထိုအခါ ဂျိုးသည် မတ်ပေါတာ လွှတ်ချလိုက်သော ဓားမြှောင်ကို ကောက်ကိုင်ကာ ဒေါက်တာ ရော်ဘင်ဆင်အား ကလဲ့စားချေရန် အခွင့်ကောင်းကို ချောင်းမြောင်း၍ နေလေ၏။ နောက်တစ်ခဏ၌ ဒေါက်တာရော်ဘင်ဆင်လည်း သူ့ထံသို့ ပြေးဝင်လာသော ပေါတာကို ခေါင်းဖုံးပျဉ်ပြားကြီးဖြင့် ကိုင်၍ ရိုက်ချလိုက်ရာ ပေါတာလည်း တစ်ချက်တည်းဖြင့် ပက်လက်လန်၍ လဲကျသွားလေ၏။ သို့သော် နောက်တစ်ခဏ၌ ဂျိုးသည် ဒေါက်တာရော်ဘင်ဆင်၏ ရင်ဝကို ဓားမြှောင်ဖြင့် အဆုံးထိစိုက်ချလိုက်လေရာ၊ ဒေါက်တာ ရော်ဘင်ဆင်သည် တစ်ခွန်းမျှ မအော်နိုင်ဘဲ လဲနေသော မတ်ပေါတာ၏ အပေါ်သို့ ထပ်လျက်သား လဲ၍ကျသွားတော့လေ၏။ သူ၏ကိုယ်မှ သွေးများသည် မတ်ပေါတာအား

စွန်းထင်း ပေကျံကုန်လေ၏။ ထိုအချိန်တွင်ပင် တိမ်တိုက်ကြားမှ မပြု တပြုရှိသော လမင်းကြီးကို တိမ်တိုက်များက တစ်ဖန် ဖုံးလွှမ်းသွား ပြန်ရာ သချိုင်းတစ်ခုလုံး မှောင်ကြီးကျ၍ သွားခဲ့ပြန်လေ၏။ တွမ်နှင့် ဟပ်လည်း ထိုနေရာမှ ဖနောင့်နှင့်တင်ပါး တသားတည်း ကျနေအောင် ဒုန်းချ၍ ပြေးထွက်ခဲ့ကြလေ၏။

နောက် တစ်ခဏ၌ ဂျိုးသည် သေဆုံးသူ ဒေါက်တာ ရော်ဘင်ဆင် အား တစ်ကိုယ်လုံးကို မွှေနှောက်ရှာဖွေပြီးလျှင် ယူကောင်းစရာ မှန်သမျှ တို့ကို လုယူလေ၏။ ထို့နောက် သူ့လက်ထဲမှ ဓားမြှောင်ကို လဲကျနေ သော မတ်ပေါတာ၏ လက်ထဲသို့ ပြောင်းလဲ၍ ထည့်ထားလိုက်၏။ မကြာမီပင် မတ်ပေါတာလည်း သတိပြန်လည်လာပြီးလျှင် လဲနေရာမှ ထ လာ၏။ သူသည် အိပ်မက်မက်နေသူအလား ယောင်တိယောင်ကန်း ဖြစ်နေရှာ၏။ သူ့လက်ထဲမှ သွေးတစက်စက် ကျနေသော ဓားမြှောင် ကို ကြည့်လိုက်၊ အသတ်ခံရသူ ဒေါက်တာရော်ဘင်ဆင်အား ကြည့် လိုက်နှင့် အကြောက်ကြီးကြောက်ကာ အလန့်ကြီး လန့်နေ၏။ အရက် မူးလည်း ပြေသွားပြီ ဖြစ်၏။ ထိုအချိန် တစ်ချိန်လုံး လူသတ်သမား ဂျိုးကား မည်သည့် စကားတစ်ခွန်းမျှ မပြောဘဲ သွေးရူးသွေးတန်း ဖြစ်နေရှာသော ပေါ်တာကိုသာ ငေးစိုက်၍ ကြည့်နေလေသည်။ မတ် ပေါ်တာသည် တစ်ကိုယ်လုံး တုန်လှုပ်ချောက်ချားလာပြီးလျှင် သူ့လက် ထဲမှ ဓားမြှောင်လည်း လွတ်ကျ၍ သွားလေ၏။

'ဘယ်လိုဖြစ်တာလဲ ဂျိုးရာ၊ ငါ့ကို ပြောစမ်းပါဦးကွာ'

'ဘယ်လို ဖြစ်ရမလဲကွာ၊ လူသတ်ပွဲဟာ လူသတ်ပွဲပေါ့။ မင်း သူ့ကို ဘာကြောင့် သတ်တယ်ဆိုတာ ငါ့ကို ပြောစမ်းပါဦး'

'သူ့ကို ငါသတ်တယ်၊ အမယ်လေး… မသတ်ရပေါင်ကွာ'

'ဟေ့… ဟေ့ မတ်ပေါတာ၊ ဒီလိုပြောရုံနဲ့ ယုံရရောလားကွ'

ထိုအခါ မတ်ပေါတာသည် သွေးဆုတ်၍သွားလေ၏။

'အေးကွာ... ငါတော့ ဘာမှ မမှတ်မိတော့ဘူး။ ဘာမှလည်း ပြန်တွေးလို့ မပေါ်တော့ဘူး။ ငါ အရက်မူးမိတာ မဟာအမှားတော်ကြီး ပါပဲကွာ။ ငါသာ အရက်မမူးရင် ဘာမှ ဖြစ်မှာ မဟုတ်ဘူး။ သတိလည်း မေ့မှာ မဟုတ်ဘူး။ ခုတော့...ခုတော့ ငါ အရက်မူးလို့ ဒီလို ဖြစ်ရတာပဲကွာ။ ပြောပြစမ်းပါ ဂျိုးရာ၊ ငါ့ကို ဟုတ်တိုင်းမှန်ရာ ပြောပြစမ်းပါ။ သူ့ကို တကယ်ပဲ ငါ သတ်ပစ်လိုက်မိသလားကွာ။ သူ့ကို ငါ သတ်ဖို့ ဘယ်တုန်းကမှ မရည်ရွယ်ခဲ့ပါဘူးကွာ။ ယုံပါ၊ ငါ ကျိန်တွယ်ပြီး ပြောပါတယ်၊ ယုံပါ။ ဒီလို အညွန့်တလူလူနဲ့နေတဲ့ ဆရာဝန်ကလေးကို ငါ အညွန့်တောင် မချိုးရက်ပါဘူးကွာ ဂျိုးရာ'

'ဖြစ်ပုံက ဒီလို သူငယ်ချင်းရာ။ မင်းနဲ့သူနဲ့ နှစ်ယောက်သား တွေးလုံးရစ်ပတ်နဲ့ သတ်ပုတ်ကြတယ်လေ။ နောက် သူက မင်းကို ခေါင်းဖုံး ပျဉ်ပြားကြီးနဲ့ ရိုက်ချလိုက်လို့ မင်းလည်း မြေကြီးပေါ်ကို လဲကျသွားတယ်။ ဒါပေမဲ့ မကြာခင်ပဲ ဒယိမ်းဒယိုင်နဲ့ မင်း ပြန်ထ လာပြီးတော့ သူက မင်းကို နောက်တစ်ချီ ရိုက်မယ် အလုပ်မှာ သူ့ကို ဓားမြှောင်နဲ့ စိုက်ချလိုက်တာပါပဲကွာ။ အဲဒီနောက် မင်းလည်း တစ်ခါ တည်း လဲခွေပြီး ကျသွားလိုက်တာဟာ ခုထိအောင်ပဲ ဆိုပါတော့'

'ဟုတ်လား သူငယ်ချင်းရာ၊ ငါတော့ ငါ့ကိုငါ ဘာလုပ်မိမှန်း မသိတော့ပါဘူးကွာ။ ငါ သေသာ သေလိုက်ပါတော့။ အရက် ဟော့... အရက် ဂြိုဟ်မွှေတာပဲ။ ငါ ဝီစကီတွေ သောက်ခဲ့လို့ ခုလို ဖြစ်ရတာပဲ။ ငါ့ တစ်သက်မှာ ခိုက်ရန် ဖြစ်ခဲ့ဖူးတဲ့ အကြိမ်ပေါင်း မရေတွက် နိုင်တော့ပါဘူးကွာ။ ဒါပေမဲ့ ငါ့ တစ်သက်မှာ ခုလို တစ်ခါမှ လက်နက်ကို အသုံးမပြုခဲ့ဖူးပါဘူးကွာ။ လက်နက်အားကိုးနဲ့ တစ်ခါမှ ငါ ရန်မဖြစ်ခဲ့ဖူးပါဘူး။ ငါ့အကြောင်းကို လူတိုင်းပဲ သိပါတယ်ကွာ။

ဘာပဲဖြစ်ဖြစ်ကွာ၊ မင်း ဒီအကြောင်းကို ဘယ်သူ့မှ ပြန်မပြောဘူး... ဟုတ်လားဟင်။ ဂျိုး၊ ရှိခိုးပါရဲ့ကွာ... မပြောလိုက်ပါနဲ့။ မင်း ကိစ္စတုန်းကလည်း ငါ မင်းကို ကာကွယ်ခဲ့တယ် မဟုတ်လားကွာ။ မင်း မမှတ်မိတော့ဘူးလား။ မင်းကို ငါ အင်မတန် ချစ်ပါတယ်ကွာ။ ဒီအကြောင်းကို မင်း ဘယ်သူ့မှ ပြန်မပြောပါနဲ့ကွာ၊ နော်... နော် ဂျိုး'

ထို့နောက် သနားစရာမျော မတ်ပေါတာလည်း မြေကြီးပေါ်တွင် ဒူးထောက်၍ လူသတ်သမား ဂျိုးကို ခြေဖက်၍ တောင်းပန်လေ၏။

ဂျိုးလည်း ပေါတာ စိတ်ကျေနပ်လောက်အောင် ဤကိစ္စနှင့် စပ်လျဉ်း၍ ပေါတာအား ကူညီကာကွယ်မည့် အကြောင်းကို ပြန်လည် ပြောဆိုလိုက်၏။ ထိုသို့ ကြားသောအခါ မတ်ပေါတာမျော ဝမ်းသာ ရှာလွန်း၍ ကျူကျူပါအောင် ငိုကြွေးရှာလေသည်။ သူသည် လူသတ် သမား ဂျိုးအား နတ်သိကြားတမျှ ကြည်ညို လေးစားမိခဲ့တော့လေ သည်။

ထို့နောက် မတ်ပေါတာသည် မြေကြီးပေါ်သို့ ကျနေသော သူ့ ဓားမြှောင်ကို ကောက်ယူရန်ပင် သတိမရတော့ဘဲ ထိုနေရာမှ လျင်မြန်စွာ ပြေးထွက်ပျောက်ကွယ်၍ သွားလေ၏။ နောက် တစ်ခဏတွင် လူသတ် သမား ဂျိုးလည်း အခြားတစ်လမ်းသို့ ပြေးဝင်ကာ ထိုနေရာမှ ပျောက် ကွယ်သွားလေ၏။

သချိုင်းကြီး တစ်ခုလုံး အသေကောင်များနှင့် အတူ တိတ်ဆိတ်၍ ကျန်ရစ်ခဲ့ပြန်လေ၏။

## အခန်း၊ (၈)

တွမ်နှင့် ဟပ်ကယ်ဗယ်ရီတို့သည် တစ်လမ်းလုံး ကြောက်အားလန့်အားနှင့် ပြေးလွှားလာခဲ့ကြပြီးနောက် ရွာသို့ ပြန်ရောက်ကြသောအခါ ထိုလူသတ်ပွဲ အကြောင်းကို မည်သူ့အားမျှ မပြောမိစေရန် နှစ်ယောက်စလုံး အပြန်အလှန် ကတိသစ္စာ ပြုလုပ်ကြလေသည်။ ဒေါက်တာ ရော်ဘင်ဆင်အား ဂျိုးက ဓားမြှောင်ဖြင့် ထိုး၍ သတ်လိုက်သည်ကို သူတို့နှစ်ယောက်စလုံး အသေအချာ မြင်ခဲ့ကြ၏။ သို့သော် ထိုအကြောင်းကို မည်သူ့အားမျှ မပြောပြကြရန် စိတ်ပိုင်းဖြတ်ကြပြီးနောက် နှစ်ယောက်စလုံး သွေးဖောက်၍ ကတိသစ္စာ ပြုလုပ်ခဲ့ကြလေသည်။ အဘယ်ကြောင့်ဆိုသော် အကယ်၍ သူတို့သာ ဖော်ကောင်လုပ်လိုက်မည် ဆိုက ဂျိုးအား အမှန်ပင်ဖမ်းဆီး၍ တရားစီရင်ကြမည် ဖြစ်သည်။ သို့သော် ဂျိုးသည် တစ်နည်းမဟုတ် တစ်နည်းဖြင့် အကယ်၍ ထွက်ပြေးလွတ်မြောက်သွားသည် ဆိုပါက ဖော်ကောင်လုပ်သော သူတို့နှစ်ယောက်အား ကလဲ့စားချေကာ လာရောက်သတ်ဖြတ်မည်ကို သူတို့များစွာ စိုးရိမ်ကြောက်လန့်ကြပေသည်။ ထို့ကြောင့် ထိုအကြောင်းကို မည်သူ့အားမျှ မပြောပြရန် သူတို့နှစ်ယောက် အပြန်အလှန် ကတိသစ္စာ ပြုလုပ်ခဲ့ကြခြင်း ဖြစ်ပေသည်။

တွမ်သည် အိမ်သို့ရောက်၍ ပြတင်းပေါက်မှ ကျော်တက်ကာ အိပ်ခန်းထဲသို့ လှမ်းဝင်လိုက်သောအခါ မိုးလင်းလုနီးနီးပင် ရှိခဲ့လေပြီ။ သူသည် အဝတ်အစားများကို သတိကြီးစွာထား၍ လဲလှယ်ပြီးလျှင် အိပ်ရာပေါ်သို့ လှဲချလိုက်လေ၏။ သူ အပြင်သို့ ထွက်သွားနေသည့် အကြောင်းကို မည်သူမျှ မသိသည့်အတွက် တွမ်သည် ယခုမှပင် သက်မကို ချနိုင်တော့၏။ ထို့နောက် စိတ်ချလက်ချဖြင့် မကြာမီပင် အိပ်ပျော်၍ သွားလေ၏။ သို့သော် ဆစ်ကား အိပ်ရာမှ နိုးနေခဲ့သည်မှာ တစ်နာရီခန့် ရှိသွားပေပြီ။ သူသည် တွမ် ပြတင်းပေါက်မှ ကျော်ဝင်လာသောအခါ အသာကလေး ငြိမ်ကာ ပုနေခဲ့၏။ တွမ် အဝတ်အစား များ လဲနေစဉ်၌ သူသည် အိပ်ပျော်ချင်ဟန် ပြုကာ ညင်သာစွာ ဟောက်၍ နေလိုက်လေသည်။

တွမ်သည် အိပ်ရာမှ နိုးလာသောအခါ ဆစ်အား အခန်းထဲတွင် မတွေ့ရတော့ချေ။ နေသည် အတော်မြင့်လျက် ရှိချေပြီ။ ထို့ကြောင့် တွမ်သည် ထိတ်လန့်တုန်လှုပ်စွာဖြင့် အိပ်ရာမှ ထ လိုက်၏။ ခါတိုင်း ဆိုလျှင် သူ အိပ်ရာထ နောက်ကျသောအခါ နံနက်စာ စားရန်အတွက် သူ့အား လာရောက် နှိုးယူကြ၏။ ယနေ့မူကား သူ့အား မည်သူမျှ လာရောက် မနှိုးကြချေ။ နံနက်စာ စားရန်အတွက် မည်သူကမျှလည်း သူ့အား လာရောက်၍ မခေါ်ကြချေ။ ထို့ကြောင့် နောက်ငါးမိနစ်အတွင်း မျက်နှာသစ်၊ အဝတ်အစားများ လဲကာ သူသည် အောက်ထပ်သို့ ဆင်းလာခဲ့ပေသည်။ အိမ်သူအိမ်သားများသည် စားပွဲမှ မထကြသေး ပေ။ သို့သော် အားလုံးကား နံနက်စာကို စားသောက်၍ ပြီးစီးကြလေပြီ။ စားပွဲသို့ သူရောက်သွားသောအခါ မည်သူကမျှ သူ့အား စကားမပြော ကြချေ။ ဒေါ်ဒေါ်ပေါ်လီပင်လျှင် သူ့အား ကြိမ်းမောင်းမြည်တမ်းခြင်း မပြုချေ။ အားလုံးသည် သူ့အား မကြည့်ဘဲ မျက်နှာလွှဲထားကြလေ

သည်။ နံနက်စာ စားသောက်ပွဲသည် အခါတိုင်းနှင့် မတူဘဲ တစ်မူခြား ကာ အတိတ်ဆိတ်ကြီး တိတ်ဆိတ်၍ နေသောကြောင့် အပြစ်မကင်း သော တွမ့်မျောမှာ ကျောထဲကပင် စိမ့်၍ လာလေ၏။ သူသည် စားပွဲတွင် ဝင်ထိုင်လိုက်ပြီးလျှင် အခါတိုင်းကဲ့သို့ပင် မျက်နှာနှင့် ကိုယ် ဟန်အမူအရာတို့ကို ရွှင်ရွှင်ကြီး ပြုပြင်ထား၏။ သို့သော် အချည်းနှီး ပင်။ သူ့အား မည်သူကမျှ ပြန်၍ ပြုံးဖော်ပင် မရကြ။ ဆိတ်ဆိတ် နေမြဲသာ နေကြ၏။ ထို့ကြောင့် သူသည် စိတ်လေးလံစွာဖြင့်ပင် နံနက်စာကို တိတ်ဆိတ်ငြိမ်သက်စွာ စားသောက်နေလိုက်ရလေသည်။

နံနက်စာ စားသောက်၍ ပြီးသွားသောအခါ သူ့အား ဒေါ်ဒေါ် ပေါ်လီက နံဘေးသို့ ခေါ်ယူလိုက်၏။ ထိုအခါ တွမ်သည် အတွယ်ခံရ တော့မည်ဟု မှတ်ထင်ကာ အကြီးအကျယ် ထိတ်လန့်၍ သွားလေ၏။ သို့သော် သူ၏ အထင်နှင့် အမြင်သည် တက်တက်စင်အောင် လွဲမှား၍ နေလေ၏။ ဒေါ်ဒေါ်ပေါ်လီသည် သူ့အား နံဘေးသို့ ခေါ်ယူပြီးနောက် ကျူကျူပါအောင် ငိုကြွေးရှာလေသည်။ ပါးစပ်မှလည်း "မင်း ငါ့အပေါ် မှာ ဆိုးရက်လေခြင်း၊ ငါ့အသည်းကို ခွဲရက်လေခြင်း"ဟု တတွတ်တွတ် မြည်တမ်းရေရွတ်၍ နေလေသည်။ နောက်ဆုံးတွင် မည်သို့မည်ပုံမှ ပြောဆိုဆုံးမ၍ မရသည့် အတူတူ "ဆိုးချင်တိုင်း ဆိုးတော့၊ တေချင် တိုင်း တေတော့၊ ငါလည်း မြန်မြန်သေမှ အေးတော့မည်"ဟုလည်း တွမ့်အား ညည်းတွား၍ ပြောလေသည်။ ထိုသို့ ကြားရသောအခါ တွမ်သည် ကြိမ်နှင့် အဆော်ခံရသည်ထက် နာကျင်မိတော့လေ၏။ ထို့ကြောင့် သူသည် ငိုယိုပြီးလျှင် ဒေါ်ဒေါ်ပေါ်လီအား သူ့မိုက်ပြစ် အတွက် ခွင့်လွှတ်ပါရန် အမျိုးမျိုး တောင်းပန်လေသည်။ "နောက် နောင်ကိုလည်း မဆိုးတော့ပါ၊ မတေတော့ပါ၊ မမိုက်တော့ပါ"ဟု သူက ကတိပေးလေသည်။ ထို့ကြောင့် မကြာမီပင် ဒေါ်ဒေါ်ပေါ်လီသည် သူ့အား သွားခွင့်ပြုလိုက်တော့၏။

တွမ်သည် ဒေါ်ဒေါ်ပေါ်လီ၏ အပါးမှ ထွက်ခွာလာသောအခါ စိတ်ထဲတွင် အကြီးအကျယ် ဆွေးမြည့်ကာ နောင်တရနေလေသည်။ ကျောင်းသို့ သွားသောအခါတွင်လည်း တစ်လမ်းလုံး ဝမ်းနည်း စိတ်မကောင်းခြင်း ဖြစ်ကာ ခြေမသွက်ဘဲ ရှိနေလေသည်။ ထိုအထဲ ကျောင်းသို့ ရောက်သောအခါတွင် သူသည် တစ်နေ့က ဂျိုးဟားပါးနှင့်အတူ ကျောင်းပြေးမိသည့်အတွက် အရိုက်ခံရသေး၏။ ထို့နောက် သူသည် သူ၏ ထိုင်ခုံသို့ သွားကာ လက်ပေါ်တွင် မေးထောက်၍ ငေးနေ၏။ ထိုစဉ်တွင်ပင် သူ၏ တံတောင်ဆစ်တစ်ဖက်သည် မာကျောသော အရာဝတ္ထုတစ်ခုကို သွားကြိတ်မိ၏။ သို့သော် အချိန်အတော်လေး ကြာသွားသော အခါမှပင် သူသည် ထိုမာကျောသော အရာဝတ္ထုကို စိတ်မပါ့တပါဖြင့် ကောက်ယူ ကြည့်ရှုလိုက်လေသည်။ ယင်းအရာဝတ္ထုကလေးမှာ စက္ကူဖြင့် ထုပ်ထားသောကြောင့် တွမ်သည် စက္ကူထုပ်ကို ခွာ၍ ကြည့်ရှုလိုက်ပြီးလျှင် ကြီးမားသော သက်ပြင်းရှည် တစ်ချက်ကို လေးကန်စွာ မှုတ်ထုတ်လိုက်လေ၏။ အကြောင်းကား ၎င်းမှာ ဗက်ကီသို့ စေတနာ ရက်ရောစွာဖြင့် သူ ပေးပစ်ခဲ့သော ကြေးဖုကလေး ဖြစ်နေသောကြောင့်တည်း။

ဤနောက်ဆုံးတွင် တွမ်၏ အသည်းလည်း ကွဲကြေရလေ၏။

## အခန်း (၉)

ထိုနေ့ မွန်းတည့်ချိန်လောက်တွင် ကြောက်မက်ဖွယ်ကောင်းလှသော သချိုင်းကုန်းမှ လူသတ်မှု သတင်းဆိုးကြီးသည် တစ်ရွာလုံးသို့ ပျံ့နှံ့၍ သွားလေ၏။ သတင်းဆိုးကြီးသည် တစ်ဆင့်စကား တစ်ဆင့်ကြားဖြင့် တစ်ရွာလုံးသို့ ကူးစက် ပျံ့နှံ့သွားခြင်း ဖြစ်သည်။ ထိုနေ့ ညနေပိုင်း စာသင်ချိန်အတွက် ရွာမှ ကျောင်းအုပ်ဆရာကြီးလည်း ကျောင်းကို ပိတ်ပေးလိုက်ရလေ၏။ အကယ်၍ ကျောင်းသာ ပိတ်မပေးဟု ဆိုလျှင်လည်း သူ့အား တစ်ရွာလုံးရှိ လူများက အရူးဟု တွေးတောထင်မှတ်ကြပေလိမ့်မည်။

တစ်ဆင့်စကား တစ်ဆင့်ကြားအားဖြင့် ဖြစ်ပေါ်လာသော ဇာတ်လမ်းကလေးမှာလည်း များစွာ စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။ အသတ်ခံရသူ ဒေါက်တာရော်ဘင်ဆင်၏ အနီး၌ သွေးများဖြင့် ပေကျံနေသော ဓားမြှောင်တစ်ချောင်းကို တွေ့ရသည် ဆို၏။ ထိုဓားမြှောင်မှာ မတ်ပေါတာ၏ ဓားမြှောင်ဖြစ်ကြောင်း လူတစ်ယောက်က ကောင်းစွာ မှတ်မိသည် ဆို၏။ ထို့နောက် မတ်ပေါတာအား သန်းခေါင်ကျော် တစ်ချက် နှစ်ချက် အချိန်လောက်တွင် စမ်းချောင်းငယ်လေး တစ်ခု၌ ကိုယ်လက် ဆေးကြောသုတ်သင်နေသည်ကို တစ်စုံတစ်ယောက်

သော သူက တွေ့မြင်ရသည် ဆို၏။ ထို့နောက် မတ်ပေါတာသည် ထိုနေရာမှ ချက်ချင်းပင် ပျောက်ကွယ်၍ သွားသည် ဆို၏။ ဤအချက်များသည် မတ်ပေါတာအား မသင်္ကာစရာ ကောင်းသော အချက်များ ဖြစ်သည် ဆို၏။ သူ့အပေါ်တွင် အထူး မသင်္ကာစရာကောင်းသော အချက်တစ်ချက်မှာ စမ်းချောင်းငယ်ကလေးတွင် ကိုယ်လက် ဆေးကြော သုတ်သင်သည့် အချက်ပင် ဖြစ်သည် ဆို၏။ အကြောင်းကား မတ်ပေါတာသည် မည်သည့်အခါကမျှ ကိုယ်လက် ဆေးကြောသုတ်သင်လေ့ မရှိသောကြောင့် ဖြစ်သည်ဟု ဆိုလေသည်။ ထို့နောက် ရွာမှ လူအများသည် လူသတ်သမားကြီး မတ်ပေါတာအား အပူတပြင်း လိုက်လံရှာဖွေလျက် ရှိသည်ဟု ဆိုလေသည်။ [လူထုသည် သက်သေသာဓက အခိုင်အလုံ မရှိသေးဘဲနှင့် ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ရန် မည်သည့်အခါကမျှ ဦးမလေးခဲ့ကြချေ။] သို့သော် လူသတ်သမား မတ်ပေါတာအား အဘယ်မှာမှ ရှာဖွေ၍ မတွေ့ကြသေးချေ။ မြင်းစီးလုလင်များလည်း အရပ်ရှစ်မျက်နှာသို့ အုပ်စုများခွဲ၍ လူသတ်သမားကို အပူတပြင်း လိုက်လံရှာဖွေလျက် ရှိသည်ဟု ဆိုလေသည်။ သူကြီးကား လူသတ်သမားကို ထိုနေ့ည မတိုင်မီ ဖမ်းဆီးရမိလိမ့်မည်ဟု ယုံကြည်စိတ်ချ၍ နေလေသည်။

တစ်ရွာလုံးတွင် ရှိသော လူများသည် သင်္ချိုင်းဆီသို့သာ စုရုံးသွားရောက်လျက် ရှိနေကြလေသည်။ တွမ်တစ်ယောက်လည်း အသည်းကွဲသည့် ဝေဒနာ ပျောက်ကင်း၍ သွားတော့ကာ လူစုလူဝေးများနှင့် အတူ သင်္ချိုင်းဆီသို့ လိုက်ပါ၍ သွားလေ၏။ သူသည် စိတ်၏ ဆွဲဆောင်မှုကြောင့် ထိုနေရာသို့ လိုက်ပါသွားခဲ့ခြင်း ဖြစ်သည်။ လူသတ်မှု ဖြစ်သည့် နေရာသို့ ရောက်သွားသောအခါ သူသည် ဝိုင်းအုံနေသော လူအုပ်ကြီး အကြားမှ တိုးဝှေ့၍ ကြည့်ရှုလိုက်ရာ သွေးပျက်ဖွယ်ကောင်း

သော ရှုခင်းတစ်ရပ်ကို တွေ့မြင်လိုက်ရတော့လေ၏။ ထိုအကြားတွင် သူ၏ လက်မောင်းကို တစ်စုံတစ်ယောက်က လာ၍ ထိကိုင်လိုက်၏။ ထို့ကြောင့် လှည့်ကြည့်လိုက်ရာ ဟပ်ကယ်ဗယ်ရီဖင်း ဖြစ်နေသည်ကို တွမ် တွေ့ရလေ၏။ ထို့နောက် နှစ်ယောက်စလုံးသည် အနီးအပါးတွင် ရှိသော လူများ အားလုံးကို ကြည့်ရှု၍ အကဲခတ်လိုက်ကြသည်။ အကြောင်းကား သူတို့ကိုယ်သူတို့ မလုံသောကြောင့်တည်း။ သို့သော် လူများသည် သူတို့နှစ်ယောက်အား ဂရုမှု မထားဘဲ သေဆုံးသူ ဒေါက်တာ ရော်ဘင်ဆင်နှင့် စပ်လျဉ်း၍ တစ်ယောက်တစ်ပေါက် ပြောချင်ရာ ပြောဆိုလျက် ရှိနေကြလေသည်။

'သနားစရာဗျာ'

'အေးဗျာ... သနားစရာ'

'ဒါဟာ သချိုင်းသူခိုးတွေအတွက် သင်ခန်းစာပဲဗျို့'

'အင်း... မတ်ပေါတာတော့ ဒီလူသတ်မှုအတွက် ဖမ်းမိရင် ကြိုးပေးခံရလိမ့်မယ်'

ထိုအတွင်း တွမ်သည် တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများ ထ၍ သွားလေ၏။ အကြောင်းကား သူ၏ မျက်လုံးများသည် ဂျိုး၏ မျက်နှာကြီးကို တွေ့မြင်လိုက်ရသောကြောင့်တည်း။ သို့သော် ထိုအခိုက် အတန့်ကလေးမှာပင် လူအုပ်ကြီးသည် ရှန်းရင်းဆန်ခတ် ဖြစ်သွားပြီး လျှင် 'သူပဲဟေ့၊ သူပဲဟေ့၊ သူ့ဘာသာသူ တစ်ယောက်တည်း လာနေပြီ ဟေ့'ဟု ဆူညံစွာ ဟစ်အော်ကြလေ၏။

'ဘယ်သူလဲ၊ ဘယ်သူလဲ' ဟုလည်း အချို့က ပြန်မေးကြ၏။

'မတ်ပေါတာလေ'

'ဟော... ဟော... သူ ရပ်သွားပြီဟေ့။ သတိထားကြနော်၊ သင်း လှည့်ပြေးတော့မယ်။ သူ့ကို အလွတ်မခံကြနဲ့ ဟေ့'

ထို့နောက် သူကြီးသည် မတ်ပေါတာအား လက်မောင်းကို ကိုင်၍ ခေါ်ဆောင်လာလေသည်။ သနားစရာမျှ မတ်ပေါတာ၏ တစ်မျက်နှာလုံး ညှိုးခြောက်၍ နေ၏။ သူ၏ မျက်လုံးအစုံသည် အလွန်အမင်း ကြောက်ရွံ့ထိတ်လန့်လျက် ရှိကြောင်းကို ဖော်ပြနေလေသည်။ သူသည် အသတ်ခံရသူ ဒေါက်တာ ရော်ဘင်ဆင်၏ ရှေ့တွင် ရပ်မိသောအခါ တစ်ကိုယ်လုံး တုန်လှုပ်၍ သွားပြီးလျှင် မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်၍ ကျူကျူပါအောင် ငိုကြွေးရှာလေ၏။

'အို...မိတ်ဆွေတို့ရယ်၊ ကျုပ် မသတ်ရပါဘူးဗျာ၊ ကျုပ်ပြောတာကို ယုံကြပါ။ ကျုပ် တကယ့်ကို မသတ်ရပါဘူးဗျာ'ဟု မတ်ပေါတာသည် ရှိုက်၍ရှိုက်၍ ပြောဆိုနေလေသည်။

သို့သော် ဤအချက်သည်ပင် မတ်ပေါတာအတွက် အမှားတစ်ရပ်ဖြစ်ပေတော့သည်။ အကြောင်းကား သူ့အား 'မင်းသတ်တယ်လို့ ဘယ်သူက စွပ်စွဲလို့တုံး'ဟု အသံတစ်သံက မေးမြန်းလိုက်သောကြောင့်ပင်။

ထိုသို့ အမေးခံလိုက်ရသောအခါ မတ်ပေါတာသည် ခေါင်းမော်၍ လာပြီးလျှင် သူ၏ အနီးပတ်ဝန်းကျင်ကို မျှော်လင့်ချက် ကင်းမဲ့သော မျက်လုံးများဖြင့် ကြည့်ရှုရှာဖွေလေ၏။ ထိုအခါ သူသည် တစ်နေရာ၌ ဂျိုးအား တွေ့မြင်မိလေသည်။

'အို... ဂျိုးရယ် မင်း ဘယ်တော့မှ ဖွင့်မပြောပါဘူးလို့ ငါ့ကို ကတိပေးထားခဲ့တယ် မဟုတ်လား'

ထိုအခါ သူကြီးသည် ဓားမြှောင်တစ်လက်ကို ပေါတာ၏ မျက်နှာရှေ့တွင် ဝင့်၍ ပြလိုက်ပြီးလျှင် 'ဟော့...ဒါ မင်း ဓားမြှောင်လား'ဟု မေးလိုက်လေ၏။

အကယ်၍သာ အနီးတွင်ရှိသော လူများက သူ့အား ဖမ်းကိုင်၍

မထားလိုက်ပါလျှင် မတ်ပေါတာသည် မြေကြီးပေါ်သို့ အရုပ်ကြိုးပြတ်သကဲ့သို့ ပုံလဲကျသွားမည်အမှန် ဖြစ်ပေသည်။

ထို့နောက် လူထုပရိသတ်ကြီးသည် လူယုတ်မာ ဂျိုး၏ ဖော်ထုတ်ဖြောင့်ချက်ပေးခြင်းကို ကြားနာကြရလေ၏။ ထို့ကြောင့် မတ်ပေါတာ ခမျာမှာ ဆိုးရွားသော လူသတ်သမားကြီး ဘ၀သို့ သက်ဆင်းကျရောက်၍ သွားရတော့လေသည်။ တွမ်နှင့် ဟပ်ကယ်ဗယ်ရီတို့သည် ရက်စက်ယုတ်မာစွာ မဟုတ်မမှန်သော ဖြောင့်ချက်ကို ပေးနေသော ဂျိုးအား ဘုရားသခင်က ဦးခေါင်း ရှစ်စိတ်ကွဲသွားအောင် မိုးကြိုးနှင့် ပစ်ခွင်းချပါစေဟု ဆုတောင်းမျှော်လင့်၍ နေကြလေသည်။ သို့သော် ဖြောင့်ချက်ပေး၍ ပြီးဆုံးသွားသောအခါ ဂျိုးသည် ဘာမှ မဖြစ်ဘဲ အသက်ရှင်မြဲရှင်လျက်သာ ရှိနေသောကြောင့် သူငယ်ချင်းနှစ်ယောက်သည် ထိုညက ပြုလုပ်ထားခဲ့သော ကတိသစ္စာကို ဖောက်ဖျက်ကာ အပြစ်မဲ့သူ မတ်ပေါတာအား ကယ်တင်ကြရန်ပင် ကြံစည်မိကြသေးလေသည်။ သို့သော် မဖြစ်နိုင်တော့ချေ။ မတ်ပေါတာအား ကယ်တင်ရန် မဖြစ်နိုင်တော့ချေ။ နတ်မိစ္ဆာဂြိုဟ်ဆိုးတို့ ဝင်ရောက်ပူးကပ်နေသော လူယုတ်မာကြီး ဂျိုးအား သူတို့နှစ်ယောက်သည် အဘယ်နည်းနှင့်မျှ ယှဉ်ပြိုင်၍ နိုင်မည် မဟုတ်တော့ချေ။

နောက်ဆုံး၌ မတ်ပေါတာအား ဖမ်းဆီးချုပ်နှောင်၍ ထောင်ကြီးချုပ်သို့ ခေါ်ဆောင်သွားကြလေသည်။ လူယုတ်မာကြီး ဂျိုးသည် တစ်ချက်ကလေးမျှ ဣန္ဒြေမပျက်ဘဲ သေဆုံးသူ ဒေါက်တာ ရော်ဘင်ဆင်၏ အလောင်းကိုပင် လှည်းတစ်စီးပေါ်သို့ သယ်ယူတင်ဆောင်၍ ပေးလိုက်သေး၏။

တွမ်နှင့် ဟပ်ကယ်ဗယ်ရီ သူငယ်ချင်း နှစ်ယောက်တို့သည်

လူယုတ်မာကြီး ဂျိုး၏ သွားလာနေပုံများကို နေ့ရောညပါ ချောင်းမြောင်း စောင့်ကြည့်ကြရန် စိတ်ထဲမှ ပိုင်းဖြတ်၍ ထားလိုက်ကြလေ၏။

ထိုနေ့ သချိုင်းကုန်းမှ ပြန်လာပြီးကတည်းက တွမ်သည် ညအိပ်ရာ ဝင်တိုင်း ကယောင်ကတမ်းတွေ လျှောက်ပြောနေခဲ့လေသည်။ သူသည် ရက်သတ္တ တစ်ပတ်လုံး ညစဉ်ညတိုင်း အိပ်ရာထဲမှ ထ၍ "သွေးတွေ... သွေးတွေ" ဟု ကယောင်ကတမ်း ပြောဆို၏။ သူ ယောင်ယမ်း၍ ပြောဆိုသည်များကို ဆစ်က ကောင်းစွာ ကြားရလေသည်။ သူကိုယ်တိုင်မူကား ယောင်ယမ်းကာ ပြောဆိုခဲ့သည်များကို လုံးဝ မသိချေ။ တစ်နံနက် နံနက်စာ စားသောက်ချိန်တွင် ဆစ်က သူ့အား မေးမြန်းသော အခါမှပင် ညစဉ်ညတိုင်း ယောင်ယမ်းခဲ့သည့် အဖြစ်ကို သူ သိရတော့လေသည်။

'ဒီလို ယောင်ယမ်းတယ်ဆိုတာ မကောင်းဘူးဟေ့။ ဟဲ့ တွမ်... နင့်စိတ်ထဲမှာ ဘာတွေများ စွဲလမ်းနေလို့လဲဟင်'ဟု ဒေါ်ဒေါ်ပေါ်လီက ဝင်ထောက်၍ မေးမြန်းလိုက်၏။

တွမ်သည် ဒေါ်ဒေါ်ပေါ်လီ၏အမေးကို 'ဘာမှ မစွဲလမ်းပါဘူး ဒေါ်ဒေါ်၊ ကျွန်တော့်စိတ်ထဲမှာ ဘာမှ မစွဲလမ်းပါဘူး'ဟု ဘူးကွယ်ကာ ပြန်လည် ဖြေကြားလိုက်ရသော်လည်း သူ၏ လက်များကား ကတုန်ကယင် ဖြစ်နေကြသဖြင့် ကော်ဖီပန်းကန်မှ ကော်ဖီများပင် ဖိတ်ကျကုန်တော့လေ၏။

ထိုအခါ ဆစ်က 'ဘာမှ မစွဲလမ်းရင်သာ ရှိရမယ်။ ည...ည ယောင်လိုက်တာများ အင်မတန် ကြောက်စရာကောင်းတယ်။ ညတုန်းက ဆိုရင် "သွေးတွေ... သွေးတွေ"လို့ ထ အော်တယ်။ ခဏခဏ ထ အော်တယ်။ ပြီးတော့လည်း "ငါ့ကို ဒီလောက်တောင် မညှဉ်းပန်းပါနဲ့ကွာ။ ငါ ပြောထုတ်မိလိုက်လိမ့်မနော်"လို့လည်း ယောင်သေး

တယ်။ ဘာကို ပြောထုတ်မိမှာလဲကွ… ဟင် တွမ်'ဟု မေးမြန်းလိုက်လေသည်။

တွမ်လည်း တစ်ခေါင်းလုံး ချာချာလည်နေတော့၏။ သူသည် ဘာပြန်ပြောရမှန်း မသိတော့ချေ။ သူ့ကိုယ်သူ ဘာဖြစ်ကုန်မှန်းလည်း မသိတော့ချေ။ သို့သော် ကံကောင်းသည်မှာကား ဒေါ်ဒေါ်ပေါ်လီသည် ဤကိစ္စအတွက် ဘာမျှ မထူးဆန်းသော အမူအရာမျိုးဖြင့် 'သိပြီ… သိပြီ၊ ဟိုလူသတ်မှုကို စွဲလမ်းပြီးတော့ နင် ယောင်တာပဲ။ ဒါဟာ ဘာမှ မဆန်းဘူး။ ငါကိုယ်တိုင်လည်း ညတိုင်းလိုလို အဲဒီ လူသတ်မှု အကြောင်းချည်းပဲ အိပ်မက်မက်နေတယ်။ တစ်ခါတစ်ခါများ အိပ်မက်ထဲမှာ လူသတ်သမားဟာ ငါကိုယ်တိုင် ဖြစ်နေသတဲ့ကွယ်' ဟု ဝင်ရောက် ပြောဆိုလိုက်သောကြောင့် အကျဉ်းအကျပ်နှင့် တွေ့နေရသော တွမ်မှာ အသက်ရှူ ချောင်သွားပြန်လေ၏။

မေရီက သူလည်း ဒေါ်ဒေါ်ပေါ်လီ ကဲ့သို့ပင် အိပ်မက်မက်သည်ဟု ပြောဆိုလေရာ၊ စာဒကတက်သူ ဆစ်သည် ထိုအခါမှ နှစ်သိမ့်ကျေနပ်၍ သွားတော့လေသည်။

ထိုနေ့မှစ၍ တွမ်သည် ညအိပ်ရာဝင်သည့် အခါတိုင်း သွားပိုးကိုက်သည်ဟု အကြောင်းပြကာ ပါးစပ်ကို ပတ်တီးတစ်ခုဖြင့် မေးစေ့မှနေ၍ သိုင်းကာ ပိတ်စည်းချည်နှောင်၍ အိပ်လေသည်။ သို့သော် သူ့အား ဆစ်သည် ညစဉ်ညတိုင်း အိပ်ရာထဲမှနေ၍ အိပ်ချင်ဟန်ဆောင်ကာ စောင့်စားကြည့်ရှုနေခဲ့ပေသည်။ ဤအကြောင်းကို မသိသော တွမ်သည် ဆစ် အိပ်ပျော်ပြီ ထင်သော အခါများတွင် မေးစေ့မှ သိုင်းထားသော ပတ်တီးကို မကြာခဏ ဖြုတ်၍ အသက်ဝဝ ရှူတတ်လေသည်။ ထိုသို့ လုပ်ရဖန် များလာသောအခါ တွမ်သည် သွားပိုးကိုက်ဟန် ဆောင်ရသည့် အဖြစ်ကို ရွံမုန်းငြီးငွေ့၍ လာ၏။ ထို့ကြောင့် သူသည် သွားပိုးကိုက်

ဟန်လည်း မဆောင်တော့။ ပါးစပ်ကိုလည်း ပတ်တီး မစည်းတော့ချေ။ ယောင်ချင်လည်း ယောင်ပေစေတော့ဟု စိတ်ပိုင်းဖြတ်လိုက်တော့လေသည်။

ထိုသို့ စိတ်လက် မကြည်မသာ ဖြစ်နေသည့်ကာလ အတောအတွင်း တွမ်သည် ရွာစွန်ရွာဖျားတွင် ရှိသော အုတ်တိုက် အကျဉ်းထောင်ကလေးဆီသို့ မကြာခဏ သွားကာ ပြတင်းပေါက် သံတိုင်ကြားမှနေ၍ အထဲတွင် ရှိသော ရာဇဝတ်ကောင်အား သူ ရှာဖွေ၍ ရလာသမျှသော စားသောက်စရာကလေးများကို တိတ်တဆိတ် ခိုး၍ ပေးသွင်းတတ်လေသည်။ အကျဉ်းထောင်ကလေး၌ အစောင့်များလည်း မရှိချေ။ အမှန်မှာလည်း ထိုခေတ် ထိုအခါက အချုပ်ခံရသူ၊ အကျဉ်းချထားခြင်း ခံရသူများ အလွန်ပင် ရှားပါးခဲ့ပေသည်။ ထို့ကြောင့် ဤအကျဉ်းထောင်ကလေးမှာ အားလပ်နေသည့် အခါက များ၏။ ထို့ကြောင့် အစောင့်အရှောက်လည်း ထားလေ့မရှိခဲ့ချေ။ တွမ်သည် ထိုသို့ အကျဉ်းထောင်ကလေးသို့ သွားကာ အကျဉ်းသမား ရာဇဝတ်ကောင်ကြီး မတ်ပေါတာအား စားစရာ သောက်စရာကလေးများ တိတ်တိတ်ခိုး၍ ပေးနိုင်ခဲ့သည့်အတွက် များစွာ စိတ်သက်သာရာ ရနေတော့လေသည်။ မတ်ပေါတာ၏ အပေါ်တွင် ဟုတ်မှန်သည့်အတိုင်း ပြောမပြဘဲ စိတ်ထဲ၌ အမှန်ကို မြှုထားရသည့် သူ့အဖြစ်ကို တွမ်သည် များစွာ စိတ်မကောင်း ဖြစ်နေရှာလေသည်။ မတ်ပေါတာ အကျဉ်းခံနေရခြင်းသည် သူနှင့် ဟပ်ကယ်ဗယ်ရီတို့ နှစ်ယောက်တွင် အပြစ်မကင်းဟု သူ့စိတ်တွင် စွဲလမ်း၍ နေလေသည်။ ထို့ကြောင့် မတ်ပေါတာအား ဤသို့ တစ်ဖက်ကနေ၍ စားစရာ သောက်စရာ အသုံးအဆောင်ကလေးများဖြင့် တိတ်တဆိတ် ကျေးဇူးပြုနိုင်သောအခါ သူ၏ အပြစ်မကင်းသော စိတ်သည် အတော်ကလေး သက်သာရာ ရခဲ့ရှာလေ၏။

## အခန်း (၁၀)

ယခုအခါ ဇက်ကီသက်ချာသည် ရကျောင်းသို့ မလာတော့ချေ။ တွမ်သည် ကျောင်းတွင် ဇက်ကီအား မတွေ့ရသောအခါ စိတ်ထဲ၌ ပျင်းခြောက်ခြောက်ကြီး ဖြစ်နေမိလေ၏။ ကျောင်းကြီးတစ်ခုလုံးသည် ပျော်ရွှင်ဖွယ် မရှိတော့ဟု သူ့စိတ်ထဲတွင် ထင်မိတော့၏။ အချိန်ရှိသရွေ့ သူသည် ဇက်ကီကိုသာ တသသ စွဲလမ်းနေမိတော့၏။ ထို့ကြောင့် သချိုင်းကုန်းက လူသတ်မှုအကြောင်းကိုပင် စိတ်ထဲတွင် မေ့မေ့ပျောက်ပျောက် ဖြစ်နေလေသည်။

ကျောင်းတွင် ဇက်ကီအား မတွေ့ရတော့သဖြင့် တွမ်၏စိတ်သည် အနည်းငယ်မျှ မပျော်တော့ချေ။ သူသည် သူ၏ အပေါင်းအဖော်များနှင့် လည်း ကစားခြင်း မပြုတော့ချေ။ အချိန်ရှိသရွေ့ ငေးမော၍သာ နေလေသည်။ ပထမ လေးငါးရက်လောက်တုန်းကမူ သူသည် ဇက်ကီတို့ နေထိုင်သော လမ်းကလေးသို့ သွား၍ လေကလေး တချွန်ချွန်ဖြင့် ဇက်ကီအား အသံပေး၍ ခေါ်သေး၏။ သို့သော် ဇက်ကီ၏ အရိပ်အယောင်ကိုမျှ မမြင်ခဲ့ရချေ။ ထို့နောက် သူသည် ဇက်ကီတို့ နေထိုင်သော အိမ်နားသို့ ညစဉ်ညတိုင်း တရစ်သီသီ သွားကာ စောင့်မျှော်ပါသော်လည်း ဇက်ကီအား မတွေ့မြင်ရချေ။ ထို့ကြောင့် တွမ်သည် များစွာ စိတ်ဆင်းရဲရှာလေ၏။

ဗက်ကီကား ဖျားနေရှာလေ၏။ အကယ်၍သာ သူ သေသွားလျှင်...။ တွမ်သည် ရှေ့ဆက်၍ မတွေးရဲခဲ့ချေ။ ထို့ကြောင့် အခါတိုင်းကဲ့သို့ ဂျိုးဟားပါးတို့ တစ်တွေနှင့် စစ်တိုက်တမ်းလည်း မကစားတော့ချေ။ ပင်လယ်ဓားပြ လုပ်တမ်းလည်း မကစားတော့။ သူ့ဘဝသည် ခင်မင်တွယ်တာဖွယ် မရှိတော့ဟု သူ ထင်မိတော့လေ၏။ သူ့ဘဝသည် နွေခေါင်ခေါင်လို ခြောက်သွေ့ငြီးငွေ့ဖွယ် ကောင်းလှသည်ဟုလည်း သူ ထင်မိတော့လေ၏။ သူသည် လျှောက်လည်ကာ ကြမ်းပိုးထိုးခြင်း မပြုတော့ချေ။ အိမ်မှာသာ တမှိုင်မှိုင် တတွေတွေ နေလေတော့သည်။

ထို့ကြောင့် အမူအရာ အနေအထိုင် ရုတ်တရက် အပြောင်းလဲကြီး ပြောင်းလဲ၍သွားသော တွမ်အား ကြည့်ရှုအကဲခတ်၍ ဒေါ်ဒေါ်ပေါ်လီသည် စိတ်ထဲတွင် စနောင့်စနင်း ဖြစ်ရတော့လေ၏။ ဒေါ်ဒေါ်ပေါ်လီသည် တွမ့်အား အမျိုးမျိုး ကုစား၏။ သူ လက်လှမ်းမီသမျှ ဆေးမျိုးများဖြင့် လည်းကောင်း၊ သူ့ထက် သိနားလည်သမျှ၊ ကြားဖူးနားဝရှိသမျှသော ဆေးမီးတိုများဖြင့် လည်းကောင်း တွမ်အား အမျိုးမျိုး ကုစား၏။ ဒေါ်ဒေါ်ပေါ်လီသည် ကျန်းမာရေးစာစောင် မှန်သမျှတို့ကို ထွက်သမျှ ဝယ်ဖတ်သောသူ ဖြစ်၏။ ထို့နောက် ၎င်းစာစောင်များထဲတွင် လေကောင်းလေသန့် ရရှိရေး၊ မည်သို့အိပ်၍ မည်သို့ နေထိုင်ရေး၊ မည်သည့် အစာအာဟာရကို မည်သို့ စားသောက်ရေး၊ မည်သည့် အဝတ်အထည်တို့ကို မည်သို့ ဝတ်ဆင်ရေး၊ ကိုယ်လက် လေ့ကျင့်ခန်းများကို မည်သို့ ပြုလုပ်ရေး အစရှိသော အကြောင်းအရာများနှင့် စပ်လျဉ်း၍ မဟုတ်မမှန် ဖြီးဖြန်း၍ ရေးသားထားသည် မှန်သမျှကို အယုံကြီးယုံကာ လိုက်နာကျင့်သုံး မိခဲ့ရှာပေသည်။

ယခုလည်း ဒေါ်ဒေါ်ပေါ်လီသည် တွမ်အား ရေကု ကုမည် ဖြစ်၏။ ရေကု ကုခြင်းသည် သူ့အဖို့ ယခုတလော အသစ်အဆန်း ဖြစ်နေ၏။

တွမ်အား နံနက်တိုင်း နွားတင်းကုပ်ထဲသို့ ဆွဲသွင်းကာ အေးစိမ့်လှသော ရေများဖြင့် နစ်မွန်းအောင် ခေါင်းမှ လောင်းချ၍ ရေချိုးပေးလေသည်။ တွမ်မှာကား တဒိုက်ဒိုက် တုန်နေရှာလေ၏။

သို့သော် တွမ်၏ ဝေဒနာသည် ရေကု ကုပေးခြင်း ခံရသော်လည်း မည်သို့မျှ ထူးခြားကောင်းမွန်၍ မလာချေ။ ပိုမို၍သာလျှင် အခြေအနေ ဆိုးဝါးလာ၏။ ထို့ကြောင့် ဒေါ်ဒေါ်ပေါ်လီသည် သူ့အား ရေပူရေနွေး များဖြင့် ချိုးလောင်းပွတ်တိုက်၍ ပေးပြန်၏။ သို့သော် တွမ်၏ အခြေအနေမှာ တစ်နေ့တခြား ပိုမို ဆိုးဝါး၍သာ လာ၏။ အနာတခြား ဆေးတခြား တကား။

ဤသို့ဖြင့် ရက်အတော်ကလေး ကြာလာသောအခါ တွမ်သည် ဒေါ်ဒေါ်ပေါ်လီ အကုအသ ကောင်းသောကြောင့် ထုံပေပေပင်လျှင် ဖြစ်၍ လာတော့၏။ ထိုအခါ ဒေါ်ဒေါ်ပေါ်လီ၏ စိတ်တွင် ထိတ်လန့် တုန်လှုပ်စ ပြုလာလေသည်။ ထို့ကြောင့် ပိုက်ဆံ မည်မျှကုန်ကုန် တွမ်၏ ထုံပေပေနိုင်မှုကို ပြန်လည်ပျောက်ကင်းအောင် ကုသမည်ဟု စိတ်ပိုင်းဖြတ်လိုက်ကာ "ပိန်းကီးလား"ဟု ခေါ်သော အနာပျောက်ဆေး တို့ကို တစ်ပြုံတစ်ခေါင်းကြီး ဝယ်ယူလိုက်လေ၏။ ဒေါ်ဒေါ်ပေါ်လီသည် ထိုဆေးအကြောင်းကို ယခုမှ ပထမဆုံးအကြိမ် ကြားဖူးခြင်း ဖြစ်သည်။

ဒေါ်ဒေါ်ပေါ်လီသည် ပိန်းကီးလားခေါ် အနာပျောက်ဆေးကို လျှာဖြင့် မြီးကြည့်လိုက်ပြီးလျှင် ကျေနပ်၍ သွားလေသည်။ ထိုဆေးကား အလွန်လျှင် ပူစပ်ပူလောင် နိုင်လှ၏။ မီးတောက်မီးလျှံကို အရည်ဘဝသို့ ပြောင်းလဲ ဖန်တီးထားသော ဆေးပင်ဖြစ်သည်။

ဒေါ်ဒေါ်ပေါ်လီသည် တွမ်အား ကုစားလျက်ရှိသော ကုစားနည်း အားလုံးကို ရပ်စဲ၍ ပစ်လိုက်ကာ ပိန်ကီးလားကို စတင်တိုက်ကျွေး လေ၏။ တွမ်၏ဝမ်းထဲသို့ ပထမဆုံးအကြိမ် တိုက်ကျွေးလိုက်သော

ပိန်းကြီးလား ဆေးရည် လက်ဖက်ရည်ဇွန်းနှင့် တစ်ဇွန်းခန့် ဝင်သွားသည်ဟု ဆိုလျှင်ပင် တွမ်၏ ထုံပေပေနိုင်မှုမှာ လုံးဝ ပျောက်ကင်း၍ သွားလေတော့သည်။ ထုံပေပေနိုင်မှု ပျောက်ကင်း၍ သွားသောကြောင့် ဒေါ်ဒေါ်ပေါ်လီလည်း ယခုမှပင် စိတ်အေးချမ်းမှုကို ရရှိခဲ့တော့၏။ ပိန်းကြီးလားကို သောက်မျိုပြီးသည့်နောက် တွမ့်ဓမျာမှာလည်း ဆက်လက်၍ ထုံပေခြင်းဟာ အဘယ်နည်းနှင့်မျှ မစွမ်းတော့ပါချေ။ အကြောင်းကား ပိန်းကြီးလားသည် သောက်မျိုချလိုက်သည့် အခါမှစ၍ လည်ချောင်းဝမှသည် ဖင်ဝသို့တိုင်အောင် အပူကြီး ပူသွားသောကြောင့် ဖြစ်လေသည်။ ထို့ကြောင့် တွမ်သည် ပိန်းကြီးလားကို သောက်မျိုလိုက်သည်နှင့် တစ်ပြိုင်နက် ထ၍ ပြင်းထန်စွာ ခုန်ပေါက်မြူးထူးတော့လေ၏။ အကယ်၍ ဒေါ်ဒေါ်ပေါ်လီသည် တွမ်၏ ဖင်အောက်တွင် မီးဖို၍ပေးမည် ဆိုလျှင်ပင် တွမ်သည် ဤမျှလောက် မြူးထူးခုန်ပေါက်လိမ့်မည် မဟုတ်ချေ။

ထိုနေ့မှစ၍ တွမ်သည် ဒေါ်ဒေါ်ပေါ်လီ၏ထံမှ ပိန်းကြီးလားကို တောင်းပြီးရင်း တောင်းရင်း ဖြစ်နေတော့လေသည်။ ဒေါ်ဒေါ်ပေါ်လီကလည်း တွမ် တောင်းသည့်အခါတိုင်း ပိန်းကြီးလားကို ရက်ရောစွာ ပေး၏။ သို့သော် ပိန်းကြီးလားကို တောင်း၍ရလျှင် တွမ်တစ်ယောက် မည်သို့ ပြုလုပ်ပစ်သည်ကိုကား သူ့ခမျာ မသိရှာချေ။ တွမ်သည် ပိန်းကြီးလားကို တောင်း၍ရတိုင်း သမံတလင်းကြမ်းပြင် ပတ်ကြားအက်များ အတွင်းသို့ လောင်းထည့်လေသည်။ ဤအကြောင်းကို ဒေါ်ဒေါ်ပေါ်လီသည် မသိရှာချေ။ ဤသို့ဖြင့် ပိန်းကြီးလား ဆေးများလည်း တစ်စတစ်စဖြင့် ကုန်မှန်းမသိ ကုန်ခဲ့တော့လေသည်။

တစ်နေ့တွင် တွမ်သည် ပြုလုပ်နေကျအတိုင်း ပိန်းကြီးလားဆေးရည်ကို ကြမ်းပြင် ပတ်ကြားအက်ထဲသို့ လောင်းထည့်နေခိုက်

ဒေါ်ဒေါ်ပေါ်လီ အိမ်တွင် မွေးထားသော ကြောင်ကလေး “ပီတာ”သည် သူ့အနားသို့ ရောက်လာကာ တညောင်ညောင်ဖြင့် အော်လေ၏။ ကြောင်ကလေး ပီတာသည် ပိန်းကီးလား ထည့်ထားသော လက်ဖက်ရည်ဇွန်းကို ကြည့်၍ အော်နေသောကြောင့် တွမ်က–

‘ဟေ့ ပီတာ၊ မင်း မသောက်ချင်ဘဲနဲ့တော့ ဒီဆေးကို တောင်းမနေစမ်းပါနဲ့ကွာ’ ဟု ပြောလိုက်၏။

သို့သော် ပီတာ၏ အမူအရာမှာ သောက်ချင်သည့် အာသာကိုဖော်ပြသည့်အလား ရှိနေသောကြောင့် ‘မင်း သေသေချာချာ စဉ်းစားဦးနော် ပီတာ’ဟု တွမ်က ထပ်မံ၍ ပြောဆိုလိုက်လေသည်။ ပီတာကား အသေအချာ စဉ်းစားပြီး ဖြစ်သည်။

‘ကိုင်… ကောင်းပြီ၊ မင်းက ဒီလောက်တောင် လိုလိုချင်ချင် တောင်းနေမှ ငါလည်း ပေးရတော့မှာပေါ့ကွာ၊ မင်း တောင်းလို့သာ ပေးရတာနော်၊ ငါနဲ့တော့ ဘာမှ မဆိုင်ဘူး။ ဒီဆေးကို သောက်ပြီးလို့ မကြိုက်လို့ ရှိရင်လည်း မင်း ဘယ်သူ့မှ လျှောက်ပြီး အပြစ်မတင်ရဘူး ပီတာ၊ မင်းကိုယ်မင်းသာ အပြစ်တင်ပေတော့’

ကြောင်ကလေးပီတာလည်း သဘောတူလေ၏။ ထို့ကြောင့် တွမ်သည် ပီတာ၏ ပါးစပ်ကို ဖြဲ၍ ပိန်းကီးလားဆေးရည်ကို လောင်းထည့်လိုက်လေ၏။ ပါးစပ်ထဲသို့ ပိန်းကီးလားဆေးရည် ဝင်သွားလျှင် ဝင်သွားချင်းပင် ကြောင်ကလေးပီတာလည်း လေထဲသို့ လက်ခုပ်တစ်ဖောင်ခန့် မြောက်သွားအောင် ခုန်တက်လိုက်လေသည်။ ထို့နောက် တညောင်ညောင် တဝေါဝေါ အော်မြည်ပြီးလျှင် အခန်းထဲ၌ လှည့်ပတ်၍ ပြေးလေ၏။ ပီတာသည် စားပွဲ၊ ကုလားထိုင်များကို တိုက်ခိုက်၍ သွား၏။ ပန်းအိုးများကို တိုက်မိသော အခါတွင်ကား ပန်းအိုးများသည် ကွဲကုန်တော့လေ၏။ အခန်းတစ်ခန်းလုံးသည် ပီတာကြောင့် ဖရိုဖရဲ ဖြစ်နေ

တော့လေသည်။ ထို့နောက် ပီတာသည် နောက်ခြေ နှစ်ချောင်းဖြင့် ပတတ်ရပ်လိုက်ပြီးလျှင် ခေါင်းကို နောက်သို့ ပစ်လှန်၍ အရူးအမူး က လေ၏။ သူသည် အပျော်ကြီး ပျော်၍နေ၏။ သူ့အသံသည် အူ အမြူးကြီး မြူးနေသောကြောင့် တရစပ် ဆူညံ၍ နေလေတော့သည်။ ထို့နောက် ပီတာသည် အိမ်ကို လှည့်ပတ်၍ လျှောက်ပြေးပြန်လေ၏။ သူပြေးရာ လမ်းတစ်လျှောက်တွင် ရှိသော အရာဝတ္ထု မှန်သမျှတို့လည်း လဲသည်က လဲ၊ ကွဲသည်က ကွဲ ဖြစ်ကုန်လေသည်။ ဒေါ်ဒေါ်ပေါ်လီ လည်း အခန်းထဲသို့ ရုတ်တရက် ရောက်လာလေ၏။ ထိုအခိုက်မှာပင် ပီတာသည် လေထဲတွင် ကျွမ်းနှစ်ပတ် ပစ်လိုက်ပြီးလျှင် အောင်မြင်သော အသံကြီးဖြင့် ပြတင်းပေါက်မှ နေ၍ လွှားခနဲ ခုန်ဆင်း ပြေးထွက်သွား လေ၏။ ပြတင်းပေါက် ပေါင်ပေါ်တွင် မကွဲသေးဘဲ ကျန်ရှိနေသေးသော ပန်းအိုးများလည်း သူနှင့်အတူ ရောနှော၍ ပါသွားတော့လေ၏။ ဒေါ်ဒေါ် ပေါ်လီသည် အံ့အားအသင့်ကြီး သင့်ကာ ငေးကြောင်၍ ကြည့်နေလေ ၏။ သူ၏ မျက်လုံးများသည် မျက်မှန်အောက်တွင် အပြူးသား၊ အဝိုင်းသား ရှိနေလေသည်။ တွမ်သည် ဟက်ဟက်ပက်ပက် ရယ်မောရ လွန်းသဖြင့် အူများ နာကာ ကြမ်းပေါ်တွင် လဲနေလေသည်။

'ဟဲ့... တွမ်၊ ကြောင်ကလေး ဘာများ ဖြစ်လို့လဲ ဟင်'

'မသိပါဘူး ဒေါ်ဒေါ်ရယ်'

'ဒီလိုဖြစ်ပုံမျိုး ငါတော့ဖြင့် တစ်ခါမှ မတွေ့ဖူးပေါင် ဟယ်။ ဒီကြောင်ကလေး ဘာ့ကြောင့်များ ဒီလိုဖြစ်ရတယ် မသိပါဘူး'

'ကျွန်တော် တကယ့်ကို မသိပါဘူး ဒေါ်ဒေါ်၊ ကြောင်တွေဟာ မြူးထူးအူရွှင်ကြတဲ့ အခါမှာ ဒီလိုပဲ ပြုမူတတ်ကြတာပဲလေ'

'ဟေ... ဟုတ်လား၊ ကြောင်တွေဟာ ဒီလိုပဲ လုပ်တတ်ကြ သလား'

'ဟုတ်တယ် ဒေါ်ဒေါ်၊ ဒီလိုပဲ။ ကျွန်တော်တော့ သူတို့ ဒီလို အူမြူးတတ်ကြတယ် ဆိုတာကို ယုံတယ်'

'ယုံတယ်၊ နင် ယုံတယ်...ဟုတ်လား'

'ဟုတ်ကဲ့'

ဒေါ်ဒေါ်ပေါ်လီလည်း အောက်သို့ ငုံ့ကြည့်လိုက်လေ၏။ တွမ်သည် ရင်တဒိတ်ဒိတ် ခုန်နေတော့သည်။ သို့သော် ဤတစ်ချီတွင် တွမ်သည် ဒေါ်ဒေါ်ပေါ်လီအား လှည့်ပတ်၍ မရနိုင်တော့ချေ။ ဒေါ်ဒေါ်ပေါ်လီလည်း ခုတင်အောက်တွင် တွေ့ရသော လက်ဖက်ရည်ဇွန်းကို ကောက်ယူလိုက်သည်။ တွမ်သည် ဒေါ်ဒေါ်ပေါ်လီ၏ မျက်နှာကို မကြည့်တော့ဘဲ ခေါင်းကို အောက်သို့ ငုံ့ထားလိုက်လေ၏။ ဒေါ်ဒေါ်ပေါ်လီသည် လုပ်ရိုးလုပ်စဉ်အတိုင်း တွမ့်အား နားရွက်တစ်ဖက်ကို လိမ်ဆွဲ၍ ထူလိုက်ပြီးလျှင် ထိပ်ကို ဒေါင်ဒေါင်မြည်အောင် ခေါက်လိုက်လေ၏။

'ကိုင်း...ဆိုစမ်း ခွေးမသားလေး၊ ဘာမှ မသိတဲ့ တိရစ္ဆာန်လေး တစ်ကောင်ကို ဘာလို့ ဒီလောက်တောင် နှိပ်စက်ချင်သတုံး ဟင်'

'သူ့ကို သနားလို့ ဒီလို လုပ်မိတာပါ ဒေါ်ဒေါ်။ ကျွန်တော် နှိပ်စက်တာ မဟုတ်ပါဘူး။ သူ့မှာ ကျွန်တော့်လို ဒေါ်ဒေါ် မရှိတော့ အင်မတန် သနားစရာ ကောင်းပါတယ်'

'အဒေါ် မရှိဘူး၊ ဟင်...ဟုတ်လား၊ ဟဲ့...အရူးလေး၊ တိရစ္ဆာန်လေး၊ ဒါနဲ့ ဘာဆိုင်လို့တုံး'

'ဆိုင်ပါသော်ကော ဒေါ်ဒေါ်၊ ဆိုင်သမှ အများကြီး...အများကြီး။ သူ့ခမျာ ကျွန်တော့်လို ဒေါ်ဒေါ်သာ ရှိရင် သူ့ဒေါ်ဒေါ်က သူ့ကို ဝမ်းခေါင်း လောင်ကျွမ်းသွားရအောင် မီးမြှိုက်ပေးမှာ ခင်ဗျ'

ထိုသို့ ကြားလိုက်ရသောအခါ ဒေါ်ဒေါ်ပေါ်လီသည် ရုတ်တရက် စိတ်မကောင်းခြင်း ကြီးစွာ ဖြစ်သွားလေ၏။ သူ့အဖို့ အမြင်သစ်တစ်ခု

လည်း ရလာ၏။ ကြောင်ကလေးပီတာ ဆင်းရဲပင်ပန်းစွာ ခံစားရသလို ကောင်ကလေး တွမ်လည်း ဆင်းရဲပင်ပန်းစွာ ခံစားရရှာသည်။ တွမ်သည် ပိန်းကီးလားကို သောက်ပြီးနောက် ဝမ်းခေါင်းထဲတွင် မည်မျှလောက် ပူစပ်ပူလောင်ကြီး ခံစားရရှာလိမ့်မည်နည်း။ ထိုအခါမှပင် ဒေါ်ဒေါ် ပေါ်လီသည် အသံများ ပျော့လာ၏။ အမူအရာများ နူးညံ့လာ၏။ ဝမ်းနည်းသလိုလိုလည်း ဖြစ်လာ၏။ သူ၏ မျက်လုံးများ၌ မျက်ရည် ကလေးများပင် အနည်းငယ် ရစ်ဝဲ၍ နေသည်။ ထို့နောက် သူသည် တွမ်၏ခေါင်းကို လက်ဖြင့် ပွတ်သပ်၍ ချော့မော့ကာ ညင်သာစွာ ပြောဆိုလိုက်လေသည်။

'တွမ်ရယ်၊ ငါကတော့ နင့်ကို ကောင်းစေချင်လို့ပါ ဟယ်။ နို့ နင်လည်း အခု ဒီဆေးကြောင့်ပဲ ကောင်းသွားပြီ မဟုတ်လား ဟင်'

'ဟုတ်ပါတယ် ဒေါ်ဒေါ်၊ ကျွန်တော့်ကို ကောင်းစေချင်လို့ အကောင်းဆုံးဆေး ဝယ်ကျွေးတယ်ဆိုတာ ကျွန်တော် ကောင်းကောင်း ကြီး သိပါတယ်။ ကျွန်တော်လည်း ဒီလိုပါပဲ။ ပီတာကလေးကို ကောင်း စေချင်တဲ့ စေတနာနဲ့ ပိန်းကီးလား တိုက်ကျွေးလိုက်တာပါ။ ကျွန်တော့် စေတနာအတိုင်း ပီတာခမျာ ဘယ်လောက် အူမြူးသွားရှာတယ်ဆိုတာ ဒေါ်ဒေါ်လည်း မြင်တဲ့အတိုင်းပဲ။ ပီတာလေး ဒီလောက် ပျော်ရွှင်တာကို ကျွန်တော်တော့ ဒီတစ်ခါပဲ မြင်ဖူးသေးတယ်'

'ဟဲ့... ငတွမ်၊ တော်ပါတော့ဟယ်၊ ငါ ဒေါသဖြစ်အောင် မလုပ်ပါနဲ့တော့။ သွား... သွား... ခွေးမသားလေး၊ နင့်ကို နောက် ဘယ်တော့မှ ဆေးမတိုက်တော့ပါဘူး ဟယ်။ ကြွပေတော့... ကြွပေ တော့၊ မောင်မင်းကြီးသားလေး ကြွပေတော့'

ယခုအခါ တွမ်သည် ကျောင်းသို့ အစောကြီး ရောက်၍ ရောက်၍ နေလေ၏။ ယင်းသို့ အစောကြီး တင်ကြို၍ ရောက်နေလင့်ကစား

တွမ်သည် သူ၏ ကစားဖော်များနှင့် အခါတိုင်းကဲ့သို့ ကစားလေ့ မရှိတော့ချေ။ သူ့ကိုယ်သူ နေမကောင်းဟု အကြောင်းပြကာ ကျောင်းဝင်းအဝင် တံခါးပေါက်ဝတွင် ရပ်လျက် လမ်းမ တစ်ဖက်သို့ မျှော်ငေး၍ နေတတ်လေသည်။

ယနေ့လည်း တွမ်သည် ကျောင်းသို့ အစောကြီး ရောက်လာ၏။ မျှော်ငေးနေကျအတိုင်း သူသည် ကျောင်းပေါက်ဝတွင် ရပ်လျက် လမ်းတစ်ဖက်သို့ မျှော်ငေး၍ နေ၏။ မကြာမီပင် ဂျက်သက်ချား လျှောက်လာနေသည်ကို သူ တွေ့မြင်ရလေသည်။ တွမ်၏ မျက်နှာသည် မြူးထူးရွှင်ပျ၍ သွား၏။ သူသည် တစ်ချက်မျှ ငေးစိုက်၍ သွားပြီးလျှင် ဝမ်းနည်းကြေကွဲစွာဖြင့် မျက်နှာကို တစ်ဖက်သို့ လှည့်ထားလိုက်လေ၏။ ဤသို့ဖြင့် ဂျက်သက်ချားသည် သူ၏ အနားသို့ ရောက်လာသည်။ ဂျက်သက်ချား ရောက်လာသောအခါ တွမ်သည် ဆီးကြို၍ နှုတ်ဆက်လိုက်ပြီးလျှင် ဗက်ကီ၏ သတင်းစ၊ သတင်းနကလေးကို ကြားရလို ကြားငြားဖြင့် လေဖော၍ နေလေသည်။ သို့သော် အချည်းနှီးပင်။

ထို့ကြောင့် တွမ်သည် မလျှော့သော ဖွဲလုံ့လဖြင့် ဝင်းပေါက်ဝမှ လမ်းမဘက်သို့ မျှော်ငေးစောင့်စား၍ ကြည့်ရှုနေပြန်လေ၏။ ဂါဝန်ဝတ်ထားသော ကျောင်းသူကလေးများကို လှမ်း၍ မြင်တွေ့လိုက်ရသည့် အခါတိုင်း သူ့စိတ်ထဲတွင် အားတက်၍ သွား၏။ သို့သော် အနားသို့ ရောက်လာ၍ သူ မျှော်စောင့်နေသော ဗက်ကီ မဟုတ်မှန်း သိရသည့် အခါတိုင်း ထိုကျောင်းသူကလေးများကို စိတ်ထဲက အမုန်းကြီး မုန်းမိခဲ့လေတော့သည်။ နောက်ဆုံးတွင် လမ်းမဘက်ဆီမှ မည်သူမျှ မလာတော့ချေ။ တွမ်သည် မျှော်လင့်ချက် ကင်းမဲ့စွာဖြင့် ကျောင်းထဲသို့ ဝင်ကာ တစ်နေရာတွင်ထိုင်၍ စိတ်ဆင်းရဲနေရှာလေ၏။ ထိုအခိုက်မှာပင် ကျောင်းအဝင် ဝင်းပေါက်ဝမှ ဂါဝန်ဝတ်ထားသူ ကျောင်းသူကလေး

တစ်ဦး ဝင်ရောက်၍ လာလေ၏။ ထိုကျောင်းသူကလေးကို မြင်တွေ့လိုက်ရသောအခါ တွမ်သည် ကျွမ်း လေးငါးပတ်လောက် ပစ်လိုက်ချင်အောင်ပင် ဝမ်းအသာကြီး သာ၍ သွားတော့လေသည်။ နောက်တစ်ခဏ၌ တွမ်သည် ကျောင်းဝင်းထဲသို့ ပြေးထွက်သွား၏။ သူသည် အင်ဒီးယန်းအရိုင်း တစ်ယောက်၏အလား ဟစ်အော် ခုန်ပေါက်၍ ပြေးထွက်သွား၏။ အော်ကြီး ဟစ်ကျယ်လည်း ရယ်မော၍သွား၏။ သူငယ်ချင်း ကစားဖော်များအား လိုက်ဖမ်း၏။ ခြေကျိုး လက်ကျိုးမှာကို ပဓာနမထားဘဲ ကျောင်းဝင်း ခြံစည်းရိုးကိုလည်း ကျော်တက်၏။ မြေကြီးပေါ်တွင် အုန်းပင်စိုက်ကာ ကင်းမြီးကောက်လည်း ထောင်ပြ၏။ ဤသို့ဖြင့် တွမ်သည် သူ့အား ဗက်ကီက စိတ်ဝင်စားလာလေအောင် ဂေါ်ရေးအမျိုးမျိုး ပြနေလေသည်။ ဤသို့ ဂေါ်ရေးပြရင်း သူ့မျက်လုံးများကလည်း ဗက်ကီအား ချောင်းချောင်းကြည့်ရသေး၏။ တွမ်သည် သူ ဂေါ်ရေးပြလျက် ရှိသည်ကို ဗက်ကီ သတိမပြုမိဘဲ နေမည်ကိုလည်း စိုးရိမ်ရှာသေးသည်။ သို့သော် ဗက်ကီသည် သူ့အား သတိမှ ရပုံမပေါ်ချေ။ တွမ်တစ်ယောက် ဂေါ်ရေးပြလျက် ရှိသည်ကို ဗက်ကီသည် လှည့်၍မျှ မကြည့်ခဲ့ချေ။ ဗက်ကီသည် တွမ့်အား မမြင်ဘဲ မမြင်လေရော့သလား၊ တွမ် ဂေါ်ရေးပြလျက် ရှိသည်ကို သတိဘဲ မပြုမိလေရော့သလား။ တွမ်သည် ဗက်ကီ၏ အနီးအနားသို့တိုင်အောင် ရောက်လာ၏။ ဗက်ကီအား လှည့်ပတ်၍ စစ်တိုက်တမ်း ကစား၏။ ကောင်ကလေးတစ်ယောက်၏ ခေါင်းတွင် ဆောင်းထားသော ဦးထုပ်ကို ချွတ်ယူ၍ ကျောင်းခေါင်မိုးပေါ်သို့ ပစ်တင်လိုက်၏။ ကျောင်းသားအုပ်ကြီး ကြားထဲမှ ဖြတ်သန်း၍ ပြေး၏။ ကျောင်းသားများလည်း ဖရိုဖရဲဖြစ်ကာ လဲသူ လဲ၊ ပြိုသူ ပြို ဖြစ်သွားကြ၏။ တွမ်ကိုယ်တိုင်လည်း ဗက်ကီ၏ ရှေ့တွင် အလျားမှောက်၍ လဲလေ၏။ သူ၏ ရှေ့တွင်မှ အလျား

မှောက်၍ လာလဲသော တွမ်ကြောင့် ဗက်ကီသည် စိတ်ထဲမှ အတော် လေး စနောင့်စနင်း ဖြစ်သွားလေသည်။ ထို့ကြောင့် ဗက်ကီသည် ခေါင်းခပ်မော့မော့ကလေး ထားကာ ထိုနေရာမှ လှည့်ထွက်သွားလေ၏။ တွမ်သည် အလျားမှောက်၍ လဲနေရာမှ ဗက်ကီ ပြောသွားသော စကား တစ်ခွန်းကို ရင်ထဲတွင် နင့်သွားအောင် ကြားလိုက်ရလေသည်။

'ဟင်း... တချို့လူတွေဟာ သူတို့ကိုယ်သူတို့ တော်လှပြီ အောက် မေ့ပြီးတော့ ဂေါ်ရေးဂေါ်ဟန် ပြလိုက်ကြရတာ အမောပဲ'

တွမ်သည် တကယ်ပင် မောသွားတော့သည်။ ရှက်လည်း ရှက်မိ သည်။ သူ့တစ်မျက်နှာလုံးသည် ထူထူပူပူကြီး ဖြစ်လာသည်။ ထို့ကြောင့် သူ့ကိုယ်သူ အနိုင်နိုင် သယ်၍ ထ ရပ်လိုက်ပြီးလျှင် စစ်ရှုံးသော စစ်သူကြီးတစ်ယောက်၏ အလား ဦးခေါင်းငိုက်စိုက်ချကာ ထိုနေရာမှ ကုပ်ကုပ်ကလေး ထွက်ခွာသွားလေ၏။

## အခန်း (၁၁)

တွမ်သည် ကျောင်းမှ စိတ်ပျက်ခြင်းကြီးစွာဖြင့် ထွက်ခွာလာခဲ့ပြီးနောက် တစ်လမ်းလုံး တွေးတော၍ လာလေ၏။ သူသည် အိမ်တွင် မနေတော့ဘဲ ထွက်ပြေးရန်လည်း စိတ်ကူးလာ၏။ သူသည် လောကကြီးကို ချစ်သလောက် လူတွေကို မုန်းလာ၏။ လူတွေသည် သူ့အား ကောင်းကောင်းမွန်မွန် နေထိုင်သည်ကို မကြည့်လို၊ မမြင်လိုကြဟု သူ ထင်မိလေသည်။ ထို့ကြောင့် တွမ်သည် “ဆိုးပေ”လုပ်ရန်လည်း စိတ်ကူးမိလေသည်။

မကြာမီပင် တွမ်သည် သူ၏ရဲဘော်ကြီး ဂျိုးဟားပါးနှင့် လမ်းတွင် ဆုံမိလေသည်။ ဂျိုးဟားပါးသည်လည်း အကြီးအကျယ် စိတ်ညစ်လာသောသူ ဖြစ်ပေသည်။ အိမ်မှ မလိုင်ကို ခိုးစားမိသည့်အတွက် သူ့အမေက သူ့ကို အတော်နာနာကလေး ရိုက်လွှတ်လိုက်ပေသည်။ ထို့ကြောင့် ယခုအခါတွင် သူငယ်ချင်းနှစ်ယောက်သည် နှစ်ကိုယ့်တစ်စိတ် ဖြစ်နေကြလေ၏။

ဂျိုးဟားပါးက သူ့အကြောင်းကို တွမ့်အား ပြန်ပြောပြသည်။ အိမ်တွင် မနေတော့ဘဲ တောထဲသို့သွားကာ ရသေ့ရဟန်း လုပ်မည်ဟု စိတ်ကူးမိကြောင်းလည်း တွမ့်အား ပြောပြ၏။ ထိုအခါ တွမ်က သူ၏ စိတ်ကူးကို ပြောပြ၏။ တွမ်၏ စိတ်ကူးမှာ ဂျိုးဟားပါးကဲ့သို့ တောထဲသို့ သွားနေရန် မဟုတ်ဘဲ အိမ်မှ ထွက်ပြေး၍ **ပင်လယ်ဓားပြ** လုပ်ကြ

ရန်ပင် ဖြစ်သည်။ ဂျိုးဟားပါးသည် တွမ်၏ စိတ်ကူးကို များစွာ သဘောကျလေ၏။ ထို့ကြောင့် သူတို့နှစ်ယောက်စလုံးသည် အိမ်မှ ထွက်ပြေး၍ ပင်လယ်ဓားပြ လုပ်ကြရန် စိတ်ပိုင်းဖြတ်လိုက်ကြလေ၏။

ထို့နောက် သူငယ်ချင်းနှစ်ယောက်သည် နာမည်ကျော် ဆိုးပေကြီး ဟပ်ကယ်ဗယ်ရီဖင်းအား လိုက်လံရှာဖွေကာ သူတို့နှင့်အတူ ပင်လယ် ဓားပြလုပ်ရန် ပြောဆိုကြလေ၏။ ဟပ်ကယ်ဗယ်ရီဖင်းကား ဖြစ်လေရာ ဘဝတွင် ပျော်ပိုက်နိုင်သူ တစ်ယောက် ဖြစ်လေရာ၊ တွမ်တို့နှင့်အတူ လိုက်ပါရန် အလွယ်တကူပင် သဘောတူ လိုက်ခဲ့လေ၏။

ထို့နောက် ပင်လယ်ဓားပြလောင်းကြီး သုံးယောက်သည် ထိုနေ့ည သန်းခေါင်အချိန်၌ စိန့်ပီတာစဘတ်ရွာ၏ အထက် နှစ်မိုင်ကွာခန့်တွင် ရှိသော နေရာတစ်နေရာတွင် တွေ့ဆုံရန် ချိန်းဆိုလိုက်ကြပြီးလျှင် လူစုခွဲသွားကြလေသည်။ သူတို့သည် လက်လှမ်းမီသမျှ ရှာဖွေခိုးယူ၍ ရသမျှသော စားသောက်ဖွယ်များနှင့် အိုးခွက်ပစ္စည်းများကိုလည်း ရယူ ကြရဦးမည် ဖြစ်သည်။

စိန့်ပီတာစဘတ်ရွာ၏ အောက်ဘက်သုံးမိုင်ကွာခန့်တွင် မစ်စစ္စပီ မြစ်ကြီးသည် တစ်မိုင်ကျော်ကျော်ခန့် အပြောကျယ်လေသည်။ ထိုနေ ရာ၌ ရှည်မျောမျောနှင့် တောထူထပ်သော ကျွန်းကလေး တစ်ကျွန်း ရှိ၏။ ကျွန်းကလေး၏ ထိပ်တွင် သောင်တိမ်ကလေး တစ်ခုလည်း ဖြစ်ထွန်းလျက် ရှိသည်။ ထိုကျွန်းကား "ဂျက်ကဆန်ကျွန်း"ပင် ဖြစ် လေ၏။

ထိုနေ့ည သန်းခေါင်ယံ၌ တွမ်တို့တစ်တွေသည် ချိန်းဆိုထားကြ သော နေရာတွင် ဆုံတွေ့ကြကာ ဝါးဖောင်ကလေး တစ်ခုကို ခိုးယူ ကြိုးဖြုတ်၍ မြစ်ကြောင်းအတိုင်း မျှောဆင်းလာခဲ့ကြလေ၏။ တွမ်သည် သူ့ကိုယ်သူ ဖောင်သူကြီးတစ်ယောက်၏ အလား အမိန့်များ အမျိုးမျိုး

ပေး၍ ဖောင်ကို မျှောဆင်းလာ၏။ ဟပ်နှင့် ဂျိုးတို့ကလည်း သူတို့ ကိုယ်သူတို့ ဖောင်သားများအဖြစ် ခံယူကာ ဖောင်သူကြီးတွမ်၏ အမိန့်များကို နာခံဆောင်ရွက်လျက် ရှိကြလေသည်။ သို့သော် သူတို့၏ ဝါးဖောင်ကလေးကား ရေစီးကြောင်းအတိုင်း သူ့အလိုအလျောက် မျောပါနေခြင်းသာ ဖြစ်လေသည်။ ရေစီးသည် တစ်နာရီလျှင် နှစ်မိုင်သုံးမိုင်နှုန်းခန့်သာ ရှိလေသည်။ တွမ်က "ဗိုလ်မဲကြီး" ဟူသော ပင်လယ်ဓားပြအမည်ကို ခံယူ၏။ ဟပ်က "ဗိုလ်လက်နီ" ဟူသော အမည်ကို ခံယူ၏။ ဂျိုးက "ပင်လယ်တစ္ဆေ" ဟူသော အမည်ကို ခံယူသည်။

မကြာမီပင် သူတို့သုံးယောက်၏ ဝါးဖောင်ကလေးသည် ရွာနှင့်ဝေးကွာ၍ လာလေ၏။ ညသည် မှောင်မိုက်၍ နေ၏။ ကြယ်ရောင်ကလေးများသာ မှုန်မွှားမွှားလင်းလျက် ရှိသည်။ နံနက်နှစ်နာရီ ထိုးချိန်လောက်တွင် သူတို့၏ ဝါးဖောင်ကလေးသည် ဂျက်ကဆန်ကျွန်းထိပ်ရှိ သောင်ခုံတွင် ဆိုက်ကပ်မိလေတော့သည်။ သောင်ခုံသည် ကျွန်းထိပ်မှ ကိုက်နှစ်ရာခန့် ထိုးထွက်လျက် ရှိလေသည်။ သောင်တိမ်ကလေးဖြစ်သည့်အတိုင်း သူတို့သည် ဖောင်ပေါ်မှ ပစ္စည်းများကို သယ်ယူကာ ရေထဲတွင် လမ်းလျှောက်၍ ကျွန်းပေါ်သို့ လာခဲ့ကြလေ၏။

ကျွန်းပေါ်သို့ ရောက်လာကြသောအခါ ဖောင်ပေါ်မှ ပါလာသော ရွက်အဟောင်းအဆွေး တစ်ခုကို ချုံပုတ်တစ်ခုတွင် ဖြန့်လွှမ်းလိုက်ကာ တဲထိုးလိုက်ကြလေ၏။ ထိုတဲကို သူတို့သည် ပစ္စည်းများ သိုလှောင်ထားရှိရန် အသုံးပြုကြ၏။ သူတို့ကိုယ်တိုင်မူကား ပင်လယ်ဓားပြများ၏ ထုံးစံအတိုင်း အကာအကွယ် ကင်းမဲ့သော မြေကြီးပေါ်တွင် အိပ်စက်ကြရန် ဆုံးဖြတ်လိုက်ကြလေသည်။ ထို့နောက် သူတို့သည် လဲကျနေသော သစ်ပင်ကြီးတစ်ပင်ကို အကာအကွယ် ပြုလုပ်၍ မီးပုံတစ်ပုံကို ဖိုလိုက်ကြပြီးလျှင် သူတို့တွင် ပါလာသော ဝက်ပေါင်ခြောက် အချို့ကို

ဒယ်အိုးတစ်ခုတွင် ထည့်၍ ညစာအဖြစ် ကြော်ချက်၍ စားသောက်ကြလေ၏။

တောကြီးမျက်မည်း အတိသာလျှင် ဖြစ်သော ဂျက်ကဆန် ကျွန်းကလေးပေါ်တွင် သူတို့သည် အပျော်ကြီး ပျော်လျက် ရှိကြလေသည်။ သုံးယောက်စလုံးသည် ရွာသို့ မပြန်တော့ဟုလည်း အသီးသီး စိတ်ပိုင်းဖြတ်ထားလိုက်ကြလေသည်။ ထို့နောက် စားသောက်စရာလည်း မကျန်တော့၍ ဝမ်းဗိုက်လည်း ဝလင်သွားကြသောအခါ သုံးယောက်သားသည် မြက်ပင်များပေါ်တွင် လဲလျောင်း၍ သူတို့၏ ဘဝကို အကျေနပ်ကြီး ကျေနပ်၍ နေကြတော့လေ၏။

သုံးယောက်သားသည် ကိုယ့်အတွေးနှင့်ကိုယ် အသီးသီး ရှိနေကြရာမှ ပြောချင်ရာ ပြော၊ ဆိုချင်ရာ ဆိုလျက် ရှိကြလေသည်။ သူတို့သည် ရသေ့လုပ်ရသည့် အကြောင်းကိုလည်း ပြောကြ၏။ ရသေ့များသည် အဘယ့်ကြောင့် ဒေါက်ခြာဆောင်း၍ နဖူးကို ပြာသုတ်ရသည့် အကြောင်းကိုလည်း သူတို့ ဆွေးနွေးဆန်းစစ်ကြ၏။ ထို့နောက် ဟပ်က တွမ်အား ပင်လယ်ဓားပြအကြောင်း မေးသည်။ ပင်လယ်ဓားပြများ ဘာလုပ်ကြရသည်ကို ဟပ်က သိချင်၏။ တွမ်က ပင်လယ်ဓားပြများသည် သင်္ဘောများကို တိုက်ခိုက်၍ မီးရှို့ရကြောင်း၊ သင်္ဘောပေါ်တွင် ပါလာသောလူများကို နှိပ်စက် ညှဉ်းပန်း၍ ရွှေငွေနှင့် ပစ္စည်းများကို တိုက်ခိုက်လုယူရကြောင်း၊ လုယူ၍ရသော ရွှေငွေပစ္စည်းများကို ကျွန်းပေါ်တွင် မြှုပ်၍ တစ္ဆေများကို အစောင့်ခိုင်းရကြောင်း၊ သင်္ဘောပေါ်တွင် တွေ့သမျှသော လူများကိုလည်း သတ်ပစ်ရကြောင်းတို့ကို ဟပ်အား ပြန်၍ ပြောပြလေသည်။ ထိုအခါ ဂျိုးက ပင်လယ်ဓားပြများသည် မိန်းမများကို မသတ်ကြောင်း၊ ကျွန်းပေါ်သို့ ခေါ်ဆောင်သွားလေ့ ရှိကြောင်းတို့ကို ကြားဝင်၍ ပြောလေသည်။ ထိုအခါ တွမ်က ဂျိုး ပြောသည့်အချက်ကို

သဘောတူလိုက်ပြီးလျှင် 'မိန်းမတွေကို ပင်လယ်ဓားပြတွေ ဘာပြုလို့ မသတ်သလဲ…သိလား၊ မိန်းမတွေဟာ ဂုဏ်ရှိလို့ကွ၊ ပြီးတော့လည်း မိန်းမတွေဟာ အမြဲတမ်း လှပနေကြလို့ကွ' ဟု ထပ်မံ ဖြည့်စွက်၍ ပြောဆိုလိုက်လေ၏။

ပင်လယ်ဓားပြကြီး သုံးယောက်သည် ကျွန်းပေါ်တွင် မကြာမီပင် အိပ်ငိုက်၍ လာကြတော့လေ၏။ ထို့နောက် ဗိုလ်လက်နီ အမည်ခံ ဟပ်သည် ဖွာရှိုက်နေသောဆေးတံ လက်ထဲမှ လွတ်ကျကာ အိပ်ပျော်၍ သွားလေသည်။ ပင်လယ်တစ္ဆေ အမည်ခံ ဂျိုးနှင့် ဗိုလ်မဲကြီး အမည်ခံ တွမ်တို့နှစ်ယောက်ကား အတွေးနယ်ချဲ့နေမိကြ၍ မျက်လုံးများ ကြောင်နေကြလေသည်။ သူတို့သည် မျက်လုံးကို မှိတ်ကြပါသော်လည်း အိပ်၍ကား မပျော်နိုင်ကြချေ။ ကျူးလွန်မိခဲ့ကြသော ခိုးမှု၊ ဝှက်မှုများကို တွေးတောကာ သူတို့နှစ်ယောက်သည် ကြောက်ရွံ့၍ နေကြလေသည်။ ထို့ကြောင့် နှစ်ယောက်စလုံးသည် စိတ်ထဲမှ ကျိတ်၍ ဘုရားရှိခိုးကာ ဆုတောင်းလိုက်ကြ၏။ သို့သော် ကြောက်စိတ်သည် ပြေပျောက်၍ မသွားသေးဘဲ သူတို့နှစ်ယောက်မှာ အိပ်စက်၍ မပျော်နိုင်ကြသေးချေ။ နောက်ဆုံးတွင်မှ လွန်သည်များလည်း လွန်ပေစေတော့၊ ရှေ့တွင်သာ နောက်ထပ်၍ မခိုးဝှက်တော့ဟု စိတ်ပိုင်းဖြတ်ကာ ဖြေဖျောက်လိုက်သော အခါမှပင် ကြောက်စိတ်လည်း ပြေပျောက်၍သွားလျက် အိပ်ပျော်ခြင်းသို့ ရောက်ရှိခဲ့ကြတော့လေသည်။

## အခန်း (၁၂)

နောက်တစ်နေ့ နံနက်တွင် တွမ်သည် အိပ်ရာမှ အစောကြီး နိုး၍ လာလေ၏။ ပြာလဲ့သော အလင်းရောင်သည် မှုန်မွှားမွှားသာလျှင် ရှိသေး၏။ မိုးထိန်ထိန် မလင်းသေးချေ။ ဟပ်နှင့် ဂျိုးကား တခေါခေါဖြင့် အိပ်မောကျလျက်ပင် ရှိနေကြသေးသည်။

ကျွန်းတစ်ခုလုံးတွင် ငှက်သံ၊ သစ်ရွက်စဝ်သံများမှအပ အခြားဘာသံမျှ မကြားရပေ။ လောကသဘာဝကြီးသည် သာယာချင်တိုင်း သာယာ၍ နေလေသည်။ သစ်ပင်များသည် လေထဲတွင် ယိမ်းက၍ တေးချင်းကို ညည်းနေကြ၏။ ငှက်ငယ်ကလေးများကလည်း သစ်ပင်များ ထက်မှ တေးချင်းကိုသီကာ နံနက် နေအထွက်ကို ကြိုဆိုနှုတ်ဆက်ကြလေသည်။

တွမ်၏ စိတ်သည် လွန်မင်းစွာ ကြည်နူးရွှင်ပျ၍ နေလေ၏။ သူသည် ပိုးကောင်ငယ်လေးများ သွားလာလှုပ်ရှားလျက် ရှိသည်ကို စောင့်၍ ကြည့်ရှုနေ၏။ သစ်ရွက်များပေါ်တွင် တင်နေသော နှင်းစက်နှင်းပေါက်ကလေးများ မြေကြီးပေါ်သို့ တဖြောက်ဖြောက် ကြွေဆင်းနေသည်ကိုလည်း တွမ်သည် ကြည့်ကောင်းကောင်းရှိသည်နှင့် ကြည့်၍ နေလေသည်။ လိပ်ပြာကလေးများလည်း ဟိုမှသည်မှ ပျံသန်း၍ လာကြ

၏။ ပုရွက်ဆိတ်ကလေးများလည်း တန်းစီကာ အစာရှာထွက်လာကြလေသည်။ ဤသို့ဖြင့် ထွန်းလင်းသော နေရောင်ခြည်သည် အုပ်ဆိုင်း၍နေသော သစ်ရွက်သစ်ခက်များ အကြားမှ ထိုးဖောက်လျက် မြေပေါ်သို့ကျရောက်၍ လာတော့လေသည်။ မိုးစင်စင် လင်းလေပြီ။ တွမ်သည်အိပ်ပျော်လျက် ရှိကြသေးသော ဟပ်နှင့် ဂျိုးတို့ကို လှုပ်၍ နှိုးလိုက်လေ၏။

မကြာမီပင် သုံးယောက်သားသည် သောင်ပြင်ဆီသို့ ပြေးသွားကြကာ အဝတ်အစားများကို ချွတ်၍ ရေကူး ဆော့ကစားကြလေ၏။ သူတို့သည် သူတို့၏ ရွာကလေးကို အဝေးဆီတွင် လှမ်း၍ မြင်နေကြရသော်လည်း လွမ်းရမှန်း မသိကြတော့ပြီ။ သောင်ပြင် ရေတိမ်တွင်သာဆော့ကစားရင်း အပျော်ကြီး ပျော်နေမိကြလေသည်။ သူတို့ စီးနင်းလှော်ခတ်လာသော ဝါးဖောင်ကလေးကား ညက ရေအတက်တွင် မြစ်ထဲသို့ မျောပါသွားခဲ့ပြီ ဖြစ်သည်။ ထို့ကြောင့် သူတို့သည် ရွာသို့ ပြန်နိုင်ရန် လမ်းမရှိတော့ချေ။ အဆက်အသွယ်ကား ပြတ်ခဲ့လေပြီ။

ပျော်ရွှင်စွာ ရေကစား၍ ပြီးကြသောအခါ သူတို့သည် ကျွန်းကလေးပေါ်ရှိ သူတို့၏ စခန်းသို့ ရွှင်လန်းစွာ ပြန်လာခဲ့ကြလေ၏။ ရောက်သောအခါ မီးပုံကို ပြန်လည်၍ ဖိုလိုက်ကြ၏။ ထို့နောက် စမ်းပေါက်ကလေး တစ်ခုမှ ကြည်လင်အေးမြလှသော ရေကို ဖက်ရွက်ကတော့များဖြင့် ခပ်၍ ဝလင်စွာ သောက်ကြလေ၏။ ရေသည် အရသာထူးကဲလှသောကြောင့် သူတို့သည် ကော်ဖီအမှတ်ဖြင့် အားရပါးရသောက်လိုက်ကြလေသည်။ ထို့နောက် ဂျိုးသည် ဝက်ပေါင်ကို ကြော်ချက်၍ စားရန် လှီးဖြတ်၍ နေ၏။ တွမ်နှင့်ဟပ်သည် ဂျိုးအား ခဏစောင့်ရန် မှာထားပြောကြားပြီးလျှင် ငါးမျှားတံများကို ယူ၍ ငါးမျှားသွားကြလေ၏။ ချက်ချင်းပင် သူတို့သည် ငါး လေးငါးကောင် ရလာ

ကာ ပြန်ရောက်လာကြ၏။ ဂျိုးသည် ထိုငါးများကို ဝက်ပေါင်နှင့် ရော၍ ကြော်လေ၏။

ငါးများမှာ စား၍ လွန်စွာ အရသာရှိသောကြောင့် သူငယ်ချင်း သုံးယောက်သည် စား၍ မဝနိုင်အောင် ရှိကြလေ၏။ ရေချိုငါးများသည် ဖမ်းမိ၍ ရလျှင်ရချင်း ကြော်ချက်၍ စားသောက်က အရသာထူးကဲ ကောင်းမွန်လှကြောင်းကို သူတို့ခမျာ မသိရှာကြချေ။ ထိုမှတစ်ပါးလည်း သူတို့တစ်တွေသည် ပြင်းထန်စွာ ဆော့ကစားထားသည့်အတွက် အလွန်အမင်း ဆာလောင်မွတ်သိပ်၍ နေကြသောကြောင့်လည်း စားသောက်၍ လွန်စွာ မြိန်ဆိမ့်ကြခြင်း ဖြစ်လေသည်။

ထို့နောက် သူတို့သည် တစ်ကျွန်းလုံးသို့ လှည့်လည်ကာ ကြည့်ရှုကြလေ၏။ သူတို့သည် ကျွန်းပေါ်တွင် ရှေးက မမြင်ဖူးသေးသော အရာဝတ္ထုများကိုလည်း အထူးအဆန်းသဖွယ် တွေ့ကြရ၏။ ကျွန်းကလေးသည် အလျား သုံးမိုင်ခန့်ရှိ၍ အကျယ် နှစ်ဖာလုံခန့် ရှိသည့် အဖြစ်ကိုလည်း တွေ့မြင် သိရှိခဲ့ကြလေသည်။ တစ်နေရာတွင် ကျွန်းဆွယ်နှင့် ကမ်းခြေတို့သည် ကိုက်နှစ်ရာခန့်မျှသာ ကွာဝေးလျက် ရေလက်ကြားကလေးတစ်ခု ဖြတ်သန်းစီးဆင်းနေသည်ကို သူတို့ တွေ့မြင်ခဲ့ကြရလေ၏။

ထို့နောက် သူတို့သည် စခန်းတစ်နေရာသို့ ပြန်လာကြ၏။ တစ်နာရီ တစ်ကြိမ်ခန့် ရေဆင်းကူးကြ၏။ ဝက်ပေါင်များကို စားကြပြန်၏။ ဝိုင်းဖွဲ့ကာ ထိုင်၍ တွေ့ကရာရှစ်သောင်း လျှောက်ပြောကြ၏။ သို့သော် သူတို့သည် ကြာရှည် လေမပန်းနိုင်ခဲ့ကြချေ။ ကျွန်း၏ တိတ်ဆိတ် ငြိမ်သက်ခြင်းက သူတို့ကို ဖမ်းစား ညှို့ယူလိုက်သည့်အတွက် သူတို့တစ်တွေလည်း နှုတ်ပိတ် တိတ်ဆိတ်၍ သွားကြပြီးလျှင် အတွေးကိုယ်စီနှင့် ဖြစ်နေကြလေ၏။ ထိုအခါ ဝေခွဲ၍မရသော လွမ်းစိတ်သည်

သူတို့၏ ရင်ထဲသို့ တစိမ့်စိမ့် ဝင်ရောက်၍ လာလေ၏။ သူတို့သည် အိမ်ကို အလွမ်းကြီး လွမ်းမိကြလေ၏။ ဗိုလ်လက်နီ အမည်ခံ ဟပ် သည်ပင်လျှင် ရွာတွင် သူ အိပ်စက်ခဲ့ရသော အိမ်ရှေ့ လှေကားထစ်များ နှင့် စည်ပိုင်းလွတ်များကို အောက်မေ့ လွမ်းဆွတ်၍ နေလေသည်။ သို့သော် သူတို့သည် ရင်ထဲတွင် ဖြစ်ပေါ်လျက်ရှိသော လွမ်းစိတ်၊ ဆွေးစိတ်ကို မည်သူမျှ စတင်ထုတ်ဖော်၍ မပြောဆိုရဲကြချေ။ ထိုသို့ ထုတ်ဖော် ပြောဆိုရမည်ကို အသီးသီး တစ်ယောက်ကို တစ်ယောက် ရှက်ကြောက်၍ နေခဲ့ကြလေသည်။

ယင်းသို့ အသီးသီး တိတ်ဆိတ်ငြိမ်သက်လျက် ရှိကြစဉ်တွင် အဝေးဆီမှ ထူးခြားသော အသံတစ်သံကို သူတို့ ကြားရလေ၏။ ထိုအသံကား မိုးခြိမ်းသံကဲ့သို့ ဟိန်းလေသည်။ ကျွန်းပေါ်တွင် အပ်ကျ သံကိုပင် ကြားနိုင်လောက်လေရာ ထူးခြားသော ထိုအသံ ထွက်ပေါ် လာသောအခါ သူငယ်ချင်းသုံးယောက်သည် တိတ်ဆိတ်နေကြရာမှ လှုပ်ရှား၍ လာကြလေ၏။

'ဘာသံလဲဟေ့' ဟု ဂျိုးက လေသံဖြင့် မေးသည်။

'ငါလည်း စဉ်းစားနေတာပဲ' ဟု တွမ်က လေသံဖြင့် ပြန်ဖြေ သည်။

'ဒါဟာ မိုးခြိမ်းသံတော့ မဟုတ်ဘူးကွ။ မိုးခြိမ်းသံက...' ဟု ဟပ်သည် ဆက်ပြောမည်ပြုစဉ် တွမ်က 'နားထောင်စမ်း... နားထောင် စမ်း၊ စကားမပြောဘဲနဲ့ နားထောင်စမ်း' ဟု ကြားဝင်၍ ပြောဆို ဟန့်တားလိုက်လေသည်။

သူတို့သည် စောင့်စား၍ နားထောင်ကြလေ၏။ အတန်ငယ် ကြာသောအခါ မိုးခြိမ်းသံကဲ့သို့ ဟိန်းလှသော အသံကြီးတစ်သံကို ရှေးနည်းအတိုင်း ကြားကြရပြန်လေ၏။

'ကိုင်း… လာဟေ့၊ သွားကြည့်ကြရအောင်'ဟု ဆိုကာ သူတို့လည်း ရွာနှင့် အနီးစပ်ဆုံးသော ကမ်းခြေဘက်သို့ ပြေးသွားကြလေ၏။

ရွာ၏အောက်ဘက် တစ်မိုင်ကွာခန့် မြစ်လယ်ကောင်တွင် ကူးတို့မီးသင်္ဘောငယ်ကလေးသည် ရေစီးကြောင်း၌ မျောပါနေလေသည်။ ကျယ်ပြန့်သော ၎င်း၏ ကုန်းပတ်ပေါ်၌ကား လူများဖြင့် ပြည့်ကျပ်၍နေသည်။ မီးသင်္ဘောကလေး၏ အနီးအနား ပတ်ပတ်လည်တွင်ကား လှေငယ်ကလေးပေါင်း မြောက်မြားစွာ လူးလာ လှော်ခတ်လျက် ရှိလေသည်။

တွမ်တို့သည် ကျွန်းစပ် တစ်နေရာမှ ကြည့်ရှုနေကြရာ အထက်ပါမီးသင်္ဘောကလေးနှင့် လှေသမ္ဗန်တို့ကို တွေ့မြင်ကြရသော်လည်း အဖြစ်ကိုကား မတွေးတတ်အောင် ရှိနေခဲ့ကြလေသည်။ ထိုစဉ်တွင်ပင် မီးသင်္ဘောကလေး၏ နံဘေးဆီမှ မီးခိုးတန်းတစ်ခု အူထွက်လာပြီးလျှင် ကောင်းကင်သို့တက်၍ မိုးခြိမ်းသံကဲ့သို့ ဟိန်းသောအသံကို ဖြစ်ပေါ်စေလေ၏။

'ငါ သိပြီဟေ့၊ တစ်ယောက်ယောက် ရေနစ်လို့ ရှာနေကြတာကွ' ဟု တွမ်က ပြောလိုက်သည်။

ထိုအခါ ဟပ်ကလည်း 'အေး… ဟုတ်တယ်၊ မနှစ်နွေတုန်းက "ဘီးတန်းနား" ရေနစ်တုန်းကလည်း သူတို့ ဒီလိုပဲ ရှာကြတယ်'ဟု ထောက်ခံပြောဆိုသည်။ ထို့နောက် ဟပ်ကပင် ဆက်လက်၍ 'သူတို့ဟာ လူတစ်ယောက်ယောက် ရေနစ်လို့ ရှာတဲ့အခါမှာ ရေပေါ်ကို ရှပ်ပြီးတော့ အမြောက်ပစ်ဖောက်လိုက်တယ်။ အဲဒီအခါမှာ ရေနစ်တဲ့ သူရဲ့အလောင်းလည်း ရေပေါ်ကို တစ်ခါတည်း ပေါ်တက်လာတာပဲကွ။ ပြီးတော့ နောက်တစ်နည်းလည်း ရှိသေးတယ်။ အဲဒီနည်းကတော့ ပေါင်မုန့်လုံးတွေထဲကို ပြဒါးထည့်ပြီးတော့ ရေထဲမျှောလိုက်တဲ့နည်းပဲ။

အေးကွာ... အတော်တော့ ဆန်းတယ်။ ဒီအဲလို ပြဒါးထည့်ပြီး မျှော လိုက်တဲ့ အခါမှာ ပေါင်မုန့်လုံးတွေဟာ ရေနစ်သူရဲ့ အနားမှာ ကပ်ပြီး ပေါ်နေတော့တာပဲတဲ့ ကွာ။ ဘယ်မှလည်း မရွေ့တော့ဘူးတဲ့'ဟု ပြော လေသည်။

'အေး...ငါလည်း ကြားဖူးတယ်ကွ။ ပေါင်မုန့်ကို ဒီလိုစွမ်းအောင် ဘယ်လိုများ လုပ်လွှတ်လိုက်ကြတယ် မသိဘူးနော်။ ငါတော့ သိပ် အံ့ဩတာပဲ'ဟု ဂျိုးက ပြော၏။

ထိုအခါ တွမ်က 'အိုကွာ... ပေါင်မုန့်က စွမ်းလှလို့ မဟုတ်ပါ ဘူး။ သူတို့ကို ရေမမျှောခင်မှာ မန်းမှုတ် လွှတ်လိုက်တဲ့ ဂါထာမန္တန် တွေက အစွမ်းထက်လွန်းလို့ပါကွာ' ဟု ပြောသည်။

'ဒါပေမဲ့ ငါ တွေ့ဖူး မြင်ဖူးသလောက်တော့ ဘယ်သူ ဘယ်ဝါ ကမှ ဂါထာ မန္တန်တွေ မမန်းမှုတ်ပါဘူးကွာ' ဟု ဟပ်က စောဒက တက်လိုက်၏။

'အေး...အဲဒါ ခွကျတာပဲ။ ဒါပေမဲ့ သူတို့ဘာသာ သူတို့တော့ စိတ်ထဲက ကျိတ်ပြီးတော့ မန်းမှုတ်ကြမှာပေါ့ကွာ။ ဒါကတော့ သေချာ ပါတယ်'

တွမ်က ပြန်လည် ရှင်းလင်းပြောပြသည်ကို သူ၏ ရဲဘော် နှစ် ယောက်ကလည်း သဘောတူ ကျေနပ်ကြလေသည်။ အကြောင်းကား ဘာမှ သိနားလည်ခြင်း မရှိသော ပေါင်မုန့်တစ်လုံးသည် လူတို့က ထက်မြက်သော ဂါထာမန္တန်များဖြင့် မန်းမှုတ်စေခိုင်းခြင်းသာ မရှိက ဤသို့ ထူးချွန်စွာ ဆောင်ရွက်နိုင်လိမ့်မည် မဟုတ်ဟု သူတို့ ယုံကြည် နေကြသောကြောင့် ဖြစ်လေသည်။

ထို့နောက် သူငယ်ချင်းသုံးယောက်သည် ရွာသို့ပြန်ကာ မည်သူ

ရေနစ်သည်ကို စုံစမ်းချင်ကြကြောင်းဖြင့် တစ်ယောက်ကို တစ်ယောက် ပြောဆို၍ နေကြလေသည်။

သို့သော် ၎င်းတို့ သုံးယောက်ထဲတွင် အသိဉာဏ် ထက်မြက်လှသော တွမ်သည် ခဏအကြာတွင် မည်သူ ရေနစ်သည်ကို စိတ်ထဲတွင် ထင်းခနဲ သိမြင်၍ လာလေ၏။

'ဟောကောင်တွေ ဘယ်သူ ရေနစ်တယ်ဆိုတာ ငါ သိပြီကွ၊ ရေနစ်တာ တို့တစ်တွေပေါ့'

သုံးယောက်စလုံးသည် များစွာ ပျော်ရွှင်သွားကြလေ၏။ သူတို့သည် ကျဆုံးသူ သူရဲကောင်းကြီးများ ဖြစ်မှန်းမသိ ဖြစ်နေကြလေပြီ။ သူတို့၏ ရည်ရွယ်ချက်လည်း အောင်မြင်ပေပြီ။ ရွာတွင် သူတို့ မရှိတော့ကြောင်းကို ရွာကလူများ သိသွားခဲ့ကြလေပြီ။ ရွာက လူများသည် သူတို့အတွက် ဝမ်းနည်းပူဆွေးကြရပြီ။ သူတို့အတွက် မျက်ရည်မိုး ရွာကြရပြီ။ သူတို့အကြောင်းကို အကောင်းရော အဆိုးပါ တသသ ပြောဆိုမဆုံး ရှိကြတော့မည်။ ထိုသို့ စဉ်းစားမိသောအခါ တွမ်၊ ဟပ် နှင့် ဂျိုးတို့သည် ပင်လယ်ဓားပြ ဘဝကို လွန်စွာ နှစ်သက်စုံမက်၍ သွားကြလေတော့၏။ ပင်လယ်ဓားပြ လုပ်ရကျိုးလည်း နပ်ပြီဟု သူတို့ ယူဆကြလေသည်။

ညနေ နေဝင်ဆည်းဆာ အချိန်လောက်တွင် မီးသင်္ဘောကလေးနှင့် လှေသမ္ဗန်များလည်း လက်လျှော့ကာ ရွာသို့ ပြန်လည် ထွက်ခွာသွားကြလေ၏။ တွမ်တို့ တစ်တွေလည်း စိတ်အကျေနပ်ကြီး ကျေနပ်ကာ စခန်းနေရာဆီသို့ ပြန်လာခဲ့ကြလေသည်။

ထိုနေ့ညတွင် ဟပ်သည် အစောကြီး အိပ်ပျော်၍ သွား၏။ ဟပ် အိပ်ပျော်သွားပြီးသည့်နောက် မကြာမီပင် ဂျိုးလည်း အိပ်ပျော်၍ သွား၏။ တွမ်ကား စဉ်းစားခန်း ဝင်နေလေသည်။ ထို့နောက် လဲ

လျှောင်းနေရာမှ တိတ်တဆိတ် ထ သွားကာ မြက်ပင်များအကြားမှ ပိုးစာပင် အခေါက်ပါးပါး နှစ်လွှာကို ရှာဖွေ ကောက်ယူလိုက်၏။ ထို့နောက် တွမ်သည် ယင်းပိုးစာပင် အခေါက် နှစ်လွှာစလုံးပေါ်တွင် ဆူးညွန့်တစ်ခုဖြင့် စာများ ရေးခြစ်လိုက်ပြီးလျှင် တစ်လွှာကို လိပ်၍ သူ့အိတ်ထဲသို့ ထည့်လိုက်၏။ ကျန်သော တစ်လွှာကိုကား ဂျိုး၏ ဦးထုပ်တွင် ထိုးထားလိုက်ပြီးလျှင် ဦးထုပ်ကို ခပ်လှမ်းလှမ်း တစ်နေရာသို့ လွှင့်ပစ်ထားလိုက်လေသည်။

ထို့နောက် တွမ်သည် စခန်းနေရာမှ တိတ်တဆိတ် ချွတ်နင်း၍ ထွက်ခွာလာကာ အတော်လှမ်းလှမ်းသို့ ရောက်သောအခါမှပင် သောင်ပြင်ဆီသို့ ဦးတည်လျက် ခြေကုန်သုတ်၍ ပြေးထွက်ခဲ့လေ၏။

## အခန်း (၁၃)

တွမ်သည် ကမ်းစပ်သို့ ရောက်သောအခါ ရေထဲသို့ ဆင်း၍ လျှောက်သွားလေ၏။ ကိုက်တစ်ရာခန့် သွားမိသောအခါ ရေသည် ခြေထောက်၍ မမီအောင် နက်လာလေသည်။ တစ်ဖက်ကမ်းကား အီးလီးနွိုက်ကမ်းခြေ ဖြစ်သည်။ တွမ်သည် အီးလီးနွိုက်ကမ်းခြေနှင့် ကိုက်တစ်ရာခန့်မျှသာ ဝေးကွာသော နေရာသို့ ရောက်လာသောအခါ ရေစီးသန်လှသော ရေလက်ကြားကို လက်ပစ်ကူး၍ ဖြတ်လေ၏။ အတော်ကလေးအပင်ပန်းခံကာ ကြိုးစား၍ ကူးယက်လိုက်သောအခါ တွမ်သည် အီးလီးနွိုက် ကမ်းခြေကို ခြေထောက်၍ မီသွားတော့သည်။ ထို့ကြောင့် ကုန်းပေါ်သို့ ပြေးတက်ကာ ကမ်းခြေအတိုင်း ရွာဘက်ဆီသို့ ဒုန်းစိုင်း၍ ပြေးလေ၏။ တွမ်သည် တောအုပ်များကို ဖြတ်သန်း၍ အတန်ကြာပြေးလွှားမိသောအခါ ရွာနှင့်တည့်တည့် တစ်ဖက်ကမ်းဆီသို့ ရောက်လာလေသည်။

ကူးတို့မီးသင်္ဘောကလေးသည် ဆိပ်ကမ်းတွင် တိတ်ဆိတ်စွာ ဆိုက်ကပ်ထား၏။ တွမ်သည် ကူးတို့မီးသင်္ဘောကလေး၏ ပဲ့တွင် ချိတ်ဆွဲထားရှိသော လှေငယ်ကလေး တစ်စင်းပေါ်သို့ တက်ကာ

တိတ်တဆိတ် လှဲအိပ်၍ နေလိုက်လေ၏။ အချိန်ကား ညဆယ်နာရီ ထိုးလုနီးနီး ရှိပေပြီ။

မကြာမီပင် မီးသင်္ဘောကလေးပေါ်မှ ခေါင်းလောင်းထိုးသံနှင့် အတူ "ကမ်းမှ ထွက်ခွာတော့" ဟု အမိန့်ပေးသံကိုလည်း တွမ် ကြား လိုက်ရလေသည်။ ဤကူးတို့ကား နောက်ဆုံးကူးတို့ ဖြစ်၏။ တွမ်သည် နောက်ဆုံးကူးတို့ကို မီလိုက်သည့်အတွက် အပျော်ကြီး ပျော်နေလေသည်။ ကူးတို့ မီးသင်္ဘောကလေးလည်း တစ်ဖက်ကမ်းမှ ရွာဘက်ကမ်းသို့ စတင် ခုတ်မောင်းစ ပြုလေ၏။

ဆယ့်ငါးမိနစ်ခန့် ကြာသွားသောအခါ မီးသင်္ဘောကလေးမှ စက်သံလည်း ရပ်သွားတော့၏။ ရွာကမ်းသို့ ကပ်မိချေပြီ။ တွမ်သည် လှေကလေးပေါ်မှ ရေထဲသို့ အသာကလေး တွယ်ဆင်းလိုက်ကာ ရေစီး အတိုင်း ကိုက်ငါးဆယ်ခန့် မျော၍ ကူးခတ်သွားပြီးလျှင် ကမ်းပေါ်သို့ တက်လေ၏။ ထို့နောက် ကုန်းပေါ်သို့ ရောက်သောအခါ တွမ်သည် လမ်းကြိုလမ်းကြားများထဲမှ ဖြတ်၍ အိမ်ဆီသို့ ပြေးလေသည်။

တွမ်သည် မကြာမီပင် အိမ်နောက်ဖေး ခြံစည်းရိုးသို့ ချဉ်းကပ် မိ၏။ ခြံစည်းရိုးကို ကျော်တက်၍ ခြံထဲသို့ ဝင်လိုက်၏။ ထို့နောက် ဝပ်တွား၍ သွားကာ ဧည့်ခန်း ပြတင်းပေါက်မှနေ၍ အိမ်ထဲသို့ ချောင်း ကြည့်လိုက်လေသည်။ ဧည့်ခန်းထဲ၌ မီးလင်းလျက် ရှိသေးသည်။ ဒေါ်ဒေါ်ပေါ်လီ၊ ဆစ်၊ မေရီနှင့် ဂျိုးဟားပါး၏ အမေဖြစ်သူတို့ ဝိုင်း ထိုင်၍ စကားပြောနေကြသည်ကို တွမ် မြင်ရ၏။ တွမ်သည် တံခါး မကြီးဆီသို့ သွားကာ ထိုးထားသော ကန့်လန့်ကို လက်လျှို၍ အသာ ကလေး မ ဖြုတ်လိုက်၏။ ကန့်လန့် ပြုတ်သွားသောအခါ တံခါးကို အသာကလေး ဖိတွန်းကြည့်ရာ တံခါးရွက်သည် ကျွီခနဲ မြည်ကာ အနည်းငယ် ဟ သွား၏။ ထို့နောက် တွမ်သည် သတိထားကာ

တံခါးကို အနည်းငယ် ဖိတွန်းလိုက်ပြန်၏။ တံခါးရွက်လည်း ကျွိခနဲ မည်ကာ အနည်းငယ် ပွင့်သွားပြန်သည်။ ဤသို့ဖြင့် ခေါင်းဝင်ဆံ့လောက်အောင် တံခါးပွင့်သွားသောအခါ တွမ်သည် လေးဖက်ထောက်၍ အိမ်ထဲသို့ ဝင်လိုက်ပြီးလျှင် တံခါးမကြီးနှင့် ဒေါ်ဒေါ်ပေါ်လီတို့ ထိုင်၍ စကားပြောနေကြသော နေရာအကြားတွင် ရှိသည့် ခုတင်အောက်သို့ လျင်မြန်စွာ ဝင်ရောက်ပုန်းကွယ်၍ နေလိုက်လေသည်။

ဒေါ်ဒေါ်ပေါ်လီတို့ တစ်တွေသည် ပျောက်ဆုံးနေကြသော တွမ်တို့၏ အကြောင်းကို တသသ ပြောဆိုနေကြခြင်း ဖြစ်သည်။ တွမ်သည် ခုတင်အောက်မှ နေ၍ အသက်မျှ ရဲရဲမရှူဝံ့ဘဲ ဒေါ်ဒေါ်ပေါ်လီတို့ ပြောဆိုကြသည်များကို နားထောင်၍ နေလေသည်။

ဒေါ်ဒေါ်ပေါ်လီက တွမ်၏ ဂုဏ်ပုဒ်များကို ချီးကျူးထုတ်ဖော်၍ တသသပြောဆိုရင်း တရှိုက်ရှိုက် ငို၏။ ဂျိုးဟားပါး၏ အမေလည်း ဂျိုး၏ ဂုဏ်ပုဒ်များကို ချီးကျူးထုတ်ဖော်၍ တသသ ပြောဆိုရင်း တရှိုက်ရှိုက် ငို၏။ မေရီကား လက်ကိုင်ပဝါတစ်ထည်ဖြင့် နှပ်တရွှဲရွှဲ မျက်ရည်တသုတ်သုတ် ဖြစ်နေလေသည်။ ဆစ်တစ်ယောက်သာလျှင် မည်သို့မျှ ထူးခြားပြောင်းလဲခြင်း မရှိဘဲ တွမ် ပျောက်ဆုံးနေသည်မှာ ပိုမို၍ ကောင်းသည်ဟု ဝင်ရောက် ပြောဆိုမိသည့်အတွက် ဒေါ်ဒေါ်ပေါ်လီ၏ ကြိမ်းမောင်းမာန်မဲခြင်းကို ခံလိုက်ရလေသည်။

တွမ်သည် ဒေါ်ဒေါ်ပေါ်လီတို့တစ်တွေ ပြောဆိုနေကြသည်များကို ကြားရသောအခါ စိတ်ထဲတွင် ကတုန်ကယင်ကြီး ဖြစ်လာ၏။ ဝမ်းနည်းကြေကွဲ၍ လာ၏။ အဘွားကြီးတွေကို စိတ်ဒုက္ခပေးမိသည့်အတွက် စိတ်မကောင်း ဖြစ်လာ၏။ သူသည် ခုတင်အောက်မှ ပြေးထွက်ကာ ဒေါ်ဒေါ်ပေါ်လီ၏ ခြေထောက်ကို ဖက်၍ တောင်းပန်လိုက်ချင်သော

စိတ်များပင် ပေါ်ပေါက်၍ လာလေသည်။ သို့သော် ထိုသို့ မပြုလုပ်မိစေရန် သူ့စိတ်ကိုသူ အနိုင်နိုင် ထိန်းသိမ်း၍ ထားခဲ့လေသည်။

တစ်ကြိမ်တွင် ဒေါ်ဒေါ်ပေါ်လီတို့ ပြောဆိုနေကြသည်ကို နားထောင်ရင်း တွမ်သည် ကျောရိုးထဲမှ စိမ့်ကာ တုန်လှုပ်၍ပင် သွားမိ၏။ အကြောင်းကား ရွာရိုလူများသည် ပျောက်ဆုံးနေကြသော သူတို့တစ်တွေကို တနင်္ဂနွေနေ့တိုင်အောင် ရှာဖွေ၍ မတွေ့သေးလျှင် ထိုနေ့နံနက်၌ သူတို့အား ရည်မှန်း၍ အသုဘအခမ်းအနားကို ကျင်းပကာ သရဏဂုံ တင်ခြင်း၊ ဆွမ်းသွတ်ခြင်း၊ အမျှအတန်း ပေးဝေခြင်းများ ပြုလုပ်ရန် စီစဉ်ထားသည်ဟု ကြားလိုက်ရခြင်းကြောင့် ဖြစ်လေသည်။ ယနေ့သည်ကား ဗုဒ္ဓဟူးနေ့တည်း။

ထို့နောက် ဂျိုးဟားပါး၏ အမေလည်း အိမ်သားများကို နှုတ်ဆက်၍ ငိုရှိုက်ကာ ပြန်သွား၏။ ဂျိုးဟားပါး၏ အမေ ပြန်သွားပြီးနောက် ဒေါ်ဒေါ်ပေါ်လီသည် မေရီနှင့် ဆစ်တို့ကို အခါတိုင်းထက် ပိုမို၍ ယုယစွာ နှုတ်ဆက်၍ အိပ်ရာသို့ ဝင်လေသည်။ ဒေါ်ဒေါ်ပေါ်လီသည် မအိပ်ခင် တွမ်အတွက် ဆုမွန်ကောင်းများကို ရှည်ကြာစွာ ဒူးထောက်၍ တောင်းလေသည်။ ဆုတောင်းနေစဉ်တွင် သူ၏အသံသည် တုန်ယင်၍ နေ၏။ သူ၏ မျက်လုံးအိမ်တို့မှ မျက်ရည်များ ပြည့်လျှံကာ စီးကျလာ၏။ ထို့နောက်မှ အိပ်ရာပေါ်သို့ ကိုယ်ကို ပစ်လှဲလိုက်လေသည်။ သို့သော် သူ့ခမျာ တော်တော်ဖြင့် အိပ်မပျော်နိုင်ရှာချေ။ ခုတင်ပေါ်တွင် တလူးလူး တလွန့်လွန့် ဖြစ်နေရှာ၏။ အချိန် အတော်ကြီး ကြာသွားသော အခါမှပင် တဖြည်းဖြည်း ငြိမ်သက်ကာ အိပ်ပျော်သွားရှာလေသည်။

ထိုအခါမှ တွမ်လည်း ခုတင်အောက်မှ ထွက်လာ၏။ မီးရောင်ကို လက်ဖြင့် ကွယ်၍ ဒေါ်ဒေါ်ပေါ်လီ၏ မျက်နှာကို ကြည့်လိုက်၏။

သူသည် ဒေါ်ဒေါ်ပေါ်လီအား များစွာ သနား၍ သွားလေတော့သည်။ ထို့ကြောင့် သူ့အိတ်ထဲတွင် ပါလာသော ပိုးစာခေါက်ကလေးကို ထုတ်ယူလိုက်ကာ ဖယောင်းတိုင်ဘေးတွင် ချထားလိုက်၏။ သို့သော် သူသည် တစ်စုံတစ်ခုကို သွား၍ စဉ်းစားမိသောကြောင့် စိတ်ထဲတွင် အပျော်ကြီး ပျော်၍ သွားတော့ကာ ပိုးစာခေါက်ကလေးကို ပြန်လည်၍ ကောက်ယူလိုက်ပြီးလျှင် အိတ်ထဲသို့ ပြန်ထည့်ထားလိုက်လေသည်။ ထို့နောက် တွမ်သည် အိပ်ပျော်နေသော ဒေါ်ဒေါ်ပေါ်လီ၏ နှုတ်ခမ်းအစုံကို ခပ်ဖွဖွကလေး နမ်းကာ အိမ်ထဲမှ တိတ်တဆိတ် ပြန်လည်၍ ထွက်ခွာလာခဲ့လေ၏။

ကူးတို့ဆိပ်သို့ ရောက်သောအခါ တွမ်သည် မီးသင်္ဘောကလေးပေါ်တွင် လူလူသူသူ တစ်ယောက်မျှ မတွေ့ရသောကြောင့် အတင့်ရဲစွာဖြင့် သင်္ဘောပေါ်သို့ လျှောက်သွားလေသည်။ ထို့နောက် ပဲ့တွင် ချိတ်တွယ်ထားသော လှေငယ်ကလေးပေါ်သို့ တက်၍ ချည်ထားသော ကြိုးကို ဖြုတ်ယူလိုက်ပြီးလျှင် လှေကလေးကို တစ်ဖက်ကမ်းသို့ လှော်ခတ်၍ လာခဲ့လေ၏။

တစ်ဖက်ကမ်းသို့ ချောမောစွာ ရောက်သွားသောအခါ တွမ်သည် အလာတုန်းက နည်းအတိုင်း ကုန်းပေါ်သို့ ပြေးတက်ကာ ကမ်းခြေတစ်လျှောက်မှ တောအုပ်များထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေ၏။ သူသည် တောအုပ်ထဲ၌ အချိန်ကြာမြင့်စွာ အပန်းဖြေလိုက်လေသည်။ ညဉ့်တာလည်း ကုန်ဆုံးသွားလေပြီ။ ထို့နောက် တောအုပ်များကို ဖြတ်သန်းပြေးလွှားကာ သူတို့၏ ကျွန်းကလေးဆီသို့ ပြန်လာခဲ့လေ၏။ မိုးထိန်ထိန်လင်းသော အချိန်တွင် တွမ်လည်း ကျွန်းဆွယ်လေး၏ ထိပ်နှင့် တည့်တည့်နေရာသို့ ရောက်လာ၏။ ထိုနေရာတွင် သူသည် ရပ်နား၍ အပန်းဖြေလိုက်ပြန်သည်။ နေလုံး အတော်ကလေး မြင့်လာ

သော အခါမှပင် သူသည် ရေထဲသို့ဆင်းကာ ကိုက်နှစ်ရာမျှသာ ကျယ်သော ရေလက်ကြားကလေးကို ဖြတ်သန်း၍ လက်ပစ်ကူးလိုက်လေသည်။ မကြာမီပင် တွမ်သည် သူတို့၏ စခန်းနေရာသို့ ရောက်လာလေ၏။

စခန်းတွင် ဂျိုးသည် ဟပ်အား နှစ်သိမ့်ပြောဆိုနေသည်ကို တွမ်ကြားရ၏။ တွမ်သည် ကိုယ်ထင်မပြသေးဘဲ အသာချောင်း၍ နားထောင်နေလေသည်။

'သူ ပြန်လာမှာပါ ဟပ်ရာ၊ တွမ်ဟာ သစ္စာရှိပါတယ်ကွာ၊ တို့ကို သူ ဘယ်နည်းနဲ့မှ ပစ်သွားမှာ မဟုတ်ပါဘူး။ သူ ဒီလို ပစ်သွားရင် ပင်လယ်ဓားပြတို့ရဲ့ သစ္စာကို ဖောက်ဖျက်တာပဲဆိုတာ သူ ကောင်းကောင်းကြီး သိပါတယ်ကွာ။ သူ့မှာ အကြောင်းတစ်ခုခု ရှိလို့သာ ခုလို ထွက်သွားတာ ဖြစ်ပါလိမ့်မယ်။ ဘာအကြောင်းလဲ ဆိုတာ ငါ သိချင်စမ်းပါဘိကွာ'

'ဘာပဲဖြစ်ဖြစ်လေကွာ၊ သူ ထားပစ်ခဲ့တဲ့ သူ့ပစ္စည်းတွေကိုတော့ တို့များ အခု ပိုင်ပြီနော်'

'နေဦးလေကွာ၊ ခဏလောက် ဆိုင်းဦးမှပေါ့၊ သူ ရေးပစ်ခဲ့တဲ့ စာထဲမှာ ပါသားပဲ မဟုတ်လား။ သူ ဒီကို မနက်စာ စားအမီ ပြန်မရောက်တဲ့ အခါမှာမှ သူ့ပစ္စည်းတွေကို တို့ ပိုင်မှာကွ'

ထိုအခါ တွမ်သည် 'ငါ ပြန်ရောက်ပြီ ဟေ့' ဟု အော်ကာ ချောင်း၍ နားထောင်နေရာမှ ထွက်လာလေ၏။ ထို့နောက် နံနက်စာကို ပျော်ရွှင်စွာ စားသောက်ကြရင်း တွမ်သည် သူ၏ စွန့်စားခန်းများကို ဂျိုးနှင့် ဟပ်တို့အား ပြန်လည်၍ ဖောက်သည်ချလေ၏။ စကားဆုံးသော အခါ ဂျိုးနှင့် ဟပ်တို့သည် တွမ့်အား သူရဲကောင်းကြီးအဖြစ် ချီးကျူး ပြောဆိုကြလေသည်။

## အခန်း (၁၄)

ဤသို့အားဖြင့် တွမ်တို့တစ်တွေသည် ဂျက်ကဆန်ကျွန်းပေါ်တွင် စနေ နေ့ညနေ နေဝင်ချိန်အထိ ပျော်ရွှင်စွာ ဆက်လက်၍ နေထိုင်ခဲ့ကြလေ သည်။ သူတို့သည် သောင်ပြင်တွင် လိပ်ဥများကို တူးဖော်၍ ကောင်းစွာ ကြော်ချက်၍ စားကြ၏။ ထို့နောက် သောင်ပြင်၌ပင် ပင်လယ်ဓားပြ လုပ်တမ်း၊ အင်ဒီးယန်းများ လုပ်တမ်းလည်း ကစားကြလေသည်။ ဆေးတံ၊ ဆေးလိပ်ဆို၍ တစ်ကြိမ်တစ်ခါမျှ ရှူဖွာဖူးခြင်း မရှိသော တွမ်နှင့် ဂျိုးတို့သည် ဟပ်ထံတွင် ပါလာသော ဆေးနှင့် ဆေးတံတို့ကို စတိုင်ကျကျ ရှူဖွာခဲ့ကြရာ ချာချာလည်အောင် ခေါင်းမူးလာသောကြောင့် လှဲအိပ်၍ နေကြရသည် အထိ ဖြစ်ခဲ့ကြလေသည်။ တစ်ညတွင်လည်း လေမုန်တိုင်း ပြင်းထန်စွာ တိုက်ခတ်ခဲ့ရာ ကျွန်းကလေးပေါ်တွင် သစ်ပင် များ ကျိုးကျ၍ လည်းကောင်း၊ အမြစ်မှ ကျွတ်ထွက်ကာ ပြိုလဲ၍ လည်းကောင်း ဝုန်းဝုန်းချင်းစပ်မျှ ဆူညံချောက်ချား၍ သွားလေတော့ သည်။ ထိုညက တွမ်တို့တစ်တွေသည် မိုးကြီး၊ လေကြီးထဲ၌ ခိုကိုးရာ မဲ့သော ကြွက်စုတ်ကလေးများပမာ ဖြစ်နေကြလေသည်။ မြစ်ပြင်၌လည်း လေထန် လှိုင်းကြီးကာ ဆူညံ၍ နေ၏။ တွမ်တို့တစ်တွေသည် သွေးပျက် ခမန်း ထိတ်လန့်ကာ အိပ်စရာနေရာ၊ ထိုင်စရာ နေရာပင် မရှိအောင် ဆင်းရဲဒုက္ခ ရောက်ခဲ့ကြလေ၏။

ဤသို့ဖြင့် စနေနေ့သို့ တိုင်ခဲ့တော့၏။ စနေနေ့တွင် တွမ်တို့ တစ်တွေသည် တစ်နေ့ခင်းလုံး ပျော်ရွှင်ဆူညံစွာ ဆော့ကစားနေခဲ့ကြ သော်လည်း စိန့်ပီတာစဘတ် ရွာကလေးတွင်ကား တစ်နေ့ခင်းလုံး တိတ်ဆိတ်ငြိမ်သက်၍ နေလေ၏။ ဒေါ်ဒေါ်ပေါ်လီတို့ မိသားစုနှင့် ဟပ်ပါး မိသားစုတို့သည် နံနက်အချိန်မှ စ၍ ကြေကွဲဝမ်းနည်းစွာ ငိုမြည်ရှိုက်ကြီးများ ဖြင့် ဆုမွန်ကောင်းများ တောင်းခံ၍ နေကြ လေသည်။ နဂိုကပင် တိတ်တိတ်ဆိတ်ဆိတ် ရှိခဲ့သော ရွာကလေးသည် ဤစနေနေ့တွင် ထူးကဲစွာ ပိုမို၍ တိတ်ဆိတ်နေလေသည်။ ရွာသူ ရွာသားများသည် စကားအနည်းငယ်သာ ပြောကြလျက် မကြာခဏ သက်ပြင်း ချချဖြင့် ရှိနေကြ၏။ ကျောင်းအားသည့်ရက်ပင် ဖြစ်သော် လည်း ရွာရှိ ကလေးများမှာ အခါတိုင်းကဲ့သို့ ပျော်ရွှင်မြူးထူးစွာ ဆော့ကစားခြင်း မပြုနိုင်ခဲ့ကြချေ။

ဤစနေနေ့ နေ့လယ်ချိန်တွင် ဗက်ကီသက်ချာ တစ်ယောက် သည်လည်း ကျောင်းဝင်းသို့ သွားကာ ဝေးမောတွေဝေရင်း လွမ်းဆွေး၍ နေရှာ၏။ သို့သော် သူ့ခမျာအား မည်သူ တစ်ဦးတစ်ယောက်ကမျှ လာရောက်၍ နှစ်သိမ့်ခြင်း မပြုနိုင်ခဲ့ကြချေ။ ဗက်ကီခမျာ နှစ်သိမ့်ပေး မည့်သူ မရှိရှာချေ။ ထို့ကြောင့် တစ်ယောက်တည်း ကိုယ့်ဘာသာကိုယ် နှစ်သိမ့်နေရရှာ၏။

“ငါ့မှာသာ သူပေးတဲ့ ကြေးဖုကလေး ရှိနေရင် ဘယ်လောက် ကောင်းလိမ့်မလဲနော်။ အခုတော့ သူ့ကို သတိရစရာ ငါ့မှာ ဘာတစ်ခုမှ မရှိပါလားနော်”

ထိုသို့ ပြောပြီးလျှင် ဗက်ကီသည် အနည်းငယ် ရှိုက်လိုက်၏။ ထို့နောက် သူ့ဘာသာ သူပင် ဆက်လက်၍ “အို… ဒီနေရာမှာပေါ့၊ ငါနဲ့ သူနဲ့ စကားများကြတာ ဒီနေရာမှာပေါ့။ မပြောဘူး…မပြောဘူး။

ငါ သူ့ကို တောင်းပန်စကား ဘယ်တော့မှ မပြောဘူး။ တစ်သက်လုံး မပြောဘူး။ ဟင်... ဒါပေမဲ့ ခုတော့ သူ မရှိတော့ပါလားလေ။ သူ့ကို ဘယ်တော့မှ ငါ တွေ့နိုင်တော့မှာ မဟုတ်ပါလားလေ" ဟု ရေရွတ်နေလေသည်။

ထို့နောက် ဖက်ကီသည် တသိမ့်သိမ့် ငိုရှိုက်ကာ ထိုနေရာမှ ထွက်ခွာသွားလေ၏။

ဤသို့ဖြင့်ပင် တနင်္ဂနွေနေ့ နံနက်သို့ ဆိုက်ရောက်လာလေ၏။ ဥပုသ်ကျောင်းအချိန် ကုန်ဆုံးသွားသောအခါ ဘုရားရှိခိုးကျောင်းမှ ခေါင်းလောင်းသည် အခါတိုင်းထက် ထူးကဲစွာ ထိုးမြည်လိုက်လေသည်။ ဤသီတင်းနေ့ကား လွန်စွာ တိတ်ဆိတ်ငြိမ်သက်သော သီတင်းနေ့ပင် ဖြစ်တော့၏။ ရွာသူရွာသားအပေါင်းသည် ခေါင်းလောင်းထိုးသံကို ကြားသောအခါ ဘုရားရှိခိုးကျောင်းဆီသို့ စုဝေး၍ ရောက်လာကြကုန်၏။ သူတို့သည် ခန်းမကြီး၏ ပြင်ဘက်တွင်လောက်သာ အချင်းချင်း ကြေကွဲဖွယ်သတင်းကို တီးတိုးပြောဆိုခြင်း ပြုကြ၏။ ခန်းမကြီး ထဲသို့ ဝင်မိကြသော အခါတွင်ကား တစ်ဦးတစ်ယောက်မျှ စကားပြော ဆိုခြင်း မပြုကြတော့ချေ။ အားလုံး နှုတ်ဆိတ်၍ နေကြလေ၏။ ထိုင်ခုံများဆီသို့ မိန်းမများ လှုပ်ရှားသွားလာသော အခါတွင် ဖြစ်ပေါ် လာသော ဂါဝန်ရှပ်တိုက်သံများသာလျှင် ဆိတ်ငြိမ်ခြင်းကို ဖောက်ထွင်း၍ ပေါ်ထွက်နေလေသည်။ ဘုရားရှိခိုးကျောင်း တစ်ခုလုံးသည် ရွာသူ ရွာသားများဖြင့် ပြည့်လျှံ၍ နေတော့၏။ တစ်ခါဖူးမျှ ဤမျှလောက် ပြည့်ကျပ်စည်ကားခြင်း မရှိသေးချေ။

လူများ စုံလောက်သောအခါ ဒေါ်ဒေါ်ပေါ်လီသည် ရှေ့ဆုံးမှ ဝင်လာ၏။ သူ့နောက်မှ ဆစ်နှင့် မေရီတို့က လိုက်လာ၏။ ထို့နောက် မှ ဟားပါးမိသားစု ဝင်ရောက်လာလေသည်။ သူတို့အားလုံးသည်

အနက်ရောင် အဝတ်အစားများကို ဝတ်ဆင်၍ လာကြလေသည်။ ခန်းမဆောင်ထဲသို့ သူတို့တစ်တွေ ဝင်ရောက်လာကြသောအခါ ခန်းမဆောင်ထဲတွင် ရှိသော ပရိသတ်အားလုံးသည် ဆိတ်ငြိမ်စွာ မတ်တတ်ရပ်၍ ကြိုဆိုကြ၏။ ထိုအထဲတွင် သက်ကြီးရွယ်ကြီး ဘုန်းတော်ကြီးတစ်ပါးပင် ပါဝင်၏။ ထို့နောက် ဆိတ်ငြိမ်ခြင်းမကာ ဆိတ်ငြိမ်၍ နေပြန်၏။ တသိမ့်သိမ့် ရှိုက်သံများသာလျှင် ပေါ်ထွက်၍ နေ၏။ မကြာမီပင် ဘုန်းတော်ကြီးလည်း လက်နှစ်ဖက်ကို အပေါ်သို့ မြှောက်၍ ဆန့်တန်းကာ ဆုတောင်းခြင်း အမှုကို ပြုလေ၏။ ထို့နောက် မွေ့သီချင်းများကို သီဆိုကျူးရင့်ကြလေ၏။

ထို့နောက် ဘုန်းတော်ကြီးသည် ပျောက်ကွယ်သေဆုံးသူ တွမ်တို့တစ်တွေ၏ ရှေးဟောင်းနှောင်းဖြစ်များကို ပြန်ပြောင်းအောက်မေ့ကာ ဟောပြောရင်း ဆုမွန်ကောင်းများ တောင်းနေလေသည်။ ဘုန်းတော်ကြီးသည် အပြောအဟော ကောင်းလှသည့်အတွက် ပရိသတ်အားလုံးမှာ ကြိမ်မီးအုံးသကဲ့သို့ အပူလုံးကြွ၍ လာလေတော့သည်။ ဒေါ်ဒေါ်ပေါ်လီ မိသားစုနှင့် ဟားပါး မိသားစုတို့မှာကား ငိုရှိုက်၍ နေကြလေပြီ။ မကြာမီပင် ပရိသတ်များသည် အောင့်အည်းမျိုသိပ်၍ မရကြတော့ဘဲ ကာယကံရှင် အပူသည်များနှင့် အတူ ရောနှော၍ ငိုရှိုက်ကြလေ၏။ ခန်းမဆောင်ကြီး တစ်ခုလုံးသည် ငိုရှိုက်သံများဖြင့် ပြည့်လျှံ၍ နေခဲ့တော့လေ၏။ တရားအဟောကောင်းသူ ဘုန်းတော်ကြီး ကိုယ်တိုင်ပင်လျှင် တရားဟော ဆိုင်းငံ့၍ သွားကာ မျက်ရည်အသွယ်သွယ်ဖြင့် ငိုရှိုက်၍ နေလေ၏။

ထိုအခိုက်မှာပင် ခန်းမဆောင်၏ အပြင်ဘက်ဆီမှ ခြေရှုပ်တိုက်သံ လိုလို ထွက်ပေါ်၍ လာ၏။ သို့သော် မည်သူမျှ သတိမထားမိလိုက်ကြချေ။ ခဏအကြာတွင် ခန်းမဆောင် တံခါးမကြီးသည် ကျွီခနဲ မြည်ကာ

ဖွင့်ဟ၍ သွားလေ၏။ မျက်ရည်သုတ်လျက်ရှိသော ဘုန်းတော်ကြီးသည် လက်ကိုင်ပဝါကို မျက်နှာမှ ဖယ်ရှားကာ တံခါးဝဆီသို့ လှမ်းကြည့်လိုက်လေရာ ကြက်သေ သေကာ ငေးမော၍ သွားလေ၏။ ထိုအခါ ပရိသတ်များထဲမှ တစ်ယောက်က စ၍ ဘုန်းတော်ကြီး ကြည့်ရှုရာသို့ လိုက်၍ကြည့်ကာ ဘုန်းတော်ကြီး ကဲ့သို့ပင် ငေးမော၍ သွားလေသည်။ ထို့နောက် တစ်ယောက်ပြီး တစ်ယောက် လိုက်ကြည့်ကြရာ မကြာမီပင် ပရိသတ်အားလုံးသည် မတ်တတ်ရပ်လျက် ခန်းမဆောင် တံခါးဝဆီသို့ ငေးစိုက် ကြည့်နေကြတော့လေ၏။ ယင်းသို့ ဖြစ်လျက်ရှိစဉ် တွမ်တို့ သုံးယောက်သားသည် တံခါးဝဆီမှ တန်းစီ၍ ဝင်လာကြလေ၏။ တွမ်သည် ထိပ်ဆုံးမှ ဖြစ်၏။ သူ့နောက်မှ ဂျိုးဖြစ်သည်။ ဟပ်ကား နောက်ဆုံးမှ ကုပ်ကုပ်ကလေး လိုက်ပါလာလေသည်။ ပရိသတ် အားလုံးသည် ကြက်သေ သေကာ ငေးမော၍ နေကြလေ၏။

ဒေါ်ဒေါ်ပေါ်လီ၊ မေရီနှင့် ဟားပါး မိသားစုတစ်တွေသည် တွမ်နှင့် ဂျိုးအား ဝိုင်း၍ ဖက်ယမ်းနမ်းရှုပ်ကြလေ၏။ သနားစရာသတ္တဝါ ဟပ် ခမျာသာလျှင် မည်သူမျှ ဂရုစိုက်မည့်သူ မရှိဘဲ အနေရ အထိုင်ရ ခက်နေရှာလေသည်။ သူသည် သူ့အား ပြုံးကြောင်ကြောင်နှင့် မလိုတမာ ဝိုင်းဝန်းကြည့်ရှုနေကြကုန်သော ပရိသတ်များကြောင့် ထိုနေရာမှ အမြန်ဆုံး လစ်ပြေးရန် ခြေလှမ်းလိုက်ရာ တွမ်က သူ့ကို ဆွဲကိုင်ထားလိုက်ပြီးလျှင် 'ဟပ်ကို ဂရုမစိုက်ကြတာတော့ လုံးလုံး မတရားပါဘူး ဒေါ်ဒေါ်ပေါ်လီရယ်၊ သူ့ကိုလည်း ဂရုစိုက်ကြဖို့ သင့်ပါတယ်'ဟု ပြောဆိုလိုက်လေသည်။

'အေး... ဟုတ်တယ်၊ သူ့ကိုလည်း ဂရုစိုက်ကြရမယ်၊ ဟပ်ကို တွေ့ရတာ ငါတော့ ဝမ်းသာသယော့၊ သူ့ခမျာ မိတဆိုးကလေးမို့ သနားပါတယ်'ဟု ပြောကာ ဒေါ်ဒေါ်ပေါ်လီသည် ဟပ်အား အရေး

တယူ ယုယလိုက်ရာ၊ ဟပ်သည် ရေးကထက်တို့း၍ အနေရ အထိုင်ရ ခက်သွားတော့လေ၏။

ထို့နောက် ခန်းမဆောင်ကြီး တစ်ခုလုံး ဟိန်း၍ လျှံထွက်သွားအောင် ဘုရားသခင်အား ချီးကျူးသည့် သီချင်းများကို သီဆိုကျူးရင့်ကြလေ၏။ ထိုအချိန်သည် ပင်လယ်စားပြကြီး တွမ်ဆောယားအဖို့ ဂုဏ်အရှိဆုံးသော အချိန်ပင် ဖြစ်လေတော့သည်။

## အခန်း (၁၅)

နောက်တစ်နေ့တွင် တွမ်သည် ကျောင်းသို့ ရောက်သွားသောအခါ အကြီးအကျယ် ပွဲစည်း၍ နေလေသည်။ သူ့အား ဟိုလူက မေးချင်၊ ဒီလူက ခေါ်ချင်ဖြင့် ပွဲစည်း၍ နေ၏။ သူကလည်း သူ၏ ပင်လယ်ဓားပြ ဘဝကို အားရပါးရ ပြန်လည်၍ ပြောပြလေသည်။ ဂျိုးလည်း တွမ်ကဲ့သို့ပင် ပွဲတောင်းခံရသူတစ်ဦး ဖြစ်နေလေသည်။

တွမ်သည် ဤကဲ့သို့ လူထင်ပေါ် ဖြစ်နေသောအခါ ဗက်ကီ သက်ချာအား အရေးစိုက်နေစရာ မလိုတော့ဟု ထင်မြင်လာလေသည်။ သူသည် လူထင်ပေါ် ဖြစ်နေပြီ မဟုတ်လော။ သူ့အား ဗက်ကီက လာရောက်၍ ခ ယ လိမ့်မည်၊ ဗက်ကီက စတင်ကာ အရေးတယူ ပြုလုပ်လာလိမ့်မည်ဟု တွေးတော၍ နေလေသည်။ မကြာမီပင် ဗက်ကီ လည်း သူ့အနားသို့ ရောက်လာ၏။ တွမ်သည် သူ့အား မမြင်ဟန် ဆောင်နေလိုက်သည်။ ခပ်လှမ်းလှမ်းသို့ ရှောင်ထွက်သွားကာ အခြား သော ကျောင်းသူ ကျောင်းသားများနှင့် ရောနှော၍ စကားပြောနေလိုက် သည်။ ထိုအခါ ဗက်ကီသည် မျက်နှာတွင် ရက်သွေးကလေး ဖြန်းကာ ရွှင်လန်းသွက်လက်စွာဖြင့် အဖော်များအား လိုက်လံ၍ ဖမ်းဆီး၏။ ဖမ်းမိသောအခါတွင် သူသည် ကျယ်လောင်စွာ ရယ်မော၍ မ သံ

ပစ်ရှာလေသည်။ သို့သော် ဗက်ကီသည် အဖော်များကို လိုက်လံဖမ်းဆီး ရာတွင် တွမ့်အပေါ်မှ ခွာ၍ လိုက်လံဖမ်းဆီးသည် မဟုတ်ပေ။ တွမ် ရှိနေသောအနားသို့ ရောက်သောအခါမှပင် သူလိုက်နေသော အဖော် အား အမိဖမ်းကိုင်ကာ ကျယ်လောင်စွာ ရယ်မောလိုက်ခြင်း ဖြစ်လေ သည်။ ဤအကြောင်းကို ကိုယ်တော်ချော တွမ်ကလည်း ကောင်းစွာ သိ၏။ တစ်ချီတစ်ချီတွင် သူ့အား မျက်စောင်းကလေး ချိတ်ကာ တိတ်တခိုး ချောင်းကြည့်လိုက်သော ဗက်ကီ၏ အဖြစ်သည်းပုံကလေး များကိုပင် သူက သိရှိလိုက်ပေသေးသည်။

ထို့နောက် ဗက်ကီသည် အသံပေးခြင်း နည်းကို အသုံးမပြုတော့ ဘဲ သက်မကလေး တချချ၊ ခေါင်းကလေး တခါခါဖြင့် တွမ့်အား ခပ်ငေးငေးကလေး ကြည့်ကြည့်လာလေသည်။ သို့သော် ဤအချိန်၌ တွမ်သည် အဆက်ဟောင်း အေမီလောရင့်နှင့် စကားလက်ဆုံကျ၍ နေပြီ ဖြစ်၏။ ဤအဖြစ်ကို တွေ့မြင်လိုက်ရသောအခါ ဗက်ကီသည် ရင်ထဲတွင် ဆို့နစ်၍လာကာ မသက်မသာကြီး ဖြစ်သွားရှာလေ၏။ ထို့ကြောင့် တွမ်၏ နံဘေးတွင် ရှိသော "မေရီအော်စတင်" ဆိုသူ သူငယ်ချင်း ကျောင်းသူတစ်ဦးဆီသို့ သွားကာ 'ဟော့ မေရီ၊ နင် သိပ်ဆိုးတာပဲဟာ၊ ဥပုသ်ကျောင်း ဘာလို့ မတက်သလဲ' ဟု မေးလိုက် လေသည်။

'ငါလာပါတယ် ဟ၊ နင် ငါ့ကို မမြင်ဘူးလား ဗက်ကီ'

'ဟော... ဟုတ်လား၊ နင် လာတယ်လား၊ ငါ မမြင်မိဘူးဟာ။ နင်က ဘယ်မှာများ သွားထိုင်ရသတုံး'

'မစ္စပီတာရဲ့ အတန်းမှာလေဟာ၊ ဒီအတန်းကို ငါ တက်နေကျပဲ ဟာ။ နင့်ကိုတော့ ငါမြင်သားကပဲ'

'ဟင်... ဟုတ်လား၊ အေးဟာ... နင့်ကို ငါ မမြင်မိတာတော့

ရယ်စရာပဲဟေ့။ ဒီမှာဟယ်…နင့်ကို ငါ ပျော်ပွဲစားအကြောင်း ပြောမလို့ လိုက်ရှာနေတာ'

'ဟေ… သိပ်ပျော်စရာကောင်းမှာပဲ၊ ဘယ်သူက လုပ်မယ့် ပျော်ပွဲစားလဲ ဟေ့'

'ငါ့အမေက လုပ်မှာလေဟာ၊ ငါ့အတွက် မေမေက ပျော်ပွဲစားတစ်ခု ကျင်းပပေးမတဲ့'

'ဟင်…ကောင်းလိုက်လေ၊ ငါလည်း အဲဒီပျော်ပွဲစားကို လာရလိမ့်မယ် ထင်ပါရဲ့'

'လာရမှာပေါ့ ဟယ်၊ နင်မလာလို့ ရမလား။ ငါ့ပျော်ပွဲစားပဲဟာ၊ ငါ ဖိတ်ချင်တဲ့ လူကို ဖိတ်မှာပေါ့'

'ဝမ်းသာလိုက်တာ သူငယ်ချင်းရယ်၊ ပျော်ပွဲစားက ဘယ်တော့လဲ ဟင်'

'အို… ကျောင်းကြီးပိတ်တဲ့ အချိန်လောက်ပေါ့'

'သိပ်ပျော်စရာကောင်းမှာပဲဟာ…နော်၊ နင် ကျောင်းသူ ကျောင်းသားတွေ အားလုံးကို ဖိတ်မလို့လား ဟင်'

'အေးပေါ့၊ ငါနဲ့ခင်တဲ့ သူငယ်ချင်း မှန်သမျှကို ဖိတ်မှာပေါ့ဟ။ သူငယ်ချင်း မဖြစ်သေးဘဲ ငါ့ကို ခင်မင်တဲ့လူ ရှိရင်လည်း ငါ ဖိတ်မှာပဲ'

ထိုသို့ ပြောပြီးလျှင် ဗက်ကီသည် တွမ်အား စွေစောင်းစောင်းကလေး ကြည့်လိုက်၏။ သို့သော် တွမ်သည် မည်သို့မျှ ထူးခြားပြောင်းလဲခြင်း မရှိဘဲ အေမီလောရင့်နှင့်သာ စကားလက်ဆုံကျ၍ နေလေသည်။ တွမ်သည် အေမီအား ကျွန်းပေါ်တွင် သူ တွေ့ဆုံခဲ့ရသော လေမုန်တိုင်း၏ ကြောက်ဖွယ်ကောင်းပုံများကို ပြောပြနေလေသည်။ မိုးကြိုးပစ်ချလိုက်သောကြောင့် ပိုးစာပင်ကြီး လဲပြိုသွားပုံ၊

သူသည် လဲပြိုသွားသော ပိုးစာပင်ကြီးနှင့် သုံးပေအကွာတွင် ရှိပုံများလည်း ပါဝင်လေသည်။

တစ်ဖက်တွင်လည်း ဗက်ကီနှင့် သူ၏ သူငယ်ချင်း အပေါင်းအဖော်များသည် ပျော်ပွဲစားအကြောင်း အချီအချ အမေးအဖြေ ပြုလုပ်နေကြလေသည်။

'ငါကော ပျော်ပွဲစား လာရမလားဟင်' ဟု ဂရေစီမီးလားက မေး၏။

'အင်း... လာရမှာပေါ့'

'တို့ကော'ဟု စယ်လီရောဂျားက မေး၏။

'အင်း...'

'ငါနဲ့ ဂျိုးကော၊ တို့မောင်နှမကော ဟင်'ဟု ဆူဆီဟားပါးက မေး၏။

'အင်း...'

ဤသို့ဖြင့် တစ်ယောက်ပြီးတစ်ယောက် ပျော်ပွဲစားသို့ ဖိတ်ရန် ဗက်ကီအား ဝိုင်း၍ တောင်းပန်ခဲ့ကြရာ၊ နောက်ဆုံးတွင် တွမ်နှင့် အေမီတို့ နှစ်ယောက်သာလျှင် ကျန်ရှိလေတော့သည်။ သို့သော် တွမ်သည် စကားမျှ အပြောမပျက်သည့်အပြင် အေမီကို လက်တွဲ၍ ထိုနေရာမှ ထွက်ခွာသွားလေ၏။

ဗက်ကီသည် နှုတ်ခမ်းသားကလေးများပင် တဆတ်ဆတ် တုန်လာ၏။ သူ့မျက်လုံးအိမ်တို့၌ မျက်ရည်များလည်း ဝဲလာ၏။ သို့သော် ဗက်ကီသည် ချက်ချင်း ဟန်ဆောင်လိုက်ကာ တင်းကျပ်သော ဣန္ဒြေဖြင့် ဆက်လက်၍ စကားပြောမြဲ ပြောနေလေသည်။ သို့ငြားလည်း သူ့အသည်းနှလုံးကား ခြောက်ခန်းခဲ့လေပြီ။ သူ့ဘဝသည် သာယာနိုပြည်မှုများဖြင့် ကင်းမဲ့ခဲ့လေပြီ။ ပျော်ပွဲစားအကြောင်းလည်း သူ့

ရင်ထဲတွင် တစိတစွန်းမျှ မကျန်ရစ်ခဲ့တော့လေပြီ။ ထို့နောက် အခွင့်သာသည်နှင့် တစ်ပြိုင်နက်ပင် သူသည် ထိုနေရာမှ ရှောင်ထွက်သွားကာ ချောင်တစ်ချောင်တွင် ကုပ်၍ အားရပါးရ ငိုပစ်လိုက်လေ၏။ အားရအောင် ငိုပစ်လိုက်ရသော အခါမှ ရင်ထဲတွင် ဆို့နစ်၍ နေသည် မှန်သမျှတို့လည်း ပေ့ါသွား၊ ရှင်းသွားတော့၏။ ထို့နောက် သူသည် ခေါင်းလောင်းထိုးသည်အထိ ထိုင်နေရာမှ မထတော့ဘဲ တစ်ယောက်တည်း တွေဝေငေးမော၍ နေခဲ့လေသည်။ ခေါင်းလောင်းထိုး၍ နေရာမှ ထလိုက်သောအခါတွင် ဗက်ကီသည် တွမ့်အား ကလဲ့စားချေရန် အကြံသစ်တစ်ခုကို အဆင်သင့် ရရှိခဲ့ပြီ ဖြစ်သည်။ ထို့ကြောင့် ဗက်ကီသည် ခေါင်းနောက်မှ ကျစ်ဆံမြီးကလေးများ လှုပ်ခါသွားသည်အထိ ဖျတ်လတ် ပေ့ါပါး၍ နေလေသည်။

နေ့လယ် မုန့်စားလွှတ်ချိန်၌လည်း တွမ်သည် အေမီလောရင့်နှင့် တတွဲတွဲပင် ဖြစ်၏။ သူသည် သူ့အတွေးနှင့် သူ မြူးထူးရွှင်ပျော်၍ နေ၏။ သူသည် အေမီနှင့်တွဲကာ ဗက်ကီအား လိုက်ရှာ၏။ ဗက်ကီအားရှာဖွေ၍တွေ့လျှင် ဗက်ကီ မခံချင်အောင် အေမီနှင့် တွဲလာကြောင်းကို ဝင့်ကြွားပြလိုက်ဦးမည်ဟု တွမ် စိတ်ကူးထား၏။ နောက်ဆုံးတွင် တွမ်သည် ဗက်ကီအား ကျောင်းနောက်ဖေးနေရာတွင် သွားတွေ့လေသည်။ သို့သော် ယင်းသို့ ဗက်ကီအား တွေ့လျှင် တွေ့လိုက်ရချင်းပင် တွမ်သည် ကြက်နာကြီးကဲ့သို့ မှိုင်တွေငေးငိုင်၍ ကျသွားတော့လေ၏။ အကြောင်းကား ဗက်ကီသည် ခုံတန်းရှည် တစ်ခုပေါ်တွင် "အယ်ဖရက်တင်ပယ်" ဆိုသူ ကျောင်းသားတစ်ဦးနှင့် အတူ ပူးထိုင်ကာ အရုပ်စာအုပ်တစ်ခုကို နှစ်ယောက်သား ခေါင်းချင်းထိမတတ် ကြည့်ရှုနေသောကြောင့်တည်း။ ဗက်ကီတို့သည် တွမ်နှင့် အေမီတို့ အနီးသို့ ရောက်လာကြသည်ကိုပင် မသိချေ။ သူတို့ နှစ်ယောက်သားသည်

လောကကြီး တစ်ခုလုံးကိုပင် မေ့လျော့နေပုံရ၏။ ထို့ကြောင့် ဤအဖြစ်ကို မြင်လိုက်ရသောအခါ တွမ်သည် မနာလို ဝန်တိုစိတ်များ တဖွားဖွား ပေါ်ပေါက်၍ လာလေသည်။ တွမ်သည် ဗက်ကီ သူ့အား အခွင့်အရေး ပေးစဉ်က လက်ကမ်း၍ မကြိုမိသည့်အတွက် သူ့ကိုယ်သူ ပြန်လည်၍ အမုန်းကြီး မုန်းနေမိ၏။ အရှုံးကြီး ရှုံးနေမိ၏။ "ငါဟာ အရူးပဲ"ဟုလည်း သူ့ကိုယ်သူ ပြန်၍ သမုတ်၏။ စိတ်ထဲတွင် မှတ်မိသမျှ၊ အလွတ်ရသမျှသော ကြမ်းတမ်းသည့် စကားလုံးများဖြင့်လည်း သူ့ကိုယ်သူ ပြန်လည်၍ တိုင်းထွာရေရွတ်၏။ သူသည် ကျယ်လောင်စွာ အော်ဟစ်လိုက်ချင်၏။ ငိုပစ်လိုက်ချင်၏။ သို့သော် အေမီကား ဤအဖြစ်ကို ဘာမျှ မသိရှာချေ။ ပျော်ရွှင်မြူးထူးစွာပင် စကားတွေ ဝေဝေဆာဆာ ပြောလာ၏။ တွမ်ကား နှုတ်ဆိတ်၍ နေလေသည်။ သူသည် အေမီ ပြောသမျှကိုလည်း မကြားတော့။ အေမီအား တစ်ခွန်းတလေ နှုတ်တုံ့ပြန်လိုက်သည့် အခါများတွင်လည်း အထစ်ထစ် အငေါ့ငေါ့ဖြင့် အမှားမှား အယွင်းယွင်း ဖြစ်နေတော့၏။ သူသည် ကျောင်းနောက်ဖေးဘက်ဆီသို့သာ တရစ်ပတ်ပတ်ဖြင့် ခြေဦးလှည့်နေတော့လေသည်။ သူ့စိတ်တွင် မခံချိဆုံးမှာကား ကျောင်းနောက်ဖေးသို့ သူ ရောက်သွားသည့် အခါတိုင်း ဗက်ကီက သူ့အား လောကကြီးတွင် ရှိသေးသည်ဟုပင် မအောက်မေ့သော အဖြစ်ဆိုးပင်တည်း။ ဗက်ကီသည် တွမ့်အား အနည်းငယ်မျှ အမှုမထားတော့ချေ။ ဤအတွက် တွမ်သည် ရူးချင်သလိုလိုပင် ဖြစ်လာမိလေသည်။

သို့သော် ဗက်ကီသည် တွမ့်အား မမြင်သည် မဟုတ်၊ မြင်၏။ မတွေ့သည် မဟုတ်၊ တွေ့၏။ တွမ် အနားသို့ ရောက်လာသည်ကို မသိသည် မဟုတ်၊ သိ၏။ ထို့အပြင် ယခုအခါ သူသည် တွမ့်အား အနိုင်ရရှိခဲ့ပြီ ဆိုသည်ကိုလည်း ဗက်ကီ ကောင်းစွာ သိလေသည်။

ထို့ကြောင့် ဗက်ကီသည် ဝမ်းသာ၏။ အလွန်အမင်း ဝမ်းသာ၏။ စောစောက သူခံစားခဲ့ရသော ဒုက္ခကို သူရဲကောင်းကြီး တွမ်လည်း ယခုအခါ လှလှကြီး ခံစားနေရပြီ ဖြစ်သောကြောင့် ဗက်ကီသည် လွန်စွာ ဝမ်းသာ၍ နေလေသည်။

အေမီ၏ တွတ်တီး တွတ်တာ ပြောဆိုမှုများသည် တွမ့်အဖို့ ကြာလေ နားကလောလေ ဖြစ်လာလေ၏။ တွမ်သည် သူ့အခက်အခဲကို မည်သို့ဖြေရှင်းရမည်ကိုသာ ကြံဆ၍ နေ၏။ စဉ်းစား၍ နေ၏။ တစ်စုံတစ်ခုကို သူသည် မလုပ်လျှင် မဖြစ်တော့။ လုပ်ရတော့မည်။ သို့သော် အချိန်ကား တိုတောင်းလှစွာ၏။ တိုတောင်းရသည့်အထဲ ကုန်ဆုံးခြင်းလည်း မြန်လှစွာ၏။ တစ်ဖက်တွင်လည်း အေမီကလည်း စကားတွေ ဖောင်လောက်အောင် ပြောမြဲ ပြောနေလေသည်။ ထို့ကြောင့် တွမ်သည် မည်သို့မျှ စဉ်းစားကြံဆ၍ မရတော့။ အေမီကိုသာလျှင် “ဒီကောင်မလေး ရှုပ်လှတယ်၊ ငါ သူ့ကို ခွာမထုတ်နိုင်တော့ဘူးလား” ဟု စိတ်ထဲက ကြိမ်းဝါးနေမိတော့လေသည်။ နောက်ဆုံး၌ သူသည် အနားတွင် ပူးကပ်နေသော အေမီအား တစ်နည်းတစ်လမ်းဖြင့် ခွာထုတ်လိုက်လေ၏။ အေမီမှာလည်း ဘုမသိ ဘမသိဖြင့် ‘ကျောင်းဆင်းမှ တွေ့တော့မည်’ ဟု တွမ့်အား နှုတ်ဆက်ကာ အပါးမှ ထွက်ခွာသွားလေသည်။ ထိုအခါမှပင် တွမ်လည်း လွတ်လပ်ပေါ့ပါး၍ သွားတော့ကာ စိတ်ထဲတွင် အေမီအား အမုန်းကြီး မုန်းသွားတော့လေသည်။

ထို့နောက် တွမ်သည် အယ်ဖရက်တင်ပယ်အား စိတ်ထဲတွင် အရွံကြီး ရွံနေမိသည့်အလျောက် စိတ်ကူးဖြင့် ထိုးကြိတ်သတ်ပုတ်၍ နေလေ၏။ သူသည် လေကို အယ်ဖရက်အဖြစ် ထားကာ ထိုးကြိတ်လိုက်၊ ကန်ကျောက်လိုက်ဖြင့် အမျိုးမျိုး ဆုံးမ၍ နေ၏။ စိတ်ထဲက လည်း “မင်းလားကွ…လူဝါးဝတာ၊ ကိုင်း…မှတ်ပြီလား၊ မှတ်ပြီလား”

ဟု ကြိမ်းဝါး ရေရွတ်နေလေသည်။ အားရလောက်သော အခါမှပင် အထိုးအကြိတ်၊ အကန်အကျောက်တို့ကို ရပ်နားလိုက်၏။

ထို့နောက် တွမ်သည် အိမ်သို့ ပြန်၍ပြေးလေ၏။ မနာလိုဝန်တို စိတ်ကြောင့် သူသည် အေမိနှင့်လည်း တွဲဖက်၍ ပျော်ရွှင်စွာ မနေချင် တော့ချေ။ ထိုအချိန်တွင် ဗက်ကီတစ်ယောက်ကား အယ်ဖရက်တင်ပယ် နှင့် အရုပ်စာအုပ်ကို ကြည့်ကောင်းတုန်းပင် ရှိသေး၏။ သူသည် စိတ်ထဲတွင် အကျေနပ်ကြီး ကျေနပ်၍လည်း နေ၏။ တွမ်တစ်ယောက် နောက်တစ်ခေါက် ရောက်အလာကိုသာ သူသည် စောင့်စား၍ နေ၏။ တွမ်တစ်ယောက် ဝမ်းနည်းပက်လက် ဖြစ်မည့်ပုံကို ဗက်ကီသည် ကြည့်မြင်ချင်သေး၏။ သို့သော် တွမ်ကား ပေါ်ပေါက်၍ မလာတော့ ချေ။ ဗက်ကီသည် ဆက်၍ စောင့်မြဲ စောင့်၏။ သို့သော် တွမ်ကား အရိပ်အယောင်မျှပင် ပေါ်ပေါက်၍ မလာတော့ချေ။ ထို့ကြောင့် ဗက်ကီ သည် စိတ်ဆင်းရဲစ ပြုလာ၏။ အရုပ်စာအုပ်တွင် စိတ်မဝင်စားတော့ဘဲ ဖြစ်လာ၏။ သနားစရာ သတ္တဝါ အယ်ဖရက်ခမျာကား ဤအချက်ကို ဘာမျှ မသိရှာဘဲ ဗက်ကီ စိတ်ပျော်ရလေအောင် အရုပ်အမျိုးမျိုးကို ပြလျက် ချော့မော့ရှာလေသည်။ ဗက်ကီသည် သူ့အပေါ်တွင် စိတ်မဝင် စားတော့သည်ကိုလည်း အယ်ဖရက်က ကောင်းစွာ သတိပြုမိ၏။ ထို့ကြောင့် အရုပ်အမျိုးမျိုးကို ပြ၍ ဗက်ကီအား ချော့မော့ယုယခြင်း ဖြစ်၏။

'ကြည့်စမ်း... ဗက်ကီ၊ ဒီအရုပ်ကလေးက ဘယ့်လောက်လှသလဲ နော်'

ဗက်ကီသည် ယခုအခါ ဤယုယမှုမျိုးကို မခံယူချင်တော့။ ဤအသံကို မကြားချင်တော့။ ထို့ကြောင့် သည်းမခံနိုင်တော့သည့် အဆုံးတွင် 'အို... ငါ့ကို အရုပ်တွေ ပြမနေစမ်းပါနဲ့တော့ဟယ်၊ နင့်

ဘာသာနင် ကြည့်တော့။ ငါ ဒီအရုပ်တွေကို ဂရုမစိုက်တော့ဘူး' ဟု ပြန်၍ အော်လိုက်လေသည်။ အယ်ဖရက်သည် လက်တွန့်၍ သွားတော့ကာ မရွံ့မရဲဖြစ်လျက် ဗက်ကီအား နောက်ထပ်၍ ချော့မော့ရန် ကြိုးစား ဟန်ပြင်လိုက်လေ၏။

ထိုအခါ ဗက်ကီက 'ဟယ်... သွားစမ်းဟယ်၊ ငါတစ်ယောက် တည်း နေစမ်းပါရစေ။ သွား... သွား နင့်ကို ငါမုန်းတယ်' ဟု အော်လိုက်ပြန်လေသည်။

ထို့ကြောင့် အယ်ဖရက်လည်း အရှက်ကြီး ရှက်သွားမိတော့ကာ ငေးကြောင်ကြောင်ကြီး ဖြစ်သွားရှာလေ၏။ သူ့ခမျာ ဘာလုပ်ရမှန်း လည်း မသိရှာတော့ချေ။ စောစောပိုင်းကမှ ဗက်ကီသည် သူ့အား တစ်နေ့လယ်ခင်းလုံး အရုပ်စာအုပ်ကြည့်ရန် ပြောဆိုပူဆာခဲ့၏။ ယခုမူ ဗက်ကီသည် သူ့အား မောင်းနှင်လွှတ်ကာ ငိုယို၍ နေပေသည်။ သူသည် အရှက်ကြီး ရှက်မိတော့၏။ စိတ်လည်း အကြီးအကျယ် ဆိုးမိ၏။ ထို့ကြောင့် ရှက်စိတ်နာစွာဖြင့် လူသူကင်းမဲ့လျက်ရှိသော ကျောင်းခန်းထဲ သို့ ပြေးဝင်သွားလေ၏။

အယ်ဖရက်သည် သူ့ဖြစ်အင်၏ အဖြေမှန်ကို လျင်မြန်လွယ်ကူစွာ တွေးယူသိရှိခဲ့လေသည်။ ဗက်ကီသည် တွမ်ဆောယား အပေါ်တွင် ကလဲ့စား ချေလိုသည့်အတွက် သူ့အား ခုတုံးလုပ်ကာ ကစားသွားခြင်း ဖြစ်သည်ကို အယ်ဖရက် ကောင်းစွာ နားလည်ခဲ့ပေပြီ။ ထို့ကြောင့် သူ၏ ဒေါသယမ်းအိုးသည် တွမ်ဆောယားအား လက်စားချေရန် ဟုန်း ခနဲ တောက်လောင်လာလေ၏။ မကြာမီပင် တွမ်ဆောယားအား မည်သို့ လက်စားချေရမည်ကို အယ်ဖရက် အကြံရသွားတော့၏။ သူ့အကြံကား တွမ် ဆောယား၏ သတ်ပုံစာအုပ်ကို မင်တစ်အိုးလုံး လောင်းချကာ ညစ်ပတ်ပေကျံစေရန်ပင် ဖြစ်လေသည်။ တွမ်၏ သတ်ပုံစာအုပ်သည်

သူ့ရှေ့တွင် အဆင်သင့် ရှိနေခဲ့လေသည်။ ထို့ကြောင့် အယ်ဖရက်သည် တွမ်၏ သတ်ပုံစာအုပ်ကို ကောက်ယူ၍ ယနေ့ နေ့လယ် ပြုလုပ်ရမည့် လေ့ကျင့်ခန်းနေရာကို လှန်လိုက်ကာ ထိုစာမျက်နှာပေါ်သို့ မင်အိုးကို လောင်းချလိုက်လေ၏။

ထိုအပြုအမူကို ဗက်ကီသည် ပြတင်းပေါက်မှ နေ၍ ရိပ်ခနဲ မြင်လိုက်၏။ ထို့ကြောင့် တွမ်အား ပြန်၍ ပြောပြမည်ဟု စိတ်ပိုင်းဖြတ်လိုက်ကာ အိမ်ဘက်သို့ ခြေဦးလှည့်လိုက်လေသည်။ ဤသို့ တွမ်အား ပြောပြခြင်းအားဖြင့် တွမ်သည် သူ့အား ကျေးဇူးတင်ကာ သူတို့နှစ်ဦး ကတောက်ကဆ ဖြစ်ပျက်ခဲ့သမျှသည် သင်ပုန်းချေသွားလိမ့်မည်ဟု ဗက်ကီက မျှော်လင့်လေသည်။ သို့သော် ဗက်ကီသည် လမ်းတစ်ဝက်သို့ ရောက်သောအခါ စိတ်ပြောင်းသွားလေတော့သည်။ သူ့စိတ်ထဲသို့ သူငယ်ချင်းတစ်တွေနှင့်အတူ ပျော်ပွဲစားအကြောင်း ပြောဆိုနေစဉ်က တွမ် ပြုမူခဲ့သော နာကြည်းစရာများသည် တစ်ကွက်ပြီး တစ်ကွက် ပြန်လည် ဝင်ရောက်၍ လာလေသည်။ ထို့ကြောင့် ရှိစေတော့၊ တွမ်အား သတ်ပုံစာအုပ်ကိစ္စကို မပြောတော့ဟု စိတ်ပြောင်း၍ သွားလေ၏။ တွမ်သည် သတ်ပုံစာအုပ် ညစ်ပတ်ပေကျံမှုကြောင့် ဆရာ၏ အရိုက်အနက်ကို ခံယူသောအခါ လက်ပိုက်၍ ကြည့်နေလိုက်မည်ဟု ဗက်ကီသည် စိတ်ဆုံးဖြတ်လိုက်လေ၏။ သူသည် တွမ့်အား ရာသက်ပန် အမုန်းကြီး မုန်းတော့မည်ဟုလည်း စိတ်ကူး၍ ထားလိုက်တော့လေသည်။

## အခန်း (၁၆)

တွမ်သည် အိမ်သို့ ပြန်ပြေး၍ ရောက်သွားသောအခါ စိတ်အပျက်ကြီး ပျက်နေသော သူ့အား ယနေ့မှ ဒေါ်ဒေါ်ပေါ်လီက သူ့အား ထူးထူးကဲကဲ နမ်းရှုပ်လိုက်သောကြောင့် နွမ်းနယ်နေသော သူ၏ စိတ်များသည် တစ်ဖန် ပြန်လည် လန်းဆန်း၍ လာလေသည်။ ထို့ကြောင့် သူသည် ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ကျောင်းသို့ ပြန်ပြေးလာ၏။ ထိုသို့ ကျောင်းသို့ ပြန်ပြေးလာစဉ် "မဲဒိုးလိန်း"လမ်းထိပ်၌ ကုသိုလ်ကံကောင်း ထောက်မ၍ ဗက်ကီနှင့် မမျှော်လင့်ဘဲ သွားတိုးနေလေ၏။ ထိုအခါ တွမ်သည် တစ်စက္ကန့်ကလေးမှ နှောင့်နှေးခြင်း မရှိဘဲ ဗက်ကီထံသို့ ပြေးသွားကာ 'ဗက်ကီရယ်၊ ဒီကနေ့ နင့်အပေါ်မယ် ငါပြုမူမိခဲ့တဲ့ အမှားတွေကို ခွင့်လွှတ်ပါဟယ်။ ငါ သိပ်ကို စိတ်မကောင်းပါဘူး၊ နောက်နောင်ကို ဒီလို အပြုအမူမျိုး ဘယ်တော့မှ မပြုမူတော့ပါဘူး ဗက်ကီရယ်၊ ငါ အသက်ရှင်နေသမျှ ကာလပတ်လုံး မပြုမူတော့ပါဘူး ဟယ်။ ငါ့ကို ခွင့်လွှတ်ပါနော်ကွယ်' ဟု တောင်းပန်စကား ပြောကြားလိုက်လေသည်။

ထိုအခါ ဗက်ကီသည် မျက်မှောင်ကလေး ကြုတ်သွားပြီးလျှင် တွမ်၏ မျက်နှာကို စေ့စေ့ကြည့်လျက် 'ဒီမှာ မစ္စတာ တောမတ်ဆောယား၊ ရှင့်ဘာသာရှင် အေးအေးဆေးဆေး နေရင် ပိုပြီး ကောင်းပါလိမ့်

မယ်၊ ရှင့်ကို ကျွန်မ နောက်ထပ် ဘယ်တော့မှ စကားမပြောတော့ဘူး' ဟု ပြတ်ပြတ်သားသား ပြန်လည်၍ ပြောဆိုကာ ချာခနဲ လှည့်ထွက်သွားလေ၏။

တွမ်မှာကား ပါးစပ်ဟောင်းလောင်းပွင့်လျက် ငေးမော၍ ကျန်ရစ်ခဲ့၏။ သူသည် "ဟဲ့... စွာကျယ်မ၊ နင့်ကော ဘယ်သူက ဂရုစိုက်မတုံး" ဟု ပြန်ပြောလိုက်ရန်ပင် သတိလစ်သွားခဲ့လေသည်။ ထို့ကြောင့် ဘာတစ်ခွန်းမှ ပြန်မပြောလိုက်နိုင်တော့ဘဲ ဒေါသူပုန် ထ ကာ သာလျှင် ကျောင်းသို့ ဆက်လက်၍ လာခဲ့လေ၏။

တွမ်သည် ကျောင်းဝင်းထဲသို့ ရောက်လာသောအခါ ဗက်ကီသာ ယောကျ်ားလေးတစ်ယောက် ဖြစ်ပါစေတော့ဟု ဆုတောင်းမိသေး၏။ အကယ်၍ ဤနေရာ၌ ဗက်ကီသာ ယောကျ်ားလေးတစ်ယောက် ဖြစ်လျှင် ဤသို့ ပြောဆို စော်ကားခံရသည့်အတွက် သူသည် ဗက်ကီအား ထိုးကြိတ် ချေမှုန်းပစ်လိုက်မည်ဟု စိတ်ကူး၍ နေလေသည်။ မကြာမီပင် သူသည် ဗက်ကီနှင့် ရင်ဆိုင်ဆုံမိလေရာ၊ ဖြတ်လျှောက်၍ သွားရင်း တစ်ဖက်သား နာကြည်းလောက်သော စကားတစ်ခွန်းကို ပြောဆို မှတ်ချက်ချသွားလေသည်။ သို့သော် ဗက်ကီကလည်း ငြိမ်၍ ခံမနေခဲ့ချေ။ တွမ့်အား ပက်ခနဲနေအောင် အခံရခက်သော စကားတစ်ခွန်းကို ပြန်လည်ပြောဆိုလိုက်လေသည်။ ဤသို့ဖြင့် သူတို့နှစ်ဦးသည် ဒေါသအိုး ပေါက်ကွဲလုနီးနီး ဖြစ်လာခဲ့ကြလေ၏။

ဗက်ကီသည် ဒေါသအိုး ဆူပွက်၍ နေသည့်အလျောက် ကျောင်းမြန်မြန် တက်ပါစေတော့ဟု ဆုတောင်း၍ နေ၏။ ကျောင်းတက်သောအခါမှ သတ်ပုံစာအုပ် ညစ်ပတ်ပေကျံမှုကြောင့် တွမ် အရိုက်အနှက်ခံရမည်ကို သူ မြင်ရှုရမည် မဟုတ်လော။ သူသည် စောင့်နေရသည့်အတွက် စိတ်ပင် မရှည်တော့ချေ။

သို့သော် ဗက်ကီသည် သူကိုယ်တိုင် ဒုက္ခဆိုးကြီးတစ်ခုနှင့် ရင်ဆိုင်ရတော့မည့် အဖြစ်ကိုကား လုံးဝ မသိရှာသေးချေ။ သူတို့၏ ဆရာ မစ္စတာဒေါ်ဗင်သည် လူလတ်ပိုင်းအရွယ်သို့ပင် ရောက်လာခဲ့ပြားလည်း ရည်မှန်းချက်နှင့် ပြည့်စုံပြီးမြောက်ခြင်း မရှိခဲ့သောသူ ဖြစ်သည်။ သူ့တွင် ဆရာဝန်ကြီးတစ်ယောက် ဖြစ်လိုသည့်ဆန္ဒ လွန်စွာမှ ပြင်းထန်ခဲ့၏။ သို့သော် ဥစ္စာကြေးငွေ ဆင်းရဲနွမ်းပါးသည့်အတွက် သူသည် တောရွာ ကျောင်းဆရာကလေး ဘဝဖြင့်သာလျှင် တင်းတိမ်ရောင့်ရဲ၍ နေခဲ့ရရှာပေသည်။ သို့သော် နေ့စဉ်နေ့တိုင်း အတန်းများ အားလပ်နေချိန်တွင် သူသည် သူ၏ စားပွဲခုံ အံဆွဲထဲမှ လျှို့ဝှက်နက်နဲသော စာအုပ်ကြီး တစ်အုပ်ကို ထုတ်ယူကာ စိတ်ပါဝင်စားစွာ ဖတ်ရှုတတ်လေသည်။ ထိုလျှို့ဝှက်သည့် စာအုပ်ကြီးကို သူသည် စားပွဲခုံ အံဆွဲထဲတွင် သော့ပိတ်၍ သိမ်းဆည်းထားလေ့ရှိ၏။ ကျောင်းသူကျောင်းသား တပည့်များသည် ထိုစာအုပ်ကြီးကို လွန်စွာမှ ကြည့်ရှုချင်၊ သိချင်နေကြ၏။ သို့သော် အခွင့်ကောင်းကား တစ်ခါမျှ မရခဲ့ကြသေးချေ။

ဗက်ကီသည် စာသင်ခန်း တံခါးပေါက်ဝမှ ဖြတ်လျှောက်သွားရင်း ထိုစာအုပ်ကြီး ထည့်ထားသော ဆရာဒေါ်ဗင်၏ စားပွဲခုံကို အနီးကပ် တွေ့မြင်လိုက်ရလေ၏။ အံဆွဲကို ခတ်ထားသော သော့ခလောက်တွင် သော့တံသည် တပ်လျက်သား တန်းလန်းရှိနေသည်ကို ဗက်ကီ တွေ့မြင်ရလေ၏။ ဤအခါကား တကယ့် အခွင့်ကောင်းပင်တည်း။ ထို့ကြောင့် ဗက်ကီသည် ဟိုဟိုဒီဒီ လှည့်ပတ်၍ ကြည့်ရှုလိုက်ပြီးလျှင် မိမိ တစ်ယောက်တည်း ရှိသည်ကို သိရသောအခါ အံဆွဲသော့ကို ဖွင့်၍ လျှို့ဝှက်သော အဆိုပါ စာအုပ်ကြီးကို ထုတ်ယူလိုက်လေ၏။ “ပါမောက္ခ ဦးဘယ်သူ၏ ခန္ဓာဗေဒကျမ်း” ဟူသော စာအုပ်ခေါင်းစီးကို တွေ့လိုက်ရသောအခါ ဗက်ကီသည် မည်သို့မျှ နားမလည်ရှာချေ။ ထို့ကြောင့်

စာအုပ်ကြီးကို တစ်ရွက်စီ လှန်လှော၍ ကြည့်လိုက်ရာ ချက်ချင်းပင် ရှေ့ဆုံးမျက်နှာ နေရာတွင် ဆေးရောင်စုံခြယ်ကာ ရိုက်နှိပ်ထားသော လူတစ်ယောက်၏ ကိုယ်တုံးလုံးကျွတ်ပုံကြီး တစ်ပုံကို ဗက်ကီ တွေ့မြင်ရလေ၏။ ထိုအခိုက်မှာပင် စာအုပ်ပေါ်သို့ အရိပ်တစ်ခု ကျရောက်လာပြီးလျှင် တွမ်ဆောယားသည် တံခါးပေါက်ဝမှ ဝင်ရောက်၍ လာလေ၏။ တွမ်သည် ဗက်ကီ ကြည့်နေသော ရုပ်ပုံကို ရိပ်ခနဲ ဖမ်းမြင်လိုက်လေသည်။ ဗက်ကီသည် တွမ် အခန်းထဲသို့ ဝင်လာသောအခါ စာအုပ်ကို အလျင်စလို ပိတ်ရန် ကြိုးစားလိုက်ရာ ကုသိုလ်ကံဆိုးလှသောကြောင့် ဆေးရောင်စုံ ရုပ်ပုံကြီးသည် စာမျက်နှာ တစ်ဝက်နီးနီးထိအောင် စုတ်ပြဲ၍ သွားလေတော့သည်။ ဗက်ကီသည် စာအုပ်ကြီးကို အံဆွဲထဲသို့ ပစ်ထည့်လိုက်ကာ သော့ကို ပိတ်လိုက်ပြီးလျှင် ရှက်သည်က တစ်ကြောင်း၊ ဒေါသဖြစ်သည်က တစ်ကြောင်း တို့ကြောင့် ချုံးချ၍ ငိုရှာလေ၏။

'တွမ်ဆောယား၊ နင်ဟာ နည်းနည်းမှ မကောင်းတဲ့ လူစားပဲ။ သူများတကာ ဘာကြည့်နေသလဲ ဆိုတာသာ လိုက်ချောင်းနေတာပဲ'

'နင် ဘာကြည့်နေသလဲ ဆိုတာ ငါ ဘယ့်နှယ်လုပ် သိချင်ပါ့မလဲ ဟယ်'

"တော်... တော်... တွမ်ဆောယား၊ နင်ဟာ နင့်ကိုယ်စောင့်နတ် နင်ပြန်ရှက်ဖို့ ကောင်းလှပြီ။ နင် ငါ့အပေါ်မှာ သက်သက်မဲ့ အပြစ်လိုက်ရှာနေတာ မဟုတ်လား။ ပြီးတော့ ဆရာ့ကို တိုင်ပြောမယ်ပေါ့လေ၊ ဟုတ်လား။ ခက်ပြီ...ခက်ပြီ။ ငါ ဘာလုပ်ရမှန်း မသိတော့ဘူး။ ငါ ကျောင်းမှာ တစ်ခါမှ အရိုက်မခံခဲ့ရဘူး။ အခုတစ်ခါတော့ လှလှကြီး အရိုက်ခံရတော့မယ်'

ထို့နောက် ဗက်ကီသည် ခြေကလေးကို ဆောင့်ကာ ဆောင့်ကာ ဖြင့် ပြောပြန်၏။

'နင် ငါ့အပေါ်မှာ ဒီလောက်တောင် မကောင်းကြံချင်ရင်လည်း ကြံတော့ တွမ်ဆောယား။ ဒါပေမဲ့ နင်တော့ တစ်ခုခု ဖြစ်လိမ့်မယ်။ ငါသိတယ်... ငါသိတယ်။ နင် စောင့်သာ ကြည့်ပေတော့။ နင်ဟာ... အလွန်မုန်းစရာ ကောင်းတယ်၊ မုန်းစရာ ကောင်းတယ်... မုန်းစရာ ကောင်းတယ်'

ထိုသို့ ပြောပြီးလျှင် ဗက်ကီသည် အသစ် တစ်ဖန် ငိုချင်းချ၍ ကျောင်းထဲမှ ပြေးထွက်သွားလေ၏။ တွမ်ကား ဘာမျှ နားမလည်နိုင် အောင် ဖြစ်သွားပြီးလျှင် ငေးမော၍ ကျန်ရစ်ခဲ့လေ၏။

"အတော်တော့ ဆန်းတဲ့ ကောင်မလေးပဲ။ ကျောင်းမှာ တစ်ခါမှ အရိုက်မခံရသေးဘူးတဲ့။ ခုတော့ အရိုက်ခံရမှာ အင်မတန် ကြောက်နေ ရှာတယ်။ သနားစရာပါပဲ။ ဒီလို ကောင်မလေးမျိုးသာ အရိုက်ခံလိုက် ရရင်တော့ တယ်သက်သာလှမှာ မဟုတ်ဘူး။ အရေခွံလည်း ပါးသေး၊ အသည်းလည်း ငယ်သေး။ ဟင်း... သူ့အကြောင်းကို ဆရာ ဒေါ့ဗင် ကို ငါ မပြောတော့ပါဘူးလေ။ ဒါပေမဲ့ ဆရာဒေါ့ဗင်ဟာ တစ် နည်းနည်းနဲ့တော့ သိမှာပါပဲ။ အင်မတန် အဖမ်းကောင်းတဲ့ ဆရာ။ မိရင် မိဗက်ကီတော့ သက်သာမှာ မဟုတ်ဘူး။ လှလှကြီးသာ အရိုက်ခံ ပေတော့"

တွမ်သည် တစ်ကိုယ်တည်း ထိုသို့ ပြောဆို မြည်တမ်းပြီးလျှင် ကျောင်းပြင်သို့ ပြေးထွက်ကာ အဖော်အသင်းများနှင့်အတူ ဆော့ကစား၍ နေလေ၏။

မကြာမီပင် ဆရာ ရောက်လာကာ ကျောင်းလည်း တက်လေ၏။ တွမ်သည် ကျောင်းစာများထဲတွင် လုံးဝ စိတ်ဝင်စားခြင်း မရှိချေ။

သူသည် မကြာခဏ ဆိုသလို မိန်းကလေးများ ထိုင်နေရာသို့ တိတ်တိတ်ခိုး၍ ကြည့်၏။ ထိုသို့ ကြည့်လိုက်သည့်အခါတိုင်း ဗက်ကီ၏မျက်နှာတွင် စိတ်မသက်သာသော အရိပ်အယောင်များ ယှက်သန်းနေသည်ကို တွမ် တွေ့မြင်ရလေသည်။ အဖြစ်အပျက်များ အားလုံးကို စဉ်းစားဝေဖန်၍ ကြည့်လိုက်သောအခါ သူသည် ဗက်ကီအား သနားချင်စိတ်မရှိပေ။ သို့သော် အဘယ်ကြောင့် မသိ၊ သူ့စိတ်ကား ဗက်ကီအား သနားသလိုလို ဖြစ်နေလေသည်။

ဤသို့ဖြင့် မကြာမီပင် ဆရာဒေါ်ဗင်သည် တွမ်၏ သတ်ပုံစာအုပ်ညစ်ပတ်ပေကျံနေသည်ကို တွေ့မြင် သိရှိသွားလေ၏။ ဆရာဒေါ်ဗင်သည် တွမ်အား ခေါ်ယူလိုက်၏။ တွမ်သည် ဘုမသိ ဘမသိဖြင့် အရိုက်ခံရတော့မည့်အတွက် မည်သို့မျှ စောဒကတက်၍ ရမည် မဟုတ်သည်ကို ကောင်းစွာ သိ၏။ စာအုပ်ကား သူ့စာအုပ်၊ ပေကျံနေသည်မှာလည်း အမှန်ဖြစ်၏။ ပေကျံအောင် သူ မပြုလုပ်သည်မှာလည်း အမှန်ဖြစ်၏။ သို့သော် မည်သို့မျှ စောဒကဝင်၍ ရမည် မဟုတ်။ စောဒကတက်လျှင်၊ မပြုလုပ်ရကြောင်း ငြင်းကွယ်လျှင် ပိုမို၍ ဆိုးမည် ဖြစ်ကြောင်းကို တွမ် ကောင်းစွာ သိလေသည်။ ထို့ကြောင့် တွမ်သည် ဆရာဒေါ်ဗင်၏ အရိုက်အနှက်ကို တိတ်ဆိတ်စွာ ကြိတ်မှိတ်၍ ခံလိုက်တော့လေသည်။

အဖြစ်မှန်ကို သိသော ဗက်ကီသည် အမှန်ကို ထုတ်မပြောမိစေရန် မနည်း ထိန်းချုပ်ထားရလေသည်။ "မပြောဘူး…မပြောဘူး၊ အမှန်ကို ငါ မပြောဘူး။ သူ အရိုက်ခံရပစေ၊ ငါ့အကြောင်းကိုလည်း သူ ဆရာ့ကို တိုင်ပြောမယ့်အတူတူ ငါကလည်း ဘာလို့ အမှန်ကို ပြောရမလဲ။ သူ အရိုက်ခံရမှ ကောင်းတယ်" ဟု ဗက်ကီသည် စိတ်ထဲမှ ကျိတ်၍ ရေရွတ်နေလေသည်။

မကြာမီပင် ဆရာသည် သူ၏ စားပွဲခုံ အံဆွဲကို ဖွင့်လိုက်၏။ တွမ်သည် ဗက်ကီအား လှမ်းကြည့်လိုက်၏။ ဗက်ကီသည် မျက်နှာ ပျက်ပျက် ဖြစ်နေလေ၏။ ထို့နောက် ဆရာသည် သူ၏ လျှို့ဝှက်သော စာအုပ်ကြီးကို ထုတ်ယူလိုက်၏။ တွမ်သည် ရင်တမမဖြင့် ဗက်ကီအား လှမ်းကြည့်လိုက်ပြန်၏။ ဗက်ကီကား ငိုတော့မလို ဖြစ်နေလေသည်။ တွမ်သည် ဗက်ကီနှင့် ခိုက်ရန်ဖြစ်ခဲ့သည်များကို အားလုံး မေ့ပျောက်၍ သွားလေ၏။

ဆရာဒေါ်ဗင်သည် စာအုပ်ကြီးကို တစ်ရွက်ချင်း လှန်လိုက်၏။ သို့သော် ချက်ချင်းပင် သူသည် ကျောင်းသားများဆီသို့ တင်းမာသော မျက်နှာထားဖြင့် မျက်နှာမူလိုက်လေ၏။ ကျောင်းသူ ကျောင်းသားများ အားလုံးသည် ဆရာဒေါ်ဗင်၏ မျက်နှာကို မည်သူမျှ မော်မကြည့်ရဲကြ တော့ချေ။ အပြစ်ကင်းသူများပင်လျှင် ရင်တဒိတ်ဒိတ် ခုန်နေကြလေ သည်။ တစ်တန်းလုံး တိတ်ဆိတ်၍ နေ၏။ မီးကို ရေဖျန်းထားသကဲ့သို့ ရှိ၏။ ဆရာဒေါ်ဗင်သည် သူ၏ ဒေါသကို အရှိန်ယူ အားမွေးနေလေ သည်။

ထို့နောက်မှ 'ဒီစာအုပ်ကို ဘယ်သူ ဆုတ်သလဲ ဟင်' ဟု မိုးခြိမ်း သံဖြင့် မေးလိုက်လေသည်။ မည်သူမျှ အဖြေမပေးကြချေ။ တစ်တန်းလုံး အပ်ကျသံကိုပင် ကြားနိုင်လောက်ပေသည်။ တစ်တန်းလုံး တိတ်ဆိတ် မြိ တိတ်ဆိတ်၍ နေ၏။ ဆရာဒေါ်ဗင်သည် ကျောင်းသူ ကျောင်းသား များ၏ မျက်နှာကို တစ်ဦးချင်း သေချာစွာ လိုက်ကြည့်နေ၏။ မည်သူ ဣန္ဒြေပျက်သနည်းဟု အကဲခတ် ဖမ်းဆီးနေခြင်း ဖြစ်၏။

'ဘင်ဂျမင်ရောဂျား၊ မင်း ဒီစာအုပ်ကို ဆုတ်သလား'

ဘင်က မဆုတ်ရကြောင်း ငြင်းဆိုလိုက်၏။

'ဂျိုးဟော်ပား၊ မင်းကော...'

ဂျိုးကလည်း မဆုတ်ရကြောင်း ငြင်းဆိုလိုက်၏။ တွမ်သည် အကြီးအကျယ် အနေရ အထိုင်ရ ခက်နေတော့လေသည်။ သူသည် ရင်ထဲတွင် မသက်မသာကြီး ဖြစ်နေ၏။ ဤလို တစ်ဦးချင်း မေးစစ်နေသည့်အတွက် သူသည် နေမထိ ထိုင်မထိ ဖြစ်နေရှာလေသည်။ ဆရာသည် ယောကျ်ားကလေးများကို တစ်ဦးချင်း သေချာစွာ ကြည့်ရှုအကဲခတ်၍ ကျေနပ်လောက်သောအခါ မိန်းကလေးများဘက်သို့ မြားဦးလှည့်သွားလေ၏။

'အေမီလောရင့်၊ မင်းကော...'

အေမီက ခေါင်းကို သွက်သွက်ကြီး ခါပြလိုက်၏။

'ဂရေစီမီးလား'

ဂရေစီမီးလားကလည်း အေမီကဲ့သို့ပင် ခေါင်းကို သွက်သွက်ကြီး ခါပြလိုက်သည်။

'စုဆန်ဟားပါး၊ စာအုပ်ကို မင်း ဆုတ်သလား'

စုဆန်ကလည်း စာအုပ်ကို မဆုတ်ရကြောင်း ငြင်းဆိုလိုက်၏။ နောက်တစ်ယောက်ကား ဗက်ကီသက်ချားပင် ဖြစ်၏။ ဗက်ကီ၏ အလှည့်သို့ ရောက်တော့မည် ဖြစ်၍ တွမ်သည် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်လှုပ်၍ နေတော့လေသည်။

'ရီဗက်ကာသက်ချား' (ဆရာက ထိုသို့ ခေါ်လိုက်သောအခါ တွမ်သည် ဗက်ကီအား လှစ်ခနဲ ကြည့်လိုက်၏။ ဗက်ကီ၏ မျက်နှာသည် ဖြူရော်သွားသည်ကို တွမ် မြင်လိုက်ရ၏။) 'မင်း စာအုပ်ကို ဆုတ်သလား။ ဟော့ ခေါင်းငုံ့မထားနဲ့လေ၊ ငါ့မျက်နှာကို တည့်တည့် ကြည့်စမ်း။ (ဗက်ကီသည် အသနားခံသည့် အမူအရာကို ဖော်ပြနေ၏။) 'ရီဗက်ကာသက်ချား၊ မင်း ဒီစာအုပ်ကို ဆုတ်သလား'

ထိုအခိုက်တွင် တွမ်သည် ထိုင်ခုံပေါ်မှ ခုန်၍ ထ လိုက်ပြီးလျှင် 'ကျွန်တော် ဆုတ်တယ်' ဟု ဟစ်အော်၍ ပြောဆိုလိုက်လေ၏။ တစ်တန်းလုံး မည်သူမျှ မယုံကြည်နိုင်ဘဲ အံ့သြငေးမော၍ သွားလေ၏။ တွမ်သည် သူ့တွင် ရှိသမျှ အားခွန်တို့ကို ဖျစ်ညှစ်၍ စိတ်တင်းလိုက်ပြီးလျှင် အရိုက်ခံရန်အတွက် ဆရာဒေါ်ဗင်၏ ရှေ့မှောက်သို့ တစ်လှမ်းချင်း လျှောက်သွားလေသည်။ ယင်းသို့ လျှောက်သွားစဉ် ဗက်ကီသည် သူ့အား အံ့သြခြင်း၊ လေးစားကြည်ညိုခြင်း၊ ကျေးဇူးတင်ခြင်း အမူအရာများဖြင့် ကြည့်ရှုနေသည်ကို သူ တွေ့လိုက်ရ၏။ ထိုအခါ တွမ်သည် အချက်တစ်ရာမျှ အရိုက်ခံရလည်း အရိုက်ခံရကျိုးနပ်လေပြီဟု စိတ်ထဲက အောက်မေ့လိုက်လေသည်။

ထို့နောက် ဆရာဒေါ်ဗင်သည် သူ့တစ်သက်တွင် အပြင်းထန်ဆုံးသော ရိုက်နှက်ခြင်းမျိုးဖြင့် တွမ်အား ရိုက်နှက်တော့လေ၏။ တွမ်သည် အသံတစ်ချက်မျှ မထွက်၊ မျက်ရည်တစ်စက်မျှ မကျဘဲ အံကြိတ်၍ အရိုက်ခံလေသည်။ ဆရာဒေါ်ဗင်သည် ရိုက်နှက်၍ ပြီးသောအခါ တွမ်အား ဒဏ်ပေးလိုက်သေး၏။ ထိုဒဏ်ကား ကျောင်းဆင်းသော်လည်း တွမ်သည် ကျောင်းတွင် နှစ်နာရီကြာမျှ ချန်နေရစ်ရမည့် ဒဏ်ပင်ဖြစ်သည်။ ယင်းသို့ ဒဏ်ပေးခံရခြင်းကိုလည်း တွမ်သည် လုံး၀ မဖြုခဲ့ချေ။ အကြောင်းကား ဒဏ်ခံရသည့်အချိန် ကုန်ဆုံးမည့် အခါတွင် သူ့အား ကျောင်းပြင်မှ မည်သူ စောင့်ကြို၍နေမည်ကို သူ အသေအချာသိသောကြောင့်တည်း။

ယခုအခါတွင် တွမ်သည် ဗက်ကီက အဖြစ်မှန်ကို ပြောပြပြီးဖြစ်၍ အယ်ဖရက်တင်ပယ်အား လက်စားချေရန် အမျိုးမျိုး ကြံစည်စိတ်ကူး၍ နေလေသည်။ သူသည် ထိုနေ့ညက တော်တော်ဖြင့်ပင်အိပ်၍ မပျော်နိုင်ခဲ့ချေ။ အယ်ဖရက်တင်ပယ်အား လက်စားချေရန်

ကြံစည်စိတ်ကူးရလွန်း၍ ဦးနှောက်များပင် ခန်းခြောက်၍ နေလေသည်။ သို့သော် မကြာမီပင် သူ၏ စိတ်အာရုံထဲ၌ ဗက်ကီ၏ ချိုပြုံးသော မျက်နှာကလေးကို တရစ်ဝဲဝဲ မြင်လာ၏။ နားထဲ၌လည်း ဗက်ကီ၏ ရှင်ချိုသော အသံကလေးများကို ထပ်တလဲလဲ ကြားယောင်၍ လာ၏။ ထို့ကြောင့် နောက်ဆုံးတွင် တွမ်သည် အိပ်ပျော်ခြင်းသို့ ရောက်လေ၏။ သူသည် ဗက်ကီ နောက်ဆုံး ပြောသွားသော စကားကလေး တစ်ခွန်းကို အိပ်မက်ထဲ၌ပင် ကြားယောင်၍ နေလေသည်။

'တွမ်ရယ်... နင်ဟာ သိပ် သဘောထား မြင့်မြတ်ပါပေတယ်ကွယ်' တဲ့။

## အခန်း (၁၇)

ယခုအခါ တွမ်တို့၏ ကျောင်းကြီးလည်း ပိတ်လေပြီ။

တွမ်သည် လွန်စွာ ပျင်း၍ နေ၏။ ကျောင်းမသွားရတော့၍ လွတ်လပ်စွာ လည်ပတ် ဆော့ကစားရသည်ကား မှန်၏။ သို့သော် ဗက်ကီသက်ချားသည် ကျောင်းပိတ်သဖြင့် ကွန်စတင်တီနိုပိုရှိ သူ၏ မိဘများ အိမ်သို့ ပြန်သွားပြီ ဖြစ်ရကား တွမ်သည် ပျင်းရိ၍ ကျန်ရစ်ခဲ့လေ၏။ သူ့အဖို့ လွတ်လပ်စွာ လည်ပတ် ဆော့ကစားရသော်ငြားလည်း ရေးကလောက် ပျော်ပိုက်ခြင်း မရှိတော့ချေ။ ဗက်ကီသည် သူ့အား အသက်နုတ်ယူသွားသကဲ့သို့ ရှိလေသည်။

ဤအထဲ တစ်နေ့တွင် တွမ်တို့၏ရွာ၌ ကျောက်ဝက်သက် ရောဂါဆိုးကြီး ဖြစ်ပေါ်ခဲ့သေး၏။ တွမ်သည် ဝက်သက်ပေါက်ကာ တနင်္ဂနွေ နှစ်ပတ်မျှ အိပ်ရာထဲမှ မထနိုင်ခဲ့ချေ။ သူသည် အိပ်ရာထဲတွင် လဲနေခဲ့သည့် တစ်ချိန်လုံး အပြင်လောကကြီးနှင့် အဆက်ပြတ်၍ နေခဲ့၏။ အပြင်တွင် ဘာတွေ ဖြစ်ပျက်ခဲ့သည်ကိုလည်း သူ မသိချေ။ လွန်မင်းစွာ ဖျားနာနေခဲ့ခြင်းကြောင့် တွမ်သည် သိချင်သော စိတ်လည်း မရှိခဲ့ချေ။

ဝက်သက်ပျောက်၍ နာလန်ထူလာကာ အားနည်းပါးနည်းဖြင့် ရွာထဲသို့ လှည့်လည် ကြည့်ရှုသော အခါတွင်ကား အစစ အရာရာ တို့သည် အပြောင်းလဲကြီး ပြောင်းလဲ၍ နေကြသည်ကို တွမ် တွေ့မြင်

ရလေ၏။ လူတိုင်း လူတိုင်းသည် အသက်တစ်ဖန် ပြန်လည်ရှင်သန်၍ လာကြသည့်အလား ရှိကြကုန်၏။ လူတိုင်း လူတိုင်းသည် ဘုရားစကား၊ တရားစကားများချည်းကိုသာ ပြောဆိုလျက် ရှိကြကုန်၏။ လူတိုင်း လူတိုင်းသည် ဘုရားစာ၊ တရားစာများချည်းကိုသာ ရွတ်ဖတ်လျက် ရှိကြကုန်၏။ တွမ်သည် ဘုရားစကား တရားစကား မပြောသူ၊ ဘုရားစာ တရားစာ မရွတ်ဖတ်သူများကို မျှော်လင့်တကြီးဖြင့် လိုက်လံ၍ ရှာဖွေကြည့်မိသေး၏။ သို့သော် တစ်ယောက်မျှ မတွေ့ရချေ။ တွမ်သည် ဂျိုးဟားပါးထံသို့ ရောက်သွားသောအခါ ဂျိုးသည် သမ္မာကျမ်းစာအုပ်ကို ဖတ်ရှုလေ့လာနေသည်ကို တွေ့ရသောကြောင့် ဝမ်းနည်းစွာဖြင့် လှည့်ပြန်လာခဲ့ရ၏။ ဘင်းရောဂျားဆီသို့ တွမ် ရောက်သွားသောအခါတွင်လည်း ဘင်းရောဂျားသည် မရှိဆင်းရဲသားများနှင့် သက်ကြီးရွယ်အိုများကို လိုက်လံပြုစုနေသည်ကို တွမ် တွေ့မြင်ခဲ့ရလေသည်။ ဂျင်းဟောလစ်ထံသို့ ရောက်သွားသော အခါတွင်လည်း သူ့အား ဂျင်းက ပြီးဆုံးခဲ့သော ဝက်သက်ပေါက်ခြင်းသည် သတိတရား ရကြရန် အချိန်တန်ပြီ ဖြစ်ကြောင်း နှိုးဆော်ခြင်း ဖြစ်သည်ဟု တရားဟော လွှတ်လိုက်လေသည်။ တွေ့သမျှသော သူ၏ ကစားဖော် ကစားဖက် သူငယ်ချင်း မိတ်ဆွေများသည် ဤနည်းနှင်နှင်ချည်း ပြောင်းလဲ၍ နေကြကုန်၏။ ထို့ကြောင့် တွမ်သည် နောက်ဆုံးတွင် ဟပ်ကယ်ဗယ်ရီဖင်းထံသို့ ချဉ်းကပ် ခိုလှုံရရှာတော့လေရာ ဟပ်က သူ့အား ဘုရားစာတစ်ပုဒ်ကို ရွတ်၍ ဆီးကြိုလိုက်လေ၏။ ဤတွင် တွမ်လည်း ဝမ်းနည်းပက်လက်ဖြင့် အိမ်သို့ လေးကန်စွာ လှည့်၍ ပြန်လာခဲ့လေ၏။ ညအချိန်၌ အိပ်ရာထဲသို့ ရောက်သောအခါ တွမ်သည် တစ်ရွာလုံးတွင် သူတစ်ဦး သာလျှင် မိုက်မဲသောသူ အဖြစ် ကျန်ရှိနေတော့သည်ကို သတိတရား ရမိလေ၏။

ထိုည၌ လေပြင်းမုန်တိုင်းကြီးသည်လည်း ကျ၏။ မိုးကြီးလည်း သည်းထန်စွာ ရွာ၏။ မိုးကြိုးများလည်း တဒင်းဒင်း မြည်၏။ လျှပ်များလည်း တဝင်းဝင်း ပြက်၏။ တွမ်သည် ခေါင်းမြီးခြုံ၍ အိပ်ရာထဲတွင် ထိတ်လန့်တုန်လှုပ်စွာ တွေးနေလေသည်။ သူသည် ယခုပင် သေရတော့မည်ဟု မှတ်ထင်ကာ သေမင်းကို စောင့်မျှော်နေလေသည်။ သို့သော် တွမ်သည် သူ့လို ပါမွှားကို ဤလို မိုးကြိုးလက်နက် သိကြားစက်ဖြင့် ပစ်ခွင်းမည့်အရေးကား ကြမ်းပိုးငယ်တစ်ကောင်ကို အမြောက်ကြီးဖြင့် ပစ်ခွင်းသကဲ့သို့ ရှိလိမ့်မည်ဟု တွေးတော၍ နေလေသည်။

သို့သော် နောက်တစ်နေ့၌ တွမ်သည် ပြန်၍ ဖျားလေ၏။ သူ၏ သူငယ်ချင်း ကစားဖော်များလည်း ဖျားကြပြန်လေ၏။ ထို့ကြောင့် ဆရာဝန်များ အလုပ်ရှုပ်ကြပြန်လေသည်။ ဤတစ်ကြိမ်တွင် တွမ်သည် အိပ်ရာထဲတွင် သုံးပတ်တိတိမျှ လဲခဲ့ရ၏။ ထိုသုံးပတ်မျှသော အချိန်များသည် သူ့အဖို့ တစ်ကမ္ဘာလောက် ကြာသည်ဟု မှတ်ထင်မိတော့လေသည်။

သို့ရာတွင် ပြန်လည် နေကောင်းလာသော အခါတွင်ကား တွမ်သည် ဂျင်းဟောလစ်၊ ဂျိုးဟားပါး၊ ဟပ်ကယ်ဗယ်ရီဖင်း အစရှိသော သူငယ်ချင်း အပေါင်းအဖော်များနှင့် လမ်းပေါ်တွင် ပြန်လည်ဆုံတွေ့ကာ အပျင်းကြီး ပျင်းခဲ့ရသမျှ အတိုးချ၍ လှည့်လည် ဆော့ကစားခဲ့လေ၏။

## အခန်း (၁၈)

ထိုနေ့ကား တစ်ရွာလုံး လှုပ်လှုပ်ရှားရှား ဖြစ်နေသောနေ့ ဖြစ်သည်။ အကြောင်းမှာ မတ်ပေါ်တာ၏ အမှုကို ရုံးတင်ကာ စတင် စစ်ဆေးမည့်နေ့ ဖြစ်သောကြောင့်တည်း။ လူတိုင်း လူတိုင်းသည် မတ်ပေါ်တာ၏ အမှုကို လွန်စွာ စိတ်ဝင်စားလျက် ရှိကြလေသည်။ ထိုအထဲတွင် တွမ်ကိုယ်တိုင်လည်း ပါလေသည်။ တွမ်သည် မတ်ပေါ်တာကို ရုံးတင် စစ်ဆေးတော့မည် ဆိုလျှင်ပင် ရင်များ တဒိတ်ဒိတ် ခုန်လာကာ သချိုင်းကုန်းမှ အဖြစ်အပျက်များ အားလုံးကို စိတ်ထဲတွင် ပြန်လည်၍ မြင်ယောင် လာလေ၏။ ဟပ်နှင့်သူ နှစ်ယောက်သား လျှို့ဝှက်စွာ သစ္စာဆိုခဲ့ကြသည်မှာ တစ်စိတ်တစ်ဒေသအားဖြင့် ပေါက်ကြား၍များ သွားလေပြီလား ဟုလည်း စိုးရိမ်ထိတ်လန့်၍ နေ၏။ ထို့ကြောင့် တွမ်သည် ဟပ်ကို ခေါ်ကာ တိတ်ဆိတ်သော ချောင်တစ်ချောင်သို့ ထွက်သွားကြလေသည်။ ရောက်သောအခါ တွမ်က-

'ဟပ်ရေ… မင်း တစ်ယောက်ယောက်ကိုများ ဟိုအကြောင်း ပြောမိသေးလား ဟင်'

'ဘယ်အကြောင်းလဲကွ တွမ်'

'မင်း သိသားနဲ့ကွာ'

'ဪ…ဟိုကိစ္စလား၊ မပြောပါဘူးကွာ၊ ဘယ်သူ့မှ မပြောမိပါဘူး'

'တကယ်နော်၊ တစ်လုံးမှ မင်း မပြောမိဘူးနော်'

'တစ်လုံးမှ မပြောမိပါဘူးကွာ၊ မင်းကလည်း ဘာလို့ ဒီလောက်တောင် အမေးအစမ်း ထူနေရတာလဲ'

'ငါ ကြောက်လို့ပါ သူငယ်ချင်းရာ'

'အေး… ကြောက်လည်း ကြောက်စရာပါပဲကွာ။ ဒီအကြောင်းများ ပေါက်ကြားသွားရင် တို့နှစ်ယောက်တော့ တစ်ရက် နှစ်ရက်လောက်တောင် အသက်ရှင်နေနိုင်တော့မှာ မဟုတ်ဘူး ဟေ့။ ဒါကို မင်းလည်း သိသားပဲဟာ။ ငါ လျှောက်ပြောပါ့မလား တွမ်ရာ'

တွမ်လည်း ထိုအခါမှ စိတ်အေးသွားတော့၏။

'နေစမ်းပါဦး ဟပ်ရာ၊ အခု တစ်ရွာလုံး ဘာအကြောင်း ပြောနေကြတာလဲ'

'ဟော…မင်း မကြားမိဘူးလား၊ မတ်ပေါ်တာအကြောင်းလေကွာ။ လူတိုင်း မတ်ပေါ်တာ… မတ်ပေါ်တာနဲ့ ပြောနေကြတာပေါ့။ မတ်ပေါ်တာကို ရုံးတင်စစ်ဆေးတော့မှာကိုး'

'အေးကွာ၊ ငါတော့ ဒီ မတ်ပေါ်တာကြီးကို သနားသကွာ။ သူ့ခမျာ ဒီအတိုင်းဆိုရင် မုချ သေစားသေရတော့မှာပဲ။ မင်းကော သူ့ကို တစ်ခါတလေ မသနားမိဘူးလား ဟင်'

'တစ်ခါတလေ မဟုတ်ပါဘူး တွမ်ရာ။ ငါ သူ့ကို အမြဲ သနားပါတယ်။ သူဟာ ငါ့အပေါ်မှာ အလွန်ကောင်းခဲ့တယ်ကွ။ ဘယ်သူ့ကိုမှလည်း ဒုက္ခမပေးဘူး။ သူ့ဘာသာသူ အရက်ကလေး မူးအောင် သောက်ဖို့ ငါးမျှားပြီး ရောင်းတယ်။ အရက်ကလေး ထွေထွေနဲ့ ဟို အနား ဒီအနား လျှောက်လည်တယ်။ ဒါပါပဲကွာ'

'အေးကွာ... မတ်ပေါတာကြီးဟာ ငါ့အပေါ်မှာလည်း ကောင်းခဲ့တာပါပဲ ဟပ်ရာ။ တို့များ သူ့ကို ကယ်ရရင် ကောင်းမှာပဲကွာ'

'အေးကွာ... ကယ်ရရင် ကောင်းမှာပဲ'

ထို့နောက် တွမ်နှင့် ဟပ်တို့သည် မတ်ပေါတာအား မည်သို့မည်ပုံ ကယ်တင်ရမည်ကို အချိန်ကြာမြင့်စွာ စဉ်းစားကြံဆည်ကြလေ၏။ ညနေနေဝင်ဆည်းဆာအချိန်၌ သူတို့သည် မတ်ပေါတာအား ချုပ်နှောင်ထားကြရာ အကျဉ်းထောင်ကလေးနားတွင် ရစ်သီရစ်သီ လုပ်နေကြလေသည်။ သူတို့လည်း နတ်သမီး နတ်သားများ၊ ကောင်းကင်တမန်များက သူတို့နှင့် မတ်ပေါတာအား ကိုယ်ထင် ပြ၍ ကယ်မ ပါစေဟု ဆုတောင်းမျှော်လင့်နေကြ၏။ သို့သော် မည်သည့် နတ်သမီး နတ်သားမျှ သူတို့အား ကိုယ်ထင် မပြ။ မည်သည့်ကောင်းကင်တမန်ကမှလည်း သူတို့နှင့် မတ်ပေါတာအား ကယ်မခြင်း မပြုခဲ့ချေ။ ထို့ကြောင့် သူတို့၏ လုပ်ရိုးလုပ်စဉ်အတိုင်း မတ်ပေါတာ၏ အကျဉ်းခန်းကလေးဆီသို့ သွားကာ သံတိုင်ကြားမှ နေ၍ ဆေးလိပ်နှင့် မီးခြစ်များကို ပစ်သွင်း၍ ပေးကြလေ၏။ အကျဉ်းခန်းကလေး၏ အနီးပတ်ဝန်းကျင်တွင် အစောင့်အရှောက်များကား တစ်ဦးတစ်ယောက်မျှ မရှိချေ။ မတ်ပေါတာကား အကျဉ်းခန်းကလေး၏ ကြမ်းပြင်ပေါ်တွင် လှဲအိပ်၍ နေပေသည်။ သူတို့သည် မတ်ပေါတာနှင့် စကားစမြည်ပင် ပြောဆိုခဲ့ကြသေး၏။ မတ်ပေါတာသည် သူတို့နှစ်ယောက်အား လွန်စွာ ကျေးဇူးတင်လျက် ရှိလေသည်။

အိမ်သို့ ပြန်လာသောအခါ တွမ်သည် တစ်လမ်းလုံး စိတ်မကောင်းခြင်း ကြီးစွာ ဖြစ်လာ၏။ ည အိပ်ရာဝင်သောအခါတွင်လည်း ကြောက်မက်ဖွယ် ကောင်းသော အိပ်မက်တို့ကို မက်နေလေသည်။ နောက်တစ်နေ့နှင့် အခြားနောက်တစ်နေ့တို့တွင် တွမ်သည် အမှုစစ်ဆေးသော

ရုံးသို့ မနေနိုင် မထိုင်နိုင် ရောက်သွားကာ သတင်းစကားများကို စနည်းနာကြည့်၏။ သူသည် ရုံးခန်းတွင်း ဝင်မသွားမိစေရန် သူ့စိတ်ကို ပြင်းထန်စွာ ထိန်းချုပ်ထားရလေသည်။ ဟပ်လည်း တွမ်၏ နည်းတူစွာပင် အမှုစစ်ဆေးသော ရုံးသို့ သွားရောက်၍ စနည်းနာ၏။ သို့သော် သူတို့နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် မဆုံမိစေရန် အထူး သတိထား၍ ရှောင်ရှားကြလေသည်။

အမှုစတင် စစ်ဆေးသည်မှ ဒုတိယနေ့ ကုန်ဆုံးချိန်တွင် မတ်ပေါတာသည် အပြစ်ဒဏ် ခံယူရန် သေချာသလောက် ဖြစ်နေတော့၏။ အင်ဂျန်းဂျိုး၏ ဖြောင့်ချက်မှာ ခိုင်လုံသည်ထက် ခိုင်လုံနေတော့၏။ ထိုနေ့ညတွင် တွမ်သည် အတော်ကြီး ညဉ့်နက်မှ အိမ်သို့ ပြန်ရောက် လာ၏။ သူသည် ပြတင်းပေါက်မှ ကျော်တက်ကာ အိပ်ရာသို့ ဝင်ခဲ့လေ သည်။ တွမ်သည် တော်တော်နှင့် အိပ်မပျော်ခဲ့ချေ။ သူ့စိတ်များကား လှုပ်ရှားနေလေသည်။ နာရီပေါင်း အတော်ကြာမှာပင် သူသည် အိပ်ပျော် ခဲ့ရှာလေသည်။

နောက်တစ်နေ့ကား တစ်ရွာလုံး မျှော်လင့်စောင့်စား၍ နေသော နေ့ကြီးပင် ဖြစ်တော့၏။ မတ်ပေါတာ၏ အမှုနှင့် စပ်လျဉ်း၍ သက်သေ များကို အပြန်အလှန် စစ်ဆေးမေးမြန်းမည့် နေ့ပင် ဖြစ်သည်။ တစ်ရွာ လုံးတွင် ရှိသော လူများသည် အမှုစစ်ဆေးသော တရားရုံးသို့ သွား ရောက်ကြလေသည်။ ထို့ကြောင့် တရားရုံး တစ်ခုလုံး ရွာသူရွာသား မိန်းမ ယောကျ်ားများဖြင့် ပြည့်နက်စည်ကား၍ နေတော့၏။

အချိန်တိုင်သော် တရားခွင်သို့ တရားသူကြီးများ၊ ရှေ့နေ ရှေ့ရပ် များ၊ သက်သေများနှင့်အတူ တရားခံမတ်ပေါတာနှင့် ဖြောင့်ချက်ပေးသူ အင်ဂျန်းဂျိုးတို့ ရောက်လာကြ၏။ လူပုံလယ်တွင် မတ်ပေါတာသည်

လှုပ်ရှားတုန်ယင်၍ နေသည်နှင့်အမျှ ဂျိုးကား တည်ငြိမ်စွာဖြင့် ထွေ့ကြည့်
ကောင်းလှပေသည်။

ထို့နောက် အမှုစစ်သူချင်းချင်း အစိုးရ ရှေ့နေကြီးက သက်သေ
တစ်ယောက်ကို ခေါ်ယူလိုက်၏။ ထိုသက်သေက လူသတ်မှု ဖြစ်သည့်
ည နံနက်စောစောစီးစီး ဝေလီဝေလင်း အချိန်တွင် မတ်ပေါတာအား
စမ်းပေါက်ကလေးတစ်ခုတွင် ကိုယ်လက်သုတ်သင် နေသည်ကို မြင်ရ
ကြောင်း အစစ်ခံ၏။ ထို့နောက် အစိုးရရှေ့နေကြီးက သက်သေကို
ပြန်လှန်စစ်ဆေး မေးမြန်းရန်အတွက် တရားခံ မတ်ပေါတာ၏ ရှေ့နေ
အား ပြောကြားလိုက်၏။ တရားခံ မတ်ပေါတာ၏ ရှေ့နေက ဘာမျှ
မေးမြန်းစရာ မရှိကြောင်း ပြန်လည်ပြောဆိုလိုက်၏။

ထို့ကြောင့် အခြား သက်သေတစ်ယောက်ကို ခေါ်ယူလိုက်ပြန်၏။
ထိုသက်သေက သေဆုံးသူ ဒေါက်တာရော်ဘင်ဆင်၏ အလောင်းနား
တွင် ဓားမြှောင်တစ်ချောင်းကို တွေ့ရကြောင်း အစစ်ခံ၏။

'သက်သေကို မေးစစ်ပါ' ဟု အစိုးရ ရှေ့နေကြီးက ဆို၏။

'ဘာမျှ မေးစစ်စရာ မရှိပါ' ဟု တရားခံ၏ ရှေ့နေက ပြန်လည်
ပြောကြားလိုက်၏။

ထို့ကြောင့် အခြားသက်သေတစ်ယောက်ကို ခေါ်ယူလိုက်ပြန်၏။
ထိုသက်သေက အလောင်းနားတွင် တွေ့ရှိရသည် ဆိုသော ဓားမြှောင်
မှာ မတ်ပေါတာ ကိုင်ဆောင်လေ့ရှိသည်ကို မကြာခဏ တွေ့မြင်
ရကြောင်း ကျမ်းကျိန်၍ အစစ်ခံသွား၏။

'သက်သေကို မေးစစ်ပါ' ဟု အစိုးရ ရှေ့နေကြီးက ပြော၏။

'ဘာမျှ မေးစစ်စရာ မရှိပါ' ဟု တရားခံ၏ ရှေ့နေက ပြန်လည်
ပြောကြားလိုက်၏။ ထိုသို့ ကြားလိုက်ရသောအခါ လာရောက် နား
ထောင်နေကြသော ပရိသတ်ကြီးသည် ဤရှေ့နေကား သူ့အမှုသည်၏

အသက်ကို မည်သို့မျှ ကြိုးစား၍ မကာကွယ်တော့ပြီလောဟု တွေးတောကာ စိတ်တွင် စနောင့်စနင်း ဖြစ်ကုန်ကြလေသည်။

ထို့နောက် အခြားသက်သေ အများကိုလည်း တရားခံ မတ်ပေါတာ၏ ရှေ့နေသည် ဤနည်းနှင်နှင်ချည်း မည်သို့မျှ မေးစစ်ခြင်း မပြုခဲ့တော့ချေ။ အခြေအနေကား မတ်ပေါတာအဖို့ လည်စေးအစ်ကာ အသက်ရှုရကျပ်သော အခြေအနေသို့ ရောက်ရှိခဲ့လေပြီ။ သက်သေများ ထွက်ဆိုသမျှသည် မတ်ပေါတာအား တစ်သက်မက သုံးလေးသက် လောက်ပင် သေစား သေစေနိုင်လောက်အောင် ခိုင်လုံ၍ နေပေတော့သည်။ ပရိသတ်အပေါင်းလည်း မတ်ပေါတာ၏ ရှေ့နေကို မကျေနပ်ကြောင်း၊ အားမရကြောင်းဖြင့် တီးတိုး ပြောဆိုနေကြကုန်၏။

နောက်ဆုံး၌ အစိုးရရှေ့နေကြီးက 'ဤအတိုင်းဆိုလျှင် ရိုးသားဖြောင့်မှန်သော ရွာသူရွာသား သက်သေများ၏ ကျမ်းကိုင် စစ်ခံချက် အရ အမှုသွား အမှုလာမှာ ပြည့်စုံ၍ နေပါပြီ။ တရားခံအား ပြစ်မှုထင်ရှားကြောင်း တရားသူကြီးမင်းနှင့်တကွ ဂျူရီလူကြီး အပေါင်းတို့က စီရင်ချက် ချမှတ်ပေးရန်သာ ကျန်ပါတော့သည်' ဟု ပြောဆိုလိုက်လေ၏။

မတ်ပေါတာသည် ရှည်လျားစွာ ညည်းတွားလိုက်ပြီးလျှင် မျက်နှာကို လက်ဖြင့်အုပ်၍ သည်းထန်စွာ ငိုကြွေးလေ၏။ သူ၏ တစ်ကိုယ်လုံးကား ရှေ့ထိုးနောက်ငင် တုန်လှုပ်၍ နေပေတော့သည်။ ပရိသတ်အပေါင်းလည်း လှုပ်လှုပ်ရှားရှား ဖြစ်နေကြ၏။ များစွာသော မိန်းမတို့ကား မျက်ရည်မဆည်နိုင်အောင်ပင် ဖြစ်နေကြကုန်၏။

ထိုအခါမှပင် တရားခံ၏ ရှေ့နေလည်း ထိုင်ရာမှ ထရပ်လိုက်ကာ 'တရားသူကြီးမင်း ခင်ဗျာ၊ အမှု စတင်စစ်ဆေးစဉ်က ကျွန်တော်တို့သည် မတ်ပေါတာ၏အပေါ်တွင် အရက်အမူးလွန်ကာ လူသတ်မှုကို

ကျူးလွန်ကြောင်းဖြင့် ဖွဲချက်တင်ထားခဲ့ကြပါသည်။ ဤစွဲချက်သည် ယခုအခါ အသုံးမဝင်တော့ပါ။ ကျွန်တော်၏အမှုသည် မတ်ပေါ်တာ၏ ဘက်မှ ဤစွဲချက်ကို လက်ခံခြင်း မပြုနိုင်ပါ ခင်ဗျား' ဟု လျှောက်လဲ လိုက်လေ၏။

ထို့နောက် မတ်ပေါ်တာ၏ ရှေ့နေသည် သူ၏ စာရေးအား 'တောမတ်ဆောယားကို တရားခွင်သို့ ခေါ်သွင်းလိုက်ဟော့' ဟု ပြောဆို လိုက်လေသည်။

"တွမ်ဆောယား" ဟူသော အသံကို ကြားရသောအခါ လူတိုင်း လူတိုင်း၏ မျက်နှာပေါ်တွင် အံ့သြခြင်း၊ ရှုပ်ထွေးခြင်း အရိပ်အယောင် များ ယှက်သန်းပေါ်လွင်၍ လာလေ၏။ မတ်ပေါ်တာပင်လျှင် အံ့အား အသင့်ကြီး သင့်နေတော့လေသည်။ တွမ်သည် တရားခွင်ထဲသို့ ဝင် ရောက်လာကာ သူထိုင်ရမည့် နေရာတွင် ထိုင်နေစဉ် လူတိုင်း လူတိုင်း ၏ မျက်လုံးများသည် သူ့အား စိတ်ဝင်စားစွာ ငေးစိုက်၍ ကြည့်နေ ကြလေ၏။ တွမ်ခမျာကား အကြီးအကျယ် စိတ်လှုပ်ရှားနေရှာပေ သည်။ သူသည် အလွန်အမင်း ထိတ်လန့်၍လည်း နေ၏။ ထို့နောက် တွမ်သည် ကျမ်းကိုင်လိုက်လေ၏။

'တောမတ်ဆောယား၊ ဇွန်လ ဆယ့်ခုနစ်ရက်နေ့ည သန်းခေါင် အချိန်လောက်က မင်း ဘယ်မှာ ရှိနေသတုံး'

တွမ်သည် အင်ဂျန်းဂျိုး၏ မျက်နှာကို လှမ်းကြည့်ကာ ထိုအမေး ကို ဖြေဆိုရန်အတွက် နှုတ်အ၍ နေလေ၏။ ပရိသတ်လည်း အသက်မျှ ပြင်းပြင်း မရှူဘဲ တွမ် ဘာပြောမည်နည်းဟု စောင့်မျှော်နားထောင်၍ နေကြ၏။ ခဏအကြာတွင် တွမ်သည် ကြောက်စိတ် အနည်းငယ် ပြေသွားကာ ပရိသတ် အချို့အဝက်သာလျှင် ကြားနိုင်လောက်သော လေသံကလေးဖြင့် ပြန်လည် ဖြေကြားလိုက်၏။

'သချိုင်းကုန်းမှာ ရှိနေပါတယ် ခင်ဗျာ'

'ခပ်ကျယ်ကျယ်ကလေး ပြောစမ်းပါကွယ်။ မင်း ဘာမှ မကြောက်ပါနဲ့။ မင်း ဘယ်မှာ ရှိနေတယ်'

'သချိုင်းကုန်းမှာပါ ခင်ဗျာ'

အင်ဂျန်းဂျိုးသည် သရော်ပြုံး ပြုံးလိုက်၏။

'သချိုင်းကုန်းမှာ ဆိုတော့ ဟော့ဝီလီယမ်ရဲ့ သချိုင်းနားမှာများ လားဟေ့'

'ဟုတ်ကဲ့ ခင်ဗျာ'

'ခပ်ကျယ်ကျယ်ကလေး ပြောပါကွယ်။ ဟော့ဝီလီယမ်ရဲ့ သချိုင်းနဲ့ ဘယ်လောက်များ နီးသလဲ'

'ကပ်နေတာပါပဲ ခင်ဗျာ၊ အခု ဦးမင်းနဲ့ ကျွန်တော်နဲ့ ကွာသလောက်ပဲ ကွာပါတယ်'

'အဲဒီတုန်းက မင်း ပုန်းကွယ်ပြီးတော့ နေသလား၊ ဒါမှ မဟုတ် မပုန်းဘဲ နေသလား'

'ပုန်းကွယ်ပြီးတော့ နေပါတယ် ခင်ဗျာ'

'ဘယ်မှာ ပုန်းကွယ်နေသလဲကွယ့်'

'ဟော့ဝီလီယမ်ရဲ့ မြေပုံထိပ်မှာရှိတဲ့ သစ်ပင်ကြီးရဲ့ နောက်မှာ ခင်ဗျ'

ထိုသို့ ကြားလိုက်ရသောအခါ အင်ဂျန်းဂျိုးသည် သိသိသာသာကြီး တုန်လှုပ်စ ပြု၏။

'ဒါထက် မင်းနဲ့ ဘယ်သူများ ပါသေးသလဲကွယ့်'

'ဟုတ်ကဲ့ ခင်ဗျာ၊ အဖော်တစ်ယောက် ပါပါတယ်။ သူက တော့...'

'နေဦး...နေဦး...ခဏနေဦး၊ မင်းအဖော်ရဲ့ နာမည်ကို ထုတ်

ပြောဖို့ မလိုသေးပါဘူး။ အချိန်တန်တော့ သူ့ကို တို့များ ခေါ်ယူလိုက်တာပေါ့။ ဒါထက် မင်း သချိုင်းကုန်းကို ဘာများ ယူသွားမိသေးသလဲ'

တွမ်သည် အနည်းငယ် ဆုတ်ဆိုင်းဆိုင်း ဖြစ်သွား၏။ သူ့စိတ်ထဲတွင် ပြောရ ကောင်းနိုးနိုး၊ မပြောရ ကောင်းနိုးနိုးနှင့် ဝေခွဲမရအောင် ရှုပ်ထွေးနေလေသည်။

'ပြောသာပြောပါ လူကလေးရယ်၊ ဘာမှ ကြောက်မနေစမ်းပါနဲ့။ အမှန်ကို ပြောဆိုခြင်းဟာ လူတိုင်းရဲ့ လေးစားခြင်းကို ခံရပါတယ်ကွယ့်။ မင်း သချိုင်းကုန်းကို ဘာများ ယူသွားမိသတုံး'

'ကြောင်... ကြောင်သေကလေး ယူသွားမိပါတယ် ခင်ဗျာ'

ထိုသို့ ကြားသောအခါ တစ်ရုံးလုံး ဝေါခနဲ ရယ်သံကြီး ဟိန်းသွားတော့လေသည်။ ရယ်သံများကို တရားသူကြီးက ထိန်းသိမ်းပေးလိုက်ရ၏။

'တရားသူကြီးမင်း ခင်ဗျား၊ အဲဒီ ကြောင်သေကောင်ရဲ့ အရိုးစုကို ကျွန်တော် သက်သေအဖြစ် တင်ပြပါမယ်'

'ကိုင်း...ကိုင်း...လူကလေး၊ မင်း တွေ့မြင်ခဲ့ရသမျှကို တစ်လုံးတစ်ပါဒမျှ မချန်ဘဲ အစကနေ အဆုံးထိအောင် ပြန်ပြောပြစမ်းပါကွယ်။ ဟုတ်လား... မင်း ပြောတတ်သလိုသာ ပြော။ ကြားလား။ ဘာမှ ချန်မထားခဲ့နဲ့။ ဘာမှ ကျော်မသွားနဲ့။ ဘာကိုမှလည်း ကြောက်မနေနဲ့။ ဟုတ်လား... လူကလေး'

ပြောစတွင် တွမ်သည် အနည်းငယ် ထစ်အ ထစ်အ ဖြစ်၍ နေသေး၏။ ထို့နောက် အရှိန်ရလာသောအခါ သူသည် ကရားရေလွှတ် သကဲ့သို့ ထိုညက အဖြစ်အပျက်များကို တတွတ်တွတ် ပြန်လည်ပြောပြရှာလေ၏။ တစ်ရုံးလုံးသည် အပ်ကျသံကိုပင် ကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်၍ နေ၏။ တွမ်၏ အသံတစ်ခုတည်း

သာလျှင် ပီသပြတ်သားစွာ ထွက်ပေါ်လျက် ရှိလေသည်။ လူတိုင်း လူတိုင်းသည် တွမ် ပြောသမျှ ဆိုသမျှကို အသက်မှ မရှူဘဲ စိတ်ဝင်စားစွာ ငေးစိုက်၍ နားထောင်နေကြလေသည်။ ထို့နောက် တွမ်သည် 'အဲ... အဲဒါနဲ့ ဒေါက်တာ ရော်ဘင်ဆင်လည်း ခေါင်းဖုံးပျဉ်ပြားကြီးနဲ့ မတ်ပေါတာကို ရိုက်လှဲလိုက်တယ် ခင်ဗျ။ အဲဒီအခါမှာပဲ အင်ဂျန်းဂျိုးဟာလည်း ဓားမြှောင်ကို ကိုင်ကာ ခုန်ထလိုက်ပြီးတော့....' ဟု ပြောကာ စကားကို အဆုံးသတ်တော့မည် ပြုစဉ် မြားတစ်စင်း ပစ်လွှတ်လိုက်သကဲ့သို့ လျင်မြန်လှစွာသော အင်ဂျန်းဂျိုးသည် သူ့အား တားဆီးပိတ်ဆို့လျက် ရှိကြသော လူများကို ထိုးဖောက်၍ ပြတင်းပေါက်ဆီမှ ခုန်ဆင်းလျက် ထွက်ပြေးလွှတ်မြောက်သွားလေ၏။

## အခန်း (၁၉)

တွမ်သည် မတ်ပေါ်တာအား ကယ်တင်လိုက်ခဲ့သည့်အတွက် လူအများ၏ ချီးကျူးခြင်းကို နေ့စဉ်နှင့်အမျှ ခံယူနေရလေသည်။ မတ်ပေါ်တာဆိုလျှင် သူ့အား နေ့စဉ်နေ့တိုင်း ချီးကျူးစကား၊ ကျေးဇူးတင်စကား ပြောကြားလို့ မဆုံးနိုင်ခဲ့ရှာချေ။ သူ့အား ချီးကျူးကြသည်ကို ကြားရသောအခါ တွမ်သည် လွန်မင်းစွာ ဝမ်းသာခဲ့၏။ သို့သော် ဤသို့ ဝမ်းသာမိသည်နှင့် အမျှ တစ်ဖက်တွင် တွမ်သည် ညစဉ်နှင့်အမျှ ကြောက်လန့်၍ နေရရှာလေသည်။ ညအခါဆိုလျှင် တွမ်သည် နားရွက်မှ မခတ်ရဲရှာတော့ချေ။ အကြောင်းကား အင်ဂျန်းဂျိုးသည် ယခုတိုင် ဖမ်းဆီးမိခြင်း မရှိသေးဘဲ ဝရမ်းပြေး ဖြစ်နေသောကြောင့်တည်း။ တွမ်သည် သူ့အား အင်ဂျန်းဂျိုး ဘယ်အချိန် လာသတ်လိမ့်မည်ကို ညစဉ်ညတိုင်း တထိတ်လန့်လန့် ဖြစ်နေရှာလေသည်။

တစ်နေ့တွင် တွမ်သည် ဟပ်ကယ်ဗယ်ရီဖင်းနှင့် အတူ ရတနာသိုက် တူးဖော်ရန် တိုင်ပင်ကြလေသည်။ တွမ်က ရတနာသိုက် ရှိတတ်သည့် နေရာများကို ဟပ်အား ပြောပြ၏။ ဟပ်က စိတ်ဝင်စားစွာ နားထောင်လျက် ရတနာသိုက် တူးဖော်ရန် လွန်မင်းစွာ စိတ်အားထက်သန်၍ နေလေသည်။ သူတို့သည် ရတနာသိုက်ကို တူးဖော်၍သာ

ရရှိက မည်သို့မည်ပုံ ဒိမ်ခံလိုက်မည်ဟု စိတ်ကူးကလေး တယဉ်ယဉ်ဖြင့် ရှိနေခဲ့ကြလေသည်။

နောက်ဆုံးတွင် တွမ်နှင့် ဟပ်သည် တူးရှင်း၊ ပေါက်တူး၊ ဂေါ်ပြား ဖယောင်းတိုင် အစရှိသော ကိရိယာများကို ရှာဖွေစုဆောင်းကာ ရတနာ သိုက် တူးဖော်ရန် ထွက်လာခဲ့ကြလေ၏။ တွမ်ကား သိုက်စာ အများ အပြားကို ဖတ်ဖူးကြားနာဖူးသူ ဖြစ်၏။ ထို့ကြောင့် ခေါင်းဆောင်ပြု၍ သွား၏။ ဤသို့အားဖြင့် နှစ်ယောက်သားသည် လေးငါးရက်မျှ ဆက်၍ နေရာ လေးငါးနေရာတွင် တူးဖော်ကြရာ မည်သည့် ရတနာကိုမျှ မတွေ့ရှိကြရချေ။ လက်များ ပေါက်ပြဲကာ ပင်ပန်းသည်သာ အဖတ်တင် ကြ၏။ သို့သော် နှစ်ယောက်စလုံးသည် စိတ်အားမလျှော့ဘဲ အခြား တစ်နေရာရာသို့ သွားကာ တူးဖော်ကြရန် စိတ်ကူးမိကြပြန်လေသည်။ ထိုအခါ တွမ်က သူတို့ ရွာစပ် ချိုင့်ဝှမ်းထဲတွင် ရှိသော အိမ်အို အိမ်ဟောင်းကြီး တစ်ဆောင်တွင် သိုက်တူးရန် အကြံပေး၏။ ထိုအိမ် ကြီးကား တစ္ဆေ အလွန်ခြောက်သည်ဟု သတင်းကြီးလျက် ရှိသော အိမ်ကြီး ဖြစ်လေသည်။ ဟပ်ကား တစ္ဆေခြောက်လှသော ထိုအိမ်ကြီးသို့ မသွားလိုလှချေ။ သို့သော် တွမ်က လွန်စွာမှ အဆွယ်ကောင်းလှ၏။ ထိုအိမ်ကြီးတွင်သာ သိုက်တူးရလျှင် ရတနာတွေ့ အမှန်ရမည် ဖြစ် ကြောင်းလည်း ပြောပြ၏။ တစ္ဆေကို မည်သို့ကာကွယ်နိုင်ကြောင်းလည်း ပြောပြလေသည်။ ထို့ကြောင့် နောက်ဆုံးတွင် သူတို့နှစ်ယောက်စလုံး တစ္ဆေခြောက်သော အိမ်ကြီးသို့ သွားရန် စိတ်ပိုင်းဖြတ်လိုက်လေတော့ သည်။

တစ်ခုသော စနေနေ့ နေ့လယ်တွင် တွမ်နှင့် ဟပ်သည် မြှုပ် ထားသော သူတို့၏ ကိရိယာ တန်ဆာပလာများကို ဖော်ယူကာ တစ္ဆေ ခြောက်သည်ဆိုသော အိမ်ဆွေးကြီးသို့ ရတနာသိုက် တူးဖော်ရန် ထွက်

ရွာလာခဲ့ကြလေ၏။ မကြာမီပင် သူတို့သည် တစ္ဆေခြောက်သည်ဆိုသော အိမ်ကြီးသို့ ရောက်လာခဲ့ကြလေ၏။ ထိုနေရာကား လွန်စွာမှ တိတ်ဆိတ်ငြိမ်သက်သော နေရာဖြစ်၏။ တိတ်ဆိတ်ငြိမ်သက်ခြင်းသည် ကြောက်မက်ဖွယ်ပင် ကောင်းလှ၏။ ကျဲကျဲတောက် ပူပြင်းလှသော နေရောင်အောက်တွင် တစ္ဆေခြောက်သည် ဆိုသော အိမ်ကြီးကို ကြည့်မြင်ရသည်မှာ ကျက်သရေ မင်္ဂလာ မရှိချေ။ အနီးအနား ပတ်ဝန်းကျင်တွင် လူသူလေးပါး ဆို၍လည်း သူတို့ နှစ်ယောက်ထဲသာလျှင် ရှိ၏။ ထို့ကြောင့် တွမ်နှင့် ဟပ်တို့သည် စိတ်အားညှိုးငယ်စွာဖြင့် ခေတ္တခဏမျှ ခြေလှမ်းများ တုံ့သွားကာ ကျောရိုးထဲမှ စိမ့်၍ သွားခဲ့ကြပေသေးသည်။

ထို့နောက် သူတို့သည် တံခါးပေါက်ဆီသို့ ဝပ်တွား၍ သွားကာ တုန်ယင်စွာဖြင့် အိမ်ထဲသို့ ချောင်းမြောင်းကြည့်ရှု လိုက်ကြလေ၏။ အိမ်ထဲ၌ သူတို့ မြင်ရသည်ကား သစ်ပင်၊ ပေါင်းပင်များ ပေါက်ရောက်လျက် ကြမ်းခင်းများ မရှိတော့သော အိမ်ခန်းတစ်ခန်း ဖြစ်သည်။ ထိုအခန်းတွင် အင်္ဂတေသားများလည်း ကွာကျ ပျက်စီးလျက် ရှိပြီဖြစ်၏။ တစ်နေရာတွင် ရှေးဟောင်းလက်ရာဆန်စွာ ပြုလုပ်ထားသော မီးလင်းဖိုကြီး တစ်ခုလည်း ရှိ၏။ ပြတင်းပေါက်များကား ဟင်းလင်းပွင့်လျက် တံခါးရွက်များ မရှိတော့ချေ။ အိမ်ပေါ်ထပ်သို့ တက်သောလှေကားကြီးမှာလည်း ကျိုးပဲ့ ပျက်စီးလျက် ရှိပြီ ဖြစ်သည်။ အခန်း၏ နေရာတကာတွင်ကား ပင့်ကူအိမ်များဖြင့် ထူထပ်ပြည့်နှက်လျက် ရှိတော့လေသည်။ ထို့နောက် သူတို့သည် အိမ်ထဲသို့ ဖြည်းညင်းစွာ ဝင်ရောက်သွားကြ၏။ သို့သော် သူတို့၏ ရင်ကား တဒိတ်ဒိတ် ခုန်နေလေသည်။ သူတို့သည် သွေးတိုးလည်း မြန်လာကြ၏။ စကားကို လေသံသဲ့သဲ့ဖြင့် တီးတိုးသာလျှင် ပြောဆိုကြ၏။ နားများကိုကား အပ်ကျသံကိုပင် ကြားနိုင်လောက်အောင် အနောက်သို့ စွင့်ကားနေအောင် ပစ်ထောင်ထား

ကြလေသည်။ အရေးရှိက တစ်ဟုန်ထိုး ထွက်ပြေးနိုင်ရန် အတွက်လည်း ကြွက်သားအစိုင်အခဲများကို အဆင်သင့် ပြုလုပ်ပြင်ဆင်၍ ထားကြလေသည်။

နောက်များ မကြာမီပင် သူတို့သည် ရဲတင်း၍ လာကြလေ၏။ ကြောက်စိတ်များလည်း ပြေသွားကြပြီ ဖြစ်လေ၏။ ထို့ကြောင့် အိမ်ခန်း၏ အနေအထားနှင့် သူတို့ ရောက်ရှိနေသော နေရာတို့ကို စိတ်ဝင်စားစွာ အသေအချာ စစ်ဆေးကြည့်ရှုကြလေသည်။ ရဲတင်းမှုအတွက် သူတို့ ကိုယ် သူတို့ ပြန်လည် ချီးကျူးနေမိသည်နှင့် အမျှ အံ့သြ၍လည်း နေမိကြ၏။

ထို့နောက် သူတို့သည် အိမ်အပေါ်ထပ်သို့တက်၍ ကြည့်ချင်လာကြ၏။ ပထမတွင် မရဲတရဲ ဖြစ်နေကြသေး၏။ သို့သော် နှစ်ယောက် ပူးပေါင်း၍ သတ္တိညီကာ သယ်ယူလာသော ပေါက်တူး၊ သံတူရွင်း ကိရိယာ တန်ဆာပလာများကို အခန်း၏ ထောင့်တစ်ထောင့်တွင် ပစ်ထားလိုက်ကြပြီးလျှင် အိမ်ပေါ်ထပ်သို့ တက်သွားကြလေ၏။ အပေါ်ထပ်တွင်လည်း အောက်ထပ်မှာ ကဲ့သို့ပင် အပျက်အစီး အဟောင်းအဆွေးများကို သူတို့ မြင်ကြရလေသည်။ အိမ်အပေါ်ထပ် ထောင့်တစ်ထောင့်တွင်ကား သူတို့သည် ဗီရိုကြီးတစ်လုံးကို တွေ့မြင်ကြရ၏။ ကေ့ ထိုဗီရိုထဲတွင် တစ်စုံတစ်ခုတော့ ရှိရမည်ဟု သူတို့ တွက်လိုက်ကြ၏။ သို့သော် သွား၍ ဖွင့်ကြည့်လိုက်သောအခါ အဆိုပါ ဗီရိုကြီးထဲတွင် သူတို့သည် မည်သည့် အရာဝတ္ထုကိုမျှ မတွေ့မမြင်ကြရချေ။ ယခု အခါတွင် သူတို့သည် ပိုမို၍ ရဲတင်းလာကြပြီ ဖြစ်သည်။ ထို့ကြောင့် ရတနာသိုက် တူးဖော်ရန် အောက်ထပ်သို့ ပြန်ဆင်းတော့မည် အပြုတွင်–

'ရှူး' ဟု တွမ်က ဆိုလိုက်၏။

'ဘာတုံးဟေ့' ဟု လေသံဖြင့် ပြန်မေးကာ ဟပ်သည် မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွား၏။

'ရှူး… ဟော… ကြားလား ဟေ့'

'အေး… ကြားတယ်၊ စောက်ကျိုးနည်းပါပြီ၊ ပြေးကြစို့လား ဟေ့'

'ငြိမ်ငြိမ် နေစမ်းပါကွာ၊ နားရွက် မခတ်စမ်းပါနဲ့၊ တံခါးပေါက်ဆီကို လာနေကြတာပဲကွ'

ထို့နောက် နှစ်ယောက်စလုံးသည် ကြမ်းခင်းပေါ်တွင် အလျားမှောက်ကာ ကြမ်းခင်းပျဉ်စပ်များ အကြားမှ အောက်သို့ ချောင်းကြည့်နေကြ၏။ နှစ်ယောက်စလုံးသည် လွန်မင်းစွာ ကြောက်ရွံ့တုန်လှုပ်လျက် ရှိကြ၏။

'ဟော… သူတို့ ရပ်လိုက်ပြီ ဟေ့၊ ဟာ… မဟုတ်သေးဘူး၊ သူတို့ လာနေကြတယ်။ ဟောဒီတောင် ရောက်နေပြီ။ ဟပ်ရေ… ဘာမှ မပြောနဲ့တော့နော်၊ အီးတောင်မှ မပေါက်နဲ့ကွ… ကြားလား၊ ဒုက္ခပဲ… ငါတော့ ဒီနေရာက ထွက်ပြေးချင်ပြီ'

အိမ်ထဲသို့ ဝင်ရောက်လာသူများကား နှစ်ယောက် ဖြစ်၏။ တစ်ယောက်မှာ နားပင်းနေသော စပိန်လူမျိုး လူကြီးတစ်ယောက်ဖြစ်၍ အခြားတစ်ယောက်ကား ဝရမ်းပြေးကြီး အင်ဂျန်းဂျိုး ဖြစ်လေသည်။ သူတို့နှစ်ယောက်သည် ဤအိမ်ဟောင်းကြီးတွင် ခေတ္တခဏ ပုန်းအောင်း၍ နေရေး မနေရေးကို အချီအချ ပြောဆို၍ နေကြ၏။

အပေါ်ထပ်မှ တွမ်နှင့်ဟပ်ကား အသက်မျှ ရဲရဲမရှူဝံ့ကြတော့ချေ။ နှစ်ယောက်စလုံး ကုပ်၍ နေကြတော့လေသည်။

ထို့နောက် လူဆိုးကြီး နှစ်ယောက်သည် သူတို့တွင် ပါလာသော အစားအစာများကို ထုတ်၍ စားကြပြီးလျှင် တက်ဆက်နယ်ဘက်သို့ ထွက်ပြေးတိမ်းရှောင်ရန် တိုင်ပင်ကြ၏။ ထိုသို့ ထွက်မပြေးခင် ဂျိုးသည်

ရွာထဲသို့ တစ်ပတ်လောက် လှည့်လည်၍ ကြည့်လိုက်ချင်သေးသည်ဟု ပြောဆိုနေလေသည်။ နှစ်ယောက်စလုံးသည် သမ်းဝေလျက် အိပ်ငိုက်၍ နေကြလေ၏။

ထို့နောက် လွန်မင်းစွာ အိပ်ပျက်နေဟန်တူသော ဂျိုးသည် စပိန်လူမျိုး သူ၏အဖော်အား အစောင့်ထားကာ တခေါခေါဟောက်၍ အိပ်ပျော်သွားလေ၏။ မကြာမီပင် ထိုင်၍စောင့်နေသော လူလည်း အိပ်ငိုက်သထက် ငိုက်လာကာ ခေါင်းငိုက်စိုက်ကျလျက် တခေါခေါဟောက်၍ နေလေ၏။

ထိုအခါမှပင် တွမ်နှင့် ဟပ်တို့လည်း အသက်ကို ဝလင်အောင် ရှူရှိုက်ကြရတော့၏။

'ကိုင်း…လာဟေ့၊ ဒါဟာ တို့အဖို့ အခွင့်ကောင်းပဲ' ဟု တွမ်က လေသံသဲ့သဲ့ဖြင့် ပြောလိုက်၏။

'ဟာ ငါတော့ ကြောက်တယ်ကွာ၊ သူတို့ နိုးသွားမှဖြင့် တို့များ မသာဖြစ်ကုန်မှာကွ' ဟု ဟပ်က ပြန်ဆို၏။

တွမ်သည် ဟပ်အား အထပ်ထပ် ခေါ်၏။ မည်သို့မျှ ခေါ်၍ မရသောအခါ တွမ်သည် ဝပ်နေရာမှ တစ်ယောက်တည်း ဖြည်းညင်းစွာ ထ လေတော့သည်။ သို့သော် သူသည် ခြေတစ်လှမ်း လှမ်းလိုက်လျှင် လှမ်းလိုက်ချင်းပင် ကြမ်းခင်း ပျဉ်ချပ်များဆီမှ ကျိုးကျိုးကျွီကျွီနှင့် မြည်သွားတော့လေ၏။ ထို့ကြောင့် တွမ်သည် ထိတ်လန့်တကြားဖြင့် ပြန်၍ ဝပ်နေလိုက်ရလေသည်။ ယခုအခါတွင် သူသည် အသက်ကိုမျှ ပြင်းပြင်း မရှူရဲတော့ချေ။ နောက်တစ်ကြိမ် ကြိုးစားရန်လည်း စိတ်မျှပင် မကူးရဲတော့ချေ။ သူတို့သည် နေဝင်ချိန်တိုင်အောင် စောင့်နေကြရတော့မည် ဖြစ်ပေသည်။ နောက်ဆုံးတွင် နေလည်း ဝင်သွားခဲ့လေ၏။

အောက်ထပ်တွင် ဟောက်နေသော အသံနှစ်သံအနက် တစ်သံသည် ရပ်၍ သွား၏။ ဂျိုးကား အိပ်ပျော်နေရာမှ နိုးလာခဲ့လေပြီ။ သူသည် နံဘေးနံဘီသို့ လှမ်း၍ ကြည့်လိုက်၏။ ဒူးနှစ်လုံးပေါ်တွင် ခေါင်းငိုက်စိုက်ကျကာ အိပ်ပျော်နေရှာသော သူ၏အဖော်ကို တွေ့သော အခါ ဂျိုးက ပြုံးလိုက်၏။ ထို့နောက် ထိုသူအား ခြေထောက်ဖြင့် ကန်ကျောက်၍ နှိုးလိုက်ပြီးလျှင်–

'အံမာ… ဟေ့လူ၊ အစောင့်ကျတဲ့ လူကများ အိပ်နေလိုက်တာမှ သိုးလို့။ တော်ပါသေးရဲ့ကွာ၊ ဘာမှ မဖြစ်သေးလို့' ဟု ပြောဆိုလိုက်လေသည်။

ထို့နောက် နှစ်ယောက်သား ထိုနေရာမှ ထွက်ခွာရန် တိုင်ပင်ကြလေသည်။ သူတို့သည် ဤအိမ်ကြီး၏ တစ်နေရာတွင် မြေမြှုပ်ထားသော သူတို့ကိုယ်ပိုင် ငွေသား ဒေါ်လာ ခြောက်ရာ့ငါးဆယ်ကိုလည်း ဤမှာပင် မြှုပ်နှံသိမ်းဆည်းထားခဲ့ရန် သဘောတူကြ၏။ လိုအပ်သော အခါ ညအချိန်များတွင် လာရောက်၍ တူးဖော် ယူငင်ကြရန်လည်း တိုင်ပင်ထားကြ၏။

ထို့နောက် သူတို့သည် ငွေအိတ်ကို ပထမ သိမ်းဆည်းထားသော နေရာမှ ဖော်ထုတ်ယူငင်ကြကာ တစ်ယောက်လျှင် ငွေသားဒေါ်လာ အစိတ် သုံးဆယ်စီလောက် နှိုက်ယူထားလိုက်ကြပြီးလျှင် ငွေအိတ်ကို မြှုပ်နှံရန်အတွက် ဂျိုးသည် ထောင့်တစ်ထောင့်တွင် တွင်းနက်နက် တစ်ခုကို တူးယက်၍ နေလေ၏။

အပေါ်ထပ်မှ အသာဝပ်၍ ချောင်းမြောင်းကြည့်ရှု နေခဲ့ကြသော တွမ်နှင့် ဟပ်တို့သည် ငွေစသံ တချွင်ချွင်နှင့် ငွေအိတ်ကြီးကို တွေ့မြင်ကြရသောအခါ နှစ်ယောက်စလုံးသည် ကြောက်လန့်စိတ်များ ကင်းစင် လွင့်ပျောက်၍ သွားကြတော့လေ၏။ သူတို့သည် မျက်လုံးများကို

ကျွတ်ထွက်မတတ် အစမှ အဆုံးတိုင်အောင် စောင့်ကြည့်၍ နေခဲ့ကြလေ၏။ ကုသိုလ်ကံကား မယုံနိုင်အောင်ပင် ဆန်းကြယ်လှပေတကား။ ငွေသားချည်း ဒေါ်လာခြောက်ရာ ဆိုသည်မှာ နှယ်နှယ်ရရ မဟုတ်ပါချေ။ သူတို့လို ချာတိတ်ကလေး ဒါဇင်ဝက်လောက်အဖို့ ကောင်းကောင်းကြီး ချမ်းသာ ကြွယ်ဝစေနိုင်၏။ သူတို့အဖို့ မုတ်ဆိတ်ကြားပျားလာ၍ စွဲခြင်းပင်။ ထို့ကြောင့် တစ်ယောက်ကို တစ်ယောက် တံတောင်ဖြင့် တွက်၍ အချက်ပေးလိုက်ကြ၏။ တစ်ဦး ဘာဆိုလိုသည်ကို တစ်ဦးက ကောင်းစွာ နားလည်၏။ သဘောပေါက်၏။ တွင်းတူးနေသော ဂျိုး၏ လက်ထဲမှ ဓားသည် မြေကြီးအောက်၌ မာကျောသော အရာတစ်ခုကို သွားထိမိက်မိလေ၏။

'ဟော'ဟု ဂျိုးက ဆိုလေ၏။

'ဘာလဲ... ဘာလဲ' ဟု သူ့အဖော်က မေး၏။

မကြာမီပင် ဂျိုးသည် မြေကြီးထဲတွင် သေတ္တာတစ်လုံး တွေ့မြင်ရလေ၏။

သေတ္တာထဲ၌ကား ရွှေဒင်္ဂါးများ ဖြစ်နေလေသည်။ နှစ်ယောက်သားသည် ရွှေဒင်္ဂါးများကို လက်ဖြင့် ဆုပ်ယူကိုင်ကြည့်ကာ ဝမ်းအသာကြီးသာနေကြလေ၏။ ထိုနည်းတူစွာပင် အပေါ်ထပ်မှ ချောင်းမြောင်း၍ ကြည့်ရှုနေကြသော တွမ်နှင့် ဟပ်တို့လည်း ရွှေဒင်္ဂါးများကို တွေ့မြင်ကြရသောအခါ စိတ်အပျော်ကြီး ပျော်ကာ လောကကြီး တစ်ခုလုံးကိုပင် မေ့နေကြလောက်အောင် မွှန်ထွန်၍ နေခဲ့ကြလေ၏။

ထို့နောက် ဂျိုးနှင့် သူ၏အဖော်သည် အဆိုပါ ရွှေဒင်္ဂါး သေတ္တာကိုပါ မြေကြီးထဲမှ ဖော်ထုတ်ရန် တိုင်ပင်စီစဉ်ကြလေ၏။ ဂျိုး၏ အဖော်က များမကြာသေးမီကပင် မီးလင်းဖိုဘေး ထောင့်တစ်ထောင့်ရှိ ချုံပင်များ အကြားတွင် သံချေးတက် ပေါက်တူးဟောင်း တစ်ချောင်းကို

သူ တွေ့မြင်မိကြောင်းနှင့် ဂျိုးအား ပြောကာ အပြေးအလွှား သွား၍ ယူ၏။ မကြာမီပင် သူ့လက်ထဲ၌ တွမ်တို့၏ ပေါက်တူးနှင့် ဂေါ်ပြားများ ပါလာလေသည်။ ဂျိုးသည် ပေါက်တူးကို လှမ်းယူလိုက်၏။ အသေအချာ စစ်ဆေးကြည့်ရှုကာ ခေါင်းကို ခါယမ်းလိုက်၏။ ထို့နောက် ပါးစပ်မှ တစ်စုံတစ်ခုကို ရေရွတ်ကာ မြေကြီးကို တူးပေါက်လိုက်လေ၏။ မကြာမီပင် ရွှေဒင်္ဂါးသေတ္တာလည်း မြေကြီးထဲမှ ပေါ်ထွက်လာလေတော့သည်။

ထို့နောက် ဂျိုးသည် သူ၏ လက်စားချေရန် အကြံအစည်ကြီးကို သူ့အဖော်အား ပြောပြလေ၏။ သူ့အဖော်က ယခုအခါ ရွှေဒင်္ဂါးများ အမြောက်အမြား ရရှိပြီဖြစ်၍ ထိုအလုပ်ကြီးကို လုပ်ကိုင်ရန် မလိုတော့ကြောင်း ပြောသော်လည်း ဂျိုးကား အနည်းငယ်မျှ နားမထောင်ခဲ့ချေ။ လက်စားချေချင်သည် ဟူသာ ထပ်ခါတလဲလဲ ပြောကြားနေလေတော့သည်။ လက်စားချေသည့်ကိစ္စ ပြီးဆုံးသည့် အခါကျမှပင် တက်ဆက်နယ်ဘက်သို့ နှစ်ယောက်သား အတူတကွ ထွက်ပြေးကြမည့် အကြောင်းနှင့် ယခု လက်စားချေမည့် ကိစ္စတွင် သူ့အား ကူညီပါမည့်အကြောင်း ဂျိုးက သူ့အဖော်အား ပြောကြားလေသည်။

ထိုအခါ ဂျိုး၏အဖော်က 'ရွှေဒင်္ဂါးသေတ္တာကို မြေပြန်မြှုပ်ပြီးတော့ ထားခဲ့မလား' ဟု ဂျိုးအား မေးလိုက်၏။

'အင်း... မြှုပ်ပစ်ခဲ့တာပေါ့။ (အပေါ်ထပ်မှ တွမ်တို့သည် လွန်မင်းစွာ ဝမ်းသာ၍ သွားကြ၏။) ဟာ... မြှုပ်ပစ်ခဲ့လို့ မဖြစ်ဘူး ဟေ့၊ ဘယ်နည်းနဲ့မှ မဖြစ်ဘူး။ (အပေါ်ထပ်မှ တွမ်တို့သည် လွန်မင်းစွာ စိတ်ပျက်၍ သွားကြ၏။) ကံကြီးလို့... ကံကြီးလို့၊ ငါ မေ့သွားတော့ မလို့ ဟေ့၊ ဒီပေါက်တူးကို မင်း ကြည့်စမ်း၊ တို့ မတူးရသေးခင် ကတည်းက မြေကြီး လတ်လတ်ဆတ်ဆတ်တွေ ကပ်နေတယ်။ (အပေါ်

ထပ်မှ တွမ်တို့သည် ကြောက်သေးများ မပါမိအောင် မနည်းကြီး သတိထားကြရလေ၏။) အဲဒီတော့ ဒီပေါက်တူးနဲ့ ဂေါ်ပြားဟာ ဒီကို ဘယ်လို ရောက်လာရသလဲ၊ ဒင်းတို့ကို ဘယ်သူက ယူလာသလဲ၊ ဘာလုပ်ဖို့လဲ၊ အခု ယူလာတဲ့ လူတွေကော ဘယ်ပျောက်ကုန်ကြ သတုံး၊ ငါ့ အိပ်ပျော်နေတုန်းက မင်း လူသံသူသံတွေများ ကြားသေး လား၊ လူရိပ်လူခြည်များ တွေ့သေးသလား။ မဖြစ်ဘူး… မဖြစ်ဘူး၊ ဒီသေတ္တာကို ဒီမှာ မြှုပ်ထားပစ်ခဲ့လို့ ဘယ်နည်းနဲ့မှ မဖြစ်ဘူး။ တို့များ နိုအောင်းရာ နေရာကို ယူသွားကြရမယ်'

'ဟာ… ဟုတ်သားပဲ၊ ကြည့်စမ်း…အစက ဒါကို မစဉ်းစား မိဘူး။ ဘယ်နေရာကို ယူသွားမှာလဲ၊ နံပါတ်တစ်ကိုလား'

'ဟင့်အင်း၊ နံပါတ်နှစ်ကို ယူသွားမယ်၊ လက်ဝါးကပ်တိုင်အောက် နဲ့ တည့်တည့်နေရာပေါ့၊ ဒီပြင် နေရာကတော့ မကောင်းဘူး၊ လူသိ များလှတယ်'

'ကောင်းပြီ… ကောင်းပြီ၊ ကိုင်း…ဒါဖြင့် သွားကြစို့၊ မှောင်လည်း မှောင်ပါပြီ'

သို့သော် ဂျိုးသည် အိမ်ကြီးထဲမှ ထွက်ခွာ၍ မသွားသေးမီ ပြတင်း ပေါက်များမှ နေ၍ အပြင်ဘက်သို့ ခေါင်းပြူ၍ ချောင်းကြည့်ပြီးလျှင် 'ဒီပေါက်တူးနဲ့ ဂေါ်ပြားကို ဘယ်သူတွေများ ယူလာပါလိမ့်။ ဒီကောင် တွေ အပေါ်ထပ်မှာများ ရှိလိမ့်မယ်လို့ကော မထင်ဘူးလား ဟင်' ဟု သူ့အဖော်အား မေးလိုက်လေ၏။ အပေါ်ထပ်တွင် ရှိသော တွမ်နှင့် ဟပ်တို့သည် အသက်ရှူပင် ရပ်ဆိုင်း၍ သွားခဲ့ကြလေ၏။ ထို့နောက် ဂျိုးသည် လက်တစ်ဖက်ဖြင့် သူ၏ဓားကို စမ်းသပ်လိုက်ပြီးလျှင် အပေါ် ထပ်သို့ တက်သော လှေကားဆီသို့ လှည့်သွားလေ၏။ တွမ်နှင့် ဟပ် သည် အပေါ်ထပ် တစ်နေရာတွင် ရှိသော ဗီရိုတစ်ခုထဲတွင် ဝင်ပုန်းရန်

စိတ်ကူးမိကြလေသည်။ သို့သော် သူတို့သည် ကြောက်စိတ်ကြောင့် ချည့်နဲ့၍ နေကြလေတော့၏။ ဂျိုးကား လှေကားအတိုင်း အပေါ်ထပ်သို့ တစ်ထစ်ပြီး တစ်ထစ် တက်၍ လာနေ၏။ လှေကားထစ်များသည် ဂျိုး ခြေနင်းလိုက်သည့် အခါတိုင်း တကျွိကျွိ မြည်နေလေသည်။ အန္တရာယ် နီးကပ်၍ လာသောအခါမှပင် တွမ်နှင့် ဟပ်တို့လည်း ချည့်နဲ့နေရာမှ အားအင်ကလေးများ ပြန်လည် ရရှိလာကြကာ ဝပ်နေရာမှ ခုန်ပေါက်၍ ထွက်ပြေးရန် ဟန်ပြင်လိုက်ကြလေ၏။ သို့သော် ထိုအခိုက်မှာပင် ဝုန်းခနဲ မြည်ဟည်း၍သွားသော အသံကြီးနှင့်အတူ အပေါ်ထပ်သို့ တက်သော လှေကားကြီးသည် အပိုင်းပိုင်း ကျိုးပဲ့၍ ကျသွားကာ ဂျိုးလည်း ပျဉ်တို ပျဉ်စ အပိုင်းအစ အပျက်အစီးများနှင့် ရောနှော၍ အောက်သို့ လိမ့်ကျသွားတော့လေသည်။

ဂျိုးသည် မြေကြီးပေါ်မှ လူးလဲ၍ ထ လိုက်ပြီးလျှင် ဆဲဆိုရေရွတ်လိုက်လေ၏။ ထို့နောက် မကြာမီပင် သူနှင့် သူ၏ အဖော်တို့သည် ရွှေဒင်္ဂါး သေတ္တာကို ထမ်း၍ အိမ်ကြီးထဲမှ ထွက်ခွာသွားကြကာ မှောင်ထဲတွင် တရိပ်ရိပ် ပျောက်ကွယ်၍ သွားခဲ့ကြလေတော့သည်။

ထိုအခါမှပင် တွမ်နှင့် ဟပ်တို့လည်း အသက်ရှူ ချောင်သွားတော့၏။ သူတို့သည် ရတတ်တရက်သော် ရွှေဒင်္ဂါးများကို သတိမရနိုင်ကြသေးချေ။ ဂျိုးတို့ နောက်သို့ လိုက်ကြရန်ကား လုံးဝပင် စိတ်မကူးကြချေ။ အကြောင်းမှာ သူတို့သည် အောက်ထပ်သို့ ရောက်အောင် စွန့်စား၍ ခုန်ဆင်းကြရဦးမည် ဖြစ်သောကြောင့်တည်း။ ကံမကောင်းပါလျှင် သူတို့သည် ဇက်ကျိုး၍ပင် သေဖွယ်ရာအကြောင်း ရှိလေသည်။ ညသည် မှောင်မိုက်လွန်းလှသဖြင့် အောက်ထပ်သို့ ကြည့်လိုက်သောအခါ သူတို့သည် ဘာကိုမျှ မမြင်ကြရချေ။ သို့သော် ကံကောင်းထောက်မသဖြင့် သူတို့သည် အောက်ထပ်သို့ ချောမောစွာ ရောက်ရှိခဲ့ကြ၏။ အောက်သို့

ရောက်လျှင်ပင် သူတို့သည် ရွာအပြန် လမ်းအတိုင်း တိတ်ဆိတ်ငြိမ်သက်စွာ လျှောက်သွားခဲ့ကြလေသည်။ တစ်ယောက်ကိုတစ်ယောက် စကားလည်းများများ မပြောကြချေ။ သူတို့၏ ကုသိုလ်ကံ ဆိုးပုံကြောင့် ရတနာများနှင့် လွဲဖယ်ရသည့် အကြောင်းကိုသာ တနုံ့နုံ့ စဉ်းစား၍ လာခဲ့ကြ၏။ ထိုသို့ စဉ်းစားရင်း တွမ်၏ ခေါင်းထဲသို့ "လက်စားချေချင်တယ်" ဟူသော ဂျိုး၏ ပြောစကားသည် ပြန်လည် ဝင်ရောက်လာလေ၏။ "လက်စားချေချင်တယ်" ဟု ပြောနေသော ဂျိုး၏အသံကို ပြန်လည်၍ ကြားယောင်လာလေ၏။ ထို့ကြောင့် 'လက်စားချေချင်သတဲ့ကွာ၊ အဲဒါ ဘာကို ရည်ရွယ်ပြီး ပြောတာလဲ ဟပ်ရာ၊ ဟင်' ဟု လှမ်း၍ မေးလိုက်လေသည်။

ဟပ်ခများကား ထိုသို့ အမေးခံလိုက်ရသည်ကိုပင် မိုးကြိုးနှင့် အခွင်းခံလိုက်ရဘိသည့်အလား 'ဟာ... သူငယ်ချင်းရာ၊ ဒါကို မမေးစမ်းပါနဲ့ကွာ' ဟု ကတုန်ကယင် ပြန်ပြောရှာလေသည်။ သူ့ခမျာ အကြောက်ကြီး ကြောက်ကာ တက်မတတ် ချက်မတတ်ပင် ဖြစ်နေရှာလေ၏။

ထိုအခါမှ တွမ်သည် ပိုမို၍ ကြောက်လာတော့၏။ တွမ်သည် ဂျိုးအကြောင်းကို ဖော်ကောင်လုပ်ခဲ့သူ ဖြစ်ခြင်းကြောင့် ဂျိုးအဖို့ လက်စားချေချင်သည်ဟု ပြောခြင်းမှာ သူ့အပေါ်တွင် လက်စားချေရန် ရည်ရွယ်၍ ပြောခြင်းပင် ဖြစ်သည်ဟု တွေးမိကာ တွမ်သည် အကြောက်ကြီး ကြောက်နေမိရှာလေတော့၏။

## အခန်း (၂၈)

ယခုအခါ တွမ်နှင့် ဟပ်တို့သည် အကြီးအကျယ် အကြံအိုက်လျက် ရှိကြလေ၏။ ရတနာသိုက်ကြီးကို သူတို့သည် လက်မတင်ကလေး လွတ်သွားခဲ့ရသည့်အတွက် များစွာ စိတ်မကောင်း ဖြစ်နေကြလေသည်။ ရွှေသေတ္တာကြီးကို မျက်စိအောက်တွင် မြင်ကြရပါလျက် သူတို့၏ ကသိုလ်ကံကား ဆိုးဝါးလှချေ၏။ သူတို့၏ တကယ့်ရန်သူတော်ကြီး ဖြစ်သူ အင်ဂျန်းဂျိုး၏ လက်ထဲကိုမှ ရွှေသေတ္တာကြီးသည် ရောက်သွားခဲ့ရပေသည်။ ဂျိုးနှင့်တကွ ရွှေသေတ္တာကြီးကို မည်သို့မည်ပုံ လိုက်လံ ချောင်းမြောင်း၍ ခြေရာခံရမည်ကို သူတို့သည် အကြံအိုက်လျက် ရှိကြတော့လေသည်။

သူတို့သည် ဂျိုးနှင့် သူ့အဖော်တို့ ပြောဆိုတိုင်ပင်ကြစဉ်က ကြားလိုက်ရသော "ခိုအောင်းရာနေရာ နံပါတ် ၂" ကိုလည်း လိုက်လံ ချောင်းမြောင်း ရှာဖွေခဲ့ကြပြီး ဖြစ်၏။ သို့သော် နံပါတ် ၂ ကား မည်သည့်နေရာ ဖြစ်လေသနည်း။ ရွာတွင်ရှိသော ထမင်းဆိုင်က အခန်း နံပါတ် ၂ ကိုပင် ဆိုလိုခြင်း ဖြစ်လေသလော။ သို့သော် ထမင်းဆိုင်ကား နှစ်ဆိုင် ရှိ၏။ မည်သည့် ထမင်းဆိုင် ဖြစ်လေသနည်း။ မည်သို့ပင် ဖြစ်စေ ဤနေရာ၌ ဖျတ်လတ်ကျွမ်းကျင်လှသော တွမ့်အဖို့ မည်သည့်

ထမင်းဆိုင် ဖြစ်သည်ကို စုံစမ်းရန် မခဲယဉ်းလှချေ။ ထို့ကြောင့် နောက်တစ်နေ့၌ပင် တွမ်သည် ထိုကိစ္စကို ဟပ်နှင့် တွေ့ဆုံတိုင်ပင်၍ စုံစမ်းရန် ထွက်ခွာသွားလေသည်။

နာရီဝက်ခန့် ကြာသောအခါ တွမ်သည် ဟပ် ရှိရာသို့ ပြန်လည်ရောက်ရှိလာ၏။ ဟပ်ကား မျှော်လင့်တကြီးဖြင့် တွမ့်ထံမှ ပြောမည့် စကားကို စောင့်စား၍ နေရှာလေသည်။ တွမ်သည် နံပါတ် ၂ ကို ကောင်းကောင်းကြီး စုံစမ်းရရှိခဲ့ပြီ ဖြစ်သည်။ တစ်ခုသော ထမင်းဆိုင်၏ အခန်း နံပါတ် ၂ တွင် ရှေ့နေတစ်ဦး ငှားရမ်း၍ နေထိုင်ခဲ့သည်မှာ ကြာမြင့်လှပြီ ဖြစ်သည်။ ကျန် အခြားထမင်းဆိုင်၏ အခန်းနံပါတ် ၂ ကား ထမင်းဆိုင်ပိုင်ရှင်၏ သားကလေး ပြောပြချက်အရ နေ့စဉ်နှင့် အမျှ သော့ခတ်ထားသည်ဟု သိရ၏။ နေ့အခါများတွင် မည်သူတစ်ဦး တစ်ယောက်မျှ အဝင်အထွက် မရှိဟု သိရ၏။ သို့သော် ညအခါတွင်ကား တစ်ခါတစ်ရံ အထွက်အဝင် ရှိတတ်သည်ဟု သိရ၏။ တစ်နေ့ ညကပင် ထိုအခန်းနံပါတ် ၂ ထဲ၌ မီးရောင်ကို တွေ့ရသေးသည်ဟု ထမင်းဆိုင်ပိုင်ရှင်၏ သားကလေးက တွမ့်အား ပြောပြလေသည်။ ထမင်းဆိုင်ပိုင်ရှင်၏ သားကလေးသည် ဤအကြောင်းများထက် ပို၍ တွမ့်အား အခြားဘာမျှ ပြောမပြနိုင်ရှာခဲ့ချေ။

'ငါတော့ ဒီလောက်ပဲ စုံစမ်းလို့ ရခဲ့တယ် ဟပ်ရာ။ တို့များ ခြေရာခံရမယ့် နံပါတ် ၂ ဟာ အဲဒီ ထမင်းဆိုင်က အခန်းနံပါတ် ၂ ပဲ ဖြစ်မှာပဲလို့ ငါတော့ ထင်တယ်'

'အေးကွာ... ငါလည်း အဲလိုပဲ ထင်တာပဲ၊ ကိုင်း... ဒီတော့ မင်း ဘာလုပ်ဖို့ စိတ်ကူးသလဲ တွမ်'

'နေဦးကွာ၊ ငါ စဉ်းစားပါရစေဦး

ထိုသို့ ပြောပြီးလျှင် တွမ်သည် အတော်ကြာကြာလေး စဉ်းစားတွေး

တော၍ နေခဲ့လေသည်။ ထို့နောက်မှ အောက်ပါအတိုင်း ဟပ်အား ပြန်လည်ပြောကြား၏။

'ငါတော့ ဒီလို စိတ်ကူးရတယ် ဟပ်ရေ၊ အဲဒီ အခန်း နံပါတ် ၂ ကို နောက်ဖေးဘက်ကနေ ငါ လှည့်သွားမယ်။ မင်းက သော့တွဲ သော့တံတွေ ရနိုင်သမျှ ရအောင်သာ ကြံဖန်ရှာဖွေပြီး ယူခဲ့ပေတော့။ ငါလည်း ဒေါ်ဒေါ်ပေါ်လီရဲ့ သော့တွဲ သော့တံ မှန်သမျှကို လစ်လာခဲ့မယ်။ ပြီးတော့ ငါ တစ်ယောက်တည်း အဲဒီ အခန်း နံပါတ် ၂ ရဲ့ တံခါးသော့ကို ကြိုးစားပြီး ဖွင့်မယ်။ မင်းကတော့ တစ်နေရာရာက နေ ဂျိုးကို စောင့်ကြည့်ပေတော့။ ဘာပြုလို့လဲ ဆိုတော့ ဂျိုးဟာ အခွင့်သာတဲ့ အခါမှာ လက်စားချေဖို့ ရွာထဲကို တစ်ခေါက် ပြန်လာဦး မယ်လို့ ပြောသွားတယ် မဟုတ်လား။ အေး…မင်း ဂျိုးကို တွေ့ရင် သူ့နောက်ကိုသာ ခြေရာခံပြီး လိုက်သွားပေတော့။ အဲဒီ အခန်းနံပါတ် ၂ ကို သူ ဝင်မသွားရင် တို့များ လိုက်ရှာရမယ့် နံပါတ် ၂ ဟာ အဲဒီ နေရာ မဟုတ်လို့ပဲ ပေါ့'

'ဟာကွာ…ငါ တစ်ယောက်တည်းတော့ သူ့နောက်ကို ခြေရာခံ မလိုက်ရဲဘူးကွာ'

'ဟာ… ဟပ်ကလည်းကွာ၊ ဘာဖြစ်လို့လဲကွ။ ညအချိန်ကြီးပဲ ဟာ။ ဘာ ကြောက်စရာ ရှိသလဲ။ ဂျိုးဟာ နေ့ခင်းကြောင်တောင်ကြီး ရွာထဲကို မလာရဲပါဘူးကွ။ ဒီတော့ မင်းကို သူ ဘယ်နည်းနဲ့မှ မတွေ့ နိုင်ပါဘူး။ တွေ့ဦးတော့တောင် မင်းကို သူ ဘယ်လိုမှ ထွေထွေထူးထူး ထင်မှာ မဟုတ်ပါဘူး ဟပ်ရာ'

'အေးကွာ… ဒီလိုဆိုလည်း သူ့နောက်ကို ခြေရာလိုက်ခံပါတော့ မယ်'

'ဒီလိုမှပေါ့ ဟပ်ရာ၊ စိတ်တင်းတင်းထားပါကွ'

'ငါလည်း စိတ် မပျော့ပါဘူးကွာ'

ထို့နောက် သူငယ်ချင်းနှစ်ယောက်သည် ထိုနေ့ညဦးပင် အလုပ်စ ရန် သဘောတူခဲ့ကြလေ၏။

## အခန်း (၂၁)

သို့သော် တစ်ည၊ နှစ်ည၊ သုံးည ကုန်ဆုံးသွားခဲ့သည်အထိ တွမ်နှင့် ဟပ်တို့သည် မည်သည့်အရာကိုမျှ ထူးထူးခြားခြား မတွေ့မြင်ခဲ့ကြရချေ။ ဟပ်သည် ညစဉ်ညတိုင်း တစ်နေရာမှ နေ၍ ပုန်းအောင်းကာ ချောင်းမြောင်း စောင့်စားခဲ့သော်လည်း ဂျိုးကိုလည်းကောင်း၊ သူ၏အဖော်ဖြစ်သူကို လည်းကောင်း အရိပ်အယောင်ကလေးမျှ မတွေ့မြင်ခဲ့ရချေ။ သို့သော် သူငယ်ချင်းနှစ်ယောက်သည် စိတ်ပျက်အားလျော့ခြင်း မရှိဘဲ စတုတ္ထမြောက် ညတွင်လည်း ဆက်လက်၍ အိမ်မှ ထွက်ခဲ့ကြပြန်လေသည်။

အချိန်ကား သန်းခေါင်နီးပါးဖြစ်၏။ တွမ်သည် လက်ဆွဲမီးအိမ်တစ်လုံးကို မျက်နှာသုတ်ပဝါဖြင့် ပတ်၍ ယူဆောင်လာ၏။ သူငယ်ချင်းနှစ်ယောက်သည် ထမင်းဆိုင်နားသို့ တဖြည်းဖြည်း ကပ်သွားကြ၏။ ထိုအချိန်တွင် ထမင်းဆိုင် တစ်ခုလုံးသည် မှောင်အတိ ကျနေပြီ ဖြစ်သည်။ တွမ်သည် ထမင်းဆိုင်၏ နောက်ဖေးဘက်မှ လှည့်၍ ဝင်သွား၏။ ဟပ်ကား စန္ဒရီလုပ်၍ ကျန်ရစ်ခဲ့လေသည်။

ဟပ်သည် တွမ့်အား စောင့်စား၍ နေခဲ့ရသည်ကို သည်းမခံနိုင်တော့ချေ။ ယခုလောက် ဆိုလျှင် တွမ်တစ်ယောက် အသက်နှင့်ကိုယ်

အိုးစားများ ကွဲနေလေရော့သလား ဟုလည်း သူ အောက်မေ့နေမိ၏။ ထို့ကြောင့် သူသည် ထမင်းဆိုင်၏ နောက်ဖေးဘက်သို့ တရွေ့ရွေ့ဖြင့် ရောက်သွားတော့လေသည်။ ယင်းသို့ တရွေ့ရွေ့ တိုးသွားရင်း သူ့ရင်သည် တဒိတ်ဒိတ် ခုန်နေခဲ့လေ၏။ ရုတ်တရက်သော် ဟပ်သည် မျက်လုံးထဲ၌ ဝင်းခနဲ ဖြစ်သွားလေသည်။ တွမ်သည် လက်တွင် မီးအိမ်ကို ဆွဲ၍ ပြေးထွက်လာရင်း 'ပြေးတော့ဟေ့ သူငယ်ချင်းရေ၊ ဖနောင့်နဲ့ တင်ပါး တသားတည်းကျအောင်သာ ပြေးပေတော့' ဟု အော်၍ ပြောလိုက်လေ၏။

ထိုအသံကို ကြားလျှင်ကြားချင်းပင် ဟပ်လည်း တစ်နာရီလျှင် မိုင်သုံးလေးဆယ်နှုန်းဖြင့် ခုန်းချ၍ ပြေးတော့လေ၏။ တွမ်သည် သူ့အား နောက်ထပ်၍ သတိပေးစရာ မလိုတော့ချေ။ သူငယ်ချင်းနှစ်ယောက်သည် မနားတမ်း ခုန်းစိုင်း၍ ပြေးချခဲ့ကြရာ ရွာအစွန်ရှိ သားသတ်ရုံဟောင်းကြီးထဲသို့ ရောက်သော အခါမှပင် ရပ်တန့်၍ သွားကြတော့လေ၏။ ထိုခဏမှာပင် ကောင်းကင်ထက်မှ မိုးသားတိမ်လိပ်များ တက်ဆင်လာကာ မှန်တိုင်းဆင်၍ မိုးကြီး သည်းထန်စွာ ရွာသွန်း၍ ချလိုက်လေသည်။

အတော်လေး အမောပြေသွားသော အခါမှပင် တွမ်က 'မပြောပါနဲ့တော့ကွာ... ဟပ်ရာ' ဟု စကားစလိုက်၏။

တွမ်သည် အခန်းနံပါတ် ၂ ၏ တံခါးကို သော့နှစ်ချောင်းဖြင့် ညင်သာစွာ စမ်းသပ်၍ ဖွင့်လိုက်၏။ သို့သော် သူသည် အကြောက်လွန်နေသောကြောင့် သော့တံများမှာ တစ်ချောင်းမျှ ဖွင့်၍မရခဲ့ချေ။ သို့သော် နောက်တစ်ခဏ၌ သူသည် သူ့ကိုယ်သူ ဘာလုပ်၍ လုပ်မိမှန်းပင် သတိမပြုမိဘဲ တံခါး လက်ကိုင်ဖုကို ဆွဲလှည့်လိုက်မိရာ တံခါးမှာ အလိုအလျောက် ပွင့်သွားတော့လေသည်။ စင်စစ်ကား တံခါးသည်

သော့ခတ်ထားခြင်း မရှိချေ။ ထိုအခါ တွမ်သည် အခန်းတွင်းသို့ ခုန်၍ ဝင်လိုက်၏။ ထို့နောက် လက်ဆွဲမီးအိမ်တွင် ပတ်ထားသော မျက်နှာသုတ်ပဝါကိုလည်း ဖြုတ်ချလိုက်၏။ ဤအခါမှာပင် သူသည် တစ္ဆေခြောက်ခံလိုက်ရသည့် အလား ဖြစ်သွားတော့လေသည်။ အကြောင်းကား သူ၏ ခြေတစ်ဖက်သည် ဂျိုး၏ လည်ပေါ်သို့ တက်၍ နင်းထားမိသောကြောင့်တည်း။ သို့သော် ဂျိုးကား ပက်လက်ကြီး အိပ်ပျော်နေရာမှ မနိုးခဲ့ချေ။ သူ့နံဘေးတွင် အရက်ပုလင်း အလွတ်တစ်လုံး ရှိ၏။ သူသည် အရက်မူးကာ အိပ်ပျော်နေဟန် ရှိလေသည်။

တွမ်သည် စန့်စန့်ကြီးဖြစ်နေသော ဂျိုး၏လက်ကို ခြေဖြင့် နင်းမိထားမှန်း သိလျှင်သိချင်း အခန်းထဲမှ လျင်မြန်စွာ ထွက်လာခြင်း ဖြစ်လေသည်။ သူသည် ရွှေသေတ္တာကိုလည်း သတိမထားမိတော့ချေ။ လက်ဝါးကပ်တိုင် ဆိုသည်ကိုလည်း မမြင်ခဲ့တော့ချေ။ ကြောက်အားလန့်အားနှင့် ပြန်ထွက်လာခဲ့ရင်း သူ့မျက်လုံးများသည် အခန်းထဲတွင် အရက်စည်နှစ်လုံးနှင့် အရက်ပုလင်းများကိုသာ မြင်မိခဲ့လေသည်။ ထို့နောက် သူသည် ဤသားသတ်ရုံဟောင်း အတွင်းသို့ ဟပ်နှင့်အတူ ဖနောင့်နှင့်တင်ပါး တသားတည်း ကျနေအောင် ပြေးလွှားလာခဲ့တော့လေသည်။

ဟပ်က 'မင်းနှယ်ကွာ… ဂျိုး အရက်မူးပြီး အိပ်ပျော်နေတုန်း ရွှေသေတ္တာကို ရှာပြီးတော့ ထမ်းလာရောပေါ့' ဟု တွမ့်အား အပြစ်တင်၏။

တွမ်က 'ဟာ… ဂျိုးရဲ့နံဘေးမှ အရက်ပုလင်းလွတ် တစ်လုံးတည်း တွေ့ခဲ့တာကွ၊ ဒီတော့ သူဟာ ကောင်းကောင်းကြီး မူးနေတာ မဟုတ်ဘူး။ ငါ ဘယ်လုပ်ရဲပါ့မလဲ၊ တကယ်လို့ သူ့ နံဘေးမှာ အရက်ပုလင်းလွတ် သုံးလုံးလောက်သာ တွေ့ရရင် ငါ စိတ်ချလက်ချ

လုပ်တာပေါ့ကွာ’ ဟု ပြန်လည် ဖြေရှင်း၍ ပြသောအခါမှပင် ဟပ်လည်း ကျေနပ်၍ သွားတော့လေသည်။

ထို့နောက် မိုးလင်းရန်လည်း နှစ်နာရီလောက်သာလျှင် လိုတော့သဖြင့် သူငယ်ချင်းနှစ်ယောက်သည် အသီးသီး လမ်းခွဲ၍ ထွက်ခွာသွားခဲ့ကြလေ၏။ တွမ်သည် အိမ်သို့ ပြန်ခဲ့လင့်ကစား အိမ်မဲ့ယာမဲ့ဖြစ်နေသော ဟပ် ခမျာကား သူ အိပ်စက်နားနေကျ နေရာဖြစ်သော သူငယ်ချင်း ဘင်းရောဂျား၏ နေအိမ်မှ ကောက်ရိုးပုံသို့ ထွက်ခွာသွားလေတော့သည်။

## အခန်း (၂၂)

နောက်တစ်နေ့ကား သောကြာနေ့ ဖြစ်၏။ ထိုနေ့နံနက်တွင် တွမ်သည် သတင်းကောင်းတစ်ခုကို ကြားရလေသည်။ ထိုသတင်းကား အခြားမဟုတ်။ ဂျက်သက်ချားတို့ မိသားစုသည် မနေ့ည ကတည်းကပင် ရွာသို့ ပြန်ရောက်လာခဲ့ကြပြီ ဟူသော သတင်းပင် ဖြစ်လေသည်။

အဆိုပါ သတင်းကောင်းကို ကြားရသောအခါ တွမ်သည် ဂျိုးနှင့်တကွ ရွှေဒင်္ဂါးသေတ္တာကိုပါ မေ့မတတ် ဖြစ်သွားခဲ့လေသည်။ သူ့အဖို့ ဂျိုးနှင့် ရွှေဒင်္ဂါးများထက် ဗက်ကီသက်ချားနှင့် ပြန်လည်ဆုံတွေ့ရမည့် အရေးက ပိုမို၍ အရေးကြီးနေတော့လေသည်။ ထို့ကြောင့် သူသည် သတင်းကို ကြားလျှင်ကြားချင်းပင် ဗက်ကီ သက်ချားထံ ပြေး၍ သွားတွေ့လိုက်၏။ ထို့နောက် သူနှင့် ဗက်ကီသက်ချားတို့သည် ကျောင်းသူကျောင်းသား မိတ်ဆွေများနှင့် အတူ တပျော်တပါး ပျော်ရွှင်ပွဲများ ဆော့ကစားကြလေ၏။

ဗက်ကီသည် တွမ်နှင့်အတူ တစ်နေ့လုံး ပျော်ရွှင်စွာ ဆော့ကစားပြီးသည့်နောက် သူ့အမေအား မနက်ဖြန်တွင် ပျော်ပွဲစားထွက်ကြရန် ပူဆာတော့လေသည်။ ဗက်ကီ၏ အမေသည် ဗက်ကီအား ကာလကြာရှည်စွာကပင် ကတိပေးထားသည့်အတိုင်း ပျော်ပွဲစားထွက်ရန် ဗက်ကီ၏ အလိုကို လိုက်လျောလိုက်ရလေ၏။ ထို့ကြောင့် ဗက်ကီသည် ထိုနေ့

နေမဝင်မီပင် သူငယ်ချင်း မိတ်ဆွေများထံသို့ ဖိတ်ကြားစာများ ပေးပို့ခဲ့လေသည်။ ကျောင်းသူကျောင်းသား သူငယ်ချင်း များစွာလည်း လွန်စွာဝမ်းမြောက်ဝမ်းသာ ရှိနေကြလေ၏။ ၎င်းတို့သည် နောက်တစ်နေ့တွင် ပျော်ပွဲစား ထွက်ကြရမည့် အရေးအတွက် ထိုနေ့ညကတည်းကပင် များစွာ အလုပ်ရှုပ်နေကြတော့၏။

တွမ်သည် ဗက်ကီနှင့်အတူ ပျော်ပွဲစား ထွက်ရတော့မည့် အရေးအတွက် ဝမ်းသာလျက် ရှိ၏။ သို့သော် သူသည် ထိုညက အတော်ညဉ့်နက်မှပင် အိပ်ပျော်သွားခဲ့ရှာလေသည်။ အကြောင်းမှာ ဟပ်ထံမှ သတင်းများ ထူးလေမည်လားဟု စောင့်နေခဲ့သောကြောင့် ဖြစ်သည်။ သို့သော် ထိုညက မည်သို့မျှ သတင်းမထူးခဲ့ချေ။ ဟပ်သည် သူ့အား မည်သို့မျှ အချက်မပြခဲ့ချေ။ ထို့ကြောင့် တွမ်သည် စိတ်ပျက်စွာဖြင့် အိပ်ရာသို့ ဝင်ခဲ့ရရှာလေသည်။

နောက်တစ်နေ့ နံနက် ၁၀ နာရီ ၁၁ နာရီခန့်တွင် တွမ်နှင့် ဗက်ကီတို့ တစ်တွေသည် တပျော်တပါးကြီး ပျော်ပွဲစား ထွက်သွားကြလေ၏။ ယင်းပျော်ပွဲစားသို့ လူကြီးများမှာ လိုက်ပါရိုး ထုံးစံ မရှိကြချေ။ ထို့ကြောင့် ကလေးများနှင့် လူငယ် လူရွယ်များသာလျှင် ပျော်ပွဲစား၌ ပါဝင်ကြလေသည်။ သူတို့တစ်တွေသည် ကူးတို့မီးသင်္ဘောကို စင်းလုံးငှား၍ သွားကြ၏။ ဆစ်သည် နေမကောင်းဖြစ်နေသောကြောင့် ပျော်ပွဲစားသို့ မလိုက်ပါနိုင်ခဲ့တော့ချေ။ မေရီ ခမျာလည်း နေမကောင်းဖြစ်နေသော ဆစ်အား ပြုစုနေရသောကြောင့် ပျော်ပွဲစားသို့ မလိုက်ပါနိုင်ခဲ့တော့ချေ။

ရွာအောက်ဘက် သုံးမိုင်ခန့် အကွာတွင်ရှိသော နေရာတစ်နေရာတွင် ကူးတို့သင်္ဘောကလေးသည် ဆိုက်ကပ် ရပ်နားလိုက်လေ၏။ ပျော်ပွဲစား ထွက်လာကြသော သူများအားလုံးလည်း သင်္ဘောဆိုက်လျှင်

ဆိုက်ချင်း ကမ်းပေါ်သို့ အလုအယက် ပြေးဆင်းကြပြီးလျှင် အုပ်အုပ်ဆိုင်းဆိုင်း ရှိလှသော သစ်တောနှင့် တောင်ကုန်းမြင့်များ အထက်ဆီသို့ ပြေးလွှား သွားရောက်ကြလေ၏။ တစ်တော တစ်တောင်လုံးသည် ရယ်သံ မောသံ၊ အော်သံ ဟစ်သံများဖြင့် ဆူညံ၍ နေတော့သည်။

ထို့နောက် မကြာမီပင် "မက်ဒူးဂဲ" အမည်ရှိသော ဂူအတွင်းသို့ ဝင်ရောက်ကြရန် ဖယောင်းတိုင်များကို မီး ထွန်းညှိ ပြင်ဆင်ကြလေ၏။ ထို မက်ဒူးဂဲ ဂူကား ထုံးကျောက်ဂူတစ်ခု ဖြစ်၏။ အတွင်း၌ စိမ့်နေအောင် အေးမြလှ၏။ ကျောက်နံရံတို့တွင် ရေပေါက်ငယ်ကလေးများ စိမ့်၍ ယိုထွက်နေကြ၏။ အတွင်း၌ မှောင်မည်း၍လည်း နေလေသည်။ ထို့ပြင် ဂူတွင်း၌ရှိသော လမ်းများမှာလည်း ဝက်ပါတမျှ ရှုပ်ထွေးလှပေသည်။ ထိုမျှ ရှုပ်ထွေးမည်းမှောင်လှသော ဂူအတွင်းသို့ ပျော်ပွဲစား ထွက်လာကြသော သူများသည် ဖယောင်းတိုင်များကို ကိုင်ဆောင် ထွန်းညှိကာ တသီတသန်းကြီး ဝင်ရောက်ကြလေ၏။ တွမ်သည်လည်း ဗက်ကီ၏လက်ကို ဆွဲကိုင်ကာ ဂူကြီးအတွင်းသို့ ဝင်ရောက်သွားလေ၏။ အခြားသူများနှင့် နှိုင်းစာလျှင် တွမ်သည် ဂူကြီး၏ အကြောင်းကို ပိုမို၍ သိမြင်နှံ့စပ်သူ ဖြစ်လေ၏။

ဂူတွင်းသို့ ဝင်ရောက်သွားခဲ့ကြသော သူများသည် အပြင်သို့ ပြန်ထွက်လာကြသောအခါ နေ့တာ ကုန်ဆုံး၍ အမှောင်ပင် ချင်းနင်းကျရောက်လျက် ရှိလေပြီ။ ကူးတို့ သင်္ဘောကလေးသည် နာရီဝက်ခန့် ကြာသည့်တိုင်အောင် ဥသြကို တတွတ်တွတ်မှုတ်၍ ပျော်ပွဲစား လူများကို ခေါ်ယူစုဝေးရ၏။ ထို့နောက် လူစုံလောက်ပြီဟု ထင်သော အခါမှပင် ဆိပ်ကမ်းမှခွာ၍ လာလမ်းအတိုင်း ပြန်လည်ခုတ်မောင်း၍ သွားလေ၏။

ထိုအချိန်တွင် ဟပ်တစ်ယောက်သည် သူ၏ ကင်းစောင့်တာဝန်ကို ကျိုးနွံစွာ ဆောင်ရွက်လျက် ရှိ၏။ မြစ်ထဲမှ မီးတဝင်းဝင်းနှင့်

ခုတ်မောင်း၍ သွားသော ကူးတို့သင်္ဘောကလေးကို သူသည် ကောင်းစွာ လှမ်းမြင်လိုက်၏။ ကူးတို့ သင်္ဘောကလေးသည် ဆိုက်ကပ်နေကျ သင်္ဘောဆိပ်တွင် ဆိုက်ကပ် ရပ်နားခြင်း မပြုဘဲ ဆက်လက်၍ ခုတ်မောင်းသွား၏။ သင်္ဘောတစ်စင်းလုံးသည် တိတ်ဆိတ်၍လည်း နေ၏။ ပျော်ပွဲစားထွက်သူများမှာ ခြေကုန်လက်ပန်းကျလျက် မည်သူမျှ အသံမထွက်နိုင်ကြတော့ပြီ ဖြစ်သည်။ သို့သော် ဟပ်ကား ဤသင်္ဘောကို ပျော်ပွဲစားထွက်သော သင်္ဘောဖြစ်မှန်း မသိရှာချေ။ ထို့ကြောင့် မည်သည့် သင်္ဘောများ ဖြစ်လေသနည်း၊ အဘယ့်ကြောင့် ရပ်နားဆိုက်ကပ်နေကျ သင်္ဘောဆိပ်တွင် ရပ်နား ဆိုက်ကပ်ခြင်း မပြုသနည်းဟု သူ့ခမျာ စဉ်းစား၍ မရနိုင်အောင် ရှိနေရှာလေသည်။

သို့သော် ဟပ်သည် သင်္ဘောကလေး၏ အကြောင်းကို ကြာရှည်ကြာမြဲ စဉ်းစားတွေးတော၍ မနေနိုင်ခဲ့ပါချေ။ သူ့တွင် ကင်းစောင့်ရမည့်တာဝန် ရှိသေးသည် မဟုတ်လော။ ညစဉ် ညတိုင်းလည်း သူသည် ဂျိုးနှင့် သူ၏ အဖော်တို့အား ချောင်းမြောင်း၍ စောင့်စားနေခဲ့သည် မဟုတ်လော။ ယနေ့ည အဖို့လည်း သူ့တာဝန် မပျက်ကွက်ရလေအောင် ဂျိုးနှင့် သူ၏အဖော်တို့ကို ချောင်းမြောင်း စောင့်စားရဦးမည် ဖြစ်ပေသည်။

ညသည် မှောင်လှ၏။ ကောင်းကင်၌ မိုးသားတိမ်တိုက်များ တက်ဆင်နေသည်။ ဆယ်နာရီလည်း ထိုးလေပြီ။ ယာဉ်ရထား အသွားအလာများ၏ အသံဗလံများလည်း ဆိတ်လေပြီ။ လူခြေလည်း တိတ်လေပြီ။ မီးရောင်များလည်း မှိတ်လေပြီ။ ဟပ်တစ်ယောက်သာလျှင် သရဲတစ္ဆေများနှင့် အတူ ထီးထီး ကျန်ရစ်ခဲ့ရှာလေ၏။ ဤသို့ဖြင့် ဆယ့်တစ်နာရီလည်း ထိုးသွားပြန်လေပြီ။ ထိုအခါတွင် ထမင်းဆိုင်ထဲ၌ ထွန်းညှိထားသော မီးများလည်း အားလုံး ငြိမ်းသွားခဲ့ကြပြီ

ဖြစ်သည်။ နေရာရာဝယ် အမှောင်သာလျှင် ကြီးစိုးမင်းမူလျက် ရှိတော့လေ၏။ ဟပ်သည် ဆက်လက်၍ စောင့်မြဲ စောင့်နေခဲ့၏။ သူသည်ထိုည အဖို့လည်း စောင့်ရသည့်အလုပ်ကို စိတ်ပျက်စ ပြုလာပြန်၏။ ထို့ကြောင့် ဆက်စောင့်၍ အကျိုးရှိပါဦးမည်လော၊ အကျိုးမရှိမည့် အတူတူ ကောင်းမွန်စွာ အိပ်စက်လိုက်ရမည်လောဟု ဟပ်သည် ဝေခွဲမရဘဲ ချီတုံချတုံ ဖြစ်နေရှာလေ၏။

ထိုအခိုက်မှာပင် ဆိတ်ငြိမ်မှုကို ဖောက်ထွင်း၍ ဟပ်၏ နားထဲသို့ အသံတစ်သံ ဝင်ရောက်လာ၏။ ဟပ်သည် ချက်ချင်းပင် နားများကို စွင့်ကာ မျက်လုံးများကို အစွမ်းကုန် ဖြံထားလိုက်လေ၏။ ထမင်းဆိုင်နောက်ဖေးတံခါးသည် ညင်သာစွာ ပိတ်သွား၏။ ဟပ်လည်း ထောင့်တစ်ထောင့်သို့ လျင်မြန်စွာ ခုန်ဝင်ကာ ပုန်းကွယ်၍ နေလိုက်သည်။ နောက်တစ်ခဏ၌ လူနှစ်ယောက်သည် မှောင်ရိပ်ခိုကာ ထွက်လာကြပြီးလျှင် သူ့နားမှ ပွတ်၍ လျှောက်သွားကြ၏။ တစ်ယောက်သောသူသည် ချိုင်းအောက်တွင် တစ်စုံတစ်ခုကို ညှပ်ယူလာဟန် ရှိသည်။ ထိုအရာသည် ရွှေသေတ္တာပင် ဖြစ်ရမည်ဟု ဟပ်က တွက်လေသည်။ ဂျိုးနှင့် သူ၏ အဖော်တို့သည် ရွှေသေတ္တာကို နေရာရွှေ့ပြောင်းကြပေတော့မည်လောဟု ဟပ်က တွေး၍နေလေသည်။ ဤသို့ဆိုလျှင် တွမ့်အား ပြေး၍ အကြောင်းကြားရလျှင် ကောင်းမည်လောဟုလည်း ဟပ် စဉ်းစားမိပြန်လေသည်။ သို့သော် တွမ့်အား အကြောင်းကြား၍ မဖြစ်နိုင်ပါချေ။ တွမ့်ထံသို့ သွားနေသော် ဤလူနှစ်ယောက်ကို ဟပ်သည် မျက်ခြည်ပြတ်သွားလိမ့်မည် မဟုတ်လော။ ထို့ကြောင့် ဟပ်သည် ဂျိုးနှင့် သူ၏အဖော်တို့၏ နောက်မှ တိတ်တဆိတ် ခြေရာခံ၍ လိုက်ပါလာခဲ့လေ၏။

ဂျိုးနှင့် သူ၏အဖော်သည် ကမ်းနားလမ်းအတိုင်း သွားခဲ့ကြပြီး နောက် "ကာဒစ်ဟီး" တောင်ကုန်းဆီသို့ ရှေးရှုကာ ဆက်လက်၍ လျှောက်သွားကြလေသည်။ ဟပ်လည်း သူတို့၏နောက်မှ တိတ်တဆိတ် လိုက်ပါသွား၏။ မကြာမီပင် သူတို့သည် တောင်ကုန်းထိပ်သို့ ရောက် လာကြ၏။ ထိုနေရာကား လမ်းသည် ကျဉ်းမြောင်းလှလျက် ချုံနွယ် ပိတ်ပေါင်းများဖြင့် ထူထပ်လှလေသည်။ ထိုနေရာသို့ ရောက်သော အခါ ဟပ်သည် ရှေ့မှ သွားလျက်ရှိသော ဂျိုးတို့၏ ခြေသံကို တချွတ် ချွတ် မကြားရတော့ချေ။ ထို့ကြောင့် တစ်လှမ်း နှစ်လှမ်း ဆက်သွားပြီး ဟပ်လည်း အသွား ရပ်လိုက်တော့၏။ နားကိုမူ စွင့်ထား၏။ မျက်လုံး များကိုလည်း အစွမ်းကုန် ဖွင့်၍ ထား၏။ ဒီးကွက်တစ်ကောင်သည် သစ်ပင်တစ်ပင်ထက်မှ ဂဲခနဲ အော်မြည်လိုက်လေသည်။ ငှက်ဆိုးထိုးသံ ကြောင့် ဟပ်လည်း ကျောရိုးထဲမှ စိမ့်၍ သွားလေသည်။ သို့သော် သူသည် မည်သည့်ခြေသံကိုမျှ မကြားရတော့ချေ။ ဂျိုးတို့သည် ခြေရာ ပျောက်သွားကြလေပြီလော၊ သူသည် ဂျိုးတို့အား မျက်ခြည်ပြတ်လေ ပြီလော။

မကြာမီပင် သူ့ရှေ့ လေးပေအကွာလောက်တွင်မှ လူတစ်ယောက် ၏ သလိပ်ဟက်သံ ပေါ်ထွက်လာ၏။ ထိုအသံကို ကြားလိုက်ရသော အခါ ဟပ်၏ ရင်သည် ဒိန်းခနဲ ဆောင့်ကာ တဒုတ်ဒုတ် ခုန်နေတော့ လေ၏။ ဟပ်သည် မျက်လုံးများလည်း ပြာဝေကုန်၏။ သူသည် အားယုတ်သလိုလည်း ဖြစ်လာ၏။ မြေသို့ ပြိုလဲ၍ ကျမသွားရအောင် သူ့ကိုယ်သူ မနည်းကြိုးစား၍ ထိန်းထားရလေသည်။ သူရောက်နေသော နေရာမှာ တရားသူကြီးကတော် မုဆိုးမကြီး မစ္စစ်ဒေါက်ကလတ်၏ အိမ်ခြံဝင်းနှင့် ကပ်လျက်ရှိသောနေရာ ဖြစ်သည်ကိုလည်း ဟပ် ကောင်း စွာ သိလေသည်။ ကောင်းလှလေပြီ။ ရွှေသေတ္တာကို ဤခြံဝင်း အတွင်း

၌ပင် မြှုပ်နှံကြပါစေတော့။ ရှာဖွေရန် အပန်းကြီးလှသည် မဟုတ်ဟု ဟပ်က ကျိတ်၍ ဆုတောင်းနေလေသည်။

သို့သော် သူ့ဆုတောင်းနှင့် သူကြားလိုက်ရသော ဂျိုး၏ စကားပြောသံတို့ကား တက်တက်စင်အောင် လွဲမှား၍ နေလေတော့သည်။ ဂျိုးသည် သူ၏အဖော်အား ဤနေရာသို့ လာရောက်သည့် အကြောင်းကို ပြောပြနေ၏။ ထို့ပြင် သူ့အဖော်အား ဘာလုပ်ရမည် ဆိုသည်ကိုလည်း ခြိမ်းခြောက်၍ ညွှန်ကြားပြောဆိုနေ၏။ သူတို့ ဤနေရာသို့ လာရောက်ခြင်းမှာ မုဆိုးမကြီး "မစ္စဒေါက်ဂလတ်"ကို သတ်ဖြတ်ညှဉ်းဆဲရအောင် လာရောက်ခြင်း ဖြစ်သည်။ ဂျိုးသည် ကွယ်လွန်သူ မစ္စတာ ဒေါက်ဂလတ်၏ အပေါ်တွင် အခဲမကျေနိုင်လောက်အောင် ရန်ညှိုးဖွဲ့ထားခဲ့သူ ဖြစ်သည်။ သူ့အပြောအရ မစ္စတာ ဒေါက်ဂလတ်သည် သူ့အပေါ်တွင် အမြဲတမ်း မညှာမတာ ပြုကျင့်ခဲ့သည်ဟု ဆို၏။ အဆိုးဝါးဆုံးသော အပြုအမူတစ်ခုမှာ သူ့အား လူအများ ဝိုင်းအုံကြည့်ရှုနေသည့် ထောင်ဘူးဝရှေ့တွင် ကပ္ပလီ နီးဂရိုးတစ်ယောက်ကို ရိုက်နှက်ဘိသကဲ့သို့ မြင်းရိုက်သော ကြာပွတ်ဖြင့် မြှော့နေအောင် ရိုက်နှက်ခဲ့သည့် အဖြစ်ပင် ဖြစ်သည်။ ဤအတိတ်က နာကြည်းဖွယ်တို့ကို ဂျိုးသည် တစ်နေ့တစ်ရက်မှ မမေ့ခဲ့ဟု ဆိုလေသည်။ ထို့ကြောင့် မစ္စတာဒေါက်ဂလတ် သေဆုံးသွားခဲ့ပြီ ဖြစ်သော်လည်း သူ့မိန်းမအပေါ်တွင် လက်စားချေရမှ ကျေနပ်နိုင်မည် ဖြစ်ကြောင်း ဂျိုးက သူ့အဖော်ကို ပြောပြနေလေသည်။ ဟပ်သည် ယခုမှ ကောင်းစွာ နားလည်တော့၏။ အိမ်ပျက်ကြီးပေါ်တွင် သူနှင့် တွမ်တို့ ကြားနာခဲ့ရသည့် "လက်စားချေမယ်" ဟူသော ဂျိုး၏ ပြောစကားကို ဟပ်သည် ယခုမှ နားလည်တော့သည်။ ဤနေရာသို့ ဂျိုးတို့ လာရောက်ခြင်းမှာလည်း ရွှေသေတ္တာကို မြှုပ်နှံသိုဝှက်ရန် မဟုတ်ဘဲ မုဆိုးမကြီး မစ္စစ်

ဒေါက်ဂလတ်ကို သတ်ဖြတ်ညှဉ်းဆဲရအောင် လာရောက်ကြခြင်း ဖြစ်သည်ကိုလည်း ဟပ်သည် ကောင်းစွာ သဘောပေါက်တော့၏။

ဟပ်၏ ရင်သည် တဒိတ်ဒိတ် ခုန်နေတော့လေသည်။ သူ၏ ဒူးများလည်း တဆတ်ဆတ် တုန်နေတော့လေသည်။ လူသတ်သမားများသည် မုဆိုးမကြီး မစ္စစ်ဒေါက်ဂလတ်ကို ရက်စက်စွာ ညှဉ်းဆဲ၍ သတ်ဖြတ်ကြတော့မည် ဖြစ်သည်။ ဂျိုးသည် မုဆိုးမကြီးအား နှာခေါင်းကို ဓားဖြင့် မွန်းမည်ဟု ဆိုသည်။ နားရွက်များကိုလည်း ဓားဖြင့် လှီးမည်ဟု ဆိုသည်။ ထို့နောက် မုဆိုးမကြီးအား ခုတင်တွင် ကြိုးဖြင့် ချည်နှောင်ကာ ဒဏ်ရာများမှ သွေးတစ်ပေါက်ပေါက် ယိုစီးစေလေမည်ဟု ဆိုလေသည်။ ဂျိုးအား သူ၏အဖော်က ထိုမျှ မရက်စက်ရန် ပြောဆိုတားမြစ်သေး၏။ သို့သော် မရချေ။ ထို့ပြင် ဤကိစ္စ၌ သူ့အဖော်သည် သူ့အား မကူညီလျှင် "မင်းကိုပါ သတ်ပစ်မယ်" ဟု ဂျိုးက ခြိမ်းခြောက် ကြိမ်းမောင်းလိုက်လေသည်။ ထို့ကြောင့် ဂျိုး၏ အဖော်လည်း နောက်ထပ် ဘာမှ မပြောဝံ့ဘဲ ရှိတော့လေ၏။

ဟပ်သည် ဂျိုး ပြောဆိုနေသမျှကို ကြားမိသောအခါ ကြက်သီးတဖြန်းဖြန်း ထ ၍ နေတော့လေ၏။ သူသည် ဆက်လက်၍ နားထောင်နေခြင်းငှာ မဝံ့မရဲတော့ဘဲ နောက်သို့ ခြေတစ်လှမ်းချင်း ဆုတ်မှန်းမသိ ဆုတ်၍ လာခဲ့လေသည်။ ခဏအကြာတွင် သူသည် ဂျိုးတို့နှင့် အတော်ကလေး လှမ်းကွာ၍ လာ၏။ ထိုအခါမှ သူသည် နောက်သို့လှည့်ကာ ခြေကုန်သုတ်၍ ပြေးလေ၏။

ထိုသို့ ပြေးလာခဲ့ရာ ဟပ်သည် ကုန်းအောက်ခြေတွင် ရှိသော "ဝဲလရှမ်" ဆိုသူ အဘိုးကြီးတစ်ဦး၏ အိမ်သို့ ရောက်သောအခါ အိမ်တံခါးကို တဖုန်းဖုန်း ထုလိုက်လေ၏။ ထိုအခါ ပြတင်းပေါက်များမှ နေ၍ အဘိုးကြီး ဝဲလရှမ်နှင့် တကွ သူ၏ သားကြီးနှစ်ယောက်တို့

သည့် ခေါင်းများ ပြူထွက်၍ ကြည့်လိုက်ကြပြီးလျှင် 'ဟော့...ဘာလဲ၊ ဘာလဲ၊ ညကြီးအချိန်မတော် တံခါးကို တဖုန်းဖုန်း ထုနေတာ ဘယ်သူလဲ။ ဘာလိုချင်လို့လဲ' ဟု မေးလိုက်ကြလေသည်။

'တံခါးထုတာ ကျွန်တော်ပါပဲ ခင်ဗျာ။ ကျွန်တော့်ကို အထဲသာ ဝင်ခွင့်ပြုပါ။ ကျွန်တော် အားလုံး ပြောပြပါမယ်'

'ကျွန်တော်ဆိုတာ ဘယ်သူလဲ၊ နာမည်ပြောဦးလေ'

'ဟပ်ကယ်ဗယ်ရီဖင်းပါတဲ့ ခင်ဗျာ။ တစ်ဆိတ်ကလေး ခင်ဗျာ မြန်မြန် တံခါးဖွင့်ပါ။ ကျွန်တော် ဝင်ပါရစေတော့'

'ဩ... ဟပ်ကယ်ဗယ်ရီဖင်းတဲ့လား။ အေး... ဒီနံမည် ငါ ကြားဖူးပါတယ်။ ဒီနံမည် ကြားလိုက်ရရင် တံခါးဖွင့်ပေးတဲ့အိမ် အတော်နည်းသွားကလား။ ဒါပေမဲ့ ငါ့အိမ်တော့ မင်း ဝင်ရပါတယ်။ ကိုင်း... ကိုင်း... သားတို့ရေ၊ တံခါးဖွင့်ပေးလိုက်ပါကွယ်။ ဒီသူငယ်လေးကို အိမ်ထဲ ဝင်ပါစေ။ သူ့မှာ ဘယ်လိုဒုက္ခနဲ့ တွေ့လာသလဲ ဆိုတာလည်း တို့များ သိရအောင်'

ထို့နောက် ဟပ်သည် အိမ်ထဲသို့ ရောက်လျှင် ရောက်ချင်း 'ကျွန်တော် အခု ပြောမယ့် စကားတွေကို ဘယ်သူ့မှ ပြန်မပြောပါနဲ့ ခင်ဗျာ' ဟု စကားပလ္လင် ခံပြီးလျှင် သူ တွေ့ကြုံ ကြားနာရသော အဖြစ်များကို အားလုံး ပြောပြလိုက်လေ၏။ သို့သော် ဂျိုးနှင့် သူ၏ အဖော်တို့၏ အမည်များကိုကား ထုတ်ဖော်၍ ပြောမပြခဲ့ချေ။ မစ္စစ် ဒေါက်ကလတ်ကြီး တစ်ယောက် ရက်စက်စွာ အသတ်ခံရတော့မည့် အကြောင်းကိုသာ စီကာပတ်လုံး ပြောပြလိုက်လေသည်။ အဘိုးကြီးနှင့် သူ၏ သားနှစ်ယောက်လည်း 'ဘယ်သူ့မှ ပြန်မပြောပါ' ကတိစကား ထားလိုက်ကြပြီးလျှင် ဟပ် ပြောဆိုသမျှကို စိတ်ပါဝင်စားစွာ နားစိုက်၍ *ထောင်နေကြလေ၏။*

ထို့နောက် သုံးမိနစ်ခန့်အကြာတွင်ကား အဘိုးကြီးနှင့် သူ၏ သားနှစ်ယောက်တို့သည် လက်နက်များကို အသီးသီး စွဲကိုင်ကာ တောင်ကုန်းထက်သို့ အရေးတကြီး ပြေးတက်၍ သွားကြလေ၏။ ဟပ်လည်း သူတို့၏ နောက်ပါးမှ လိုက်ပါသွားသေး၏။ သို့သော် စောစောက ဟပ် ပုန်းအောင်း ရောက်ရှိခဲ့သော ချုံနွယ်ပိတ်ပေါင်းများ ထူထပ်သည့် နေရာသို့ ရောက်လာကြသော အခါတွင်ကား အဘိုးကြီးနှင့် သူ၏ သားနှစ်ယောက်တို့သည် လက်ထဲမှ လက်နက်များကို အဆင်သင့် ပြင်ထားလိုက်ကြကာ ခြေဖျားထောက်၍ ရှေ့သို့ တစ်လှမ်းချင်း တိုးဝင်သွားကြလေသည်။ ဟပ်သည် သူတို့၏ နောက်သို့ ဆက်လက်၍ လိုက်ပါသွားခြင်း မပြုတော့ချေ။ ကျောက်တုံးကြီးတစ်တုံး၏ နောက်တွင် ပုန်းကွယ်ကာ အခြေအနေကို ဆက်လက်၍ စောင့်စားကြည့်ရှုနေလေ၏။ အတန်ကြာမှ ဘာသံမျှ မကြားရဘဲ အတိတ်ကြီး တိတ်ဆိတ်၍ နေလေသည်။ ထို့နောက် တဒိုင်းဒိုင်း မြည်ဟည်းသွားသော သေနတ်ပစ်သံများ ထွက်ပေါ်လာပြီးလျှင် အော်ဟစ်သံများကိုလည်း ဟပ် ကြားလိုက်ရလေ၏။

ထိုအခါ ဟပ်သည် ဘာကိုမျှ ဆက်လက်စောင့်စား၍ မနေတော့ချေ။ ကုန်းဆင်းအတိုင်း ဖနောင့်နှင့် တင်ပါး တသားတည်း ကျနေအောင်သာ ပြေးလေ၏။

## အခန်း (၂၃)

ဟပ်၏ ကျေးဇူးကြောင့် မုဆိုးမကြီး မစ္စစ် ဒေါက်ဂလတ်သည် အသက်ဘေးမှ သီသီကလေး လွတ်သွားခဲ့ရလေ၏။ ထိုအခါမှ စ၍ ဟပ်တစ်ယောက်လည်း ဝဲလရှမ်လူမျိုး အဘိုးကြီး၏ အိမ်သို့ အချိန်မရွေး ဝင်ထွက်စားသောက်နိုင်လေသည်။ မုဆိုးမကြီးသည် ဟပ်၏အကြောင်းကို မသိရှာသေးဘဲ အဘိုးကြီးနှင့် သူ၏ သားနှစ်ယောက်တို့ကို ကျေးဇူးတင်၍ မဆုံးနိုင်အောင် ရှိနေခဲ့လေတော့သည်။ အဘိုးကြီး ခမျာမှာလည်း ဟပ် အပေါ်တွင် ထားရှိခဲ့သော ကတိစကားကြောင့် ကယ်တင်ရှင်မှာ ဟပ်သာလျှင် ဖြစ်ကြောင်း မုဆိုးမကြီးအား ထုတ်ဖော်၍ မပြောသာအောင် ရှိနေခဲ့လေတော့သည်။ သို့သော် မုဆိုးမကြီးအား အဘိုးကြီးက 'တကယ့် ကျေးဇူးရှင်အစစ်ကို တစ်နေ့တော့ သိရပါလိမ့်မယ်။ အခုတော့ ကျွန်တော်တို့ ပြောပြထုတ်ဖော်ခွင့် မရှိသေးလို့ပါ' ဟု ပြောပြထားပေသည်။

သို့ရာတွင် ဂျိုးနှင့် သူ၏ အဖော်တို့ကား ထိုညက ထွက်ပြေးလွတ်မြောက်၍ သွားခဲ့ပြန်လေသည်။ အဘိုးကြီးနှင့် သားနှစ်ယောက်တို့သည် အနီးကပ်သွားကာ လူဆိုးကြီး နှစ်ယောက်အား လက်ရဖမ်းမည်ဟု ကြိုးစားခိုက်တွင် အဘိုးကြီးသည် မအောင့်နိုင်၊ မထိန်းနိုင်လောက်အောင် ချေဆတ်ချင်လှသောကြောင့် "ဟပ်ချိုး" ဟု ချေဆတ်

လိုက်မိရာ ဤတွင်ပင် ဂျိုးတို့လည်း လစ်ပြေးကြလေ၏။ အဘိုးကြီးနှင့် သူ၏ သားနှစ်ယောက်တို့သည် ထိုသို့ ဖြစ်သွားလျှင် သွားချင်း ဂျိုးတို့အား လက်ထဲမှ သေနတ်များဖြင့် တဒိုင်းဒိုင်း ထိုးပစ်လိုက်ကြလေသည်။ ဂျိုးတို့ကလည်း သေနတ်ဖြင့် တစ်ချက် ပြန်လှန် ပစ်ခတ်ကြသေး၏။ ထို့နောက် ကုန်းမြင့်အတိုင်း ဆင်းပြေးကာ တောအုပ်တစ်ခု အတွင်းသို့ ဝင်ရောက် ပျောက်ကွယ်သွားခဲ့ကြလေ၏။ သူတို့အား အဘိုးကြီးတို့ ပစ်ခတ်လိုက်သော သေနတ်ကျည်ဆန်သည် ထိမှန်ဟန် မတူချေ။ တောအုပ်ထဲတွင် ဂျိုးတို့၏ ခြေရာ ပျောက်သွားသောအခါ အဘိုးကြီးနှင့် သူ၏ သားနှစ်ယောက်လည်း ရွာဘက်သို့ လှည့်ပြန်လာကြကာ ရဲသားများကို နှိုးဆော်တိုင်ကြားပြီးလျှင် လူဆိုးများ မြစ်ကိုဖြတ်၍ မပြေးနိုင်ရလေအောင် ရဲသားများနှင့် အတူ မြစ်ဆိပ် ကမ်းနားတစ်လျှောက်သို့ သွား၍ စောင့်ရှောက် ချောင်းမြောင်းကာ နေကြလေ၏။ ထို့နောက် မနက်မိုးလင်းလျှင် လင်းချင်းလည်း သူကြီးသည် ရဲသားများနှင့်အတူ ဂျိုးတို့အား တောနင်း၍ ရှာဖွေခဲ့လေသည်။ ထိုအထဲတွင် အဘိုးကြီး၏ သားနှစ်ယောက်လည်း ပါသွား၏။ သို့သော် ဂျိုးတို့၏ အရိပ်အယောင်မျှပင် မတွေ့မြင်ခဲ့ကြရတော့ချေ။

ထိုအချိန်တွင် ဟပ်သည် လူဆိုးများ မည်သူမည်ဝါ ဖြစ်ကြောင်းကို အဘိုးကြီးနှင့် သူ၏သားများအား မပြောလျှင် မဖြစ်တော့သဖြင့် ပြောပြလိုက်ခဲ့ရပြီး ဖြစ်လေ၏။

မုဆိုးမကြီး မစ္စစ်ဒေါက်ဂလတ် အသတ်ခံရမည့် ဘေးမှ သီသီကလေး လွတ်မြောက်သွားရသည့် သတင်းလည်း နောက်တစ်နေ့တွင် တစ်ရွာလုံးသို့ တစ်မုဟုတ်ချင်း ပျံ့နှံ့၍ သွားတော့လေ၏။

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ပြီးနောက်တစ်နေ့ကား တနင်္ဂနွေနေ့ ဖြစ်သည့်အလျောက် ဘုရားရှိခိုးကျောင်းသို့ နံနက်စောစော အချိန်ကပင်

ရွာသူရွာသားများ စုဝေးရောက်ရှိ၍ နေကြလေ၏။ လူအားလုံး သည် ညက အဖြစ်အပျက်များကိုပင် တစ်ယောက်တစ်ပေါက် မေးမြန်း ပြောဆို၍ နေကြလေသည်။ လူဆိုးများကိုလည်း ခုအချိန်ထိ ရှာဖွေ၍ မတွေ့ကြသေးဟု ဆိုလေသည်။

ဆုတောင်းရွတ်ဆိုခြင်း ပြီးဆုံးသောအခါ ဂျက်သက်ချား၏ ဇနီး သည် မစ္စစ်ဟားပါး၏ အနီးသို့ တိုးကပ်ပြီးလျှင်–

'ဒါထက် ကျွန်မသမီးကလေး ဗက်ကီတစ်ယောက် မမြင်ပါလား ရှင်။ ကလေးမကလေးကို မစ္စစ်ဟားပါးတို့အိမ်မှာ အိပ်ဖို့ မှာလိုက်တာ ခုထက်ထိ အိပ်ရာက မနိုးသေးဘူး ထင်ပါရဲ့။ မနေ့က ပျော်ပွဲစားမှာ အတော်ကလေး မောပန်းလာရှာတယ် ထင်ပါရဲ့' ဟု ပြောလိုက် လေသည်။

ထိုအခါ မစ္စစ်သက်ချားက 'ရှင်... ရှင့် သမီးကလေး ဗက်ကီ၊ ဟုတ်လား... မစ္စစ်ဟားပါး' ဟု အံ့အားသင့်ဟန်ဖြင့် ပြန်၍ မေးမြန်း လိုက်၏။

'ဟုတ်ပါတယ် ရှင်၊ ကျွန်မ သမီးကလေး ဗက်ကီကို မေးနေပါ တယ်။ ကလေးမကလေး ညက ရှင်တို့အိမ်မှာ အိပ်တယ် မဟုတ် ပါလား'

'အို... မအိပ်ရပါဘူး ရှင်'

ထိုသို့ ကြားလိုက်ရသောအခါ မစ္စစ်သက်ချားလည်း တစ်မျက်နှာ လုံး သွေးဆုတ်သွားသလား အောက်မေ့လိုက်ရလေ၏။ ထိုင်ခုံတစ်ခု ပေါ်သို့လည်း ဖင်ထိုင်၍ ကျသွားရှာလေ၏။ ထိုအခိုက်မှာပင် ဒေါ်ဒေါ် ပေါ်လီ တစ်ယောက်လည်း မစ္စက်သက်ချား၏ အနီးသို့ ရောက်လာ ကာ–

'ကောင်းသော နံနက်ပါ မစွစ်သက်ချား၊ ကောင်းသော နံနက်ပါ မစွစ်ဟားပါး' ဟု နှုတ်ဆက်လိုက်ပြီးလျှင် 'ကျွန်မတော့ ဒုက္ခပါပဲရှင်၊ လူမိုက်ကလေး၊ တွေမ်ကြောင့် ဒုက္ခပါပဲ၊ ကြည့်လေ... မနေ့က ပျော်ပွဲစား သွားချင်လှပါတယ် ဆိုလို့ လွှတ်လိုက်တာ ကနေ့မနက်အထိ ပေါ်မလာသေးဘူး။ ဘုရားရှိခိုးကျောင်း တက်ရမှန်းလည်း မသိတော့ဘူး။ သင်းကလေး ရှင်တို့ နှစ်ယောက်ရဲ့ အိမ် တစ်အိမ်အိမ်မှာ ညအိပ်တယ် ထင်ပါရဲ့ရှင်၊ ဟုတ်ပါသလား။ ခု မနက်တော့ ဘုရားရှိခိုးကျောင်း တက်ရမှာ ကြောက်နေရှာ ထင်ပါရဲ့။ သင်းကလေးတော့ ကောင်းကောင်းကြီး ဆုံးမပေးလိုက်ရဦးမယ်ရှင်' ဟု ပြောဆိုလိုက်လေ၏။

မစွစ်သက်ချားသည် ဦးခေါင်းကို ညင်သာစွာ ယမ်းခါပြလိုက်ပြီးလျှင် မျက်နှာလည်း စောစောကထက် ဖြူဖပ်ဖြူရော် ဖြစ်၍ သွားလေ၏။

မစွစ်ဟားပါးကလည်း 'သူ ညက ကျွန်မတို့ဆီမှာ မအိပ်ပါဘူးရှင်' ဟု လေးကန်စွာ ပြန်လည် ပြောဆိုလိုက်ပြီးလျှင် စိတ်ပူပန်စပြုလေ၏။

ထိုအခါမှ ဒေါ်ဒေါ်ပေါ်လီလည်း ကြောင့်ကြစိတ် ပိုကာ မျက်နှာကြီး ညိုသွားရှာလေတော့သည်။

'ဟော့... ဂျိုးဟားပါး၊ မင်း ဒီကနေ့မနက် ဒေါ်ဒေါ့်တူ တွမ်ကို များ မတွေ့မိဘူးလားကွယ်'

'မတွေ့မိဘူး ခင်ဗျ'

'မင်း သူ့ကို ဘယ်အချိန်လောက်တုန်းက နောက်ဆုံး တွေ့လိုက်သလဲ ဟင်'

ဂျိုးဟားပါးသည် တွေ၍ စဉ်းစားကြည့်လိုက်၏။ သို့သော် သူ့ခမျာ တွမ့်အား နောက်ဆုံး ဘယ်အချိန်က တွေ့မိသည်ကို အတိ

အကျ ပြောမပြနိုင်ရှာခဲ့ချေ။ ဘုရားရှိခိုးကျောင်းထဲမှ ထွက်ခွာသွားလျက် ရှိနေကြသော လူများလည်း ထိုလူပျောက်သတင်းကြောင့် တုံ့ဆိုင်း၍ သွားကြလေ၏။ တစ်ယောက်စကား တစ်ယောက်ကြား ဆိုသလိုပင် မကြာမီပင် ထိုသတင်းသည် လူတိုင်း၏ နားသို့ တောမီးပမာ ပျံ့နှံ့ ရောက်ရှိသွားပြီးလျှင် ကလေးများ အားလုံးသည် လူကြီးများ၏ အမေး အမြန်းတို့ကို ခံယူ ဖြေကြားကြရတော့လေ၏။ ထိုနည်းတူ ဆရာ ဆရာမကလေးများသည်လည်း အမေးအမြန်း ခံကြရလေသည်။ သို့ သော် တွမ်နှင့် ဗက်ကီတို့၏ သတင်းကို မည်သူမျှ အတိအကျ ပြော မပြနိုင်ခဲ့ကြချေ။ ပျော်ပွဲစားမှ အပြန်ခရီးတွင် သင်္ဘောပေါ်၌ တွမ်နှင့် ဗက်ကီတို့ကို မည်သူမျှ သတိမထားမိကြဟု အားလုံးက ပြန်လည် ဖြေကြားကြလေသည်။ နောက်ဆုံးတွင် လူငယ်ကလေးတစ်ယောက်က တွမ်နှင့် ဗက်ကီတို့သည် မက်ဒူးဂဲ ဂူထဲတွင်ပင် ကျန်ရှိနေကြသေး ကြောင်းကို အရဲစွန့်၍ အစီရင်ခံလိုက်သောအခါ မစ္စစ်သက်ချားသည် မေ့မြော၍ သွားရှာတော့လေ၏။ ဒေါ်ဒေါ်ပေါ်လီမှာကား ရင်ဘတ် စည်တီးဖြင့် ချုံးပွဲချ၍ ငိုကြွေးရှာလေ၏။

ထိုသတင်းသည် ငါးမိနစ်အတွင်း၌ပင် တောမီးပမာ တစ်ရွာလုံးသို့ ပျံ့နှံ့၍ သွားတော့လေ၏။ ငါးမိနစ်အတွင်း၌ပင် တစ်ရွာလုံးသည် ခေါင်းလောင်းထိုးသံများ၊ လူများ ပြေးလွှားသံများဖြင့် ဆူညံ၍ နေတော့ ၏။ လူတိုင်း လူတိုင်းသည် မနေ့ညက ဖြစ်ပွားခဲ့သော မုဆိုးမကြီး ဒေါက်ဂလတ်၏ အိမ်အနီးမှ လူသတ်ရန် ကြံစည်မှုကြီးကိုပင် ချက်ချင်း မေ့ပျောက်၍ သွားခဲ့ကြပြီးလျှင် တွမ်နှင့် ဗက်ကီတို့၏ အကြောင်းကိုသာ တဖွဖွ ပြောဆိုမြည်တမ်းလျက် ရှိကြကုန်လေ၏။ ထို့နောက် နာရီဝက် ခန့် အကြာတွင်ကား ရွာသူရွာသားပေါင်း နှစ်ရာခန့်တို့သည် မြင်းများ ဖြင့် လည်းကောင်း၊ ရသမျှသော လှေသမ္ဗန်များဖြင့် လည်းကောင်း။

ကူးတို့ သင်္ဘောကလေးဖြင့် လည်းကောင်း ကုန်းလမ်းမှ တစ်သွယ်၊ ရေလမ်းမှ တစ်ဖုံ မက်ဒူးဂဲ ဂူဆီသို့ အပြေးအလွှား သွားရောက်ကြလေ၏။

ထိုနေ့ တစ်နေ့ခင်းလုံး ရွာထဲတွင် ကျီးနှင့်ဖုတ်ဖုတ် ခြောက်သွေ့တိတ်ဆိတ်လျက် ရှိလေတော့သည်။ မိန်းမသား များစွာတို့သည် မစ္စစ်သက်ချားနှင့် ဒေါ်ဒေါ်ပေါ်လီတို့ထံသို့ သွားရောက်ကြကာ နှစ်သိမ့်အားပေးစကားများ ပြောကြားကြလေသည်။ သူတို့သည် အပူသည်နှစ်ဦးနှင့် အတူ ရောယောင်ကာလည်း ငိုကြွေးမြည်တမ်းကြလေသည်။ ရွာတွင် ကျန်ခဲ့ကြသူ အပေါင်းလည်း ထိုနေ့ည တစ်ညလုံး တွမ်နှင့် ဗက်ကီတို့၏ သတင်းကိုသာ နားတစွင့်စွင့်ဖြင့် မျှော်လင့်လျက် ရှိကြကုန်လေ၏။ ဤသို့ဖြင့် အရုဏ်ကျင်း၍ အလင်းရောက်ခဲ့သောအခါ "ဖယောင်းတိုင်နှင့် အစားအစာများ ထပ်မံပို့ပေးပါ"ဟူသော သတင်းကိုသာလျှင် ကြားကြရလေ၏။ မစ္စစ်သက်ချားနှင့် ဒေါ်ဒေါ်ပေါ်လီတို့သည် ကယောင်ကတမ်းပင် ဖြစ်နေရှာကြကုန်လေ၏။

ထိုအချိန်တွင် ဟပ် တစ်ယောက်ကား အဘိုးကြီး ဝဲလရှမ်၏ အိမ်တွင် ထိုနေ့ညက အအေးမိသော ဒဏ်ဖြင့် ဖျားနာ၍ နေရှာလေ၏။ သူသည် တွမ်နှင့် ဗက်ကီတို့ ပျောက်ဆုံးနေသော သတင်းကို လုံးဝမကြား မသိရှာသေးချေ။ အပူကြီးကာ အဖျား တဟင်းဟင်း တက်လျက်ရှိခြင်းကြောင့် သူ့ခမျာ လူမှန်းသူမှန်းပင် မသိရှာချေ။ သူ့အားမုဆိုးမကြီး မစ္စစ်ဒေါက်ဂလတ်က လာရောက်ပြုစု စောင့်ရှောက်၍ နေလေသည်။ သို့သော် မုဆိုးမကြီးသည် ဟပ်အား သူ၏ ကျေးဇူးရှင် ဖြစ်မှန်း မသိရှာသေးပေ။ အဘိုးကြီး ဝဲလရှမ်က ဟပ်သည် လူတော်လူကောင်းလေးတစ်ယောက် ဖြစ်ကြောင်းကိုသာ မုဆိုးမကြီးအား ပြောကြားထားလေသည်။

ဤသို့ဖြင့် သုံးနေ့နှင့်သုံးည လွန်မြောက်ကုန်ဆုံး၍ သွားခဲ့လေ၏။ သို့သော် တွမ်နှင့် ဗက်ကီတို့ကိုကား ဂူထဲတွင် အရိပ်အယောင်မျှ ရှာဖွေ၍ မတွေ့ကြရသေးပေ။ အရှာအဖွေ သွားကြသူများအနက် အကြံ နိုင်ဆုံးသော သူများလောက်သာလျှင် ဆက်လက်၍ မနေမနား ရှာဖွေ လျက် ရှိကြတော့၏။ အပင်အပန်း အကြမ်းအတမ်း မခံနိုင်သော သူ များကား စောစောစီးစီးပင် သာခွေယိုင်ဖြစ်ကာ ပြန်လာခဲ့ကြကုန်လေ သည်။ ထိုသို့ ပြန်လာခဲ့ကြသူများ၏ ပြောပြချက်အရ အရှာအဖွေ သွားကြသော သူများသည် ဂူထဲတွင် ရှေးက မရောက်မပေါက်ဖူးသေး သော ချောင်ကြို ချောင်ကြားများပါ မကျန် နှံ့နှံ့စပ်စပ် ဝင်ရောက် ရှာဖွေခဲ့ကြသည်ဟု ဆိုလေသည်။ တစ်နေရာတွင် ဂူနံရံထက်၌ ဖယောင်း တိုင်မှ မီးခိုးမှိုင်းဖြင့် ကမ္ပည်းရေးထိုးထားသော "ဗက်ကီနှင့်တွမ်" ဟူသော စကားလုံးများကို တွေ့မြင် ဖတ်ရှုကြရသည်ဟုလည်း ဆိုကြ လေသည်။ ၎င်းနေရာနှင့် အနီးအနား လက်တစ်ကမ်း အကွာလောက် တွင်လည်း ညစ်ထေးပေကျံ လျက်ရှိသော ဖဲကြိုးစကလေး တစ်စကို တွေ့မြင်ကောက်ယူရသည်ဟု ပြောကြလေသည်။ မစ္စစ်သက်ချားသည် ထိုဖဲကြိုးစကလေးကို ဗက်ကီ၏ ဖဲကြိုးစကလေးဖြစ်မှန်း ကောင်းစွာ မှတ်မိသောကြောင့် ယုယစွာ ကိုင်တွယ်ကြည့်ရှုပြီးလျှင် ချုံးပွဲချ၍ ငိုကြွေးရှာလေ၏။

သို့သော် သုံးနေ့နှင့် သုံးညပင် လွန်မြောက်၍ သွားခဲ့ပြီ ဖြစ်သော် လည်း အရှာအဖွေ သွားကြသူများကား ဖွဲနပဲ မလျှော့သေးဘဲ ဆက် လက်၍ ရှာဖွေလျက်ပင် ရှိကြလေ၏။ ထိုအချိန်ထိ တွမ်နှင့် ဗက်ကီ တို့ကိုကား အရိပ်အယောင်မျှ မတွေ့မမြင်ကြရသေးပေ။

## အခန်း (၂၄)

ဂူတစ်ခုလုံး မည်းမှောင်၍ နေလေသည်။ လမ်းကြောင်း လမ်းမြွာကလေး များမှာလည်း ပြည့်နှက် ရှုပ်ထွေး၍ နေလေသည်။ ထိုအထဲတွင် လင်းနို့ များက တရှန်းရှန်း ပျံလွှား၍ သွားကြသေး၏။

တွမ်သည် လက်တစ်ဖက်က ဗက်ကီကို ကိုင်ဆွဲလျက် အခြား လက်တစ်ဖက်ကမူ ဖယောင်းတိုင် တစ်တိုင်ကို ကိုင်ထားကာ မြောက်မြား လှစွာသော လမ်းကြောင်း လမ်းမြွာကလေးများအနက် မည်သည့်လမ်းကို ရွေးချယ်၍ လိုက်သွားရမှန်း မသိအောင် ဖြစ်နေတော့လေသည်။ ဂူကြီး တစ်ခုလုံးသည် ကြောက်မက်ဖွယ် ကောင်းလောက်အောင် အတိတ်ဆိတ် ကြီး တိတ်ဆိတ်၍လည်း နေလေ၏။

'ဗက်ကီရေ... လမ်းမှန်ကိုတော့ ရှာမတွေ့တော့ဘူးကွယ်'

'ဟင်... တွမ်ရယ်၊ နင် ဂူထဲကို အဝင်တုန်းက ဘာအမှတ် အသားမှ မလုပ်လာခဲ့ဘူးလား ဟယ်။ ကြိုးဖတ်ကလေး ဘာကလေး ပစ်ချထားခဲ့ရောပေါ့'

'ဟ... တို့များမှ ကြိုးမစုပ်ရဘဲဟာ၊ ဘယ့်နှယ်လုပ် ကြိုးဖတ်ပစ်ချ ထားခဲ့လို့ ရမလဲဟယ်'

'အေးဟယ်၊ ခက်တာပါပဲ။ နင်ကလည်း ဒီပြင် ဘာအမှတ်အသားမှ မလုပ်ခဲ့ဘဲကိုး'

'အေးဟာ… ငါမိုက်တာ ငါမိုက်တာ။ ငါက အခုလို ဖြစ်လိမ့်မယ် မထင်လို့ပဟာ။ အခုတော့ လမ်းမှန်ကို ငါ ရှာမတွေ့တော့ဘူး။ အကုန်လုံး ရှုပ်ထွေးကုန်ပြီ'

'တွမ်… တွမ်… တစ်ခါဖြင့် တို့များ ခက်ကြပေါ့ဟယ်။ တို့များ ကြောက်စရာကောင်းတဲ့ ဒီဂူကြီးထဲက ထွက်လို့ မရကြတော့ဘူးပေါ့ ဟင်'

ထိုသို့ ပြောပြီးလျှင် ဗက်ကီလည်း မြေကြီးပေါ်တွင် ထိုင်၍ ပြင်းထန်စွာ ရှိုက်ငင်ငိုကြွေးလေ၏။ တွမ်သည် ဗက်ကီ၏ ငိုကြွေးရှိုက်ငင်ပုံကို မြင်ရသောအခါ သူကလေးခမျာ နစ်မျော အသက်ထွက်သွားမည်ကိုပင် စိုးရိမ်မိတော့လေသည်။ ထို့ကြောင့် သူပါ ထိုင်၍ ဗက်ကီအား ပွေ့ထားလိုက်၏။ ထိုအခါ ဗက်ကီသည် တွမ်၏ ရင်ခွင်ထဲတွင် မျက်နှာကို မြှုပ်နှံအပ်ထားလိုက်ပြီး တွမ့်အား တင်းကျပ်စွာ ဖက်ထားလိုက်လျက် သူ၏ ကြောက်စိတ်၊ ဝမ်းနည်းစိတ်၊ ပူဆွေးစိတ်များ အားလုံးကို ထုတ်အန်ရေရွတ်၍ နေလေ၏။

ဤသို့ဖြင့် သူတို့သည် ဂူတွင်း၌ ရက်ပေါင်း မည်မျှကြာသွားပြီကိုပင် မသိနိုင်ခဲ့ကြတော့ချေ။ ယခုအခါ ဗက်ကီသည် လမ်းပင် မလျှောက်နိုင်ရှာတော့။ အစာလည်း မစားရ၊ ရေလည်း မသောက်ရသဖြင့် အားပြတ်ကာ မြေပေါ်တွင် လဲ၍ နေရှာလေသည်။ တွမ်၏ လက်ထဲတွင် ကျန်ရှိသေးသော နောက်ဆုံး ဖယောင်းတိုင်ကလေး တစ်တိုင်မှာလည်း မကြာမီကလေးကပင် အစွမ်းကုန် တောက်လောင်ကာ ငြိမ်းသေကုန်ခန်း၍ သွားခဲ့ပြီ ဖြစ်သည်။ ထို့ကြောင့် နှစ်ယောက်စလုံး အမှောင်နှင့်မည်းမည်း ဂူကြီးထဲတွင် ထိုင်၍ မှိုင်နေကြလေ၏။

နောက်ဆုံးတွင် တွမ်၏ ခေါင်းထဲသို့ အကြံတစ်မျိုး ဝင်လာလေသည်။ တွမ်သည် အိတ်ထဲတွင် စွန်ကြိုးကလေးတစ်ခွေ ပါလာ၏။ ဤအတိုင်း ထိုင်၍ စိတ်ညစ်နေရခြင်းထက် ထိုစွန်ကြိုးကလေးတွင် ခဲတစ်လုံးကို ချည်ကာ အဝေးသို့ ပစ်၍ လမ်းကို ရှာဖွေစမ်းသပ်ရလျှင် စိတ်သက်သာမှု အနည်းငယ် ရရှိလိမ့်မည်လောဟု တွမ်က တွေးတောမိသည်နှင့် အညီ တွမ်သည် မကြာမီပင် သူ၏ စွန်ကြိုးကလေးဖြင့် ကြိုးစားအားထုတ်တော့လေ၏။ ဗက်ကီမှာလည်း လဲခွေနေရာမှ အားယူ၍ ထကာ တွမ်၏နောက်မှ တကောက်ကောက် လိုက်ပါလျက် ရှိလေသည်။

တစ်နေရာတွင် တွမ်သည် ကြိုးစကလေးကို ကိုင်၍ ခြေအလှမ်း နှစ်ဆယ်မျှ သွားမိသောအခါ ခုန်လွှားကျော်ဖြတ်ရမည့် ချောက်တစ်ခုနှင့် ရင်ဆိုင်တိုး၍ နေတော့လေသည်။ သို့သော် တွမ်သည် တစ်ဖက်သို့ ခုန်လွှား၍ မကူးဘဲ ချောက်ထဲသို့ ဒူးထောက်၍ ဆင်းကာ စူးစမ်းခြင်း ပြုလေသည်။ မကြာမီပင် တွမ်သည် ချောက်ထဲသို့ ရောက်လာခဲ့၏။ ထိုနေရာမှ ညာဘက်သို့ချိုးကာ ဆက်လက်၍ စူးစမ်းမည်အပြုတွင် သူနှင့် ကိုက်နှစ်ဆယ် အကွာခန့်တွင် ရှိသော ကျောက်တုံးတစ်တုံး၏ နောက်ကွယ်မှ ဖယောင်းတိုင်မီးကို ကိုင်၍ လက်တစ်ဖက် ပေါ်ထွက်လာသည်ကို အံ့သြဝမ်းသာဖွယ် တွေ့မြင်ရလေ၏။

တွမ်သည် လွန်မင်းစွာ အားတက်၍ သွား၏။ လွန်မင်းစွာ ဝမ်းသာ၍လည်း သွား၏။ သူတို့နှစ်ယောက်အား လိုက်လံရှာဖွေနေကြသော လူများနှင့် တွေ့လေပြီဟု မှတ်ထင်ယူဆလိုက်ကာ အသံကုန် ဟစ်၍ အော်ခေါ်လိုက်လေတော့သည်။ ယင်းသို့ တွမ်က အော်ခေါ်လျှင် ခေါ်လိုက်ချင်းပင် စောစောက ဖယောင်းတိုင် ကိုင်ထားသော လက်တစ် ဖက်လည်း ကျောက်တုံးနောက်မှ လူတစ်ကိုယ်လုံး ထွက်ပေါ်၍ လာလေ

တော့၏။ သို့သော်...သို့သော်... ထိုလူ၏ မျက်နှာကို ဖယောင်းတိုင် မီးဖြင့် အထင်အရှား မြင်လိုက်ရသော ခဏ၌ တွမ်သည် ကြက်သေ သေကာ တစ်ကိုယ်လုံး မလှုပ်နိုင် ဖြစ်သွားတော့လေသည်။ အကြောင်းကား ထိုသူမှာ ဝရမ်းပြေးကြီး "ဂျိုး" ဖြစ်နေသောကြောင့် တည်း။

နောက်တစ်ခဏ၌ ဂျိုး၏အဖော် ဖြစ်သူသည် ခြေကုန်သုတ်၍ ပြေးသွားသည်ကို လည်းကောင်း၊ ဂျိုးကိုယ်တိုင် ကျောက်တုံးကြီးနောက် တွင် ပြန်လည် ပျောက်ကွယ်သွားသည်ကို လည်းကောင်း တွမ် တွေ့မြင် လိုက်ရလေ၏။ ဂျိုးသည် အမှောင်ထဲမှ တွမ့်အား မမြင်ရချေ။ ဂူလိုဏ် အတွင်းမှာ ဖြစ်၍ တွမ်၏ အသံကိုလည်း မှတ်မိဟန် မတူချေ။ ထို့ကြောင့်သာ တွမ်သည် သက်သာသွားခြင်း ဖြစ်၏။ သို့မဟုတ်က ဂျိုးသည် ဖော်ကောင်လုပ်ခဲ့ဖူးသော တွမ့်ထံသို့ လာရောက်ကာ ဤနေရာ တွင် အသေသတ်မည်မှာ မလွဲချေ။ တွမ်သည် တစ်ကိုယ်လုံး တဆတ် ဆတ် တုန်၍ နေတော့လေ၏။ ထိုအကြောင်းကို တွမ်သည် ဗက်ကီအား ပြန်လည် ပြောပြခြင်း မပြုချေ။ အဘယ်ကြောင့် အော်ခေါ်သည်ကို ဗက်ကီက မေးသောအခါ သူတို့အား လိုက်ရှာနေသော သူများ ကြားလို ကြားငြား အော်ခေါ်ခြင်း ဖြစ်သည်ဟု တွမ်က လိမ်လည်၍ ဖြေကြား လိုက်လေသည်။

ဤသို့ဖြင့် ရက်များ ကုန်လွန်၍ သွားပြန်၏။ တွမ်နှင့် ဗက်ကီ တို့အား တစ်စထက် တစ်စဖြင့် ဆာလောင်မွတ်သိပ်သော စိတ်နှင့် ကြောက်ရွံ့သော စိတ်များက လွှမ်းမိုးဖိစီး၍ လာလေ၏။ သူတို့သည် မည်မျှကြာအောင် အိပ်ပျော်၍ သွားသည်မသိ၊ အိပ်ရာမှ နိုးလာကြသော အခါ သူတို့နှစ်ယောက်စလုံးသည် ဆာလောင်မွတ်သိပ်ခြင်း ဒဏ်ကို မခံမရပ်နိုင်အောင် ဖြစ်နေကြလေ၏။ နှစ်ယောက်စလုံး နုံးခွေ၍လည်း

နေကြ၏။ တွမ်သည် စိတ်ဆောင်လျက် ရှိခြင်းကြောင့် ထထကြွကြွ ပြုလုပ်နိုင်သေး၏။ သူသည် စွန်ကြိုးဖြင့် တစ်ကြိမ်တစ်ခါလောက် စူးစမ်းကြည့်လိုက်ချင်သေး၏။ သို့သော် ဗက်ကီမှာကား ဤအကြိမ်တွင် အကြီးအကျယ် အားပြတ်ခဲ့ချေပြီ။ သူသည် နေရာမှ မထနိုင်ရှာတော့ချေ။ ထိုသို့ လဲခွေ၍ နေရင်းပင် သေမင်းကို စောင့်မျှော်တော့မည်ဟု တွမ်အား ပြောကြားလိုက်လေသည်။

တွမ်သည် ဗက်ကီအတွက် အကြီးအကျယ် စိတ်ပူဆွေး၍ နေလေ၏။ ထိုနေ့သည် ဗုဒ္ဓဟူးနေ့လော၊ ကြာသပတေးနေ့လော၊ သောကြာနေ့လော၊ စနေနေ့လော သူ အတပ် မပြောနိုင်တော့ပေ။ ယခုလောက်ရှိလျှင် သူတို့အား ရှာဖွေနေကြသော သူများလည်း လက်လျှော့သွားခဲ့ကြလေပြီဟု တွမ်က ယုံမှတ်၍ နေလေသည်။

ဤသို့ဖြင့် တွမ်သည် ဗက်ကီအား ယုယစွာ နမ်းရှုပ်ပြီးလျှင် စွန်ကြိုးခွေကို ကိုင်၍ ထွက်ပေါက် သို့မဟုတ် ရွာက ရှာဖွေသော သူများကို တွေ့လိုတွေ့ငြား စူးစမ်းရန် ဗက်ကီ၏ ထံပါးမှ ထွက်ခွာ၍ လာခဲ့လေ၏။ ဗက်ကီမှာကား တွမ် အပါးမှ ထွက်ခွာ၍မသွားမီ ပါးစပ်မှ တတွတ်တွတ် မှာကြားလိုက်သေး၏။ တွမ့်အား သူ မှာကြားလိုက်သည်များမှာ တွမ်သည် အဝေးကြီးသို့ မသွားရန်၊ သူ့အား ပစ်မထားရန်၊ သူ့ထံသို့ မကြာမကြာ ပြန်လာ၍ သူနှင့် စကားပြောရန်၊ နောက်ဆုံး သေချိန်ရောက်သောအခါ နှစ်ယောက်အတူ လက်ချင်းတွဲ၍ သေပွဲဝင်ရန် အစရှိသည်ကို ဖြစ်လေသည်။

## အခန်း (၂၅)

ထိုနေ့သည် အင်္ဂါနေ့ ဖြစ်သည်။ နေ့လယ်အချိန်ပင် ဖြစ်သော်လည်း စိန့်ပီတာဘောတ် ရွာကလေး တစ်ရွာလုံးသည် အထူးပင် ငြိမ်သက် တိတ်ဆိတ်လျက် ရှိနေလေသည်။ ပျောက်ဆုံးနေသော ကလေးနှစ်ယောက်ကို ယခုထက်တိုင် ရှာဖွေ၍ မတွေ့ကြသေးပေ။ ရွာသူရွာသားများ အားလုံးသည် ပူဆွေးလွမ်းတကာ သောကရောက်လျက် ရှိနေကြလေသည်။ ထိုအထဲတွင် ကာယကံရှင်များ ဖြစ်ကြသော မစ္စစ်သက်ချားနှင့် ဒေါ်ဒေါ်ပေါ်လီတို့ကား အပူဆွေးဆုံး၊ သောကအရောက်ဆုံး ပုဂ္ဂိုလ်များ ဖြစ်ကြလေသည်။ မစ္စစ်သက်ချားသည် ဗက်ကီ ပျောက်ဆုံးသွားသည့်အချိန်မှ စ၍ အဖျားကြီး ဖျားကာ အိပ်ရာထက်တွင် လဲခဲ့သည်မှာ ယနေ့ထက် တိုင်အောင်ပင် ဖြစ်သည်။ သူသည် အိပ်ရာထက်မှ မကြာခဏ ကယောင်ကတမ်း ထ ပြီးလျှင် ပြောချင်ရာ ပြော၊ ဆိုချင်ရာ ဆိုဖြင့် အရူးမီးဝိုင်း ဖြစ်ခဲ့ရှာလေသည်။ မကြာခဏ ဆိုသလိုလည်း ဗက်ကီ၏ ခေါ်သံကို ကြားသည်ဟု ဆိုကာ အိပ်ရာထက်မှ ထ ပြီးလျှင် နားစိုက်၍ ထောင်တတ်လေသည်။

ဒေါ်ဒေါ်ပေါ်လီ တစ်ယောက်လည်း တွမ် ပျောက်ဆုံးသွားသည့် နေ့မှ စ၍ တွေတွေငေးငေးကြီး ဖြစ်ကာ စကားမေး မရခဲ့သည်မှာ

ယနေ့ထက်တိုင်အောင်ပင် ဖြစ်လေသည်။ သူ၏ ဆံပင်များမှာ ယခု အခါ နေ့ချင်းညချင်း ဆိုသလို တစ်ခေါင်းလုံး ဖွေးနေခဲ့လေပြီ။

သို့သော် ထိုနေ့ည လူခြေအတိတ်တွင် တစ်ရွာလုံး ထိတ်လန့်သွားလောက်အောင် ခေါင်းလောင်းထိုးသံများ ပြင်းထန်စွာ ပေါ်ထွက်၍ လာလေ၏။ လူအချို့လည်း ရွာ၏ လမ်းမကြီးအတိုင်း ဆူညံစွာ အော်ဟစ်၍ လာကြလေသည်။

'အားလုံး ထ ကြဟေ့၊ အားလုံး အိမ်ထဲက ထွက်ကြဟေ့၊ ပျောက်ဆုံးနေတဲ့ ကလေးတွေကို တွေ့ပြီဟေ့... တွေ့ပြီဟေ့'

ထိုအော်သံများနှင့် အတူ သံပုံးတီးသံ၊ ခရာတံပိုးမှုတ်သံများလည်း နားကွဲမတတ် ဆူညံ၍ နေလေ၏။ မကြာမီပင် လူစုလူဝေးကြီးသည် မြစ်ဆိပ်ကမ်းနားဆီသို့ ရှေးရှု၍ သွားကြလေသည်။ သူတို့သည် မြစ်ဆိပ်ကမ်းနားသို့ ရောက်ကြသောအခါ လူအချို့သည် တွမ်နှင့် ဗက်ကီတို့အား အမိုးမပါသော ရထားတစ်စီးပေါ်တွင် တင်၍ ဆူညံစွာ ဆွဲယူလာကြသည်ကို တွေ့မြင်ကြရလေ၏။ ထိုအခါ လူစုလူဝေးကြီးသည် တွမ်နှင့် ဗက်ကီတို့၏ ရထားကို ဝိုင်းအုံကာ အိမ်အပြန် လမ်းတစ်လျှောက်လုံး ပျော်ရွှင်စွာ ဟစ်အော်ကြွေးကြော်ရင်း လိုက်ပါလာခဲ့ကြလေ၏။

နောက်တစ်ခဏ၌ တစ်ရွာလုံးသည် မီးတထိန်ထိန်လင်း၍ နေတော့၏။ ရွာသူ ရွာသားများသည် မိုးအလင်းထိ မည်သူမျှ ပြန်လည်၍ မအိပ်စက်ကြတော့ချေ။ ဂျက်သက်ချား၏ အိမ်ခြံဝင်းထဲ၌ တွမ်နှင့် ဗက်ကီတို့သည် လူအများ၏ နမ်းရှုပ်ခြင်းကို တရှုပ်ရှုပ် ခံနေကြရလေ၏။

ဒေါ်ဒေါ်ပေါ်လီသည် ပျော်၍ မဆုံးတော့ပြီ။ မစ္စစ်သက်ချားလည်း ထိုနည်းရင်းပင်။ သို့သော် သူ့ခမျာ ဒေါ်ဒေါ်ပေါ်လီလောက်ကား မပျော်နိုင်သေးချေ။ အကြောင်းမှာ ဂျက်သက်ချားသည် ဂူအတွင်းမှာပင်

တွမ်တို့အား ရှာဖွေနေဆဲ ဖြစ်၍ ဤဝမ်းမြောက်ဖွယ် သတင်းကို မသိရှာသေးပေ။

တွမ်သည် သူ့ထံပါးတွင် ဝိုင်းဝိုင်းလည်နေသော လူများအား အသံမြှင့်၍ စိတ်ပါလက်ပါဖြင့် ဂူအထဲမှ သူတို့ လွတ်မြောက်လာခဲ့ပုံကို စီကာပတ်ကုံး ပြောပြနေလေတော့သည်။ သူသည် ဂူတွင်းရှိ စမ်းရေအိုင်ကလေး၏ အနီးတွင် ဗက်ကီကို ထားပစ်ခဲ့ကာ စွန့်ကြိုးခွေကို ကိုင်ဆောင်၍ လမ်းပန်းစခန်းကို သွားရောက်စူးစမ်းလေသည်။ သူသည် ကြိုးတဆုံး သုံးပြန်ခန့် သွားမိသောအခါ ဗက်ကီထံသို့ လှည့်ပြန်ရန် စိတ်ကူးလိုက်သည် ဆို၏။ သို့သော်... ထိုအခိုက်မှာပင် သူသည် အဝေးဆီမှ အလင်းရောင် လက်လက်ကလေး တစ်ခုကို ကွက်ခနဲ မြင်လိုက်ရသဖြင့် ထိုနေရာသို့ အရောက် ကြိုးစား၍ သွားလိုက်သောအခါ အပေါက်ငယ်ကလေး တစ်ခုကို မြင်တွေ့လာရသည်ဟု ဆိုလေ၏။ သူသည် ထိုအပေါက်ငယ်ကလေးမှ ခေါင်းကို လျှို၍ ကိုယ်ကို ထွက်ကြည့်လိုက်သောအခါ တဝေ့ဝေ့ စီးဆင်းနေသော မစ္စစ်စပီ မြစ်ကြီးကို တွေ့မြင်ရသည်ဟု ဆိုလေ၏။ ထိုအချိန်က အကယ်၍သာ နေ့သာ ဖြစ်ပါမူ သူသည် အလင်းရောင်လက်လက်ကို ကွက်ခနဲ မြင်တွေ့ရမည် မဟုတ်ဟု ဆိုလေသည်။ ထိုသို့ဆိုသော် သူသည် ဘယ်နည်းနှင့်မှ ထွက်ပေါက်ငယ်ကလေးသို့ ရောက်ရှိခဲ့တော့မည် မဟုတ်ဟု ဆိုလေသည်။ ထို့နောက် တွမ်သည် ဂူတွင်းသို့ ပြန်ဝင်ကာ လာလမ်းအတိုင်း ဗက်ကီအား ပြန်လည်၍ သွားရောက်ခေါ်ငင်၏။ ထွက်ပေါက်ကို တွေ့ပြီဟု သူက ပြောပြလိုက်သောအခါ ဗက်ကီသည် အစပထမ၌ မယုံကြည်ရှာပေ။ သူ့အား ဤသို့ မကျီစယ်ပါနှင့်၊ မနှစ်သိမ့်ပါနှင့်၊ သူ့မှာ ပင်ပန်းနွမ်းနယ်လှပါပြီ။ သူ သေရပါတော့မည်၊ သေလည်း သေချင်လှပါပြီဟု တွမ်အား ပြန်ပြောသည်ဟု

ဆို၏။ သို့သော် သူက ကျီစယ်နေခြင်း မဟုတ်၊ ထွက်ပေါက်ကို အကယ်တွေ့ပြီ ဖြစ်ကြောင်း ပြောလိုက်သောအခါ ဗက်ကီသည် ရှိသမျှ ခွန်အားလေးကို ဖျစ်ညှစ်ထုတ်၍ ကုတ်ကုတ်ခဲခဲဖြင့် သူ့နောက်သို့ တရွေ့ရွေ့ လိုက်ပါလာခဲ့ရာ ထွက်ပေါက်ကလေးဆီမှ အလင်းရောင် လက်လက်ကို ကွက်ခနဲ မြင်လိုက်ရသောအခါတွင် တက်မတတ်၊ ချက်မတတ်ပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားရှာလေသည်ဟု ဆို၏။ ထို့နောက် သူတို့ နှစ်ယောက်စလုံးသည် ထိုအပေါက်ငယ်ကလေးမှ ခေါင်းလျှို၍ တစ်ကိုယ်လုံး ထွက်လိုက်ကြသည်ဟု ဆို၏။ ထိုအခိုက် မှာပင် မစ္စစ်စပီမြစ်ကြီးအတွင်း လှေကလေးတစ်စင်းဖြင့် လူအချို့ လှော်ခတ်လာကြသည်ကို တွေ့ကြရသည်ဟု ဆို၏။ တွမ်က ထိုလူများ ကို လှမ်းအော်၍ ခေါ်လိုက်ပြီးလျှင် သူတို့၏ အဖြစ်အပျက် အခြေအနေ အလုံးစုံကို ရှင်းလင်းပြောပြလိုက်သည်ဟု ဆို၏။ ထိုသူများက ပထမ သော် တွမ် ရှင်းလင်းပြောပြသည်များကို မယုံကြည်ကြဟု ဆို၏။ အကြောင်းမှာ ယခု သူတို့ ရောက်ရှိ နေသော နေရာမှာ ဂူဝင်ပေါက် နေရာမှ ငါးမိုင်တိတိ ဝေးကွာသော မြစ်အောက်ဘက်ရှိ နေရာတစ်နေရာ ဖြစ်သောကြောင့်ဟု ဆို၏။ ထို့နောက် ထိုသူများသည် သူတို့အား လှေကလေးဖြင့် တင်ဆောင် ခေါ်ယူသွားကြပြီးလျှင် အိမ်တစ်အိမ်သို့ ရောက်သောအခါ ညစာများဖြင့် ကျွေးမွေးပြုစုကြသည်ဟု ဆို၏။ ထိုအိမ်၌ နေဝင်ပြီးနောက် နှစ်နာရီ သုံးနာရီကြာမျှ နားနားနေနေ နေကြပြီးသောအခါမှ သူတို့အား ယခုလို အိမ်သို့ရောက်အောင် သယ် ယူပို့ဆောင်ခဲ့ကြခြင်း ဖြစ်သည်ဟု တွမ်က ရှည်လျားစွာ ပြန်လည် ပြောပြလေ၏။

ဂူတွင်း၌ သုံးနေ့နှင့်သုံးည အစာမစားခဲ့ရသည့် ဒဏ်ကို တွမ်နှင့် ဗက်ကီတို့သည် ယခုမှ လှလှကြီး ခံစားကြရတော့လေသည်။ တွမ်သည်

အိပ်ရာထဲတွင် ဗုဒ္ဓဟူးနေ့နှင့် ကြာသပတေးနေ့ နှစ်ရက်စလုံး လဲခဲ့တော့၏။ သောကြာနေ့၌ သူသည် မြို့ထဲ ရွာထဲသို့ပင် ပြန်လည် ထွက်လည်စ ပြု၏။ စနေနေ့၌ကား တစ်နေ့လုံးလိုလို အိမ်မှာပင် မကပ်တော့ချေ။ ဗက်ကီ ခများကား တနင်္ဂနွေနေ့ကျမှပင် အိပ်ရာထဲမှ ထနိုင်ခဲ့ရှာတော့လေသည်။

ထိုရက်များ အတွင်း၌ ဟပ် တစ်ယောက်ကား အကြီးအကျယ် နာမကျန်း ဖြစ်နေရှာလေ၏။ သူသည် သတိလစ်ကာ ကယောင်ကတမ်းများလည်း လျှောက်ပြောနေလေသည်။ တွမ်သည် သူ့အား သောကြာနေ့က သတင်းမေးရန် သွားရောက်ကြည့်ရှု၏။ သို့သော် ဟပ်နှင့် တွေ့ခွင့် မရခဲ့ချေ။ သူသည် စနေ၊ တနင်္ဂနွေ နှစ်ရက်စလုံး ဆက်သွားသေးသော်လည်း အချည်းနှီးပင်။ ဟပ်အား တွေ့ခွင့်မရခဲ့သေးချေ။ ထို့နောက် ရက်များတွင်ကား နေ့တိုင်း တွေ့ဆုံခွင့် ရခဲ့တော့လေသည်။ သို့သော် တွမ်သည် သူ၏ စိတ်လှုပ်ရှားဖွယ်ရာ စွန့်စားခန်းများကိုကား ဟပ်အား လောလောဆယ်ဆယ် ပြန်လည်ပြောပြခွင့် မရရှိသေးသောကြောင့် နှုတ်ပိတ်ရေငုံ၍ နေခဲ့ရရှာလေ၏။

တွမ်တို့ ဂူထဲမှ လွတ်မြောက်လာခဲ့ပြီးနောက် ရက်သတ္တနှစ်ပတ်ခန့် ကြာခဲ့သောနေ့ တစ်နေ့တွင် တွမ်သည် ဟပ်ထံသို့ သွားရင်း ဗက်ကီအား တွေ့မြင် နှုတ်ဆက်လိုသောကြောင့် ဂျပ်သက်ချား၏ အိမ်သို့ ဝင်ရောက်လည်ပတ်လေ၏။ အိမ်ပေါ်သို့ ရောက်သောအခါ တွမ်သည် ဂျပ်သက်ချားနှင့်တကွ အခြားသော မိတ်ဆွေများနှင့်အတူ ဝိုင်းဖွဲ့၍ စကားပြောဆိုနေလေသည်။ ယင်းသို့ စကားပြောဆိုနေကြရင်း တစ်ယောက်သော သူက တွမ့်အား သရော်ပြောင်လှောင်သည့် သဘောဖြင့် ဂူထဲသို့ ထပ်မံ မသွားလိုတော့ပြီလောဟု မေးလိုက်လေသည်။ တွမ်က ဂူထဲသို့ ထပ်မံ သွားရဦးမည် ဆိုသော် မည်သို့မျှ ဝန်မလေးကြောင်း

ပြန်လည် ဖြေကြားလိုက်၏။ ထိုအခါ ငြိမ်နေသော ဂျပ်သက်ချားက တွမ့်အား–

'အေး… အေး… မင်းလို စိတ်ဓာတ်ပြင်းထန်တဲ့ သူငယ်လေး အချို့ ရှိကြသေးတယ်ဆိုတာ တို့များ သိပါတယ် တွမ်ရာ။ အဲဒါကြောင့် လည်းပဲ တို့များ ခုလို သတိထား ဂရုစိုက်နေရတာပေါ့။ ခုဆိုရင် တို့များရဲ့ အစီအစဉ်ကြောင့် မက်ဒူးဂဲ ဂူကြီးထဲမှာ ဘယ်သူမှ မပျောက် ဆုံးနိုင်တော့ဘူးကွယ့်'

'ဘယ်လို အကြောင်းကြောင့်ပါလဲ ခင်ဗျာ'

'ဘယ်လိုကြောင့် ရမလဲကွယ်။ ဂူအဝင်ပေါက်က တံခါးကြီးကို လွန်ခဲ့တဲ့ နှစ်ပတ်လောက်ကတည်းက ဘွိုင်လာသံနဲ့ ဘောင်ခတ်ပြီးတော့ သော့သုံးထပ်နဲ့ ပိတ်ထားလိုက်ပြီလေ။ သော့တွေကိုလည်း ငါ့လက်ထဲ မှာ ထားတယ်ကွယ့်'

ထိုသို့ ကြားလိုက်ရသောအခါ တွမ်၏ မျက်နှာတွင် သွေးဆုတ် သွားလျက် ဖြူဖပ်ဖြူရော် ဖြစ်သွားတော့လေ၏။

'ဟော့… ဟော့… တွမ်၊ ဘာဖြစ်တာတုံး၊ ဟဲ့… လုပ်ပါဦး၊ ရေတစ်ခွက် မြန်မြန် ခပ်ယူလာကြစမ်းပါ ဟေ့'

မကြာမီ ရေတစ်ခွက် ရောက်လာ၏။ ထိုရေခွက်ဖြင့် တွမ်၏ မျက်နှာအား ပက်ဖျန်းလိုက်၏။

'အင်း… အခုမှပဲ ရင်ထဲက အလုံးကြီး ကျသွားရတော့တယ် ကွာ၊ မင်းနယ် ဘာဖြစ်သွားရတာတုံးကွ တွမ်ရဲ'

'ဂျက်သက်ချား ခင်ဗျာ၊ ဒီလိုပါ… ဒီလိုပါ၊ ဝရမ်းပြေးကြီး ဂျိုး တစ်ယောက် ဂူထဲမှာ ကျန်ရှိနေသေးလို့ပါ ခင်ဗျာ'

## အခန်း (၂၆)

ထိုသတင်းသည် မိနစ်အနည်းငယ် အတွင်း၌ပင် တစ်ရွာလုံးသို့ ပျံ့နှံ့သွားခဲ့လေ၏။ မကြာမီပင် လှေကလေးပေါင်း တစ်ဒါဇင်ခန့်နှင့် ကူးတို့သဘောကလေးတို့သည် လူများကို အပြည့် တင်ဆောင်သယ်ယူကာ မက်ဒူးဂဲ ဂူဆီသို့ ရှေးရှု၍ သွားကြလေ၏။ တွမ်ဆောယားသည် ဂျပ်သက်ချား၏ လှေကလေးနှင့်အတူ လိုက်ပါသွားလေသည်။

ဂူဝသို့ ရောက်၍ ဂူတံခါးကြီးကို ဖွင့်လိုက်သောအခါတွင်ကား ဂူအတွင်းဘက် အပေါက်ဝတွင် စင်းစင်းကြီး သေဆုံးနေသော ဝရမ်းပြေးကြီး ဂျိုးကို စိတ်မချမ်းမြေ့ဖွယ်ရာ တွေ့မြင်ကြရလေ၏။ သူ၏ မျက်လုံးများသည် လွတ်လပ် ကင်းရှင်းသော အပြင်လောကဆီသို့ စူးစိုက်မျှော်ကြည့်လျက် ရှိနေလေသည်။ တွမ်သည် ကိုယ်ချင်းစာနာမိပြီးလျှင် စိတ်အထိနိုက်ကြီး ထိနိုက်၍ သွားလေ၏။ အကြောင်းကား ဂျိုးသေဆုံးရခြင်းမှာ ငတ်မွတ်၍ သေဆုံးသွားရခြင်းကြောင့် ဖြစ်လေသည်။ ငတ်မွတ်သည့်ဒဏ်ကို တွမ်သည် လှလှကြီး ခံစားခဲ့ရဖူးပြီ မဟုတ်လော။ ဂျိုးသည် ဝါးလို့ရသည် မှန်သမျှ ဝါးစားထားသည်ကို တွမ်တို့ တွေ့မြင်ကြရလေသည်။ ဂျိုးသည် ဖယောင်းတိုင်များကို လည်းကောင်း၊ လင်းနို့အချို့ကိုလည်းကောင်း ရှာဖွေဖမ်းဆီး၍ စားသောက်ထားပုံ ရလေသည်။

လင်းနို့များကား ခြေသည်းလက်သည်းများလောက်သာ ကြွင်းကျန်လေသည်။ သူ၏ ဓားမြှောင်ကြီးမှာလည်း သူ့အနားၓပင် နှစ်ပိုင်းကျိုး၍ကျနေ၏။ သူသည် ကျောက်နို့ကြီးတစ်ခုကို ချိုးဖဲ့၍ ချိုင့်ခွက်ကလေးအနည်းငယ် ဖြစ်သွားသောအခါ အထက်ကျောက်နို့မှ သုံးမိနစ်လျှင်တစ်ပေါက် မှန်မှန်ကြီး စိမ့်ကျနေသော ရေစက်ကို သောက်ရေအဖြစ်ခံထားလျက် ရှိပေသည်။ ထိုအခြင်းအရာကား ကြေကွဲဖွယ်ပင် ဖြစ်တော့၏။ အကြောင်းမှာ နှစ်ဆယ့်လေးနာရီလုံးလုံး ကြာသောအခါမှ ဂျိုးသည် ဇွန်းကြီးတစ်ဇွန်းစာမျှ ရှိသော သောက်ရေကို ရမည် ဖြစ်သောကြောင့်တည်း။

ဂျိုး၏အလောင်းကို ဂူပေါက်ဝ အနီးအနားမှာပင် မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြလေ၏။ ရွာနီးချုပ်စပ်မှ လာရောက်ကြည့်ရှုကြသော ကလေးလူကြီးများမှာကား ဒုနဲ့ဒေး ဖြစ်လေတော့သည်။

နောက်တစ်နေ့ နံနက်တွင် တွမ်သည် ဟပ်ထံသို့ သွားရောက်တွေ့ဆုံကာ အရေးကြီးသော စကားတစ်ခွန်းကို ပြောဆိုတိုင်ပင်ရန်အတွက် ဟပ်အား လူသူကင်းရှင်းသော နေရာတစ်နေရာသို့ လက်တို့၍ခေါ်ဆောင်သွားလေ၏။

ထိုနေရာသို့ ရောက်ကြသောအခါ တွမ်က 'ဟပ်ရေ… တို့နှစ်ယောက် လိုက်ရှာနေတဲ့ ရွှေသေတ္တာကြီး ရှိတဲ့နေရာ အခု ငါသိရပြီကွ' ဟု ပြောလိုက်ရာ ဟပ်သည် မျက်လုံးများ ဝင်းဝင်းတောက်သွားပြီးလျှင် 'ဟေ… ဟုတ်လား၊ ဘယ်မှာလဲ၊ ဘယ်မှာလဲ' ဟု ပြန်၍မေးလိုက်လေ၏။

'ဟို ဂူကြီးထဲမှာပေါ့ကွ' ဟု တွမ်က ဆို၏။

'ပြန်ပြောစမ်းပါဦးကွာ' ဟု ဟပ်က ပြော၏။

'ရွှေသေတ္တာကြီးဟာ ဟိုဂူကြီးထဲမှာပေါ့ကွ'

'ဟော့…တွမ်၊ မင်း ဘုရားစူး မိုးကြိုးပစ်နော်။ မင်း တကယ် ပြောနေတာလား၊ ရယ်စရာ ပြောနေတာလားကွာ'

'တကယ် ပြောတာပါ ဟပ်ရာ၊ တကယ်ပါ၊ ဘုရားစူးရစေရဲ့ကွာ၊ မိုးကြိုးပစ်ရစေရဲ့ကွာ။ မင်း ဂူကြီးထဲကို ငါနဲ့ အတူလိုက်ပြီးတော့ ရွှေသေတ္တာကြီးကို သွားယူကြမယ် မဟုတ်လား'

'ဟာ… လိုက်မှာပေါ့ကွ၊ ဂူကြီးထဲမှာ လမ်းစပျောက်ပြီး တို့များ ပိတ်မနေဘူးသာ ဆိုရင် လိုက်မှာပေါ့ တွမ်ရာ'

'ဒီအတွက်တော့ အလွယ်ကလေးပါကွာ'

'အို… ဒီလိုဖြင့် စိန်လိုက်ပေါ့ ကိုယ့်လူ။ ဒါထက် မင်းဟာက သေချာလှချည်လားကွာ။ ဂူကြီးထဲမှာ ရွှေသေတ္တာရှိတယ် ဆိုတာ မင်း ဘယ့်နှယ်လုပ် သိသလဲ'

'အို…ဟပ်ရာ၊ ဘယ်လို သိသိပေါ့ကွာ။ ဂူကြီးထဲ ရောက်တဲ့အထိသာ မင်း စောင့်ကြည့်ပါ။ ဟိုရောက်တော့ မင်း သိလိမ့်မပေါ့ကွာ။ ဟိုရောက်လို့ ရွှေသေတ္တာကို ရှာမတွေ့ဘူးဆိုရင် မင်းကို ငါ့မှာရှိတဲ့ စည်တိုလေးနဲ့ ပစ္စည်းပစ္စယ အားလုံးကို ပေးပါ့မယ်ကွာ။ ကိုင်း… ကျေနပ်ပြီလား'

'အို… ကျေနပ်ပြီ၊ စိန်လိုက်ဟော့ တွမ်၊ ဘယ်တော့ သွားမလဲ ဆိုတာသာ ပြောကွာ'

'အင်း… သဘောတူရင် အခုပဲ သွားမယ်ကွာ၊ ဘယ့်နှယ်လဲ၊ မင်း သွားနိုင်ပါ့မလား၊ အားရှိရဲ့လား'

'ဂူကြီးထဲကို အဝေးကြီး ဝင်ရမှာလားကွ ဟင်။ ငါ လမ်းကောင်းကောင်း မလျှောက်နိုင်သေးဘူးကွ။ တစ်မိုင်လောက်ပဲ လမ်းလျှောက်နိုင်တယ်။ ဒီထက်ပိုပြီးတော့ လျှောက်နိုင်မယ် မထင်ဘူး'

'သွားရိုးသွားစဉ်အတိုင်း ဆိုရင်တော့ ဂူဝကနေ ငါးမိုင်လောက် ဝင်သွားရမှာပေါ့ကွာ။ ဒါပေမဲ့ ဖြတ်လမ်းကို သိတာတော့ ငါ တစ်ယောက်တည်းပဲ ရှိသဟေ့။ ဒီအတွက် ဘာမှ မပူပါနဲ့ကွာ။ တို့များ လှေကလေးနဲ့ သွားကြမယ်လေ၊ မင်း ဘာမှ လုပ်စရာ မလိုဘူး။ ငါပဲ လှော်ခတ်သွားပါ့မယ်။ မင်း အေးအေးသာ ထိုင်လိုက်လာခဲ့ပါကွာ၊ ဟုတ်လား'

'ကိုင်း... ဒါဖြင့် ခုပဲ သွားကြစို့ ဟေ့'

ထို့နောက် သူငယ်ချင်း နှစ်ယောက်သည် စားသောက်ဖွယ်ရာနှင့် လိုအပ်သော ပစ္စည်းများကို စုဆောင်းယူငင်ကာ လှေကလေးတစ်စင်းကို ငှားရမ်း၍ မြစ်ကြောင်းအတိုင်း စုန်ဆင်းခဲ့ကြလေ၏။

နောက်တစ်ကြောင်း၌ တွမ်တို့၏ လှေကလေးသည် ချုံနွယ်ပိတ်ပေါင်းများ ထူထပ်လျက်ရှိသော ကမ်းတစ်ခုကို ကပ်မိကြလေ၏။ ထိုနေရာကား တွမ်နှင့် ဗက်ကီတို့ ဂူကြီးအတွင်းမှ လွတ်မြောက်၍ လာခဲ့ကြသော ထွက်ပေါက်ကလေး ရှိသည့် နေရာပင် ဖြစ်သတည်း။

ဟပ်သည် ဂူပေါက်ကလေးကို လိုက်ရှာရာ မတွေ့ချေ။ ထို့ကြောင့် တွမ်က ရယ်မောလိုက်ပြီးလျှင် ချုံနွယ်များကို ရှင်းလင်းဖယ်ရှား၍ ဂူပေါက်ကလေးကို ပြသလိုက်လေ၏။ ထို့နောက် တွမ်က ရှေ့ဆောင်၍ ဂူပေါက်ကလေး အတွင်းသို့ ခေါင်းလျှိုပြီး တစ်ကိုယ်လုံး ဝင်သွားကြလေ၏။ တွမ်သည် လက်ထဲတွင် ပါလာသော ကြိုးကလေးဖြင့် ပစ်၍ပစ်၍ သွားရာ မကြာမီပင် သူနှင့်ဗက်ကီတို့ နားနေခဲ့ကြဖူးသော စမ်းရေအိုင်ကလေးသို့ ရောက်လာကြလေ၏။ ထိုနေရာသို့ ရောက်သော အခါ တွမ်သည် အဘယ်ကြောင့် မသိ။ ကျောထဲက စိမ့်၍ စိမ့်၍ သွားခဲ့လေသည်။ ထို့နောက် ဆက်လက်၍ သွားကြရာ တစ်ခါက

ဖယောင်းတိုင်တစ်တိုင်ကို ကိုင်၍ ဂျိုး၏ လက်တစ်ဖက်တည်း ထွက်ပေါ်လာရာ ကျောက်တုံးကြီးဆီသို့ ရောက်လာကြလေ၏။

ထိုနေရာသို့ ရောက်သောအခါ တွမ်သည် လက်ထဲမှ ဖယောင်းတိုင် မီးကို မြှင့်၍ ကိုင်လိုက်ပြီးလျှင်–

'ကိုင်း ဟော့... ဟပ်၊ ဟောဟို ဂူနံရံထောင့်စွန်းက ကျောက်တုံးကြီးကို ကြည့်လိုက်စမ်း။ မင်း ဘာတွေ့လဲ၊ ဖယောင်းတိုင်မီးခိုးနဲ့ ရေးထားတဲ့ ဟာကြီးလေ'

'ဟာ... လက်ဝါးကပ်တိုင်ပုံကြီး ပါလားဟေ့ တွမ်'

'ကိုင်း... ကိုင်း၊ နောက်ကြောင်း ပြန်တွေးလိုက်ကြဦးစို့။ ဂျိုးသူ့အဖော်ကို ပြောခဲ့တဲ့ နံပါတ် ၂ ဆိုတာ ဘယ်မှာတဲ့လဲ။ မင်း မှတ်မိသေးရဲ့လား။ လက်ဝါးကပ်တိုင် အောက်မှာဆို မဟုတ်လားကွ... ဟင်။ ငါ ဒီနေရာကို ဝရမ်းပြေးကြီးဂျိုး ဖယောင်းတိုင်မီးကို မြှင့်ကိုင်လိုက်တုန်းက တွေ့မြင် သတိထားမိခဲ့တာပေါ့ကွာ'

ဟပ်သည် မည်သို့မျှ ပြန်လည်ပြောဆိုခြင်း မပြုသေးဘဲ လက်ဝါးကပ်တိုင် ပုံကြီးကိုသာ တွေတွေကြီး ငေးစိုက်၍ ကြည့်နေလေသည်။ ထို့နောက်မှ တုန်ယင်သော အသံဖြင့် 'တွမ်ရေ... ဒီနေရာက အမြန်ဆုံး ထွက်သွားကြစို့လားကွာ' ဟု ပြောလိုက်လေ၏။

'ဟ ... ဘာဖြစ်လို့တုံး ဟပ်ရ၊ တို့များ ရွှေငွေတွေကို ဒီအတိုင်း ပစ်ထားခဲ့တော့မလား'

'အေး... ထားပစ်ခဲ့တော့မယ်။ ဘာကြောင့်ဆို ဝရမ်းပြေးကြီး ဂျိုးရဲ့ တစ္ဆေဟာ ဒီနေရာတစ်ဝိုက်မှာ မုချရှိမှာပဲကွ'

'ဟာ... မရှိပါဘူးကွာ၊ သူ သေတာက ဒီကနေ ငါးမိုင်လောက်ဝေးတဲ့ ဂူပေါက်ဝကြီးမှာပဲကွာ ဟပ်ရာ'

'မဟုတ်ဘူး တွမ်... မဟုတ်ဘူး။ ဂျိုးရဲ့ တစ္ဆေဟာ သူ့ရွှေငွေတွေ အနားမှာ လာစောင့်နေမှာကွ။ တစ္ဆေတွေအကြောင်း ငါ ကောင်းကောင်းကြီး သိပါတယ်ကွာ။ မင်းလည်းပဲ တစ္ဆေအကြောင်း ကောင်းကောင်း သိပါတယ် တွမ်ရာ'

တွမ်သည် ငေးငိုင်၍ သွားတော့လေ၏။ ဟပ် ပြောဆိုသမျှမှာ ဟုတ်နိုးနိုး ရှိသည်ဟုလည်း ထင်မှတ်စ ပြုလေ၏။ သို့သော် သူ့ခေါင်းထဲသို့ အကြံတစ်ခုသည် ရုတ်ခနဲ ဝင်ရောက်လာလေသည်။ ထို့ကြောင့်-

'ဟော့... ဟပ်၊ အခုမှ ငါ စဉ်းစားမိတယ်ကွာ။ ကြည့်စမ်း... တို့များ သက်သက်မဲ့ ကိုယ့်ကိုယ်ကို အရူးလုပ်နေကြတာ။ ဒီလက်ဝါးကပ်တိုင်ကြီး ရှိနေမှဉစ္စာ၊ ဂျိုးရဲ့တစ္ဆေဟာ ဒီအနားတစ်ဝိုက်ကို ကပ်နိုင်ဦးမှာလားကွ... ဟင်။ ဝေးလိုက်လေကွာ၊ ဘယ်ကပ်နိုင်ပါ့မလဲ။ ဟား... ဟား...' ဟု စိတ်အားထက်သန်စွာ ပြောဆိုလိုက်လေ၏။

ဤတွင်မှ ဟပ်လည်း ကျေနပ်သွားတော့၏။ ထို့နောက် ချက်ချင်းဆိုသလိုပင် ဟပ်သည် သူ့တွင် အသင့်ပါလာသော ဓားမြှောင်ကို ထုတ်၍ လက်ဝါးကပ်တိုင်၏ အောက်တည့်တည့်နေရာကို တူးယက်ဖော်ထုတ်လေ၏။ အစပထမ၌ သူတို့သည် ရွှေသေတ္တာကို တော်တော်နှင့် ရှာဖွေ၍ မတွေ့ရချေ။ ထို့နောက် တွမ်၏ စဉ်းစားဆုံးဖြတ်ချက်အရ ကျောက်တုံးကြီးအောက် နေရာတစ်ဝိုက်ရှိ ရွှံ့ပျော့များကို တူးဖော်ယက်ထုတ်ကြလေရာ အနက် လေးလက်မမျှ တူးမိကြသောအခါ အပေါက်တစ်ခုကို ပိတ်ဆို့ကာကွယ်ထားသော ပျဉ်ချပ်များကို ဓားဦးဖြင့် ထိမိကြလေ၏။

မကြာမီပင် တွမ်နှင့် ဟပ်တို့လည်း ဖယောင်းတိုင်မီးများကို ကိုင်ဆောင်ကာ ထိုအပေါက်ထဲသို့ ငုံ့၍ ဆင်းသက်ခဲ့ကြလေ၏။ အပေါက်ကြီး၏ အောက်တွင်ကား အခန်းသဖွယ် ကျယ်ဝန်းစွာ တည်ရှိနေပေ

သည်။ တွမ်သည် ရှေ့ဆုံးမှ ဘယ်ကွေ့ ညာချိုးဖြင့် ကွေ့ကောက်သော လမ်းအတိုင်း ကွေ့ကွေ့ကောက်ကောက် သွား၏။ ဟပ်က သူ့နောက်မှ လျင်မြန်စွာ လိုက်ပါသွား၏။ သို့ သွားရင်း နောက် တစ်ခဏတွင် တွမ်သည် ရွှေသေတ္တာကို တစ်နေရာ၌ ဘွားဘွားကြီး တွေ့မြင်မိတော့လေ၏။

သူငယ်ချင်း နှစ်ယောက်သည် ဝမ်းသာ၍ မဆုံးကြတော့ချေ။

သူငယ်ချင်းနှစ်ယောက်သည် သေတ္တာထဲမှ ရွှေငွေများကို သူတို့တွင် ပါလာသော အိတ်များထဲသို့ ပြောင်းထည့်ကာ လှေကလေးဆီသို့ ပြန်လာခဲ့ကြလေ၏။ သူတို့သည် လှေကလေးကို နေဝင်ဖျိုးဖျ အချိန်လောက်တွင် ကမ်းမှခွာ၍ လှော်ခတ်လာခဲ့ကြရာ လောကဓာတ်အလုံးစုံးစုံးမှောင်သွားသော အချိန်လောက်တွင် ရွာထိပ်သို့ ကပ်မိကြလေတော့သည်။

တွမ်နှင့် ဟပ်တို့သည် လှေပေါ်မှ ရွှေအိတ်များကို လက်တွန်းလှည်းကလေး တစ်ခုပေါ်သို့ ပြောင်းရွှေ့ တင်လိုက်ကြပြီးလျှင် အပေါ်မှ ကောက်ရိုးများ၊ မြက်ခြောက်များနှင့် ဖုံးအုပ်ထားလိုက်ကာ နှစ်ယောက်သား အတူ လှည်းကလေးကို တွန်း၍ လာကြလေ၏။

ဤသို့ဖြင့် ဝဲလရှမ် အဘိုးကြီး၏ အိမ်ရှေ့သို့ ရောက်လာကြသောအခါ အပန်းဖြေရန် ခေတ္တ နားနေကြလေသည်။ ထိုနေရာမှ ဆက်လက်၍ ထွက်ခွာသွားမည် အပြုတွင် ဝဲလရှမ် အဘိုးကြီးသည် အိမ်ထဲမှ ထွက်၍လာပြီးလျှင် 'ဟေ့…ဘယ်သူတွေများလဲ' ဟု မေးလိုက်လေ၏။

'ဟပ်နှင့် တွမ်ဆောယားတို့ ဖြစ်ပါတယ် ခင်ဗျာ'

'ဟာ…အဆင်သင့်ပဲ ဟေ့၊ မင်းတို့နှစ်ယောက် ငါနဲ့ တစ်ပါတည်း လိုက်ခဲ့ကြပေတော့၊ မင်းတို့ကို အားလုံးက စောင့်နေကြရတယ်ကွာ။ ကိုင်း… မြန်မြန်ဟေ့…မြန်မြန်၊ မင်းတို့လှည်းကလေးကို ငါ တွန်း

ပါ့မယ်ကွာ။ အံမယ်… ထင်သလောက် မပေါ့လှပါလား ဟေ့၊ ဘာတွေများ တင်လာကြသတုံး၊ အုတ်ခဲတွေလား ဒါမှမဟုတ် သံထည်ဟောင်းတွေလား'

'သံထည်ဟောင်းတွေပါ ခင်ဗျာ' ဟု တွမ်က လျှင်မြန်စွာ-ပြန်လည် ဖြေကြားလိုက်၏။

ထို့နောက် တွမ်နှင့် ဟပ်တို့သည် သူတို့၏ လှည်းကလေးနှင့်အတူ အဘိုးကြီး ခေါ်ရာနောက်သို့ တကောက်ကောက် လိုက်ပါသွားကြရာ၊ မကြာမီပင် မုဆိုးမကြီး မစ္စစ်ဒေါက်ဂလတ်၏ အိမ်သို့ ရောက်လာခဲ့ကြလေ၏။

မစ္စစ်ဒေါက်လတ်၏ အိမ်၌ လူစုံ ရောက်ရှိ၍ နေကြပေသည်။ ဂျပ်သက်ချားမိသားစု၊ ဟားပါးမိသားစု၊ ရောဂျားမိသားစု၊ ဒေါ်ဒေါ်ပေါ်လီ၊ ဆစ်၊ မေရီနှင့် ဘုန်းတော်ကြီးမှအစ သတင်းစာ အယ်ဒီတာများပါ ဝတ်ကောင်းစားလှများဖြင့် ရောက်ရှိ၍ နေကြလေသည်။ တွမ်နှင့်ဟပ်တို့ကား တစ်ကိုယ်လုံး ရွံ့များ၊ ကျပ်ခိုးမှိုင်းများဖြင့် ညစ်ပတ်ပေကျံလျက် ရှိနေကြလေသည်။ ထို့ကြောင့် သူတို့သည် မစ္စစ်ဒေါက်ဂလတ်အသင့် ချုပ်လုပ်ထားသော ဝတ်စုံသစ်နှစ်စုံကို တစ်ယောက် တစ်စုံစီဝတ်စား ပြင်ဆင်ကြရလေ၏။ အဝတ်သစ်များကြောင့် ဟပ်ခမျာကားမနေတတ် မထိုင်တတ်ကြီး ဖြစ်နေရှာလေ၏။

## အခန်း (၂၇)

'တွမ်ရေ…ကြိုးတစ်ချောင်း ရရင် ငါတော့ ဟောဒီ ပြတင်းပေါက်ကနေ လျှောဆင်းပြီး ထွက်ပြေးချင်ပြီကွာ' ဟု ဟပ်က ဆို၏။

'ဘာဖြစ်လို့လဲ ဟပ်ရာ' ဟု ပြန်မေး၏။

'ဟာ…ဒီအဖြစ်မျိုး ငါတော့ တစ်ခါမှ မကြုံဖူးလို့ ဒူးတုန်လှ သကွာ။ နည်းတဲ့ ပရိသတ်တွေ မဟုတ်ဘူး၊ ဒီပရိသတ်တွေကို ငါတော့ ရင်မဆိုင်ရဲဘူးကွာ'

'အို…ကွာ၊ မင်းနှယ်…ပူစရာမရှိ ရှာကြံပြီး ပူနေတော့တာကိုး ဟပ်ရာ၊ ပရိသတ် များတာ နည်းတာဟာ အဆန်းလားကွ၊ ငါတော့ နည်းနည်းမျှ မဖြုပေါင်ကွာ၊ မင်းကို ငါ ဂရုစိုက် ဖေးမ ပါ့မယ်၊ ဘာမှတွေးပြီး ကြောက်မနေစမ်းပါနဲ့'

ထိုအခိုက် သူတို့၏ အခန်းထဲသို့ ဆစ် ဝင်လာ၏။ ဆစ်သည် ရောက်လျှင် ရောက်ချင်း အမေးအစမ်း ထူလိုက်သောကြောင့် တွမ်က အော်ငေါက်၍ သတိပေးလိုက်ပြီးလျှင် မစ္စစ်ဒေါက်ဂလတ်၏ အိမ်တွင် အဘယ်ကြောင့် လူများ စုဝေးကြသည်ကို မေးမြန်းလိုက်လေ၏။

ထိုအခါ ဆစ်က မုဆိုးမကြီး မစ္စစ်ဒေါက်ဂလတ်သည် သူ့အသက်ကို ကယ်တင်ခဲ့သော ဝဲလရှမ် အဘိုးကြီးနှင့် သူ၏ သားနှစ်ယောက်တို့ကို ဂုဏ်ပြုသောအားဖြင့် ယနေ့ည ညစာစားပွဲ ကျင်းပမည် ဖြစ်ကြောင်း၊ ထိုညစာစားပွဲတွင် ဝဲလရှမ် အဘိုးကြီးက လူအားလုံးကို အံ့အားသင့်သွားလောက်အောင် သူ၏ လျှို့ဝှက်ချက်ကြီး တစ်ခုကို ထုတ်ဖော်ပြောကြားမည် ဖြစ်ကြောင်းနှင့် ပြန်လည် ပြောပြလေသည်။

ထို့နောက် မကြာမီပင် ညစာစားပွဲလည်း စတင်လေ၏။ မစ္စစ်ဒေါက်ဂလတ်က နှုတ်ခွန်းဆက်စကား အနည်းငယ် ပြောကြားပြီးသောအခါ ဝဲလရှမ် အဘိုးကြီးလည်း သူ၏နေရာမှ ထ လိုက်ပြီးလျှင် သူ၏ လျှို့ဝှက်ချက်ကြီးကို တစ်လုံးမကျန် အစမှနေ အဆုံးတိုင်အောင် ထုတ်ဖော်ပြောဆိုလိုက်လေသည်။ ထိုလျှို့ဝှက်ချက်ကား အခြား မဟုတ်ပေ။ မစ္စစ်ဒေါက်ဂလတ်အား လူဆိုးများ၏ ဘေးရန်မှ ကယ်ဆယ်သူနံပါတ်တစ်မှ ဟပ်ကယ်ဗယ်ရီဖင်း ဖြစ်ကြောင်း ပင်တည်း။

လူတိုင်းသည် ဟပ်အား အထူးအဆန်းသဖွယ် ငေးမော၍ ကြည့်ရှုနေကြလေ၏။ မုဆိုးမကြီးလည်း အတော်လေး အံ့အားသင့်သွားပုံရလေသည်။

ထို့နောက် မုဆိုးမကြီးသည် ဟပ်အား ကျေးဇူးတုံ့ပြန်လိုသောသဘောဖြင့် သူ၏အိမ်တွင် နေထိုင်စေကာ ပညာသင်စေမည့် အကြောင်းနှင့် သူ့တွင် ငွေကြေးအပိုအလျှံ ရရှိလာသောအခါ ဟပ်အား ကိုယ်ပိုင်အလုပ်တစ်ခုကို လုပ်ကိုင်စေမည့် အကြောင်းများ ပြောဆိုလေသည်။

ဤတွင် တွမ်လည်း အခွင့်ကောင်း၊ အချက်ကောင်း တစ်ခုကို ရဘိသည်အလား ထိုင်နေရာမှ ရုတ်တရက် ထရပ်လိုက်ပြီးလျှင် 'ဤလို မ စ ကြည့်ရှုခြင်းမျိုးကို ဟပ်အဖို့ မလိုတော့ပါဘူး ခင်ဗျာ။ ဟပ်ဟာ လူချမ်းသာတစ်ယောက် ဖြစ်နေပါပြီ ခင်ဗျာ' ဟု ပြောဆိုလေသည်။

ထိုသို့ ကြားလိုက်ရသောအခါ လူတိုင်း လူတိုင်းသည် တွမ် နောက်ပြောင်နေသည် အထင်နှင့် အားရပါးရ မရယ်မောမိကြစေရန် ဣန္ဒြေအထူးလုပ်၍ စိတ်ကို ထိန်းချုပ်ထားကြရလေ၏။ ထို့ကြောင့် လူတိုင်းလူတိုင်း နှုတ်ပိတ်ကာ တိတ်ဆိတ်၍ နေကြသည်ကို အထူး မကျေမနပ် ဖြစ်လျက်ရှိသော တွမ်က–

'ဟပ် ချမ်းသာတယ် ဆိုတာ တကယ်ပါ ခင်ဗျ၊ ဒါကို အခု ကြားရတဲ့ လူတွေကတော့ ယုံချင်မှ ယုံကြမှာ။ ဒါပေမဲ့ ဟပ်ဟာ တကယ်ချမ်းသာတဲ့ လူပါ။ အားလုံး မရယ်ကြပါနဲ့၊ ကျွန်တော် တကယ်ပြောတာပါ။ ဒီမှာ ခဏကလေးသာ စောင့်နေကြပါ။ ကျွန်တော် ယူလာပြီး ပြပါ့မယ်' ဟု ပြောဆိုကာ တွမ်သည် အခန်းထဲမှ ပြေးထွက် သွားလေ၏။

လူအားလုံးသည် ဘာမျှ နားမလည်ကြဘဲ တစ်ယောက်ကို တစ် ယောက် ရှုပ်ထွေးသော အမူအရာများဖြင့် ကြည့်ရှု၍ နေကြလေ၏။ ထို့နောက် ယခုအချိန်အထိ နှုတ် အ ကာ တိတ်ဆိတ်၍နေသော ဟပ်အား စူးစမ်းသည့်သဘောဖြင့် ကြည့်ရှုကြပြန်လေ၏။

မကြာမီပင် အခန်းထဲသို့ တွမ် ပြန်ရောက်လာ၏။ သူနှင့်အတူ ရွှေအိတ်များ ပါလာ၏။ တွမ်သည် ရွှေအိတ်များကို စားပွဲကြီးပေါ်သို့ သွန်မှောက်၍ ချလိုက်လေသည်။ စားပွဲကြီးပေါ်တွင်ကား ရွှေဒင်္ဂါးများ သည် တဝင်းဝင်းဖြင့် တောင်ပုံကစင်း ဖြစ်သွားတော့လေ၏။

'ကိုင်း ကျွန်တော် မပြောလား၊ အခု ယုံကြပြီလား။ ဒီရွှေဒင်္ဂါး တွေဟာ ကျွန်တော်နဲ့ ဟပ်တို့ တစ်ယောက် တစ်ဝက်စီ ပိုင်ကြတာပေါ့ ခင်ဗျ'

မည်သူ တစ်ဦးတစ်ယောက်မျှ စကားမပြောနိုင်ကြတော့ဘဲ ငေးငိုင် ၍ နေကြလေတော့သည်။ ထို့နောက်မှ တွမ်နှင့် ဟပ်တို့အား ရွှေဒင်္ဂါးများ ရရှိပုံကို ဝိုင်းဝန်း၍ မေးမြန်းကြလေသည်။ တွမ်လည်း သူတို့၏

စွန့်စားခန်းကြီးကို အစမှ နေ၍ အဆုံးတိုင်အောင် စိတ်ပါဝင်စားစွာ ဓာတ်ကြောင်းလှန်၍ ပြန်လည်ပြောပြလေ၏။

ထို့နောက် ရွှေဒင်္ဂါးများကို ရေတွက်ကြည့်ကြရာ ဒေါ်လာ တစ်သောင်း နှစ်ထောင်ကျော်ကျော် တန်ဖိုးရှိသည်ကို တွေ့မြင် သိရှိကြလေ၏။

## အခန်း (၂၈)

ယခုအခါ တွမ်နှင့် ဟပ်တို့သည် ယခင်ကကဲ့သို့ မဆင်းရဲကြတော့ချေ။ သူတို့နှစ်ယောက်သည် ရွှေဒင်္ဂါးများကို တစ်ယောက်တစ်ဝက်စီ ခွဲဝေ၍ ယူလိုက်ကြလေသည်။ ဟပ်သည် သူပိုင်သော အစုကို မုဆိုးမကြီးထံတွင် အပ်နှံ၍ ထား၏။ ယင်းသို့ အပ်နှံထားသည့်အတွက် ဟပ်သည် မုဆိုးမကြီးထံမှ ခြောက်ရာခိုင်နှုန်းမျှ အတိုးရရှိခဲ့ပေသည်။ တွမ်သည်လည်း သူပိုင်ဆိုင်သော အစုကို ဒေါ်ဒေါ်ပေါ်လီ၏ တိုက်တွန်းချက်အရ ဂျက်သက်ချားထံတွင် အပ်နှံ၍ ထားပေသည်။ ထိုသို့ အပ်နှံထားသည့်အတွက် သူသည် ဟပ်၏နည်းတူစွာပင် ဂျပ်သက်ချားထံမှ တူညီသော အတိုးငွေကို ရရှိခဲ့ပေသည်။ နှစ်ယောက်စလုံးသည် ဝင်ငွေရှိသောသူများ ဖြစ်လာကြလေပြီ။

ယခုအခါ ဟပ်သည် မုဆိုးမကြီး၏ အိမ်တွင်ပင် နေထိုင်ကာ မုဆိုးမကြီး၏ ပြုစုစောင့်ရှောက်ခြင်းများကို ခံယူနေရပေသည်။ သူသည် ယခုအခါ လူတောသူတောသို့လည်း ဝင်နိုင် ထွက်နိုင်ခဲ့လေပြီ။ သို့သော် ဟပ်ကား ထိုလူ့ဘောင်အဖွဲ့အစည်းတွင် မပျော်ပိုက်ရှာချေ။ အကြောင်းမှာ သူသည် မုဆိုးမကြီး ချမှတ်ထားသော စည်းကမ်း ကာလနားများအတိုင်း နေ့စဉ် လိုက်နာကျင့်သုံးနေရသောကြောင့် ဖြစ်၏။ သူသည်

အချိန်မှန်မှန် စား၍ အချိန်မှန်မှန် အိပ်ရ၏။ အချိန်မှန်မှန် အိပ်ရာမှ ထ၍ အချိန်မှန်မှန် ရေမိုးချိုး ဖြီးလိမ်းရ၏။ နေ့စဉ်နှင့်အမျှ လွန်စွာ သန့်ပြန့်သော၊ အမည်းစက်ကလေး တစ်စက် မရှိသော အဝတ်အထည်များကိုသာ ဝတ်စားရ၏။ ကျောင်းလည်း မှန်မှန်တက်ရ၏။ စာလည်း မှန်မှန်ကျက်ရ၏။ ဘုရားလည်း မှန်မှန် ရှိခိုးရ၏။ သူ့အဖို့ တစ်ခါမျှ မလုပ်ဖူးသော ကိစ္စများကို ယခုအခါ နေ့စဉ်နှင့်အမျှ ပြုလုပ်နေရတော့လေသည်။ ဤသို့ဖြင့် တနင်္ဂနွေ သုံးပတ်မျှ ကြာသောအခါ ထိုဝတ္တရားများကို ဟပ်သည် ဆက်လက်၍ သည်းမခံနိုင်ရှာတော့ချေ။

ထို့ကြောင့် တစ်နေ့တွင် ဟပ်သည် အိမ်မှ ပျောက်ခြင်းမလှ ပျောက်၍ သွားလေ၏။ မုဆိုးမကြီးသည် သူ့အား လေးဆယ့်ရှစ်နာရီလုံးလုံး နေရာအနှံ့အပြား လိုက်လံ*ရှာဖွေခဲ့၏။ တစ်ရွာလုံးရှိ သူများလည်း သူ့အား မနေမနား ရှာဖွေခဲ့ကြ၏။ ကုန်းပေါ်တွင် တစ်မျိုး၊ ရေထဲတွင် တစ်သွယ် အမျိုးမျိုး ရှာဖွေခဲ့ကြသော်လည်း အဘယ်မှာမှ မတွေ့ကြရချေ။ ဤသို့ဖြင့် သုံးရက်မြောက်သောနေ့ နံနက် စောစောတွင် တွမ်ဆောယားသည် သားသတ်ရုံနောက်ဘက် စွန့်ပစ်ထားသော စည်ပိုင်းလွတ် အဟောင်းများအောက်တွင် လိုက်လံရှာဖွေရာ၊ ဟပ်အား တစ်ခုသော စည်ပိုင်းလွတ်၏ အောက်တွင် ကွေးကွေးကလေး ဆေးတံတစ်ချောင်းနှင့် မှိန်းနေသည်ကို တွေ့မြင်ရလေ၏။ သူ့ကိုယ်တွင်ကား စုတ်ပြတ်ပေကျံနေသော အဝတ်တို့ကို ဝတ်ဆင်ထားပေသည်။ ဟပ်သည် ဘဝဟောင်းသို့ ပြန်လည် ကူးပြောင်းသွားလေပြီ။

တွမ်က ဟပ်အား အကျိုးအကြောင်းကို မေးမြန်းကြည့်သောအခါ ဟပ်က လူချမ်းသာ လုပ်ရသည်မှာ ကျဉ်းကျပ်လှကြောင်း၊ လူဆင်းရဲ ဘဝတုန်းကလို လွတ်လပ်မှု မရှိကြောင်း၊ ထို့ကြောင့် သူ မပျော်ပိုက်ကြောင်းတို့ကို ရှည်လျားစွာ ပြန်လည် ပြောပြခဲ့လေသည်။

တွမ်က သူ့အား ဘဝသစ်သို့ ပြန်လည် ကူးပြောင်းရန် အမျိုးမျိုး ဖျောင်းဖျပါသော်လည်း ဟပ်ကား ခေါင်းမာမြဲ မာနေခဲ့လေသည်။ ထို့ကြောင့် တွမ်သည် အကြီးအကျယ် အကျပ်အတည်း တွေ့နေတော့လေ၏။ နောက်ဆုံးတွင်မှ သူ့ခေါင်းထဲသို့ အကြံတစ်ခု ဝင်ရောက်လာ၏။ ထိုအကြံအတိုင်း သူသည် ဟပ်အား ဘဝသစ်သို့ ပြန်လည် ကူးပြောင်းစေတော့မည်ဟု စိတ်ပိုင်းဖြတ်လိုက်လေ၏။

'ဟပ်ရေ...ငါ့အဖို့တော့ ပိုက်ဆံကြေးငွေ ချမ်းသာတာဟာ တို့များ သူခိုးဓားပြလုပ်တမ်း ကစားမှာကို ဘာမှ အနှောင့်အယှက် မဖြစ်ဘူး ဟေ့၊ မင်း ခုနက ပြောတာက မုဆိုးမကြီးရဲ့ စည်းကမ်း ကလနားတွေကြောင့် မင်းတို့ ငါတို့ ဟိုဂူကြီးထဲမှာ သူခိုးဓားပြတွေ မလုပ်နိုင်တော့ဘူးလို့ ဆို မဟုတ်လား။ ဘာဆိုင်လို့လဲ ဟပ်ရာ၊ တို့များဘာသာ တို့များ ကြိုက်တဲ့အချိန်မှာ သူခိုးဖြစ်ဖြစ်၊ ဓားပြဖြစ်ဖြစ် လုပ်နိုင်ကြတာပဲ'

'အို...မင်း တကယ်ပြောတာလား တွမ်ရာ'

'တကယ်ပေါ့ကွ၊ ဒါပေမဲ့ တို့များရဲ့ သူခိုးဓားပြ အသင်းကြီးထဲမှာ မင်းကိုတော့ တို့များ ပါဝင်ခွင့် မပြုနိုင်တော့ဘူးကွာ'

'ဟင်...ဘာကြောင့်တုံးကွာ၊ မင်း တကယ်ပြောတာလား တွမ်ရာ၊ တစ်ခါဖြင့် ငါ ပင်လယ်ဓားပြ မလုပ်ရတော့ဘူးပေါ့ ဟင်'

'ပင်လယ်ဓားပြတော့ လုပ်နိုင်ပါတယ်ကွာ၊ ဒါပေမဲ့ အခု ငါပြောတဲ့ သူခိုးဓားပြမျိုးက ပင်လယ်ဓားပြနဲ့ မတူဘူးကွ။ ပင်လယ်ဓားပြထက် အဆင့်အတန်း မြင့်တယ်၊ ဂုဏ်သရေလည်း ရှိတယ်။ မင်း မကြားဖူး ဘူးလားကွာ၊ ရှေးတုန်းက မြို့စား နယ်စားကြီးတွေမှ သူခိုးဓားပြ လုပ်ကြတာကွ။ ဒါကြောင့် မင့်ကို တို့များ အသင်းကြီးမှာ ပါဝင်ခွင့် မပြုနိုင်တော့တာပေါ့ကွာ'

'တကယ်ပြောတာလား သူငယ်ချင်းရာ၊ မင်း ငါ့ကို မချစ်တော့ဘူး လားကွာ၊ မင်းတို့ အသင်းကြီးထဲမှာ ငါ ပါဝင်ပါရစေကွာ'

'မဖြစ်လို့ပါ ဟပ်ရာ၊ ဖြစ်ရင် မင်းကို ပါဝင်စေချင်လှပါတယ်ကွာ'

'ဘာကြောင့်တုံး တွမ်ရာ၊ ပြောစမ်းပါဦး'

'ဘာကြောင့်ရမလဲ ဟပ်ရာ၊ မင်း အခုလို တေတေပေပေ နေနေလို့ပေါ့။ ဒီအတိုင်း မင်းကို တို့များ အသင်းကြီးထဲ ဝင်ခွင့်ပြုလိုက်ရင် လူတွေက တွမ်ဆောယားရဲ့ သူခိုးဓားပြ အသင်းကြီးဟာ တေလေကြမ်းပိုးတွေသာ ပါတဲ့အသင်း ဆိုပြီး အထင်သေး အမြင်သေး ဖြစ်ကုန်ကြမှာပေါ့ ဟပ်ရာ။ ဒါကြောင့် မင်းကို ဝင်ခွင့်မပေးနိုင်တာပါ'

ထိုသို့ ကြားသောအခါ ဟပ်သည် တွေတွေကြီး စဉ်းစားနေလေ၏။ နောက်ဆုံးတွင်မှ ဟပ်က–

'ကိုင်း…ဒီလိုဖြင့် ငါလည်း မုဆိုးမကြီးဆီကို ပြန်သွားပြီးတော့ လူချမ်းသာတစ်ဦး အဖြစ်နဲ့ ဂုဏ်ရှိရှိ နေပါတော့မယ်ကွာ။ ဒါပေမဲ့ တစ်လလောက်ပဲ အစမ်းနေကြည့်မှာ နော်။ ပျော်မှ နောင်ကို အရှည်ဆက်နေမှာ ပေါ့။ ဒီကြားထဲမှာ မင်းတို့ကလည်း ငါ့ကို မင်းတို့ရဲ့ သူခိုးဓားပြ အသင်းကြီးထဲ ပါဝင်ခွင့် ပေးရမယ်နော်၊ ဟုတ်လား'

'အေး…ဒီလိုမှပေါ့ကွာ၊ ကိုင်း…ကိုင်း…လာ…လာ၊ မုဆိုးမကြီးဆီ ပြန်ကြစို့။ မင်းကိုလည်း ဒီကနေ့ညပဲ တို့အသင်းကြီးထဲကို အခမ်းအနားနဲ့ ဝင်ခွင့်ပြုမဟေ့။ ကိုင်း…လာဟေ့၊ သွားကြမယ်'

ထိုနောက် သူငယ်ချင်းနှစ်ယောက်သည် ပျော်ရွှင်စွာ ထွက်သွားကြလေ၏။

## နိဂုံးချုပ်

ဤတွင်ပင် ဤမှတ်တမ်းကြီးကို အဆုံးသတ်ရတော့မည် ဖြစ်ပေသည်။ ကလေးသူငယ် တစ်ယောက်၏ အကြောင်းကို ရေးသားထားသော ဇာတ်လမ်းတစ်ပုဒ် ဖြစ်သည့် အားလျော်စွာ ဤတွင် အဆုံးမသတ်က မဖြစ်နိုင်တော့ပေ။ ရှေ့တွင် ဆက်လက်၍ ရေးသားဖော်ပြပါက ကလေးသူငယ်တစ်ယောက်၏အကြောင်း မဟုတ်တော့ဘဲ လူကြီးတစ်ယောက်၏ ဇာတ်လမ်းအဖြစ်သို့ ပြောင်းလဲ၍ သွားတော့မည် ဖြစ်ပေသည်။ စာရေးဆရာတစ်ယောက်သည် လူကြီးတစ်ယောက်၏ အကြောင်းကို ဇာတ်လမ်းဆင်ကာ ရေးသားသောအခါ ဇာတ်လမ်းကို မည်သည့်နေရာတွင် အဆုံးသတ်ရမည်ကို ကောင်းစွာ သိရှိလေသည်။ ထိုနေရာကား အခြားမဟုတ်၊ "သူတို့ ညားကြလေသတည်း" ဟု အဆုံးသတ်ရမည့်နေရာပင် ဖြစ်သည်။ သို့သော် ကလေးတစ်ယောက်၏ အကြောင်းကို ဖွဲ့နွဲ့ ရေးသားထားသော ဇာတ်လမ်းဖြစ်ဘိမူကား စာရေးဆရာသည် သူ အဆုံးသတ်ချင်သော နေရာတွင် အဆုံးသတ်နိုင်ပေသည်။

ဤစာအုပ်တွင် ပါဝင်သော ဇာတ်ကောင်များသည် ယနေ့ထက်တိုင်အောင် အသက်ရှင်လျက် ရှိကြသေး၏။ သူတို့သည် ပျော်ရွှင်စွာ

နေထိုင်လျက်လည်း ရှိကြလေသည်။ တစ်နေ့တွင် ဤစာအုပ်တွင် ပါဝင်သော ကလေးဇာတ်လိုက်များသည် လူကြီးများ ဖြစ်လာကြပေဦးမည်။ ထိုအခါမှ ၎င်းတို့၏ အကြောင်းကို ဇာတ်လမ်းသဖွယ် ဆက်လက်ရေးသားဖို့ သင့်လေသည်။ ထို့ကြောင့် ထိုသူတို့၏ အကြောင်းကို ယခုကတည်းက တင်ကြိုဖော်ထုတ် ရေးသားရန် မသင့်ဟု ယူဆပါသောကြောင့် ဤဝတ္ထုဇာတ်လမ်းကို ဤတွင်ပင် နိဂုံးချုပ်လိုက်ရတော့ပေသည်။ ။



"...ဤဝတ္ထုသည်
ဘဝအလွမ်း စွန့်စားခန်း ဝတ္ထုပုံစံမျိုး ဖြစ်သည်။
...လူငယ်ဘဝနှင့် အမေရိကန် ကျေးလက်ဘဝကို
ဖော်ပြရာ၌ ပြောင်မြောက်သော ဝတ္ထုတစ်ပုဒ်အဖြစ်၊
ကမ္ဘာ့စာပေ ဂန္ထဝင် ဝတ္ထုတစ်ပုဒ်အဖြစ်
လက်ခံကြရသည်သာ ဖြစ်လေသည်။
...အမေရိကန်စာပေသမိုင်းတွင်
"တွမ်ဆောယား"၏အမည် မပါလျှင် မပြည့်စုံ ဟူသော
စာပေဝေဖန်မှုမျိုးပင် ပေါ်ပေါက်ခဲ့လေသည်။..."

နွယ်သစ်၏ ကမ္ဘာ့ကျော်စာအုပ် ၁၀၀(၁၉၉၉)၊
စာ ၂၄၅-၂၄၉။

# တွမ်ဆောယား ၏ စွန့်စားခန်းများ

## ဂုဏ်ဝင်း
မြန်မာပြန်သည်



design Antt Bwere ZIn